

www.burmeseclassic.com
ခင်း ရဲ တပ် ဖွဲ့ (စီအိုင်ဒီ) မှ ထုတ် ဝေ သည်
ဖြစ်ရပ်မှန်
စုံထောက်
မဂ္ဂဇင်း
No.131
SEPTEMBER
2013
BURMESE CLASSIC .com
အနန္တဂိုဏ်းဝင်
ကျေးဇူးရှင်ဆရာမကို
ရက်စက်စွာသတ်ခဲ့သော
လူသတ်မှု
စုံထောက်စံထူး
နှင့်
ခေတ်သစ်ဒေဝဒတ်
ဖြစ်ရပ်မှန်
Cover Story
www.burmeseclassic.com

www.burmeseclassic.com

No 131 SEPTEMBER 2013

တာဝန်ခံအယ်ဒီတာ
**မောင်သစ်နွယ်**
အယ်ဒီတာ
**စုံထောက်မောင်ရေခဲ**
ဒေါ်စေ
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
**မင်းထက်နိုင်**
**ဝင်းထွန်း**

## စုံထောက်ကဗျာ

မောင်လှလွန်း၊ တိုးဝေ၊ ငယ်လေးမောင်(သပြေရုံ)၊ ခက်လှိုင်းကျော်

## စုံထောက်ရင်ခုန်သံ


မောင်နွယ်အောင်(မြေပြန့်)၊ ကောင်းကင်မိုး၊ အောင်မျိုးသက်၊ မင်းထက်နိုင်(ကြို့ပင်ကောက်)၊ ရဲထက်ဇော်၊ အထွန်း(တမာမြေ)၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ မောင်နွေဝေး(သောင်ပြာကျွန်း

## စုံထောက်မှင်သစ်

စည်သူ(အဖျောက်)၊ အရင်လူ(တွံတေး)၊ ငယ်လေးတော်ဝင်၊ အောင်ခေတ်မင်းခိုင်(မုဒုံ)

## ကာတွန်း

မောင်မောင်ညွှက်၊ သိန်းထွန်း၊ သူရိန်၊ မောင်တင်ယု၊ ရွှေကိုဦး၊ ကိုငယ်၊ ဒစ်ဂျစ်တယ်၊ M အောင်ရှိန်၊ လုံးကြီးတင်၊ မုဒုံအိန်ဂျယ်၊ လင်းထူးဇော်




## နိုင်ငံတကာစုံထောက်


၁၁။ မောင်ကောင်းယဉ်
နိုင်ငံတကာစုံထောက်


## စုံထောက်သုတ


၂၅။ လှမိုး(ပညာရေး)
ဂန္ထဝင်မှုခင်းများ

၃၁။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)
ဥပဒေစုံထောက်

၁၆၀။ စုံထောက်မောင်ရေခဲ
စုံထောက်သတင်းလွှာ

၁၆၅။ ထွန်းအောင်လှိုင်
ဥပဒေဗဟုသုတပျိုးခင်း

၁၆၈။ မောင်ဉာဏ်စိန်
မူးယစ်ဆေးဝါး လက်ဝယ်ထားခြင်းနှင့် ကလေးသူငယ်အား အသုံးချခြင်း


## စုံထောက်ဒိုင်ယာရီ


၁၇၀။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ


www.burmeseclassic.com

www.burmeseclassic.com

မှုခင်းရဲတပ်ဖွဲ့မှူး ကြီးကြပ်သူ ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး အကြံပေးဒါရိုက်တာမောင်ယဉ်ကျော်



## ...ဆုံးသုံးစုံထောက်ဝတ္ထု


လမင်းသစ္စာ၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ ရွှေကျွန်းခိုင်သစ်၊ ခင်မောင်မြင့်(ရွှေဆယ်မြေ)၊ နွေဦးမိုးချမ်း(အနန်းပင်မြေ)၊ အောင်ကျော်ပြုံး


## Cover Story


| | | |
|---|---|---|
| စုံထောက်မောင်ရေခဲ | – | စုံထောက်စံထူးနှင့် ခေတ်သစ်ဒေဝဒတ် |


## ...ထောက်ဝတ္ထုရှည်


| | | |
|---|---|---|
| မင်းမဟာကျော်ခေါင် | – | ချစ်သောပန်ထွာ(ဇာတ်သိမ်းပိုင်း) |


## ...ဝတ္ထု


| | | |
|---|---|---|
| ချစ်ဒေါင်းကြီး | – | ဘဝမာယာ |
| ဘသက်ဆွေ | – | အိုင်အိုချစ်ကောင်းနှင့်ပွဲဦးထွက်မှုခင်း |
| ကိုလှိုင်(မြန်မာစာ) | – | ခိုက်ကြံ့ဝိပါတ်သံသာစက်ဝယ် |
| ထွန်းကျော်လှ | – | တစ္ဆေအောင်မြတ် |
| စိုးဝေ | – | ဆန်ကြွေးကို ကြိုးဖြင့်ဆပ်သူ |
| လေးမောင် | – | ပြောင်ချောမနှင့်တွေ့ဆုံခြင်း |
| ဒေါက်တာအောင်ထက်(ဆေး ၁) | – | ငြိမ်းဆင်ထားသောကလိန်စေ့ |
| ကျော်မြင့်ကျော် | – | လူသတ်သမားရဲ့အမှား |
| ညီညီနိုင် | – | ချစ်သူ့ဝိညာဉ်တန်ပြန်ထောင်ချောက် |
| မောင်မြင့်မား(ဘိုကလေး) | – | ကံထလာသော မုဆိုးများ |
| နေစိုးသော် | – | ကစ်စ်မိကွစ်ပြဿနာ |
| ရှင်လွန်းမယ် | – | စိတ္တဇသင့်သော နွေအလွမ်း |
| မြသိန်း | – | ခွေးကပေးသော သဲလွန်စ |
| မောင်သစ်နွယ် | – | ရာဇဝင်တွင်သည့် သူရဲကောင်း |







www.burmeseclassic.com

# 2013 SEPTEMBER



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်



ထုတ်ဝေသူ
ရဲအုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)
မှုခင်းတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းဌေး(ပြူးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

ဖြန့်ချိရေး
ပြူးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးညွန့်ဝေ(မြ-၈၅၄၂၅)၊
ပြူးပန်းတစ်ရာအော့ဖ်ဆက်

အုပ်ရေ - ၅၀၀၊
တန်ဖိုး - ၁၂၀၀ ကျပ်





www.burmeseclassic.com

www.burmeseclassic.com

# အချစ်နဲ့ပတ်သက်မိသမျှ

လီလီပန်းလေး တစ်ပွင့်က
ကဗျာတစ်ပုဒ် သီကျူးတယ်။

ဘီစကစ်လေး တစ်ချပ်က
အလွမ်းဇာတ်တစ်ဇာတ် ခင်းပြတယ်။


ဖုန်းနံပါတ်တစ်ခုက
ပန်းပုရုပ်တစ်ရုပ် ထုဆစ်တယ်။

တိမ်တလွှင့်က
ပင့်သက်တစ်ရှိုက်ကို ခေါ်သွားတယ်။

စန္ဒယားခလုတ်လေးတွေက
သောက ကနုတ်တွေ ဆင်ထားတယ်။

ဖိနပ်ကလေး တစ်ရန်ကတော့
မနက်ဖြန်တွေ ပျောက်နေတယ်။

တိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



# ပုံပြင်

"သားအဖနှစ်ယောက်နဲ့ မြည်းတစ်ကောင်"
ပုံပြင်ထဲမှာ ခရီးသွားကြတော့
သားကစီး အဖေကဆွဲ
အဖေကစီး သားကဆွဲ
နှစ်ယောက်အတူစီး
နှစ်ယောက်အတူဆွဲ
အပြောင်းအလဲများနဲ့
ဘယ်လိုပဲ ရှေ့ဆက်သွားသွား
နံဘေးနားက အပြစ်တင်
ကဲ့ရဲ့ချင်သူတွေများလှတော့
သားအဖမြည်းကိုထမ်း
လာရာလမ်းပြန်လျှောက်မှ
"မြည်းတစ်ယောက်နဲ့ လူနှစ်ကောင်"
အဆံချောင်ပုံပြင်သစ်
ပြောစမှတ်ဖြစ်ရ
ရာစုသစ်ခရီးသွား
ခင်ဗျား ကျွန်တော် စဉ်းစား
အများပြောစရာ ပုံပြင်တစ်ပုဒ်
မွေးထုတ်ကြမှာလား။ ။

ခက်လှိုင်းကျော်

www.burmeseclassic.com

www.burmeseclassic.com



# အနာဂတ်မဲ့ ဓာတ်ပုံ

ဖော်ပြထားတဲ့ ဓာတ်ပုံထဲမှာ
ငါတို့သူငယ်ချင်းတစ်စုရဲ့
ငယ်နုစဉ်ကပုံ ဖြစ်တယ်။

နှစ်ပေါင်းကြာပေါ့
ဖြူဖျော့တဲ့ ဆေးသား
ဝိုးတဝါး မှိန်နေ။


ဓာတ်ပုံပေါ်မှာ
ကျော်ကြားမယ့်နိမိတ်မပါဘူး
ထူးကဲတဲ့ဖြစ်စဉ်မပါဘူး
ကံ အနိမ့်အမြင့်တော့ ပါချင်ပါမယ်။

ပုံထဲနှစ်ယောက်က
ဘဝကို စောစီးစွာကျောခိုင်း
အနိုင်ပိုင်းလိုက်ပြီ။

တစ်ယောက်ကတော့
ပျောက်ချည် ပေါ်ချည်
နောက်ဆုံး လုံးလုံးမမြင်ရပေ။

နောက်တစ်ယောက်က
လူ့ဘဝငြီးငွေ့
တရားဓမ္မနဲ့ပျော်မွေ့နေ။

နောက်ဆုံးတစ်ယောက် ငါ
ပျော်နေရှာ လူ့ဘဝ
ထင်တိုင်းလှုပ်နေ ပနေတဲ့လောက
မောဟမှာ ဇရာကပ်နေပြီ။



မောင်လှလွန်း

www.burmeseclassic.com

www.burmeseclassic.com



## ရှုဉာဏ်

တေးသီငှက်များ တေးဆိုပျက်ခြင်းအပေါ်
ပန်းကလေးများရနံ့ပျက်ပြယ်မှုအပေါ်
ပေါက်ကွဲမှုနဲ့ ရိုးကပ်သားကပ်လိုက်နေခြင်းအပေါ်
အနိမ့်အမြင့်အထူအပါးကွာခြားခြင်းအပေါ်
ကာယကမ္မနဲ့ ဝစီကမ္မလွဲမှားခြင်းအပေါ်
ခွဲခြမ်းစိပ်ဖြာခြင်းဖြင့်
သဘောထားကွဲလွဲခွင့်ရှိသော်လည်း။

ယုံကြည်မှုကင်းစွာနဲ့
သံသယလုံးကြီးကို လုံးကြီးတင်ပြီး
နပန်းလုံးနေတဲ့ကာလ တိုတောင်းဖို့လိုသလို။

တစ်ခုတော့ ရှိပါတယ်
ကမ္ဘာကြီးပြားလာသလို
ဇီဝဖြစ်စဉ်တွေပြားမသွားဖို့
မနောအကြည်ဓာတ်မှာ ကုသိုလ်စေတသိတ်တွေ
အဖူးအခက်ဝေဖို့
ဉာဏ်သုံးပါးအစဉ်ရောက်အောင်
ရှုဉာဏ်တွေ အလျဉ်မပြတ်စီးဆင်းဖို့တော့လိုလိမ့်မယ်။


ငယ်လေးမောင်(သပြေရုံ)

www.burmeseclassic.com

www.burmeseclassic.com



# စုံထောက် စာအုပ်စင်



## လွတ်မြောက်မှုအတွက်

အမှတ်တရကဗျာများ

### သုဒြာ

ကဗျာဆရာမ သုဒြာ၏ လွတ်မြောက်မှုအတွက်အမှတ်တရများ ကဗျာစာအုပ်ထဲတွင် ဆရာမ မအိနှင့် ဆရာမ မိုးပန်းမွန်(ရာမည)တို့၏ အမှာစာနှင့်အတူ လွတ်မြောက်မှုအတွက် သီကျူးညွန်းဖွဲ့ထားသည့် ကဗျာပုဒ်ရေ ၂၇ ပုဒ် ပါဝင်သည်။ အချစ်ကဗျာမရေးတတ်သော ဆရာမ၏လက်ရာ ကဗျာတိုင်းလိုလိုမှာပင် လွတ်လပ်မှုအငွေ့အသက်များဖြင့် သင်းပျံ့နေသည်။


ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---

## ဗညားဦး (အိမ်မဲ)

## သတင်းထောက် ဒီပဇော် နှင့် ညကဝှက်ထားသောလ

သည်းထိတ်ဆန်း စုံထောက်ဝတ္ထုများ




ဆရာဗညားဦး(အိမ်မဲ)၏ သတင်းထောက်ဒီပဇော်နှင့် ညကဝှက်ထားသောလ အမည်ရှိ သည်းထိတ်ဆန်းစုံထောက်ဝတ္ထုတိုစုစည်းမှုဖြစ်သည်။

ဆရာဗညားဦး(အိမ်မဲ)သည် စာပေစင်မြင့်တွင် တဖြည်းဖြည်းရှားပါးစပြုလာပြီဖြစ်သော စုံထောက်ရသဝတ္ထုများကို တစိုက်မတ်မတ် ရေးသားနေသော စာရေးဆရာဖြစ်သည်။ ယခုထွက်ရှိလာသော ဝတ္ထုတိုစုစည်းမှု စာစုများသည် စုံထောက်မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသော သည်းထိတ်ဖိုစုံထောက်ဝတ္ထုတိုများကို စုစည်းထားခြင်းဖြစ်၏။ ဆရာ၏ တတိယမြောက် စာအုပ်လည်းဖြစ်သည်။ ရွှေဗညားစာပေမှ ထုတ်ဝေသည်။



www.burmeseclassic.com



သပြေ(ကိုရီးယား)စီစဉ်သော

## ရှုက်နုဝေသောသပြေ

သပြေစုစည်းမှု ဝတ္ထုတိုများ

ဤစာအုပ်တွင် နိုင်ငံသိစာရေးဆရာများနှင့် ကလောင်သစ်များ၏ လက်ရာများကို ပန်းချီမင်းထက်နိုင်၏ သရုပ်ဖော်ပန်းချီပုံများဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

ကလေးလူငယ်ဗဟိုပြုစာပေထွန်းကားရေးနှင့် ကလောင်သစ်များစင်တင်ပေးရေးအတွက် ရောင်းချရသမျှငွေကို လှူဒါန်းသွားမည်ဟု ဆိုသည်။ သပြေ(ကိုရီးယား)စီစဉ်၍ ဉာဏ်မီးအိမ်စာပေမှ ဖြန့်ချိတော့မည် ဖြစ်သည်။

---



## ဘုန်းဇော်မိုး(ဥသဿ)

(စိတ်အာဟာရ အတွေးအမြင်)

### စာတိုက်ပုံးထဲက ကျွန်တော့်ရဲ့နှလုံးသား

ဆရာဘုန်းဇော်မိုး(ဥသဿ)က သူ၏စာအုပ်တွင် ကျွန်တော်၏ဘဝနှင့်ရင်းနှီးခဲ့ရသော အနုပညာဖြင့် ဤစာတိုက်ပုံးထဲက ကျွန်တော့်နှလုံးသားစာစုကလေးသည် အောင်မြင်မှုပန်းတိုင် ခရီးကို ချီတက်နေကြတဲ့ နုသစ်စပွင့်ဦးကလေးများအတွက် တစ်စုံတစ်ရာအထောက်အကူဖြစ်စေရန် နှလုံးသွေးဖြင့်ရေးခဲ့ကြောင်း ဝန်ခံထားပါသည်။ ဆရာ၏ အတွေးအခေါ်နှင့်ဆိုင်သည့် ဒဿနစာတမ်းကလေးကို စာပေတင် ပြမှုပုံစံသစ်ဖြင့် တင်ပြထားသည်။ အနုပညာဝါသနာရှင်များလေ့လာသင့်သော စာပေအမျိုးအစားဖြစ်သည်။ သင်းစာပေမှ ထုတ်ဝေဖြန့်ချိသည်။

---



နောင်ရိုးဖြစ်တည်သော

## အိမ်မဲမြို့နယ်မဂ္ဂဇင်း

မောင်ခင်မင်(ဓနုဖြူ)၊ အောင်စိုးဦး၊ မင်းမြတ်သူရ၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မောင်သာချို၊ ဒေါက်တာတိုးလှ၊ ဦးမြင့်စိုး(ပညာရေးသုတေသန)၊ နန္ဒာမိုးကြယ်၊ ဘသက်ဆွေ၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြတ်သင်း၊ ဗညားဦး(အိမ်မဲ)၊ ပုသိမ်အောင်သန်းဦး၊ သုကိုကို (ကျုံမငေး)၊ မောင်သဲနီ၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)နှင့် မြို့နယ်ရှိစာရေးဆရာများဖြစ်ကြသော မောင်မောင်ကြီး(အိမ်မဲ)၊ မြင့်မြတ်ကျော်ခေါင်၊ တင်အောင်မိုး(အိမ်မဲ)၊ ထက်ဝေ၊ ရောမြင့်(အိမ်မဲ)တို့နှင့်အတူ မြို့နယ်ရှိ စာပေဝါသနာရှင်များ ပါဝင်ရေးသားကြပါသည်။ အိမ်မဲမြို့နယ်၏ သိကောင်းစရာများ၊ မှတ်သားစရာများ၊ သမိုင်းကြောင်းများနှင့် သုတရသစုံလင်စွာ မှတ်တမ်းဓာတ်ပုံများနှင့် ဝေဝေဆာဆာတင်ဆက်ထားပြီး ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ မြို့နယ်စာရေးဆရာအသင်းမှ ဖြန့်ချိလိုက်ပါသည်။

---



## ဉာဏ်စမ်း PUZZLE | ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)

ဆရာ ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)၏ ဂဏန်းသင်္ချာဉာဏ်စမ်းပုစ္ဆာများနှင့် တွက်နည်းအဖြေများဖြစ်သည်။ သင်္ချာဝါသနာရှင်များအတွက် တန်ဖိုးမဖြတ်နိုင်အောင်ပင် လေ့ကျင့်ရမည့် အခြေခံတွက်နည်းများ၊ အဖြေများဖြင့် ရှင်းလင်းဖော်ပြထားသော အတတ်ပညာပိုင်းဆိုင်ရာ ရှားပါးစာအုပ်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။




www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟေမန်

# နိုင်ငံတကာစုံထောက်



## တေလာဆွစ်ဖ် နေအိမ်ပိုင်နက်အတွင်း ဝင်ရောက်သူ အဖမ်းခံရ

တေလာဆွစ်ဖ်၏ အစွန်းရောက် ပရိသတ်တစ်ဦးသည် သူမ၏ နေအိမ်ပိုင်နက်ထဲ အခွင့်မရှိဘဲ ဝင်ရောက်ခဲ့မှုအတွက် အဖမ်းခံခဲ့ရကြောင်း သိရှိရသည်။

နယူးအင်္ဂလန်ရှိ တေလာ၏ကမ်းခြေနေအိမ်ကို ဖြတ်သန်းဝင်ရောက်သူ တစ်ဦးကို ရဲများက ဖမ်းဆီးခဲ့သည်။ အဆိုပါ အဖမ်းခံရသူသည် တေလာဆွစ်ဖ်ကို အလွန်အကျွံစွဲမက်အားပေးနေသည့် ပရိသတ်တစ်ဦးဖြစ်သည်။


အသက်(၂၂)နှစ်ရှိ ထိုအမျိုးသား၏အမည်ကို ရဲများက မကြေညာခဲ့ချေ။ ၎င်းသည် ရေကူးကာ နေအိမ်ဝင်းထဲ ရောက်လာခဲ့ခြင်းဖြစ်သည်။

Ref: International News

www.burmeseclassic.com

## ကြက်တစ်ကောင်အား အခြားဂြိုဟ်မှလာသည့် ဂြိုလ်သားပုံစံပြုလုပ်၍ လိမ်လည်ခဲ့သူအား ရဲတပ်ဖွဲ့မှဖမ်းဆီး

ကြက်တစ်ကောင်အား လျှပ်စစ် မှလာသော သတ္တဝါပုံစံပြုလုပ်ကာ ဓာတ်ဖြင့် အဆုံးစီရင်၍ အခြားဂြိုဟ် အင်တာနက်ပေါ်တင်၍ လိမ်လည်



လှည့်ဖျားခဲ့သူ တရုတ်လယ်သမားတ[...] ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်[...] သိရသည်။

လီအမည်ရှိ အဆိုပါအမျိုးသာ[...] သည် ပြည်သူများကို လှည့်ဖျားရန်[...] အတွက် ကြက်အား ဝါယာကြိုးနှင့်[...] ကော်များအသုံးပြု၍ ဂြိုဟ်သားတစ်ဦ[...] အသွင်ဖန်တီးကာ အင်တာနက်ပေ[...] တင်ခဲ့သည်ဟု ဝန်ခံခဲ့သည်။ ရဲတပ်ဖွဲ[...] သည် အတုလိမ်လည်မှုဖြင့် ၎င်းအာ[...] ငါးရက်ကြာဖမ်းဆီးခဲ့ကြောင်း သိရ[...] သည်။

Ref: International News

---

## Lord of the Rings ဇာတ်ကားမှ ဓားရှည်ခိုးယူမှုဖြင့် အမျိုးသမီးတစ်ဦးကိုဖမ်းဆီး




Lord of the Rings ဇာတ်ကား[...] တွင် အသုံးပြုခဲ့သည့် ဓားရှည်ကိုခိုးယူ[...] ခဲ့ကြောင်း စွပ်စွဲမှုဖြင့် အမျိုးသမီးတစ်[...] ဦးကို အမေရိကန်ရဲတပ်ဖွဲ့က ဖမ်းဆီး[...] ခဲ့ကြောင်း သိရသည်။ အမျိုးသမီးသည်[...] ကမ္ဘာကျော် စိတ်ကူးယဉ်ဇာတ်လမ်းတွဲ[...] တွင် အသုံးပြုခဲ့သော ဓားရှည်နှစ်လက်[...] ကို ခိုးယူခဲ့သည်ဟု သံသယရှိသည်[...] အတွက် ဖမ်းဆီးထားကြောင်း နယူး[...] ယော့ခ်ရဲတပ်ဖွဲ့က ဆိုသည်။

အဆိုပါအမျိုးသမီးသည် ဖောက်[...] ထွင်းမှုဖြင့် တရားစွဲခံရမည်ဖြစ်ပြီး သူမ[...] သည် ရိုက်ကွင်း၌အသုံးပြုသောအခြာ[...] ပစ္စည်းများကိုလည်း အလစ်သုတ်ရန်[...] ကြိုးစားခဲ့သေးသည်ဟု သိရသည်။

Ref: International New



www.burmeseclassic.com

www.burmeseclassic.com



## အထပ်မြင့်မှခုန်ချကာ မိမိကိုယ်ကို အဆုံးစီရင်မှုကြောင့် ကလေးငယ်တစ်ဦးပါသေဆုံးခဲ့

တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်တောင်ပိုင်းရှိ အသက်(၄၀)အရွယ် Jang ဆိုသူသည် ၎င်းနေထိုင်ရာအထပ်မြင့်အဆောက်အအုံ၏ ၁၀ လွှာမှခုန်ချကာ မိမိကိုယ်ကို အဆုံးစီရင်ခဲ့ရာ ၎င်းပြုတ်ကျသည့် အရှိန်ဖြင့် ရိုက်မိခဲ့သည့် အသက်(၇)နှစ်အရွယ် မိန်းကလေးတစ်ဦးပါ သေဆုံးခဲ့ရသည်။




အဆုံးစီရင်ခဲ့သူ Jang မှာအခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး ၎င်းနှင့်ရိုက်မိခဲ့သည့် ကလေးငယ်မှာ ဆေးရုံရောက်ပြီး မကြာခင် သေဆုံးခဲ့ရသည်။

Jang သည် စိတ်ကျရောဂါနှင့် စိတ်ဝေဒနာ ခံစားနေရသူတစ်ဦးဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် မိမိကိုယ်ကို အဆုံးစီရင်မှုအဖြစ်ပွားဆုံးနိုင်ငံဖြစ်ပြီး တစ်နေ့လျှင် မိမိကိုယ်ကို အဆုံးစီရင်မှု အကြိမ်(၅၀)ခန့် ဖြစ်ပွားကြောင်း သိရသည်။

Ref: AFP

---

## ယာဉ်ရပ်နားစခန်းတွင် ရပ်နားထားသော ယာဉ်အား ပိုင်ရှင်အလစ်၌ ခိုးယူမောင်းနှင်



စင်ကာပူနိုင်ငံ၊ Resorts wodil Sentosa ယာဉ်ရပ်နားစခန်းသို့ အမျိုးသားတစ်ဦးသည် ၎င်း၏ ဒေါ်လာနှစ်သိန်းခွဲတန် Ferrari - 458 ဖြင့် ရောက်ရှိလာကာ လုပ်သား ၂ ဦးအား ကားသော့ပေး၍ ထွက်သွားခဲ့သည်။

လုပ်သား(၂)ဦးသည် ကားသော့ယူပြီးနောက် ကားကို မသိမ်းဆည်းဘဲ ထိုကားဖြင့် စင်ကာပူမြို့တစ်ပတ် လျှောက်မောင်းနှင်ခဲ့ကြသည်။ လုပ်သား(၂)ဦး၏ ကားခိုးမောင်းမှုကို ပိုင်ရှင်ဖြစ်သူက ကားပေါ်ရှိ လုံခြုံရေးကင်မရာအား ပြန်လည်ကြည့်ရှုရာ ဖော်ထုတ်နိုင်ခဲ့ပြီး ရဲထံသို့ တိုင်ကြားခဲ့သည်။ ယာဉ်ရပ်နားစခန်းသို့လည်း ၎င်း၏ ရှေ့နေမှတစ်ဆင့် စာရေးသားပေးပို့ တိုင်ကြားခဲ့သည်။

Ref: International News

ဆောင်းဟေမန်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





# ကြယ်ပွင့်လေးများရဲ့ ဟီရိသြတ္တပ္ပ

လပြည့်ည လဝန်းကြီးက
ထမင်းဆီဆမ်းရွှေလင်ပန်းကို လှမ်းပေးတော့မလို
ကြယ်အစုံလင်းလက်နေပုံက မိုင်းကောင်းကျောက်ဖိပ်သ
အဲဒီညကောင်းကင်ပြင်မှာ ကမ်းခြေမရှိ စိုးရိမ်ရေမှတ်မရှိ
မြေပြင်မှာ လူသားတချို့က ဆက်သွယ်မှုဧရိယာပြင်ဘက်ရောက်ရှိနေ။

ရာသီဥတုက အရောင်ဖော်ပြမထားဘူး
ကြယ်လေးတွေ ကောင်းကင်မှာလင်းလက်သလို
မြေပြင်မှာ ပန်းလေးတွေ ရောင်စုံဖူးပွင့်
တော်ဝင်ပန်း တော်မဝင်ပန်း သူ့အဆင့်အတန်းနဲ့သူ
မွှေးတဲ့ပန်း လှတဲ့ပန်း
မမွှေးဘဲလှတဲ့ပန်း မလှဘဲ မွှေးတဲ့ပန်း
တချို့ပန်း လှလည်းလှ မွှေးလည်းမွှေး။

မြို့လယ်ပလက်ဖောင်းမှာ ကိုရီးယားခရေဇီမိန်းကလေးတွေ
အတိုဆုံး အကျပ်ဆုံး ယဉ်ကျေးမှုလက်သစ်နဲ့အစွမ်းကုန်လှ
အတိုဝတ်မှ လှတာလား
ကြယ်လေးတွေတောင်ရှက်ပြီး ညတိုင်းမထွက်တော့ဘူး
ပန်းကလေးတွေလည်းရှက်ပြီး မပွင့်ချင်ကြတော့ဘူး
ကြယ်တွေပန်းတွေမဟုတ်တဲ့
ကိုရီးယားခရေဇီမလေးတွေ မရှက်တတ်ကြ။ ။

**မောင်နွယ်အောင်(မြေပြန့်)**



www.burmeseclassic.com

www.burmeseclassic.com



# နေ့သစ်တွေထဲ သွားကြမယ်အမေ

ကျွန်တော် ဖိုက်သိပ်ဆာလာရင်
အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်
အမေဟာ ကျွန်တော့်ရဲ့ မုန့်တိုက်လေးဖြစ်တယ်။

ကဖားဖော် ကစားဖက်များနဲ့ အဆင်မပြေ
တစ်ခါတလေ ရန်ဖြစ်ရချိန်တွေမှာ
အမှန်အမှားမရှိ လုံခြုံကြည့်တဲ့အမေဟာ
ကျွန်တော့်ဘက်က အနိုင်တိုက်တဲ့ စစ်သူကြီး။

ညအိပ်ရာဝင် အမြဲဂျီကျတော့
ပုံပြင်ပြောရတေးဆိုရနဲ့
အမေဟာ ပုံပြောကောင်းတဲ့ အဆိုတော်။

မျောက်မူးလဲ အမေ့သား
အစားအသောက်က မမှန်
ကျန်းမာရေးက ဖောက်ပြန်တော့
မိဆိုင်ဖဆိုင်လည်း မမေ့
ဆေးမီးတိုလည်း လက်တွေ့သုံး
အမေဟာ ဇီဝကရှုံးအောင် တော်သူပေါ့။

အသက်လေးက ၁၅/၁၆
လူပျိုပေါက်စ ရှုံးတပြုပြုနဲ့အရွယ်မှာ
အမေဟာ ဈေးပွဲတော်ကြီးဖြစ်ခဲ့တယ်။



အများသူငါအလယ်
မျက်နှာမငယ် အားမငယ်ဖို့
အားထုတ်ကြိုးစားအလုပ်များခဲ့
အဲဒီခါမှာ အမေဟာ ကျွန်တော့်ရဲ့ဘဏ်တိုက်လေးဖြစ်ရပြန်တယ်။

ဘဝမှာ ထူးထူးဆန်းဆန်းဗျာ
အသည်းမှာ အလွမ်းဗွေပါသတဲ့
အဲဒီ ကျွန်တော့်ဘဝအလယ်
ဒုတိယအရွယ်မှာ
အမေဟာ ကျွန်တော့်ရဲ့ ဗုံးခိုဝပ်ကျင်းလေးပေါ့။

ဖြစ်ခဲ့တယ် ဖြစ်ပေးခဲ့တယ်
မမောမပန်းဖြစ်ခဲ့တယ်
အခုတော့ဖြင့်လေ
မမြဲခြင်းတရားနဲ့ အိုမင်းရင့်ရော်
အမေ့အသက် ၇၀ ကျော်လာ
ငြိမ်းအေးခြင်းကိုရှာ
တရားရိပ်သာမှာ ရှိသင့်ရဲ့
ဒါပေမဲ့ ဘဝက ကြမ်းပြီကောလားအမေ
ဘဝအလွမ်း ဘဝအမောတွေကြား
အမေ့ရဲ့သား အမေ့ခါးဖြစ်စေရမယ်အမေ။

အမေ ...
ဟောဟိုမှာနေခြည်နုသစ်တွေနဲ့
သားတို့ရိုးသားမှုတွေ
ရိုနေဆွန်းအဖြစ်နဲ့ ပြန်လာနေပြီ
သားတို့မျက်နှာသစ်ပြီး
အပြုံးအသစ်၊ နှလုံးအသစ်
အတွေးအသစ်၊ အဘိဓမ္မာအသစ်
အမေ့ဘဝလည်းအသစ်၊ သားဘဝလည်းအသစ်
အသစ်အသစ်တွေနဲ့
သားတို့ နေ့သစ်တွေထဲ သွားကြမယ်အမေ။

**အောင်မျိုးသက်**



www.burmeseclassic.com

www.burmeseclassic.com



## အလင်းသစ်

တိမ်မင်ခိုးတွေ အဆုပ်လိုက်ကြဲပက်ဝေမှောင်
လျှပ်ရောင်မျှင် မီးကျည်တဖျတ်ဖျတ်
တောင်ပံခတ်ပျံသန်းနေကြ
တိမ်ငိုနေတဲ့ မိုးတစ်ည။

လေပြင်းတသဲသဲ
ဖွဲဖွဲစွေတဲ့ ညမှာ
ပင်လယ်ထဲက ကျောက်ဆောင်အော်သံများ
မာန်ဟုန်ပြင်းတဲ့ လှိုင်းသတ်ကွင်း
လည်စင်းပေးနေရ ကမ်းခြေကတော့
အဆိပ်ဖြေဆေးမရတဲ့ လူနာလို
တစ်ကိုယ်လုံး ညှိုးမည်းသွေးဆုတ်။



ယှိုင်နဲ့နဲ့ တဲအိမ်လေးထက်က
ညအမှောင်ကို ဖောက်ထွက်လာတဲ့အသံ
လေဆန်ကိုခွဲ 'အူဝဲ ... အူဝဲ' တဲ့
ခုတော့ ...
မိခင်ရဲ့ သတ္တိဖွဲ့နဲ့
တိုက်ပွဲတစ်ခု အဆုံးသတ်ခဲ့ပြီ။

မောင်နွေဝေး(သောင်ပြာကျွန်း)



www.burmeseclassic.com

www.burmeseclassic.com





## ကမ္ဘာမြေချစ်သူ

ကောင်းကင်ရဲ့နေမင်း
မြေပြင်ကိုစစ်ခင်း
အိုဇုန်းနဲ့တိမ်တိုက်တွေက
သူ့ရဲ့ဘောကြောင်နေ
ခမ်းခြောက်နေတဲ့ ရေအိုင်
ပက်ကြားအက်တွေနဲ့
ပြိုးပျောင်နိုင်သေး
လူသားတွေက ဖောက်ပြန်
သဘာဝရဲ့အပြစ်ဒဏ်က
ကမ္ဘာမြေကြီး
သယံဇာတတွေကုန်ဆုံးတဲ့နေ့
ငါတို့နေထိုင်ရာ
ကမ္ဘာမြေပျက်သုဉ်းမယ့်နေ့ပေါ့။ ။

**အထွန်း(တမာမြေ)**



www.burmeseclassic.com

www.burmeseclassic.com



## နက်တဲ့တော

ငုံပြီးရင်ပွင့်
ပွင့်ပြီးရင် ကြွေ
ဒါ သဘာဝပဲလေ။

သဘောရိုးသွားနေတဲ့လမ်းထဲ
ထိုးသွင်းလိုက်တဲ့ နှလုံးသားက
သောကကို တဖုတ်ဖုတ်ရိုက်ထုတ်
မျက်ရည်ကို ဆေးရည်လုပ်ခဲ့တယ်။

ပွင့်နေချိန်က သာတဲ့လကိုတမ်းတ
အလှပဆုံးအပြုံးတွေထဲ နစ်မြုပ်
ရေးဆွဲမိတဲ့ ပန်းချီကားက ရင်နာစရာ။

အတမ်းတဆုံးက အဝေးဆုံးမှာ
အဝေးဆုံးက ဘဝအမောတွေနဲ့
နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်တိုင်း
အသက်ကို နှုတ်ယူမယ့် ဓား၊ လှံ၊ ဆူး၊ ခလုတ်တွေ
ဆန့်ကို မျိုချဖို့ အမိန့်တော်ပြန်ကြ။

အပြစ်ကင်းကင်း လောကထဲမှာ
လက်မြှောက်၊ ဒူးထောက်အရှုံးပေးရင်း
ကိုယ့်ဘဝကို ကိုယ်ဆွဲစုတ်ပစ်မိတယ်။ ။



(၁-၃-၂၀၁၃ ရက်နေ့က ကွယ်လွန်သွားသူ အဘိုးအား မှန်းဆလျက်)

ကောင်းကင်မိုး



www.burmeseclassic.com

www.burmeseclassic.com



# ကြေကွဲခြင်းမှတ်တမ်း

အနှစ်ကင်းမဲ့
ချစ်ခြင်းဖွဲ့၍
စွန့်ရစ်ခဲ့သူ ...ခင် ..။


ကြည်ဖြူတိမ်းညွတ် အထွတ်အထိပ်
အချစ်စိတ်နှင့် ..အတိတ်နေ့စွဲ
စိုစွတ်ဆဲပေါ့ ...။

မခွဲပါဘူး ..အချစ်ဦးမို့
ခင် ..ရှုးမတတ်ပါပဲကွယ် ..(တဲ့)
ရင်ထဲနွေးထွေး ချစ်သူ့တေးသည်
သွေးသားသိမ့်သိမ့် ပီတိစိမ့်မျှ
ငြိမ့်ငြိမ့်ညှံ့နူး ကိုယ်ယစ်မူးခဲ့ ...။

ဆုံဖူးသည့်နေ့ တွေ့ခဲ့နေရာ
အကြင်နာ 'ခင့်'လက်နုနု
သမုဒယကဗျာချို့ချို
အပို ..အကဲ ..အခွဲ ..အနွဲ့
ချစ်ခြင်းရဲ့လက်ဆောင်မွန်တွေနဲ့
ကိုယ် ..နှံ့နှစ်ခဲ့ရပါတယ် ခင် ...။

ပြီးတော့ ..
အရှင်လတ်လတ် ဖျတ်ဖျတ်လူးအောင်
အရှုံးတမျှ ကြေကွဲရတယ်
တွယ်တာခြင်းဆိုတာ
ကွေကွင်းဖို့သက်သက်လား
ထားခဲ့တဲ့ သစ္စာကတိဆိုတာတွေကရော
အမှားမဲ့ကိုယ့်အတွက် အချစ်အညာမိခဲ့ပြီလား ...။

အစားထိုးမရတဲ့ ..ခင် ..ရေ
မင်းရင်ထဲက ..
ထာဝရ ..ဆိုတာ
ဒီမျှနဲ့ဇာတ်သိမ်းခဲ့ပြီလား ...။ ။



မင်းထက်နိုင်(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



## လောင်စာပျိုးသူ

ငါ့ရင်ထဲမှာ ဖွဲမီးအငွေ့လို
တမြည့်မြည့်လောင်စွဲ
ငါ့ရင်ထဲမှာ ကောက်ရိုးမီးပမာ
ခဏတာလောင်လည်း။

လောင်စာကို
ရင်မှာစိုက်ပျိုးကြ
ထွန်ယက်ကာမျိုးစေ့ချ
ကောက်ပင်ဗီဇ။ ။



ကျော်လွင်ဦး(ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com





## ငယ်ချစ်

ဖူးစာကံ မပေးလို့
နှစ်ပေါင်းများစွာ ဝေးကွာခဲ့ကြပြီးမှ
အမှတ်မထင် တစ်ခဏ
ပြန်ဆုံရတဲ့ ညနေမှာ
ရင်ခုန်သံတွေ မြန်နေလိုက်ပုံများ
ပြောသမျှစကားတွေ ပျားရည်လိုချိုမြ။

ငယ်စဉ်က
ငါ့ရဲ့ ညပေါင်းများစွာကို
မကြာခဏဆိုသလို နိုးယူနေကျဖြစ်တဲ့
ငါချစ်တဲ့ သူမဟာ
ဒီညမှာလည်း
ငါ့ရဲ့အိပ်စက်ခြင်းတွေကို
အလိုမတူဘဲ တရားမဝင်နိုးယူသွားခဲ့ပြန်ပြီ။

ထာဝရနှုပျိုရင်း
အိုမင်းရင့်ရော်ခြင်းတွေ ကင်းတဲ့
ငါ့ရဲ့ချစ်ခြင်းတွေအတွက်
အကဲစ်ကဲနက်ရဲ့
ရင်သို့တိုးဝေ့ဆဲပါခိုင်နဲ့ လွမ်းပြရမလား
ကိုယ့်အခြေအနေနဲ့လိုက်ဖက်အောင်
တွံတေးသိန်းတန်ရဲ့ လေးဆယ်ကျော်အချစ်ကိုပဲ
အော်ဆိုပြီး ငိုရမလား စဉ်းစားရင်း
မိုးလင်းခဲ့ရတဲ့ ညဟာ
ညတာပိုပြီး ရှည်ခဲ့တယ်။ ။

**ရဲထက်ဇော်**



www.burmeseclassic.com

www.burmeseclassic.com



လှမိုး (ပညာရေး)

# နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ

၁၉၄၅ ခု၊ မေလ ၇ ရက်နေ့တွင်
နာဇီဂျာမန်တို့ ချွင်းချက်မရှိ လက်နက်ချခြင်းဖြင့်
ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ရတော့၏။
ထို့နောက် သုံးလကြာမြင့်သော
ဩဂုတ်လ ၈ ရက်နေ့တွင်
ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီပါတီဝင်များနှင့်
နာဇီအစိုးရခေါင်းဆောင်များ ကျူးလွန်ခဲ့ကြသည့်
စစ်ရာဇဝတ်မှုများကို စစ်ဆေးအရေးယူရန် . . .





www.burmeseclassic.com

www.burmeseclassic.com



ဥရောပတိုက်နိုင်ငံအများမှာ
နာဇီဂျာမန်တို့၏
စကြ်ာတံဆိပ်
အလံတော်အောက်တွင်
ပြားပြားဝပ်နေရသည့်
အနေအထားဖြစ်နေပြီး
ဥရောပတိုက်နိုင်ငံ
အသီးသီးမှ
နာဇီဝါဒဆန့်ကျင်သူ
ပြည်သူအများနှင့်
ဂျူးလူမျိုးများ၊
မဟာမိတ်စစ်သုံ့ပန်းများ၊
ဂျစ်ပစီလူမျိုးများအား
ချွေးတပ်စခန်းများဟု
နာမည် ယဉ်ယဉ်ကျေးကျေး
ကင်ပွန်းတပ်ထားသော
အရပ်အခေါ်
ငရဲခန်းများတွင် ...

□

၁၉၄၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ ညနေပိုင်းတွင် ဆိုဗီယက်(ယခုရုရှား)တပ်နီတော်ကြီးသည် နာဇီ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တော်ရှိ နာဇီခေါင်းဆောင်ကြီးဟစ်တလာ၏ စစ်ဌာနချုပ်ကို သိမ်းပိုက်မိခဲ့၏။ နာဇီခေါင်းဆောင်ကြီးဟစ်တလာနှင့် သူ့ဇနီး အီဗာဘရောင်း၊ ဟစ်တလာ၏ ညာလက်ရုံး၊ ဒေါက်တာဂိုးဘဲ(ယ်)နှင့် မိသားစု နာဇီအက်စ်အက်စ်ထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် ဟင်းမလာနှင့် နာဇီထိပ်သီးခေါင်းဆောင်အချို့သည် ဆိုင်ယာနိုက်အဆိပ်ဆေးသောက်၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ကြခြင်းဖြင့် နှစ်ပေါင်းတစ်ထောင်ကျော် တည်တံ့ရမည်ဟု ကြွေးကြော်ခဲ့သော တတိယဂျာမန်နိုင်ငံတော်ကြီးမှာ တစ်ဆယ့်နှစ်နှစ်နှင့် ဇာတ်သိမ်းခဲ့ရသည်။

ဤသို့ဖြင့် ၅ နှစ်တိုင်တိုင် ကျားကုတ်ကျားခဲ ဥရောပတိုက်တွင် ပြင်းပြင်းထန်ထန် တိုက်ခဲ့ရသော ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့ရာ စစ်ရှုံးသူ နာဇီစစ်တရားခံများသည် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်၍ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ သူတို့သည် ဒုတိယကမ္ဘာစစ်ကြီးအား နည်းလမ်းအမျိုးမျိုးနှင့် စတင်စေခဲ့ပြီး စစ်ကြီးအတွင်း အပြစ်မဲ့သောပြည်သူများ၊ ခုံသုံ့ပန်းများ၊ ဂျူးလူမျိုးများအား ရက်ရက်စက်စက် လူမဆန်သောနည်းဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်သာမက အပြစ်မဲ့ပြည်သူများ၊ ဂျူးလူမျိုးများ၏ ကိုယ်ပိုင်ဥစ္စာပစ္စည်းများကို အဓမ္မသိမ်းဆည်းယူခဲ့သည့် ပြစ်မှုများကို ကျူးလွန်ခဲ့သူများဖြစ်၏။

ဒုတိယစစ်ပြီးကာလမှစ၍ စစ်အနိုင်ရရှိသော အင်္ဂလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စု(ယနေ့ရုရှား)နိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာစစ်ခုံရုံးကို ဂျာမနီနိုင်ငံ နုရင်ဘတ်မြို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး နိုင်ငံတကာ



www.burmeseclassic.com

တရားဥပဒေနှင့်အညီ ကျောသားရင်သားမခွဲဘဲ အပြစ်ပေးအရေးယူရန် စီမံဆောင်ရွက်ခဲ့ကြသည်။ ဥရောပတိုက် တိုင်းပြည်အသီးသီးကလည်း စစ်ခုံရုံးများကို ဒေသအလိုက် တည်ထောင်ခဲ့ကြ၏။

သို့ဖြစ်၍ တာဝန်ရှိသူများ၊ စစ်အောင်နိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့အစည်းများ၊ နာဇီငရဲခန်းများမှ ကံအားလျော်စွာ အသက်မသေ ကြွင်းကျန်ရစ်သူများ၊ အစ္စရေးနိုင်ငံမှမော့ဆက်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ဝရမ်းပြေးစစ်တရားခံများ နောက်သို့ အနံ့ခံကာ တကောက်ကောက်ရှာဖွေဖမ်းဆီး၍ အပြည်ပြည်ဆိုင်ရာ နုရင်ဘတ်စစ်ခုံရုံးသို့လည်းကောင်း သက်ဆိုင်ရာ နိုင်ငံအသီးသီး၏တရားရုံးများသို့ တရားစွဲ တင်ပို့ခဲ့ကြသည်။ မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ပြီးကာလမှ သုံးလေးနှစ်အတွင်း နာဇီစစ်တရားခံများ၊ စစ်ကြီးအတွင်းက ကျူးလွန်ခဲ့သည့် အမှုပေါင်း ၁၂၈၂၆ မှုအား စွဲချက်တင်နိုင်ခဲ့ပြီး ပြစ်မှုထင်ရှားသူ တရားခံများအား နိုင်ငံတကာ တရားဥပဒေနှင့်အညီ အပြစ်ပေးအရေးယူခဲ့သည်ဟု သိရသည်။



ယခု ရေးသားဖော်ပြမည့် ဂန္တဝင်မှုခင်းကြီးမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားအောင် စတင်၍ လျှို့ဝှက်စွာ စီမံဆောင်ရွက်ကြသော စစ်တရားခံအား နုရင်ဘတ်စစ်တရားရုံးတော်က စနစ်တကျ တရားဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့သောအမှုဖြစ်ပါသည်။ ဤမှုခင်းကို ကျူးလွန်ခဲ့သူ တာဝန်ခံမှာ နာဇီပါတီထိပ်သီးခေါင်းဆောင် ဟင်မလား၏ အက်စ်အက်စ်အထူးထောက်လှမ်းရေးအဖွဲ့မှအရာရှိတစ်ဦးဖြစ်ပါသည်။ ယင်း ဒုတယကမ္ဘာစစ်ကြီးဖြစ်ပွားစေရန် ဖန်တီးခဲ့သောအမှုအား နာဇီဂျာမန်တို့သည် ထိပ်တန်းလျှို့ဝှက်အဖြစ် သတ်မှတ်ထားခဲ့ပြီး နာဇီဂျာမန်တပ်မတော်မှ ထိပ်သီးအာဏာပိုင်များပင် သိခွင့်မရခဲ့။ နိုင်ငံတကာမှ ဒုတိယကမ္ဘာစစ်ကြီးအား စောင့်ကြည့်လေ့လာခဲ့သည့် သမိုင်းသုတေသီများပင် သိရှိခြင်းမရှိရန် စီမံထားခဲ့သည်။

သို့သော် ရာဇဝတ်ဘေးကား ပြေးမလွတ်ပါ။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည်နှင့် ထိုသန်းပေါင်းများစွာသော အပြစ်မဲ့ပြည်သူအများ သေဆုံးခဲ့ကြရပြီး ဥရောပတိုက်နိုင်ငံအသီးသီး၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးချွတ်ခြုံကျစေခဲ့သော ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားစေမည့် ယမ်းအိုးကြီးအား လျှို့ဝှက်စွာ မီးတင်ရှို့ခဲ့သူတာဝန်ခံနှင့် အဖွဲ့ဝင်များအား အထောက်အထားသာဓကခိုင်ခိုင်မာမာနှင့် နုရင်ဘတ်မြို့ရှိ နိုင်ငံတကာစစ်ခုံရုံးတော်ကြီးတွင် တရားစွဲဆို၍ အပြစ်ပေးအရေးယူနိုင်ခဲ့ပါသည်။

ဤနေရာတွင်အလျဉ်းသင့်သဖြင့် နုရင်ဘတ်စစ်ခုံရုံးတော်အကြောင်း အနည်းငယ် အစီရင်ခံလိုပါသည်။ ၁၉၄၂ ခုနှစ်ခန့်ကမှ နာဇီဂျာမန်တို့သည် ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာသလောက် အခြေအနေရောက်နေသည်။ သမိုင်းအစဉ်အလာ ကြီးမားခဲ့သော ပြင်သစ်နိုင်ငံအပါအဝင် ဥရောပတိုက်နိုင်ငံများမှာ နာဇီဂျာမန်တို့၏ စကြာတံဆိပ်အလံတော်အောက်တွင်



www.burmeseclassic.com

ပြားပြားဝပ်နေရသည့် အနေအထား ဖြစ်နေပြီး ဥရောပတိုက်နိုင်ငံအသီးသီးမှ နာဇီဝါဒဆန့်ကျင်သူ ပြည်သူအများနှင့် ဂျူးလူမျိုးများ၊ မဟာမိတ်စစ်သုံ့ပန်းများ၊ ဂျစ်ပစီလူမျိုးများအား ချွေးတပ်စခန်းများဟု နာမည်ယဉ်ယဉ် ကျေးကျေး ကင်ပွန်းတပ်ထားသော အရပ်အခေါ် ငရဲခန်းများတွင် အစုလိုက် အပြုံလိုက် ရက်ရက်စက်စက် ညှင်းဆဲသတ်ဖြတ်ခြင်းများ ပြုလုပ်သည့်သတင်းများ ထွက်ပေါ်လာခဲ့၏။

ဤအချိန်ခန့်ကပင် ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများမှ ဥပဒေပညာရှင်များ၊ သမိုင်းသုတေသီများ၊ စစ်ရေးကို စောင့်ကြည့်လေ့လာသူများသည် စစ်ကြီးပြီးဆုံး၍ မဟာမိတ်တို့အောင်ပွဲခံယူခဲ့ပါက နိုင်ငံတကာဥပဒေကို ၎င်း၏ ဥပဒေများကိုလည်းကောင်း၊ လူတို့၏ ကျင့်ဝတ်သိက္ခာကိုလည်းကောင်း ချိုးဖောက်ခဲ့ကြသော နာဇီဂျာမန်စစ်ရာဇဝတ်သားများအား နိုင်ငံတကာ တရားဥပဒေနှင့်အညီ စစ်ဆေးအရေးယူရမည်ဟု ကြေညာခဲ့ကြ၏။

ဤဆောင်းပါးအစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၄၅ ခု၊ မေလ ၇ ရက်နေ့တွင် နာဇီဂျာမန်တို့ ချွင်းချက်မရှိ လက်နက်ချခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ရတော့၏။ ထို့နောက် သုံးလကြာမြင့်သော ဩဂုတ်လ ၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီပါတီဝင်များနှင့် နာဇီအစိုးရခေါင်းဆောင်များ ကျူးလွန်ခဲ့ကြသည့် စစ်ရာဇဝတ်မှုများကို စစ်ဆေးအရေးယူရန် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် စစ်အောင်နိုင်ငံများဖြစ်သော ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်(ယနေ့-ရုရှား)နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် တွေ့ဆုံ၍ ''အပြည်ပြည်ဆိုင်ရာစစ်ခုံရုံး'' ဖွဲ့စည်းရေးကို သဘောတူလက်မှတ် ရေးထိုးခဲ့ကြ၏။

အဆိုပါ လေးနိုင်ငံ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာစစ်ခုံရုံးကို ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် ထားရှိရန် သဘောတူညီခဲ့ကြသည်။ အမှန်အားဖြင့် နူရင်ဘတ်မြို့သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက လူသိနည်းသော မြို့ကလေးတစ်မြို့သာ ဖြစ်ခဲ့သော်လည်း ''အပြည်ပြည်ဆိုင်ရာစစ်ရာဇဝတ်တရားရုံး''ဖွင့်လှစ်ခဲ့သဖြင့် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဟိုးဟိုးကျော်သော မြို့တစ်မြို့ ဖြစ်ခဲ့ရတော့သည်။

အမှန်အားဖြင့် နူရင်ဘတ်မြို့သည်လည်း မဟာမိတ်တိုက်မှုဒဏ်ကို ခံထားရသည့်မြို့တစ်မြို့ဖြစ်သော်လည်း ယင်းမြို့ အမှတ်(၄)လမ်းမကြီးပေါ်ရှိ ဗုံးဒဏ်၊ အမြောက်ဒဏ်များအကြားမှ အံ့ဖွယ်သူရဲ လွတ်ကင်းခဲ့သော လေးထပ်တိုက်အဆောက်အဦးကို ပြင်ဆင်၍ တရားမျှတမှုစံနန်းတော် Palace of Justic ဟု ကင်ပွန်းတပ်၍ အပြည်ပြည်ဆိုင်ရာ စစ်ရာဇဝတ်တရားရုံးကို ဖွင့်ခဲ့ကြတော့သည်။

ထိုစဉ်က မှတ်တမ်းများအရ ယင်း တရားရုံးတော်ကြီး၏ သဘာပတိအဖြစ် ဆောင်ရွက်ရသူမှာ အင်္ဂလန်နိုင်ငံမှ တရားရေးဆိုင်ရာဝန်ကြီးလော့ဒ်လောရင့်စ်ဖြစ်၏။ တရားသူကြီးအဖွဲ့ဝင်ရှစ်ဦးမှာ စစ်အောင်နိုင်ငံများမှ တစ်နိုင်ငံလျှင် နှစ်ဦးကျဖြင့် တာဝန်ပေးခံရသော ဥပဒေပညာရှင်များဖြစ်ကြသည်။

စစ်အောင်သည့်နိုင်ငံများဖြစ်သော ဆိုဗီယက်(ယနေ့ရုရှား)၊ အင်္ဂလန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ရှေ့နေချုပ်ကြီးလေးဦးမှာ တရားလိုရှေ့နေကြီးများ ဖြစ်ကြသည်။ နာဇီစစ်တရားခံများအတွက်လည်း ဥပဒေအကျိုးဆောင်များကို နိုင်ငံတကာတရားဥပဒေနှင့်အတူ ငှားရမ်းပေးခဲ့ပြီး နိုင်ငံတကာမှ ဥပဒေပညာရှင်များ၊ သတင်းစာဆရာများ၊ စောင့်ကြည့်လေ့လာ အကဲခတ်သူများအားလည်း ဤတရားရုံးတော်တွင် လွတ်လွတ်လပ်လပ်နေရာပေး၍ လေ့လာနားထောင်ခွင့် ပြုခဲ့သည်။

ဤတရားရုံးတော်တွင် ထွက်ဆိုကြသော တရားလို တရားခံများ၏ ထွက်ဆိုချက်များကို နောင် မျိုးဆက်သစ်များ သိရှိနိုင်စေရန် ရုပ်ရှင်၊ ရုပ်သံများဖြင့်လည်းကောင်း၊ ထိုစဉ်ကာလက အသုံးပြုသော အသံသွင်းကြိုးခွေများဖြင့်လည်းကောင်း မှတ်တမ်းတင်စေသည်သာမက နာဇီဂျာမန်တို့ထံမှ ဖမ်းဆီးရမိသော ရုပ်ရှင်၊ ရုပ်သံ၊ ဓာတ်ပုံမှတ်တမ်းများကိုလည်း ရုံးတော်တွင် သက်သေခံအဖြစ် တင်ပြခဲ့ပြီး နာဇီတို့ ရက်စက်ညှင်းပန်းမှုကို ခံစားခဲ့ရသော အကျဉ်းသားများကလည်း ရုံးတော်တွင် အထောက်အထား သာဓကစုံစုံလင်လင်နှင့် ခိုင်ခိုင်မာမာ ထွက်ဆိုခဲ့ကြသဖြင့် တရားခံများကို နိုင်ငံတကာ တရားဥပဒေနှင့်အညီ ပြစ်မှုအလိုက် ထောင်ဒဏ် ကြိုးဒဏ် စီရင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ယခု ရေးသားဖော်ပြမည့် ဂန္ထဝင်မှုခင်းကြီးမှာမူ ကမ္ဘာ့သမိုင်းမှတ်တမ်းကို ပြင်ဆင်ခဲ့ရသည့်မှုခင်းဖြစ်သည်။

မှန်ပါသည်။ ကျွန်တော်တို့ ဖတ်ရှုခဲ့ရသော ဒုတိယကမ္ဘာစစ်ကြီး၏မှတ်တမ်းများ၊ နာဇီဂျာမန် တတိယနိုင်ငံတော်မှတ်တမ်းများ၊ နာဇီဂျာမန်ပြန်ကြားရေးဝန်ကြီးဌာန၏ ကြေညာချက်နှင့် နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ တတိယဂျာမနီနိုင်ငံတော် လွှတ်တော်အတွင်း မိန့်ကြားခဲ့သည့် မိန့်ခွန်းအရ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လအတွင်း ပိုလန်နိုင်ငံတပ်မတော်မှ တပ်သားအချို့သည် ပိုလန်နှင့် တတိယဂျာမနီနိုင်ငံတော်နယ်စပ်ရှိ ဂျာမန်ကင်းစခန်းများကို တစ်စုံတစ်ရာစစ်ကြေညာခြင်းမရှိဘဲ ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ ဤသတင်းအရဆိုလျှင် ဒုတိယကမ္ဘာစစ်ကြီးကို **စတင်မီးမွှေးခဲ့**သူမှာ ပိုလန်နိုင်ငံဖြစ်သည်ဟု ဆိုရပေတော့မည်။

ဤကဲ့သို့ ကျူးကျော်ရန်စမှုကြောင့် ငြိမ်းချမ်းရေးကို လိုလားသော နာဇီဂျာမန်တပ်မတော်သည် ပိုလန်နိုင်ငံအား စတင်ဝင်ရောက်တိုက်ခိုက်ရာ ပိုလန်နိုင်ငံဘက်မှ ဗြိတိန်နှင့် မဟာမိတ်ပြင်သစ်နိုင်ငံတို့ ပါဝင်လာခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့ရသည်ဟု သိရသည်။ အဘယ်ကြောင့်ပိုလန်နိုင်ငံက စတင်တိုက်ခိုက်ခဲ့သနည်း။ ရန်စခဲ့ခြင်းလော။

ထိုစဉ်က ပိုလန်အစိုးရကမူ ပိုလန်တပ်မတော်သားများသည် ပိုလန်နှင့် ဂျာမနီနိုင်ငံနယ် စပ်ဒေသရှိ နာဇီဂျာမန်ကင်းစခန်းအား စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြုခဲ့ဟု ပြင်းပြင်းထန်ထန် ငြင်းဆန်ခဲ့သည်။ သို့သော် ကမ္ဘာ့သမိုင်းဇာတ်ခုံတွင်မူ ပိုလန်နိုင်ငံမှ ရုတ်တရက် စတင် ကျူးကျော်ရန်စခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီးကို စတင်သည်ဟု အများက ယူဆထားခဲ့ပြီး အမှန်ကို မည်သူမျှသိခွင့်မရခဲ့ပေ။

သို့သော် အမှန်တရားဆိုသည်မှာ မည်သို့မျှ ဖုံးကွယ်ထား၍မရခဲ့။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည်နှင့် နာဇီစစ်တရားခံများသည် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်ကာ ထွက်ပြေးခဲ့ကြသော်လည်း နာဇီရာဇဝတ်သားအများမှာ ဖမ်းဆီးရမိခဲ့ပြီး နူရင်ဘတ်မြို့ 'တရားမျှတမှုစံနန်းတော်'' အဆောက်

**အက်စ်အက်စ်ဗိုလ်ကြီး အယ်လ်ဖရက်နူဂျော့စ်သည် သူ့အဖွဲ့သားများနှင့် အထူးသတ်မှတ်သည့် ၁၉၃၉၊ စက်တင်ဘာလ ၁ ရက် နံနက်စောစောတွင် ဂျာမန်ကင်းစခန်းများအား ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ရာ ထိုနေ့နံနက် ၁၀ နာရီတွင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာက တတိယဂျာမနီနိုင်ငံ ပြည်သူ့လွှတ်တော်တွင် ကြေညာခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့သည် . . .**

www.burmeseclassic.com

www.burmeseclassic.com



အဦးတွင် ပြုလုပ်ခဲ့သော တရားခွင်တွင် တရားဥပဒေအတိုင်း စစ်ဆေး အပြစ်ပေးခြင်းခံရသည်။

ဤတရားခွင်တွင် တတိယဂျာမနီနိုင်ငံတော်ကြီးတွင် အာဏာရရှိခဲ့ကြသော လေတပ်မတော်ဝန်ကြီး ဂိုအာရင်နာဇီ၊ စက်မှုလက်မှုနှင့် စစ်လက်နက် ထုတ်လုပ်ရေးဝန်ကြီး စပီယာ၊ နာဇီပါတီထိပ်သီး ဒုတိယခေါင်းဆောင်ဖြစ်သော ရူဒေါ့ဟက်စ်အပါအဝင် နာဇီခေါင်းဆောင် နာဇီဂျာမနီတပ်မတော်မှ ဗိုလ်ချုပ်ကြီးများ၊ နာဇီအက်စ်အက်စ်အထူးထောက်လှမ်းရေးတပ်ဖွဲ့ဝင် လူသတ်သမားများအား နိုင်ငံတကာ တရားဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့ပြီး ပြစ်မှုအလိုက် သေဒဏ်၊ ထောင်ဒဏ်များ ချမှတ်ခဲ့၏။

ဤသို့ဖြင့် ရာဇဝတ်ဘေးသည် ပြေးမလွတ်နိုင်ဆိုသော အဆိုအမိန့်သည် အခါခပ်သိမ်း လုံးဝဥဿုံ အလုံးစုံမှန်သော သစ္စာစကားဆိုသည်ကို တွေ့ရှိရသည်။ ယင်းတရားခံတို့အနက် အံ့ဖွယ်သူရဲဖြစ်ရသည်။ ထိုသူကား နာဇီထိပ်သီးခေါင်းဆောင်တစ်ဦးနှင့် အက်စ်အက်စ်တပ်မှူးကြီးဖြစ်သော ဟင်မလား၏လက်စွဲတော် အက်စ်အက်စ်ဗိုလ်ကြီးအယ်လ်ဖရက်နူးဂျော့စ်ဆိုသူ ဖြစ်၏။ သူသည် ၁၉၃၉ ခုနှစ်က စတင်၍ နာမည်ကျော် အက်စ်အက်စ်လူသတ်သမား ယမမင်းဟေးဒရိစ်ချ်၏ လက်ရုံးလည်းဖြစ်သည်။

ဟင်မလားနှင့် ဟေးဒရစ်ချ်တို့သည် ခေါင်းဆောင်ကြီး ဟစ်တလာ၏ လမ်းညွှန်ချက်အရ အထက်ဖော်ပြပါ အက်စ်အက်စ်ဗိုလ်ကြီး အက်လ်ဖရက်နူဂျော့စ်အား ထိတ်တန်းလျှို့ဝှက်တာဝန်တစ်ခု ပေးခဲ့သည်။ ယင်းတာဝန်မှ အက်စ်အက်စ်ဗိုလ်ကြီး အယ်လ်ဖရက်နူဂျော့စ်ခေါင်းဆောင်သော အက်စ်အက်စ်တပ်သား တစ်ဆယ့်ငါးယောက်တို့သည် ပိုလန်တပ်မတော်သားများ၏ ဝတ်စုံများ၊ ပိုလန်တပ်မတော်သားတို့ကိုင်စွဲသည့် လက်နက်များဖြင့် ပိုလန်ဂျာမဏီနယ်စပ်ရှိ ဂျာမန်တပ်စခန်းများအား ဝင်ရောက်စီးနင်းတိုက်ခိုက်ရမည့် ''စည်သွတ်ဘူးစစ်ဆင်ရေး'' အမည်ဖြင့် စစ်ဆင်ရေးတစ်ခုကိုဆင်နွှဲရန် တာဝန်ပေးခဲ့သည်။ ယင်း စစ်ဆင်ရေးအား ထိပ်တန်းလျှို့ဝှက်အဖြစ် ထားရှိရမည်ဖြစ်၏။


အက်စ်အက်စ်ဗိုလ်ကြီး အယ်လ်ဖရက်နူဂျော့စ်သည် သူ့အဖွဲ့သားများနှင့် အထူးသတ်မှတ်သည့် ၁၉၃၉၊ စက်တင်ဘာလ ၁ ရက် နံနက်စောစောတွင် ဂျာမန်ကင်းစခန်းများအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ထိုနေ့နံနက် ၁၀ နာရီတွင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာက တတိယဂျာမနီနိုင်ငံ ပြည်သူ့လွှတ်တော်တွင် ကြေညာခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည်။

ဤ ထိပ်တန်းလျှို့ဝှက်မှုခင်းကြီးကို ကျူးလွန်ခဲ့သော အက်စ်အက်စ်ဗိုလ်ကြီးအယ်လ်ဖရက်နူဂျော့စ်အား နုရင်ဘတ် စစ်ခုံရုံးက စစ်ဆေး၍ ထောင်ဒဏ်ချမှတ်ခဲ့ပါကြောင်း။

လှမိုး(ပညာရေး)

***ကျမ်းကိုး***

*1. Declassfied 50 Top-Secret Documents.*






www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်

ဦးအောင်ဗလ၊ တရားလွှတ်တော်ရှေ့နေ၊

ဥပဒေကို မသိလို့ ပြစ်မှုကျူးလွန်တယ်ဆိုတာမျိုး

ကလေးသူငယ်မို့လို့ ကင်းလွတ်ခွင့်ပေးရမယ်ဆိုတာမျိုးကို ဥပဒေက ခွင့်မပြုဘူး။

အသက်(၇)နှစ်အောက်ကလေး၊ အမြော်အမြင်၊

အဆင်အခြင်မပြည့်စုံသေးတဲ့ (၇)နှစ်အထက် (၁၂)နှစ်အောက်အရွယ်ကလေးတွေဆိုရင်တော့

ပြစ်မှုမမြောက်ဘူးဆိုပြီး ကင်းလွတ်ခွင့်ပေးရတာမျိုးက တစ်မျိုးဖြစ်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာခင်ဗျား

တရားရုံးတွေကို ရောက်တဲ့အခါပဲဖြစ်ဖြစ်၊ ရှေ့နေတွေထိုင်လေ့ရှိတဲ့ လက်ဖက်ရည်ဆိုင်၊ လက်ဖက်ရည်ကြမ်းဝိုင်းကို ရောက်တဲ့အခါပဲ ဖြစ်ဖြစ် "အလီဘိုင်"ဆိုတဲ့ စကားကို ကြားရလေ့ရှိပါတယ်။ အဲဒါ လူနာမည်လား…ဥပဒေဝေါဟာရလားဆိုတာ သိချင်ပါတယ်။ လူနာမည်ဆို ရင်တော့ ဒီလူဟာ အမှုခဏခဏဖြစ်တဲ့လူပဲလို့ ပြောရမှာပဲ။ ဥပဒေစုံထောက်အခန်းကဏ္ဍကနေ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

မောင်သိချင်(ပုဏ္ဏန်တောင်)

---

မောင်သိချင်သို့


---

မသိတာကို အခုလိုမေးလိုက်တော့လည်း ကောင်းပါတယ်။ အမှတ်မှားနေတာနဲ့စာရင် ခုလိုပွင့်ပွင့်လင်းလင်းမေးလိုက်တာ အကောင်းဆုံးပါပဲ။ ရှင်းရှင်းလင်းလင်း သိရတာပေါ့။

**အလီဘိုင်ဆိုတာ လူနာမည်လုံးဝမဟုတ်ပါဘူး။ အင်္ဂလိပ်လိုတော့ (Alibi) လို့ စာလုံးပေါင်းတယ်။ အဓိပ္ပာယ်ကတော့ မှုခင်းဖြစ်ပွားချိန်တွင် အချင်းဖြစ်နေရာတွင်မရှိဘဲ အခြားနေရာ၌ ရှိနေကြောင်း တရားခံက ထုချေချက်လို့ အဓိပ္ပာယ်ရပါတယ်…**

အလီဘိုင်ဆိုတာ လူနာမည်လုံးဝမဟုတ်ပါဘူး။ အင်္ဂလိပ်လိုတော့ (Alibi) လို့ စာလုံးပေါင်းတယ်။ အဓိပ္ပာယ်ကတော့ မှုခင်းဖြစ်ပွားချိန်တွင် အချင်းဖြစ်နေရာတွင်မရှိဘဲ အခြားနေရာ၌ ရှိနေကြောင်း တရားခံက ထုချေချက်လို့ အဓိပ္ပာယ်ရပါတယ်။

ဥပမာအားဖြင့် ရွာတစ်ရွာ၊ ရပ်ကွက်တစ်ခုမှာ ညဉ့်ဦးပိုင်း၊ မှောင်ရီပျိုးစအချိန်မှာ လူသတ်မှု (သို့မဟုတ်) ရိုက်မှု၊ နာကျင်မှု (သို့မဟုတ်) လုယက်မှု၊ ခိုးမှု စသည်တို့ ဖြစ်ပွားတယ်ဆိုကြပါစို့။ တရားလိုဘက်က မောင်"က"ပါတယ်။ မောင်"ခ"ပါတယ်လို့ စွပ်စွဲနိုင်တယ်။ အဲဒီလိုစွပ်စွဲတဲ့အခါ တရားခံဘက်က အခင်းဖြစ်ပွားချိန်က သူ အဲဒီအရပ်မှာ လုံးဝရှိမနေဘူး။ အခြားတစ်နေရာကိုရောက်နေတယ်ဆိုတာမျိုးကို ခုခံချေပတတ်တယ်။ လူမှားပြီး စွပ်စွဲခြင်းလို့ ခုခံတတ်တယ်။ အဲဒီလို ခုခံတာမျိုးကို (Alibi) ပြတယ်လို့ ခေါ်တယ်။



ဒီလိုမျိုး ခုခံချင်တယ်ဆိုရင်တော့ စောနိုင်သမျှ စောစွာ ခုခံချေပထားတာ ကောင်းတယ်။ ခုခံရေးလမ်းကြောင်း Line of Dafence) ကို ပြင်ဆင်ရေးဆွဲထားတာကောင်းတယ်။

အဲဒီလို မပြင်ဆင်မရေးဆွဲဘဲ တရားခံကိုစစ်တဲ့အခါမှာ ခုခံချေပခဲ့ရင် အပြစ်မှလွတ်ရာလွတ်ကြောင်းအတွက် နောက်မှအကြံရ၍ ခုခံခြင်း (After thought)လို့ တရားရုံးရဲ့ထင်မှတ်ခြင်းကို ခံရတတ်တယ်။ ရှေ့နေများ၊ အမှုသည်များ သတိပြုရန်ဖြစ်ပါတယ်။

ဒါ့ မောင် [illegible] ကို အပြစ်မဟောင်ဘူး။ [illegible] ဆရာအချို့တောင် (Alibi) ကို



www.burmeseclassic.com

www.burmeseclassic.com



ားယွင်းပြီး ရေးလေ့ရှိတယ်။ ပြစ်မှုကျူးလွန်ကြောင်း မျက်မြင်သက်သေရှိတာကို အလီဘိုင်ရှိတယ်လို့ မှားယွင်းသုံးစွဲ ာမျိုးကို ကြုံတွေ့ရဘူးတယ်။ အဓိပ္ပာယ်ပြောင်းပြန်ဖြစ်သွားတယ်ပေါ့။ အလီဘိုင်(Alibi) ရဲ့ အဓိပ္ပာယ်ကို မှားယွင်းပြီး သုံးစွဲမိဖို့ သတိပြုရန်လိုအပ်ပါတယ်။ ဒီလောက်ဆိုရင် တူမောင်ရှင်းလောက်ပြီထင်ပါတယ်။

---

ဆရာခင်ဗျား

၂၆-၆-၂၀၁၃ ရက်နေ့ထုတ် မှုခင်းသတင်းဂျာနယ်ကို ဖတ်ရှုတဲ့အခါ ကလေးသူငယ်ချင်း မုဒိမ်းမှုနဲ့ တိုင်တန်းခဲ့ရမှု သက်ဆိုင်ရာရဲစခန်းက စွပ်စွဲခံရသူအား ထိန်းသိမ်းစစ်ဆေးမှုပြုကြောင်း သတင်းတစ်ရပ်ကို ဖတ်ရှုလိုက်ရပါတယ်။ ကျွန်တော်သိချင်တာက အမှန်တကယ်ကျူးလွန်ကြောင်း ပေါ်ပေါက်တဲ့အခါ ပြစ်မှုကျူးလွန်တဲ့ကလေးသူငယ်ကို ဘယ်လိုပြစ်ဒဏ်မျိုး ပေးလေ့ရှိသလဲ။ လူကြီးတွေကို ပြစ်ဒဏ်ပေးတာနဲ့ အတူတူပဲလား ဆိုတာကို သိချင်ပါတယ်။

ဥပဒေလေ့လာသူတစ်ဦး(ဒဂုံမြို့သစ်-မြောက်ပိုင်း)

---

## ဥပဒေလေ့လာသူတစ်ဦးသို့

မှုခင်းသတင်းဂျာနယ်ကိုဖတ်၊ မရှင်းလင်းတာကို မေးမြန်း၊ ဥပဒေဗဟုသုတကို ရှာဖွေလေ့လာတာ ကောင်းပါတယ်။ ဥပဒေကို မသိလို့ ပြစ်မှုကျူးလွန်တယ်ဆိုတာမျိုး၊ ကလေးသူငယ်မို့လို့ ကင်းလွတ်ခွင့်ပေးရမယ်ဆိုတာမျိုးကို ဥပဒေက ခွင့်မပြုဘူး။ အသက်(၇)နှစ်အောက်ကလေး၊ အမြော်အမြင်၊ အဆင်အခြင်မပြည့်စုံသေးတဲ့ (၇)နှစ်အထက် (၁၂) နှစ်အောက်အရွယ် ကလေးတွေဆိုရင်တော့ ပြစ်မှုမမြောက်ဘူးဆိုပြီး ကင်းလွတ်ခွင့်ပေးရတာမျိုးက တစ်မျိုးဖြစ်ပါတယ်။

ကလေးသူငယ်အမှုဖြစ်ခဲ့ရင် ''ကလေးသူငယ်ဥပဒေ'' နှင့်အညီ စစ်ဆေးစီရင်ရပါတယ်။ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်ရပါတယ်။ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသော ကလေးသူငယ်အပေါ် အမိန့်ချမှတ်ခြင်းမပြုမီ ကလေးသူငယ်၏အသက်နှင့် အကျင့်စာရိတ္တ၊ ကလေးသူငယ်နေထိုင်သော ပတ်ဝန်းကျင်အခြေအနေ၊ ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊ ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသော အစီရင်ခံစာ၊ ကလေးသူငယ်အကျိုးငှာ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟုယူဆသော အခြားအကြောင်းချင်းရာများကို ကလေးသူငယ်အပေါ် အမိန့်ချမှတ်ခြင်းမပြုမီ ထည့်သွင်းစဉ်းစားရမယ်လို့ ကလေးသူငယ်ဥပဒေပုဒ်မ(၄၄)မှာ ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ(၄၅)မှာတော့ တည်ဆဲဥပဒေတစ်ရပ်ရပ်မှာ မည်သို့ပင် ပါရှိစေကာမူ မည်သည့်ကလေးသူငယ်ကိုမျှ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် (သို့မဟုတ်) ပြစ်ဒဏ်ချမှတ်ခြင်း မပြုရလို့ ပြဋ္ဌာန်းပါတယ်။

ပုဒ်မ(၄၆)မှာလည်း ကလေးသူငယ်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သေဒဏ် (သို့မဟုတ်) တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သော ပြစ်မှုကို ကျူးလွန်သည်ဟုလည်းကောင်း အကျင့်စာရိတ္တလွန်ကဲစွာ ပျက်စီးနေသော (သို့မဟုတ်) မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍မရနိုင်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်ဖြစ်သည်ဟုလည်းကောင်း၊ ကလေးသူငယ်တရားရုံးမှ ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ယင်းသို့ချမှတ်သော ထောင်ဒဏ်သည် ၇ နှစ်ထက်မပိုစေရလို့လည်း ပြဋ္ဌာန်းထားပါတယ်။

ဥပဒေဗဟုသုတအဖြစ် ပြန်ကြားလိုက်ခြင်းဖြစ်ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ''ကလေးသူငယ်ဥပဒေ'' ကို လေ့လာဖို့ လိုအပ်ပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

"လာ ... ကိုစံထူး ... ထိုင်ဗျာ"

အင်းစိန်၊ စီအိုင်ဒီရှိ စုံစမ်းစစ်ဆေးရေး ဌာနခွဲမှူး၏ ရုံးခန်းတွင်ဖြစ်သည်။ ရုံးခန်းဝင်ပေါက်မှ အလေးပြု၍ ရပ်နေသော စုံထောက်စံထူးကို မြင်တွေ့သဖြင့် ဌာနခွဲမှူးမှ အထက်ပါစကားဖြင့် ဖိတ်ခေါ်လိုက်၏။ စုံထောက်စံထူးက ဌာနခွဲမှူးစားပွဲရှေ့ရှိ ထိုင်ခုံလွတ်တစ်လုံးတွင်ဝင်ထိုင်၏။ ထို့နောက် ဆုံလည်ကုလားထိုင်ကို ကျောမှီ၍ လက်နှစ်ဖက်ကို လက်တန်းတွင်တင်ကာ ဌာနခွဲမှူးက ...

''လွန်ခဲ့တဲ့ နှစ်လလောက်က ခရမ်းမြို့မှာ ကျောင်းဆရာမတစ်ယောက် အသတ်ခံလိုက်ရတယ်။ အဲဒီအမှုကို ခရမ်းမြို့နယ်ရဲတပ်ဖွဲ့နဲ့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့တို့က စုံစမ်းဖော်ထုတ်နေတယ်။ ဒါပေမဲ့ ဘယ်လိုအခက်အခဲ အကျပ်အတည်းတွေ ရှိနေခဲ့လို့လည်းဆိုတာတော့ မပြောတတ်ဘူးဗျ။ အဲဒီအမှုကို ကျွန်တော်တို့ စီအိုင်ဒီကို လွှဲပြောင်းလက်ခံစစ်ဆေးနိုင်ဖို့ တိုင်းရဲတပ်ဖွဲ့မှူးက ရဲချုပ်ကို တင်ပြတယ်။ ရဲချုပ်က အဲဒီအမှုကို ကျွန်တော်တို့ စီအိုင်ဒီက လက်ခံစစ်ဆေးပေးဖို့ အခုပဲ ညွှန်ကြားစာ ရောက်လာတယ်။ အဲဒီတာဝန်ပေးစာကိုဖတ်ကြည့်ပြီး အဲဒီအမှုကိုခင်ဗျားကိုယ်တိုင်ပဲ တာဝန်ယူစုံစမ်းဖော်ထုတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com


ဟု ပြောဆိုကာ စားပွဲပေါ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ပေးညွှန်ကြားစာကို စုံထောက်စံထူးသို့ ကမ်းပေး၏။ ဌာနခွဲမှူးပေးသော စာကို လှမ်းယူ၍ စုံထောက်စံထူးမှ ဖတ်ရှုကြည့်၏။ အမှုဖြစ်စဉ်နှင့် တာဝန်ပေးစာတွင် အောက်ပါအတိုင်း ဖော်ပြပါရှိသည်။

၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်၊ ညနေ ၃ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း အမှတ်(၃၉၆)နေ ကျောင်းဆရာမ ဒေါ်ဥမ္မာခင်သည် ကျောင်းချိန်ပြီးဆုံး၍ ကျောင်းမှနေအိမ်သို့ ရောက်ရှိခဲ့သည်။ နေအိမ်၌ အတူနေ အစ်မဖြစ်သူ ကျောင်းဆရာမ ဒေါ်မွေးမွေးခင်အား မတွေ့၍ အစ်မဖြစ်သူ၏ အိပ်ခန်းသို့ ဝင်ရောက်ရှာဖွေကြည့်၏။ ထိုအိပ်ခန်းအတွင်း မရှိ၍ ဒေါ်ဥမ္မာခင်လည်း အဝတ်အထည်လဲရန် မိမိအိပ်ခန်းသို့ သွား၏။ ထိုစဉ် ဒေါ်ဥမ္မာခင်၏ အိပ်ခန်း ခုတင်ခေါင်းရင်းရှိ ဆက်တီကုလားထိုင်ပေါ်တွင် အစ်မဖြစ်သူ ဒေါ်မွေးမွေးခင်မှာ စက်ဘီးတုတ်သည့် အနီရောင် ရာဘာကြိုးဖြင့် လည်ပင်းအား ရစ်ပတ်လျက် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ပြင် နေအိမ်အတွင်းမှ ရွှေငွေ၊ ရတနာပစ္စည်း စုစုပေါင်းတန်ဖိုး (၅၉)သိန်းကျော်ခန့် ပါဆုံးသွား၍ ခရမ်းရဲစခန်းမှ (ပ)၂၀၃/၂၀၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်ထားရှိခဲ့သည်။ အဆိုပါအမှုကို ခရမ်းမြို့နယ်ရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့တို့မှ စစ်ဆေးဆောင်ရွက်ခဲ့သော်လည်း ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးနှင့် အမှုအား ခိုင်မာစွာတည်ဆောက်တရားစွဲတင်ပို့နိုင်ရေးအတွက် မှုခင်းဆိုင်ရာ အထူးတာဝန်တစ်ရပ်အနေဖြင့် သီးသန့်ဆောင်ရွက်နိုင်စွမ်းရှိသော မှုခင်းတပ်ဖွဲ့သို့ လွှဲပြောင်းစစ်ဆေးခွင့်ပြုပါရန် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြခဲ့သည်။ ၎င်းသို့တင်ပြချက်အပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်က ပေါ်ပေါက်ရန်ခက်ခဲနေ၍ စီအိုင်ဒီသို့လွှဲရန်ဟု မှတ်ချက်ပြု ညွှန်ကြားခဲ့ပါသည်။

ဖတ်ရှုပြီးသော တာဝန်ပေးညွှန်ကြားစာကို စုံထောက်စံထူးက ဌာနခွဲမှူးသို့ ကမ်းပေး၏။ စာကို လှမ်းယူပြီးနောက် ဌာနခွဲမှူးက ..

"အဲဒီ တာဝန်ပေးစာမှာ အမှုလက်ခံစစ်ဆေးမယ့် ခင်ဗျားအတွက် တစ်နည်းပြောရလျှင် ကျွန်တော်တို့ စီအိုင်ဒီအတွက် စဉ်းစားသုံးသပ်ပြီး စုံစမ်းဖော်ထုတ်နိုင်ဖို့ အသိပေးထားတဲ့ စကားရပ်လေးတစ်ခု ပါတယ်။ ခင်ဗျားသတိထားဖတ်မိရဲ့လား"

"ဟုတ်ကဲ့ ကျွန်တော် သတိထားမိပါတယ် ရဲမှူး။ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးနဲ့ အမှုကို ခိုင်မာစွာတည်ဆောက်တရားစွဲနိုင်ရေးအတွက် ကျွန်တော်တို့ စီအိုင်ဒီကို လွှဲသင့်ကြောင်း ညွှန်းဆိုထားပါတယ်"

"ဟုတ်တယ်ဗျ။ အဲဒီအမှုကို မြို့နယ်နဲ့ တိုင်းရဲကလည်း အစွမ်းကုန်စစ်ကြမှာပဲ။ ဒါပေမဲ့ ကျွန်တော် စောစောက ပြောခဲ့သလို ဘယ်လိုအကြောင်းအခြင်းအရာတွေနဲ့ ဆုံတွေ့နေလို့လည်းတော့ မသိဘူးဗျ"

"ဒါကလည်း အမှုစစ်ဆေးတဲ့သူတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါ။ တစ်ခါတစ်လေ ကျွန်တော်တို့ ကိုယ်တိုင်တောင်မှ ပြစ်မှုကျူးလွန်သူရဲ့လှည့်စားခြင်းကို ခံရသေးတာပဲ။ အခုအမှုမှာလည်း ပြစ်မှုကျူးလွန်သူ၊ သက်သေမကောင်းသူကပဲ လှည့်စားနေလို့လား။ ဒါမှမဟုတ် ခိုင်ခိုင်မာမာ မပြနိုင်လို့ပဲလားဆိုတာကိုတော့ ကိုယ်တိုင် ထိတွေ့ကြည့်မှပဲ အဖြေထွက်လာမှာပါ ရဲမှူး"

"အဲဒီတော့ ဒီကနေပဲ ခင်ဗျားအမှု သွားလက်ခံလိုက်ဗျာ။ ခင်ဗျားအတွက် အကူတွဲဖက်တစ်ယောက်တော့ ခေါ်သွားဗျာ။ စုံစမ်းတွေ့ရှိမှုနဲ့ ပတ်သက်လို့ ထူးခြားရင် ထူးခြားမှုရှိတိုင်း သတင်းပို့ဗျာ"

"ဟုတ်ကဲ့ပါ ရဲမှူး"

## အခန်း(၂)

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်။

အခင်းဖြစ်ပွားပြီး (၂)လအကြာတွင် စီအိုင်ဒီမှ စုံထောက်စံထူးနှင့် တပည့်ရဲအုပ်အောင်မြင့်တို့က ဆရာမဒေါ်မွေးမွေးခင် အသတ်ခံရမှုကို စတင်လက်ခံ၍ စုံစမ်းစစ်ဆေးရန် စီစဉ်ခဲ့ကြသည်။

"အောင်မြင့်ရေ .. မကျေနပ်ရင် တစ်ကပြန်စဆိုတာလိုပဲ ဒီအမှုကို တို့တစ်က ပြန်စကြရအောင်"

စုံထောက်စံထူး၏ အဆိုကို အထာပေါက်ထားပြီးဖြစ်သော တပည့်


www.burmeseclassic.com

www.burmeseclassic.com



ကျော် အောင်မြင်က ...

"မှန်တာပေါ့ အာစရိရယ်၊ တစ်ကပြန်စရတယ် ဆိုတာက ကျွန်တော်တို့ရဲ့ သမားရိုးကျ လုပ်ငန်းစဉ်ပဲလေ။ ဒါမှလည်း ဂဃနဏအဖြေထွက်လာမှာပါ"

ဤသို့ဖြင့် စုံထောက်စံထူးနှင့် စုံထောက်အောင်မြင်တို့သည် ခရမ်းမြို့ရှိ အခင်းဖြစ်ပွားရာနေအိမ်သို့ ဦးတည်ခဲ့ကြလေ၏။

အခင်းဖြစ်ပွားမှုမှာ နှစ်လတာကြာမြင့်ခဲ့ပြီဖြစ်၍ မှုခင်းဖော်ထုတ်ရေးအတွက် ကောင်းမွန်ခိုင်မာသော အထောက်အထားများ မရရှိနိုင်ခဲ့ပါ။ သို့သော် .. ဖြစ်နိုင်သောအခြေကို သုံးသပ်ကြည့်ဖို့ အခင်းဖြစ်နေအိမ်နှင့် ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်ကြည့်၏။ အခင်းဖြစ်နေအိမ်မှာ ခရမ်းရဲစခန်း၏ အရှေ့ဘက် **(၃)ဖာလုံခန့်အကွာတွင်** တည်ရှိပြီး တစ်ထပ်တိုက်ဖြစ်သည်။ နေအိမ်ခြံဝင်းကို အုတ်တံတိုင်းကာရံထားပြီး ခြံဝင်းသံပန်းတံခါး အခိုင်အခန့်ရှိ၏။ နေအိမ်ဝင်ထွက်ပေါက်ကို သံဘာဂျာတံခါးတပ်ဆင်ထား၍ ပြတင်းပေါက်ကို သံချောင်း၊ သံတိုင်များ တပ်ဆင်ထား၏။ နေအိမ်ခြံဝင်း၏ နောက်ဘက်တွင် ဝင်ထွက်တံခါးပေါက်တစ်ခုရှိ၍ ထိုတံခါးကို အမြဲသော့ခတ်ထားလေ့ရှိသည်။ ထိုခြံဝင်းနှင့် နေအိမ်အတွင်းတွင် သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်နှင့် ညီမဖြစ်သူ ကျောင်းဆရာမ ဒေါ်ဥမ္မာခင်တို့နှစ်ဦးသာ နေထိုင်ကြ၏။ ညီအစ်မနှစ်ဦးစလုံးမှာ အိမ်ထောင်မရှိသူ အပျိုကြီးများဖြစ်ကြသည်။

အခင်းဖြစ်နေအိမ်အတွင်းကြည့်ရှုရာ အိမ်ရှေ့တွင် ဧည့်ခန်းတစ်ခန်း၊ **အလယ်တွင် ဝဲ/ယာ မျက်နှာချင်းဆိုင်** အိပ်ခန်းနှစ်ခန်း၊ နောက်ဘက်တွင် ထမင်းစားခန်း၊ ရေချိုးခန်းနှင့် ရေအိမ်တို့မှာ အိမ်မကြီးအတွင်း တည်ရှိဖွဲ့စည်းထား၏။

"ဒီအိပ်ခန်းနှစ်ခန်းမှာ ဘယ်သူက ဘယ်အခန်းမှာ အိပ်ကြတာလဲ"

စုံထောက်စံထူး၏ အမေးကို ဒေါ်ဥမ္မာခင်က ..

"လက်ယာဘက်အခန်းက .. အစ်မကြီးအိပ်ခန်းပါ။ ဟောဒီ လက်ဝဲဘက်ကတော့ ကျွန်မအိပ်ခန်းပါ"

"အလောင်းတွေ့တဲ့ ဒေါ်ဥမ္မာခင်ရဲ့အိပ်ခန်းမှာ သေဆုံးသူရဲ့ အနေအထားကို ပြောပြပါလား"

"ဟုတ်ကဲ့ .. ကျွန်မအိပ်ခန်းရဲ့ ခုတင်ခေါင်းရင်းမှာ ဆက်တီကုလားထိုင် အဟောင်းတစ်လုံးရှိပါတယ်"

ထိုကုလားထိုင်ပေါ်တွင် သေဆုံး



သေဆုံးသူအား
စတင်တွေ့ရှိရာ
ဒိင်ခုံ



www.burmeseclassic.com

www.burmeseclassic.com





သူ ဒေါ်မွေးမွေးခင်သည် ညာဘက်လက်တန်းပေါ်၌ ညာခြေတစ်ဖက်တင်လျက် ခန္ဓာကိုယ်မှာ ညာဘက်လက်တင်ဘက်သို့ မျက်နှာမူပြီး ခေါင်းငိုက်စိုက်ကျကာ ဆံပင်ဖားလျားကျ၍ မျက်နှာသို့ ဖုံးအုပ်နေပါသည်။ ဘယ်ခြေထောက်မှာ ဆက်တီခုံရှေ့သို့ တန်းမတ်စွာရှိနေပြီး လည်ပင်းတွင် စက်ဘီးထုတ်သည့် အနီရောင်ကြိုးတစ်ချောင်းရစ်ပတ်၍ ကြိုးစနှစ်ဖက်၏ သံချိတ်ကောက်များကို အနီးရှိပြတင်းမှ သံတိုင်ဖြင့် ချိတ်တွယ်လျက် သေဆုံးနေသည်ကို မြင်တွေ့ရကြောင်း ဒေါ်ဥမ္မာခင်မှ ရှင်းပြပါသည်။

ဒါကိုကြည့်လျှင် သေဆုံးသူသည် မိမိကိုယ်မိမိ ကြိုးဆွဲချ (Hanging) သေဆုံးခြင်းဟု မှတ်ယူဖွယ်ရာဖြစ်ပါ၏။ သို့သော် သေဆုံးသူသည် မိမိကိုယ်မိမိ သတ်သေလောက်အောင် စိတ်ထိခိုက်ကျဆင်းနေသူမဟုတ်။ အမှုလမ်းကြောင်းလွှဲမှားစေရန် ပြစ်မှုကျူးလွန်သူမှ ဖန်တီးခဲ့ခြင်းဖြစ်ပေမည်။ ဒါကလည်း လူမသိ သူမသိပြစ်မှုမျိုးတွင် ပြစ်မှုကျူးလွန်သူတို့၏ လှည့်စားမှုတစ်ရပ်ဖြစ်ပါ၏။ ပို၍ သေချာစေရန် ရှေ့တစ်ဆင့်တက်၍ စုံထောက်စံထူးက–

"ပါဆုံးသွားတဲ့ ရွှေထည်လက်ဝတ်ပစ္စည်းစာရင်းကတော့ အမှုတွဲမှာ အသေးစိတ်ရှိပါတယ်။ အဲဒီပစ္စည်းတွေထားရှိတဲ့နေရာမှာ မွှေနှောက်ရှာဖွေထားတာတို့ ခြေရာလက်ရာပျက်နေတဲ့ အနေအထားတို့ကို ပြောပြပါလား"

"ခြေရာလက်ရာပျက်တာတို့၊ မွှေနှောက်ရှာဖွေထားတာတို့ လုံးဝမရှိပါဘူး"



ပြစ်မှုကျူးလွန်သူ လက်ဝတ်ရတနာပစ္စည်းများ ယူဆောင်သွားရာ ဗီရို

www.burmeseclassic.com



ဒေါ်ဥမ္မာခင်သည်အဝတ်အထည် ထည့်သော ဘီဒိုကို သော့ခတ်လေ့မရှိ။ ထို့အတူ လက်ဝတ်ပစ္စည်းများထည့်သော ဘီဒိုအတွင်းရှိ အံဆွဲကိုလည်း သော့မခတ်ဘဲ ထားလေ့ရှိ၏။ ထို့အတူ သေဆုံးသူ ဒေါ်မွေးမွေးခင်မှလည်း အဝတ်ဘီဒိုကို သော့ခတ်လေ့မရှိ။ သို့သော် ဘီဒိုအတွင်း လက်ဝတ်ပစ္စည်းထားရှိသော အံဆွဲကိုမူ အမြဲသော့ခတ်ထားလေ့ရှိ၏။ ထိုနေ့က ဒေါ်ဥမ္မာခင်သည် ဒေါ်မွေးမွေးခင် သော့ထားရှိသောနေရာမှ အသင့်တွေ့ရှိသော သော့ကိုယူ၍ သေဆုံးသူ၏ ဘီဒိုအတွင်းလက်ဝတ်ပစ္စည်းများထားရှိသော အံဆွဲသော့ကို ဖွင့်ကြည့်သည်။ အံဆွဲအတွင်း လက်ဝတ်ပစ္စည်းထည့်သော ဘူးငယ်များကို တွေ့၏။ ထိုဘူးငယ်များကို တစ်ဘူးချင်းစီ ဖွင့်ကြည့်ရာ ဘူးအတွင်းမှ လက်ဝတ်ပစ္စည်းများကမရှိ၊ ဘူးခွံများသာ ကျန်ရှိနေကြောင်း ဒေါ်ဥမ္မာခင်မှ ဖွင့်ဆိုပြသည်။

အမှုမှ လက်ဝတ်ရတနာပစ္စည်းများ ထားရှိသောနေရာကိုလည်းသိ၊ ထိုသော့တွဲကိုယူ၍ ဘီဒိုအံဆွဲဖွင့်ကာ လက်ဝတ်ပစ္စည်းများ ရယူပြီး အံဆွဲကို သော့ခတ်၊ သော့တွဲကို နေရာမပျက် ထားရှိခဲ့ခြင်းသည် အပြင်လူစိမ်းမဖြစ်နိုင်၊ ဓာတ်သိအပ်သိထဲကအတွင်းလူသာဖြစ်နိုင်ကြောင်း အမှုစစ်အရာရှိ စုံထောက်စံထူးမှ တွေးဆထားခဲ့ပါတော့သည်။

အခန်း(၃)

''ပျောက်ဆုံးနေတဲ့ လက်ဝတ်ရတနာပစ္စည်းတွေရဲ့ ပုံသဏ္ဍာန်နဲ့ ကာလပေါက်ဈေး အသေးစိတ်ကို ဆရာမ သိသလား''

စုံထောက်စံထူး၏ အမေးကို ဆရာမ ဒေါ်ဥမ္မာခင်က ...

''ဟုတ်ကဲ့ သိပါတယ်''

''ဒါဆို ပြောပြပေးပါလား''

သေဆုံးသူ ဒေါ်မွေးမွေးခင်၏ အဝတ်ဘီဒို(အံဆွဲ)အတွင်းမှ သူမပိုင်ဖြစ်သော လော့ကတ်သီးပါ တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ ကာလပေါက်ဈေး ၆ သိန်းကျပ်။ နှစ်ကျပ်သားခန့်ရှိ ငါးရိုးပုံ ရွှေဆွဲကြိုးတစ်ကုံး၊ ကာလပေါက်ဈေး ၁၂ သိန်းကျပ်။ အရွက်(၄)ပွင့်ပါ ပတ္တမြားနားကပ်တစ်ရံ၊ တန်ဖိုး ၁ သိန်း ၈ သောင်းကျပ်။ သုံးမတ်သားခန့်ရှိ ရွှေလက်ကောက် ပြောင်ကွင်း(၂)ကွင်း၊ တန်ဖိုး(၉)သိန်းကျပ်။ တစ်မတ်သားခန့်ရှိ ပတ္တမြားလက်စွပ်(၁)ကွင်း၊ တန်ဖိုး ၁ သိန်း ၈ သောင်းကျပ်နှင့် ဒေါ်မွေးမွေးခင်ပိုင် ငွေစက္ကူကျပ် ၁၀ သိန်းတို့ ဖြစ်သည်။

ထို့ပြင် ဒေါ်ဥမ္မာမင်၏ အဝတ်ဘီဒိုအတွင်းမှ အလေးချိန် တစ်ကျပ်သားခန့် ပတ္တမြားဆွဲကြိုး(၁)ကုံး၊ တန်ဖိုး(၆)သိန်းကျပ်။ ငါးမူးသားခန့်ရှိ ပတ္တမြားလက်ကောက်(၁)ကွင်း၊ တန်ဖိုး(၃)သိန်းကျပ်တို့ဖြစ်သည်။

ပါဆုံးသွားသော ညီအစ်မနှစ်ယောက်၏ လက်ဝတ်ရတနာပစ္စည်းနှင့် ငွေသားစုစုပေါင်းတန်ဖိုး (၅၉)သိန်း(၁)သောင်းဖြစ်သည်။ အခင်းဖြစ်ပွားပြီးနောက် ရက်ပေါင်း(၂၀)အကြာ ပါဆုံးသော ပစ္စည်းများထဲမှ ဒေါ်မွေးမွေးခင်ပိုင် အရွက်(၄)ရွက်အပွင့်ပါ ပတ္တမြားနားကပ်တစ်ရံကို ဒေါ်မွေးမွေးခင်၏ အိပ်ခန်းအတွင်းရှိ မှန်တင်ခုံအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ပုံကို ဒေါ်ဥမ္မာခင်မှ ရှင်းလင်းပြောဆိုပြသည်။

''ဆရာမတို့ ညီအစ်မနှစ်ယောက်ရဲ့ တာဝန်ထမ်းတဲ့ကျောင်းတို့ကို သိပါရစေ''

''ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံးက အထက်တန်းပြဆရာမတွေပါ။ အစ်မကြီး ဒေါ်မွေးမွေးခင်က အထက (၂)မှာဖြစ်ပြီး ကျောင်းချိန်က မနက် ၇ နာရီမှ နေ့လယ် ၁၂ နာရီဖြစ်ပါ

**အမှုစစ်ဆေးတဲ့သူတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါ။ တစ်ခါတစ်လေ ကျွန်တော်တို့ ကိုယ်တိုင်တောင်မှ ပြစ်မှုကျူးလွန်သူရဲ့ လှည့်စားခြင်းကိုခံရသေးတာပဲ။ အခုအမှုမှာလည်း ပြစ်မှုကျူးလွန်သူ၊ သက်ာမကင်းသူကပဲ လှည့်စားနေလို့လား။ ဒါမှမဟုတ် ခိုင်ခိုင်မာမာ မပြနိုင်လို့ပဲလားဆိုတာကိုတော့ ကိုယ်တိုင်ထိတွေ့ကြည့်မှပဲ အဖြေထွက်လာမှာပါ . . .**



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မက အထက(၁)မှာပါ။ ကျောင်းချိန်က မနက် ၉ နာရီခွဲကနေ ညနေ ၃ နာရီခွဲအထိပါ''

''ဆရာမတို့ ညီအစ်မနှစ်ယောက်ရဲ့ စားသောက်နေထိုင်ရေးက ဘယ်သူက အကုန်အကျခံသလဲ''

''ထမင်းကတော့ အငြင်းပွားစရာမရှိလို့ တစ်အိုးတည်းအတူစားကြပါတယ်။ ဟင်းကတော့ အကြိုက်ချင်းမတူလို့ တစ်ခါတစ်ရံမှာ ကိုယ်ကြိုက်တာ ကိုယ်ချက်စားကြပါတယ်။ အိမ်နှင့်စားစရိတ်ကုန်ကျမှုကိုတော့ တစ်ယောက်တစ်ဝက်စီ တာဝန်ယူကြပါတယ်''

''အခင်းဖြစ်တဲ့နေ့ မနက်ပိုင်းမှာ ဆရာမနဲ့ အစ်မကြီးဒေါ်မွှေးမွှေးခင်တို့ ဘယ်အချိန်ထိ အတူရှိနေခဲ့တာလဲ''

''အဲဒီနေ့ မနက် ၇ နာရီ မထိုးခင်လောက်မှာ ကြက်သားသည်လာလို့ ကျွန်မကြက်သားဝယ်နေပါတယ်။ အစ်မလည်း အိမ်ကနေ ကျောင်းကို အထွက်မှာ သူ့အတွက်လည်း ကြက်သားဝယ်ဖို့မှာပြီး ကြက်သားဖိုးကျသင့်ငွေကို ရှင်းပေးပါတယ်။ အဲဒီအချိန်ဟာ အစ်မကို အသက်ရှင်လျက်နောက်ဆုံးတွေ့လိုက်ရတဲ့အချိန်ပါ''

''ဆရာမ ကျောင်းကပြန်လာပြီး အစ်မကြီး ဒေါ်မွှေးမွှေးခင်အလောင်းကို တွေ့တဲ့အချိန်မှာ အစ်မကြီးဟာ ကျောင်းဝတ်စုံနဲ့ပဲလား။ ဒါမှမဟုတ် ဘယ်လိုအဝတ်အထည် လဲထားပါသလဲ။ ပြီးတော့ အစ်မကြီးဟာ နေ့လယ်စာ စားပြီးမပြီးဘယ်လိုအသွင်သဏ္ဌာန်တွေ့ရသလဲ''

စုံထောက်စံထူး၏ မေးခွန်းက အခင်းဖြစ်ပွားချိန်ကို သိလို၍ ပုစ္ဆာထုတ်ခြင်းပင် ဖြစ်ပါ၏။ ထိုနေ့က သေဆုံးသူ ဒေါ်မွှေးမွှေးခင်သည် ကျောင်းဝတ်စုံမှ အင်္ကျီအဖြူကို လဲလှယ်ဝတ်ဆင်ထားပြီး ထဘီမှာ ကျောင်းစိမ်းထဘီဖြင့် ဖြစ်ပါသည်။ မီးဖိုခန်းရှိ အိုးခွက်ပန်းကန်များမှာလည်း နေ့လယ်စာမစားရသေးဘဲ တည်ရှိနေပုံကို ဒေါ်ဥမ္မာခင်မှ ရှင်းလင်းပြ၏။ ဒါကိုကြည့်လျှင် အခင်းဖြစ်ပွားချိန်သည် ဒေါ်မွှေးမွှေးခင် ကျောင်းမှအိမ်သို့ ရောက်ရှိခဲ့ပြီး နေ့လယ်စာမစားမီ နေ့လယ် ၁၂ နာရီနှင့် ၁ နာရီအတွင်း ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

အခင်းဖြစ်နေအိမ်၏ အနီးပတ်ဝန်းကျင်ရှိ နေအိမ်များကို မေးမြန်း

သေဆုံးသူနေထိုင်ရာ နေအိမ်တံခါးပေါက်






www.burmeseclassic.com

www.burmeseclassic.com





သေဆုံးသူနေထိုင်ခဲ့ရာ နေအိမ်အတွင်းပိုင်း


သည်။ ဒေါ်ဥမ္မာခင်၏ စကားအဆုံးတွင် အမှုစစ်အရာရှိ စုံထောက်စံထူးက–

"ကျေးဇူးတင်ပါတယ် ဆရာမ။ ကျွန်တော်တို့ သိချင်တာလေးတွေရှိခဲ့ရင်လည်း ထပ်မေးပါရစေ"

အခန်း(၄)

"ဟုတ်ကဲ့ မေးပါ၊ ကျွန်မသိရှိသ၍ ပြောပြပါ့မယ်"

ဆရာမ ဒေါ်ဥမ္မာခင်၏ ကဏ္ဍပြီး၍ အိမ်နီးချင်းနေ အငြိမ်းစားကျောင်း



သို့၏။ အခင်းဖြစ်နေအိမ်၏ မြောက်
က်တွင် အငြိမ်းစားကျောင်းဆရာမ
တင်နွဲ့၊ အရှေ့ဘက်တွင် ဘုန်းကြီး
ျာင်းသွားလမ်း၊ တောင်ဘက်တွင်
ာက်(၇၀)အရွယ်ရှိ ဒေါ်ငွေကြည်နှင့်
မသိဂီလှိုင်၊ အနောက်ဘက်တွင်

စောလွင်မြင့်နှင့် အေးလွင်တို့၏ နေအိမ်များ တည်ရှိကြသည်။ အခင်းဖြစ်နေအိမ်နှင့် ပတ်ဝန်းကျင်ရှိ အိမ်များမှာ ကိုယ့်ဝင်းကိုယ့်ခြံနှင့်ဖြစ်ပြီး တိတ်ဆိတ်ငြိမ်သက်သော အနေအထားရှိကြောင်း ဒေါ်ဥမ္မာခင်မှ ရှင်းလင်းပြ

ဆရာမ ဒေါ်တင်နွဲ့ဆီသို့ ကူးပြောင်းခဲ့၏။ နေအိမ်တွင် အသင့်တွေ့ရှိသော ဒေါ်တင်နွဲ့ကို စုံထောက်စံထူးမှ အမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလိုကြောင်း ခွင့်တောင်းရာ ဒေါ်တင်နွဲ့မှ အထက်ပါစကားဖြင့် ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ကြားပါ၏။ ထို့ကြောင့် စုံထောက်စံထူးက ...

"ဆရာ ဒေါ်မွှေးမွှေးခင် သေဆုံးမှုကို အန်တီ့အနေနဲ့ ဘယ်အချိန်လောက်မှာ သိရတယ်။ ပြီးတော့ သေဆုံးကြောင့် မသိခင် အချိန်မှာ သေဆုံးသူနဲ့ ပြောဆိုဆက်ဆံခဲ့ဖူးတာရှိခဲ့ရင်လည်း အပြည့်အစုံပြောပြပေးပါခင်ဗျ"

ဒေါ်တင်နွဲ့၏ နေအိမ်သည် အခင်းဖြစ်နေအိမ်၏ မြောက်ဘက် ခြံချင်းကပ်လျက်ဖြစ်၏။ နေအိမ်ပြတင်းတံခါးများကို ဖွင့်ထားပါက တစ်ဖက်နှင့်တစ်ဖက် နေအိမ်အတွင်းခန်းများသို့ မြင်နိုင်ကြားနိုင်စွမ်းရှိပါ၏။ ထိုနေ့က ဒေါ်တင်နွဲ့နှင့်အတူ တူမဖြစ်သူ မအေးမြတ်ခိုင်လည်းရှိနေ၏။ ဒေါ်တင်နွဲ့နှင့်တူမဖြစ်သူတို့သည် နေ့လယ်စာကို နေ့စဉ်ပုံမှန် ၁၂ နာရီတွင် စားသုံးလေ့ရှိကြ၏။ ထိုနေ့ နေ့လယ် ၁၂ နာရီအချိန်ခန့်တွင် ဒေါ်တင်နွဲ့က ...

"မခိုင်ရေ ... ထမင်းစားကြရအောင်"

"ခဏလေးစောင့်ပါလား ကြီးမေ၊ သမီး ကန်စွန်းရွက်လေး ကျော်လိုက်ဦးမယ်"

မအေးမြတ်ခိုင်၏ စကားအဆုံးတွင်ဒေါ်တင်နွဲ့လည်း ထမင်းစား စားပွဲသို့ ရောက်ရှိသွား၏။ ထမင်းစားပွဲတွင် ဒေါ်မွှေးမွှေးခင်အိမ်ဘက်သို့ မျက်နှာမူ၍ ထိုင်နေ၏။ ဒေါ်တင်နွဲ့ထိုင်နေသော ထမင်းစားပွဲထိုင်ခုံသည် ထမင်းစားခန်းပြတင်းပေါက်မှ ဒေါ်မွှေးမွှေးခင် နေအိမ်ပြတင်းသို့ တည့်မတ်စွာရှိ၍ ကောင်းစွာမြင်ရ၏။ ထိုစဉ် တစ်ဖက်အိမ်ပြတင်းမှ ဒေါ်မွှေးမွှေးခင်က ..

"အစ်မနွဲ့ စားပြီးပြီလား"

"အေး .. အခုပဲ စားမလို့ကွဲ့၊ မွှေးမွှေးကော စားပြီးပြီလား။ လာ စားဦးလေ"

"မစားရသေးဘူး အန်တီနွဲ့ရဲ့၊ ခဏနေ အဝတ်လဲပြီးရင် စားမှာပါ"

ဟု ဤကဲ့သို့ အပြန်အလှန်ပြောဆိုခဲ့၏။ ထို့နောက် ဒေါ်မွှေးမွှေးခင်သည် သူမ၏ အိပ်ခန်း အဝတ်ဘီဒိုရှေ့နားတွင် ရပ်နေ၏။ ဒေါ်မွှေးမွှေးခင် ဝတ်ဆင်ထားသော အပေါ်အင်္ကျီမှာ ဘာအရောင်ဖြစ်သည်ကို ဒေါ်တင်နွဲ့ မသိ။ သို့သော် ကျောင်းဝတ်စုံအင်္ကျီ အဖြူမဟုတ်သည်ကိုတော့ ကောင်းစွာ ပြောနိုင်၏။ နေ့လယ်စာ စားသုံးပြီးနောက် ဒေါ်တင်နွဲ့လည်းတရေးတမော အိပ်စက်နားနေခဲ့၏။ အိပ်ရာမှနိုး၍ ညနေ ၃ နာရီခွဲခန့်တွင် ဒေါ်တင်နွဲ့သည် အိမ်ရှေ့ဧည့်ခန်းဆက်တီ၌ အခင်းဖြစ်နေအိမ်ကိုကျောပေး၍ထိုင်နေ၏။ ထိုစဉ် ဒေါ်မွှေးမွှေးခင်အိမ်ဘက်မှ အကြီးမွှေး .. အကြီးမွှေးဟု ခေါ်သံကြား၏။ ခဏအကြာတွင် ဒေါ်ဥမ္မာခင်က-

"အစ်မနွဲ့ရေ .. မွှေးမွှေး အဲဒီဘက်လာသလား"

ဟု လှမ်းမေး၏။ ဒီတော့ ဒေါ်တင်နွဲ့က ...

"မလာပါဘူး ဥမ္မာရေ"

ဟု ပြန်ပြောပြီးနောက် ခဏအကြာ ..

"အစ်မနွဲ့ရေ .. အစ်မနွဲ့လာပါဦး၊ မွှေးမွှေးမူးလဲနေလို့ လာပါဦး"

ဥမ္မာခင်၏ အော်ဟစ်ခေါ်ဆိုသံကြောင့် ဒေါ်တင်နွဲ့လည်း ထိုင်ရာမှထကာ ဥမ္မာခင်၏ အိမ်ဖက်သို့ ကူးသွားခဲ့၏။ ဥမ္မာခင်၏ နေအိမ်ခြံဝသို့ ရောက်သောအခါ အိမ်နီးချင်းနေ မသိင်္ဂီလှိုင်နှင့်တွေ့၍ နှစ်ဦးအတူ ဥမ္မာခင်ရှိရာသို့ ဝင်သွားကြ၏။ ထိုစဉ် ဒေါ်မွှေးမွှေးခင်မှာ ဒေါ်ဥမ္မာခင်အိပ်ခန်း ခုတင်ခေါင်းရင်းရှိ ဆက်တီခုံတွင် အထက်၌ ဖွင့်ဆိုထားသည့်အတိုင်းတွေ့မြင်ရကြောင်း အငြိမ်းစားဆရာမ ဒေါ်တင်နွဲ့က ဖွင့်ဆိုပြခဲ့ပါသည်။

"ဆရာမအနေနဲ့ အဲဒီနေ့က သေဆုံးသူ ဒေါ်မွှေးမွှေးခင်ရဲ့ ရုပ်အလောင်းကို အနီးကပ်မြင်လိုက်ရတော့ ဝတ်ဆင်ထားတဲ့ ဝတ်စုံကို မှတ်မိလိုက်သလား"

စုံထောက်စံထူး၏ အမေးကို ဒေါ်တင်နွဲ့က ...

"ဟုတ်ကဲ့ မှတ်မိလိုက်ပါတယ်။ အင်္ကျီက ပါတိတ်ဆင် အနီရောင်ပါ။ ထဘီကတော့ ကျောင်းစိမ်းထဘီပါ"

ဟု အဆိုပြုပါ၏။ ဒေါ်တင်နွဲ့၏ ထွက်ဆိုချက်သည် ဒေါ်ဥမ္မာခင် သကဲ့သို့ သေဆုံးသူမှာ ကျောင်းမှပြန်လာပြီး နေ့လယ်စာမစားမီ သေဆုံးခြင်းဖြစ်ကြောင်း ထပ်တူကျပါ၏။ ဒါတွင်မက သေဆုံးသူ ဒေါ်မွှေးမွှေးခင်နှင့် ကျောင်းမှအပြန် ကျူရှင်သို့အသွား ကိုယ်တိုင်ကြုံဆုံခဲ့သော (၁၀)တန်းကျောင်းသူ မဝေဝေဖြိုးကျော်အား တွေ့ဆုံမေးမြန်းကြည့်သည်။

အခင်းဖြစ်သည့်နေ့ နေ့လယ် ၁၁ နာရီ ၄၅ မိနစ်တွင် ကျောင်းချိန်ပြီး၍ မဝေဝေဖြိုးကျော်သည် စက်ဘီးဖြင့် အိမ်သို့ပြန်လာ၏။ သူမနှင့်အတူ သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်လည်း စက်ဘီးဖြင့် အတူပါလာ၏။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက် စကားအတူပြော၍ စီးနင်းလာကြစဉ် နေအိမ်ရှေ့အရောက်တွင် ဆရာမဒေါ်မွှေးမွှေးခင်မှ နေအိမ်ခြံဝင်းဘက် ချိုးဝင်သွား၏။ မဝေဝေဖြိုးကျော်လည်း ဆရာမအားနှုတ်ဆက်ပြီး သူမ၏အိမ်သို့ ဆက်၍စီးနင်းလာ၏။ နေ့လယ် ၁ နာရီတွင် စနေလမ်းရှိ ဆရာမ ဒေါ်မွှေးမွှေးခင်ပို့ချသော ကျူရှင်သို့ တက်ရောက်ရမည်ဖြစ်၍ နေအိမ်မှ (၁)နာရီမထိုးမီ ထွက်လာခဲ့၏။ ဆရာမ ဒေါ်မွှေးမွှေးခင်၏ ခြံဝင်းရှေ့အရောက်တွင် နေအိမ်ရှေ့၌ဆရာမ၏စက်ဘီး ရပ်ထားသည်ကို တွေ့၏။ မဝေဝေဖြိုးကျော်မှ ဆရာမခြံဝင်းထဲသို့ ဝင်၍ ဆရာမ ဒေါ်မွှေးမွှေးခင်အားခေါ်ရာ နေအိမ်အတွင်းမှ ဘာသံမျှမကြားရသဖြင့် ဆရာမ ရေအိမ်တက်နေသည် ထင်၍ မဝေဝေဖြိုးကျော်လည်း ကျူရှင်ရှိရာ စနေလမ်းသို့ ထွက်လာခဲ့၏။ ထိုအချိန်မှာ နေ့လယ် ၁ နာရီထိုးဖို့ ၅/၁၀ မိနစ်ခန့်ရှိမည်ထင်၏။ နေ့လယ် ၁ နာရီ ကျူရှင်စချိန်ဖြစ်သော်လည်း ဆရာမဒေါ်မွှေးမွှေးခင် ရောက်ရှိမလာ၍ ကျူရှင်သင်မည့် ကျောင်းသူကျောင်းသားများက စောင့်ဆိုင်းနေကြ၏။ နေ့လယ် ၁ နာရီကျော်ခန့်တွင် ကျူရှင်မှကျောင်းသား(၄)ဦးက ဆရာမ ဒေါ်မွှေးမွှေးခင် နေအိမ်သို့ ဖုန်းဆက်ကြည့်၏။ တယ်လီဖုန်းမှ အသံခေါ်ဆိုသော်လည်း ဖုန်းမကိုင်ကြောင်း ဖုန်းဆက်သူ ကျောင်းသားများမှ ပြောပြ၍ သိရှိရကြောင်း ကျောင်းသူ မဝေဝေဖြိုးကျော်မှ ထွက်ဆိုပြသည်။

စုံစမ်းစစ်မေးခဲ့သော သေဆုံးသူ၏ အနီးပတ်ဝန်းကျင်မှ သက်သေများ၏ ထွက်ဆိုချက်အရ အခင်းဖြစ်ပွားချိန်မှာ နေ့လယ် ၁၂ နာရီမှ နေ့လယ် ၁ နာရီမထိုးမီ (၁၅)မိနစ်ခန့်အလို အချိန်အတိုင်းအတာ ဖြစ်နိုင်ခြေရှိပါသည်။

## အခန်း(၅)

"ကျွန်မနဲ့ အန်တီနွဲ့ နေ့လယ်စာ စားပြီးချိန်က နေ့လယ် ၁၂ နာရီ ၁၀/၁၅ မိနစ်လောက်ရှိပါပြီ။ အန်တီနွဲ့က အိပ်ခန်းထဲမှာ လဲလျောင်းနေပြီး ကျွန်မက ဧည့်ခန်းဆက်တီမှာ စာကျက်နေပါတယ်"

ဟု အိမ်နီးချင်းနေ အငြိမ်းစားကျောင်းဆရာမ ဒေါ်တင်နွဲ့၏ တူမ မအေးမြတ်ခိုင်မှ အထက်ပါစကားဖြင့် ထွက်ဆိုပြ၏။

ထိုသို့ စာကျက်နေစဉ် ဆရာမ ဒေါ်မွှေးမွှေးခင်၏ အိပ်ဝင်ပေါက်မှ "ဆရာမရေ ‥ ဆရာမ"ဟု ခေါ်သံကြားရပါသည်။ မအေးမြတ်ခိုင်ကလည်း လှည့်မကြည့်ဘဲ စာကိုကျက်မြဲအတိုင်း ကျက်နေခဲ့ပါသည်။ "ဆရာမ ‥ ဆရာမ" ဟု နောက်ထပ် ၃/၄ ကြိမ်ခန့် ခေါ်သံကြား၍ မအေးမြတ်ခိုင်မှ အသံလာရာသို့ လှည့်ကြည့်၏။ လူကို မမြင်ရသော်လည်း နေအိမ်ရှေ့ အုတ်ကန်အနီး၌ နေအိမ်ဘက်သို့ ခေါင်းတည်ရပ်ထားသော ဆိုင်ကယ်တစ်စီးကို မြင်၏။ ထိုဆိုင်ကယ်မှာ ရှေ့ရင်ဖုံး အနီရောင်၊ နောက်ထိုင်ခုံ အနက်ရောင်ဖြစ်၍ နောက်ကြည့်မှန်မပါသည်ကို သတိထားမိလိုက်သည်။ ဆိုင်ကယ်၏ ဘေးတစ်ဖက်တွင် ဆရာမဒေါ်မွှေးမွှေးခင် စီးနင်းသောစက်ဘီးရပ်ထားသည်ကိုလည်း မြင်ရ၏။ ထိုဆိုင်ကယ် ဘယ်အချိန်ထွက်သွားသည်ကို သတိမပြုမိကြောင်း မအေးမြတ်ခိုင်မှ ဖွင့်ဆိုပြသည်။

"ဆရာမ ‥ ဆရာမလို့ အိမ်ရှေ့က အော်ခေါ်တဲ့အသံဟာ ယောကျ်ားလေးသံလား ‥ မိန်းကလေးအသံလား"

ဟု စုံထောက်စံထူး၏ အမေးကို မအေးမြတ်ခိုင်က ...

"ယောကျ်ားလေး အသံပါ"

"ဆရာမအိမ်ကိုလာတဲ့ ဧည့်သည် ကျောင်းသားတွေတိုင်း အဲဒီလို အိမ်ပေါက်ကနေ အော်ခေါ်လေ့ရှိသလား"

"ဆရာမရဲ့တပည့် အောင်ကျော်ဖြိုးသာ ဆရာမအိမ်ကိုလာတိုင်း အိမ်ပေါက်ဝကနေ အဲဒီလို အော်ခေါ်လေ့ရှိပါတယ်"

"အဲဒီနေ့က အိမ်ပေါက်ဝမှာ အော်ခေါ်တဲ့အသံဟာ အောင်ကျော်ဖြိုးအသံလား"

"အသံက ခပ်အုပ်အုပ်ဖြစ်နေလို့ မည်သူမည်ဝါဆိုတာ ကျွန်မလည်း မမှန်းတတ်ပါဘူး"

"အောင်ကျော်ဖြိုးနဲ့ ရင်းနှီးတာ ဘယ်လောက်ကြာပြီလဲ"

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က စတင်ရင်းနှီးခဲ့တာပါ"

"ဘယ်လိုစတင်ရင်းနှီးခဲ့တာလဲ"

အောင်ကျော်ဖြိုးသည် သေဆုံးသူ ဆရာမမွှေးမွှေးခင်၏ တပည့်ရင်းတစ်ယောက်ဖြစ်၏။ ဆရာမအိမ်၏ အမှုကိစ္စတွင် အောင်ကျော်ဖြိုးသည် လက်တိုလက်တောင်း ဝိုင်းဝန်းကူညီပေးသော တပည့်တစ်ယောက်ဖြစ်၏။ လွန်ခဲ့သော တစ်နှစ်ခန့်ကစ၍ ဆရာမ



www.burmeseclassic.com

ဒေါ်မွှေးမွှေးခင်နှင့်အတူ နေအိမ်သို့ အလည်အပတ်ရောက်ရှိလာရာမှ အောင်ကျော်ဖြိုးနှင့် စတင်ရင်းနှီးခဲ့ရကြောင်း မအေးမြတ်ခိုင်မှ ပြောဆိုပြသည်။

"ဆရာမ ဒေါ်မွှေးမွှေးခင်အိမ်မှာ အောင်ကျော်ဖြိုးလိုပဲ ဝင်ထွက်သွားလာပြီး အိမ်မှုကိစ္စကူလုပ်ပေးတဲ့ တခြားကျောင်းသားဘယ်သူရှိသေးလဲ"

§ § §

"မရှိပါဘူး။ အောင်ကျော်ဖြိုးတစ်ဦးတည်းသာ သားတပည့်လို ဝင်ထွက်သွားလာပြီး လုပ်ကိုင်ပေးတာပါ။ ကျွန်မကတော့ သူ့ကို ဘာမှမခိုင်းပါဘူး။ အစ်မကြီးမွှေးမွှေးကသာ သူ့တပည့်ကို သူ ယုံကြည်စွာနဲ့ ခိုင်းလေ့ခိုင်းထပြုပါတယ်"

ဟု သေဆုံးသူနှင့် အတူနေညီမ တရားလို ဒေါ်ဥမ္မာခင်မှ ဖွင့်ဆိုပြ၏။

"ဆရာမတို့ ညီအစ်မနှစ်ယောက်ရဲ့ အိမ်တွင်းပစ္စည်းကို ညီအစ်မနှစ်ယောက်အပြင် အောင်ကျော်ဖြိုးကော မသိနိုင်ဘူးလား"

စုံထောက်စံထူးမှ အတွင်းပစ္စည်းကိုမေး၏။ ဒီတော့ ဒေါ်ဥမ္မာခင်က ..

"သိနိုင်တာပေါ့ရှင်၊ သူ ကောင်းကောင်းသိနိုင်တာပေါ့"


အခင်းမဖြစ်မီ နှစ်ရက်ခန့်က နေအိမ်မှ မီးချောင်းပျက်၍ အစ်မဖြစ်သူ ဒေါ်မွှေးမွှေးခင်မှ အောင်ကျော်ဖြိုးအား ပြင်ခိုင်း၏။ ကျသင့်ငွေကိုထုတ်ပေးရန်အတွက် အစ်မဖြစ်သူမှ ဘီဒိုနှင့် အံဆွဲကိုဖွင့်၏။ ထိုစဉ် အောင်ကျော်ဖြိုးလည်း အနီးအနားတွင်ရှိနေ၍ မြင်တွေ့နိုင်၏။ ထို့ပြင် အောင်ကျော်ဖြိုးသည် နေအိမ်သို့လာတိုင်း အိမ်အဝင်ပေါက်မှ ဆရာမ ..ဆရာမ ..ဟု အော်ဟစ်အသံပေး၍ အိမ်အတွင်းသို့ ဝင်လာလေ့ရှိ၏။ နေအိမ်အတွင်း မတွေ့ပါက လိုက်လံရှာဖွေလေ့ရှိပြီး တစ်ဦးမဟုတ်တစ်ဦး တွေ့ရှိမှသာ အိမ်မှ ပြန်ထွက်သွားလေ့ရှိကြောင်း အောင်ကျော်ဖြိုး၏ အတွင်းရေးနှင့်အကျင့်စရိုက်ကို ဒေါ်ဥမ္မာခင်က ထွက်ဆိုပြသည်။

**ဆရာမ ဒေါ်မွှေးမွှေးခင် အသတ်**ခံရပြီး လက်ဝတ်ရတနာပစ္စည်းနှင့် ငွေများပါဆုံးသွားမှုတွင် တပည့်ရင်းဖြစ်သူ အောင်ကျော်ဖြိုးသည် ပြစ်မှုကျူးလွန်သူ ဖြစ်နိုင်ခြေရှိကြောင်း မီးမောင်းထိုးပြနေပါသည်။ သို့ကြောင့် စုံထောက်စံထူးက ...

"အောင်ကျော်ဖြိုးကို မူလအမှုစစ်ဖြစ်တဲ့ မြို့နယ်ရဲက ဖမ်းဆီးစစ်မေးတာ မလုပ်ဘူးလား"

အခန်း(၆)

"ဖမ်းပါတယ်၊ အချုပ်ထဲမှာ တစ်လနီးပါးလောက် ဖမ်းထားပြီး စစ်မေးတာ ခံခဲ့ရပါတယ်"



သေဆုံးသူနေထိုင်ခဲ့ရာ နေအိမ်ပတ်ဝန်းကျင်ပြ မြေပုံ



www.burmeseclassic.com

www.burmeseclassic.com





ပြစ်မှုကျူးလွန်ရာတွင်
အသုံးပြုခဲ့သည့်ဆိုင်ကယ်

ဟု သက်ာမကင်းသူ အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။ စားပွဲရှေ့တွင် ရှိနေသော အောင်ကျော်ဖြိုးကို စူးစူးစိုက်စိုက်ကြည့်လျက် အမှုစစ်အရာရှိ စုံထောက်စံထွေးက ...

"မင်းကို ရဲက ဘာကြောင့်ဖမ်းတာလဲ"

အခင်းဖြစ်သည့်နေ့ နေ့လယ် ၁ နာရီကျော်ခန့်တွင် အောင်ကျော်ဖြိုးသည် ၎င်းပိုင် ခေါင်းနီကိုယ်နက်ဆိုင်ကယ်ဖြင့် သေဆုံးသူ ဆရာမ ဒေါ်မွေးမွေးခင်နေအိမ်သို့ ရောက်ရှိခဲ့သည်။ နေအိမ်တံခါးနှင့် ပြတင်းများပွင့်နေသည်ကို တွေ့၏။ နေအိမ်ဝင်ပေါက်မှ "ဆရာမ .. ဆရာမ" ဟု သုံးလေးငါးခွန်းခေါ်သော်လည်း ထူးသံမကြားဘဲရှိနေ၏။ အိမ်ရှေ့တွင်လည်း ဆရာမစီးသော စက်ဘီးနှင့် စက်ဘီးရှေ့ခြင်းထဲတွင် ထီးတစ်လက်ထည့်ထားသည်ကို တွေ့၏။ ထို့နောက် အောင်ကျော်ဖြိုးသည် ဧည့်ခန်းသို့ဝင်ကာ ဂျာနယ်တစ်စောင်ကို ဖတ်နေ၏။ ခဏအကြာ ဆရာမသည် နှစ်လုံးချဲထီထိုးခြင်းကို ဝါသနာပါ၍ ဧည့်ခန်းရှိ ပို့က်ဘုတ်တွင် ချဲထီဂဏန်း "၃၀/၄၅ အဂ္ဂါ အောင်ကျော်ဖြိုး" ဟု ရေးထားခဲ့ပြီး ဆရာမနေအိမ်မှ ၎င်းဆိုင်ကယ်အားစီး၍ ပြန်ထွက်ခဲ့ကြောင်း အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။ အောင်ကျော်ဖြိုး၏ စကားအဆုံးတွင် စုံထောက်စံထွေးက–

"မင်းဟာ .. ဆရာမရဲ့တပည့်ရင်း တစ်ယောက်ဖြစ်သလို သွေးသားရင်းကဲ့သို့ ဆရာမရဲ့အိမ်မှာ ဝင်ထွက်သွားလာ လုပ်ကိုင်ပေးသူဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"မင်းလိုပဲ အဲဒီအိမ်မှာ တရင်းတနှီး ဝင်ထွက်သွားလာတတ်တဲ့သူ အခြား ဘယ်သူရှိသေးလဲ"

"ကျွန်တော်သိသလောက်တော့ ကျွန်တော်တစ်ဦးတည်းပဲရှိပါတယ်"

"ဟုတ်ပြီ .. အဲဒီနေ့က ဆရာမ ဒေါ်မွေးမွေးခင်ကို ဧည့်ခန်းမှာ မတွေ့တော့ မင်းအိမ်ထဲ ဝင်မရှာဘူးလား"

"မရှာခဲ့ပါဘူး"

"ခါတိုင်း .. ဆရာမအိမ်ကိုလာတိုင်း ဆရာမကို မတွေ့မချင်း မင်းလိုက်ရှာနေကျ၊ အဲဒီနေ့ကျမှ မင်းဘာကြောင့် ဆရာမကို တွေ့အောင်မရှာတာလဲ"

"ကျွန်တော် ဆိုင်ကယ် ပြင်ဖို့ ချိန်းထားလို့ပါ"

"ဆရာမ ဒေါ်မွေးမွေးခင်ဟာ နေ့လယ်တစ်နာရီကနေ ညနေ ၆ နာရီအထိ အပြင်မှာ ကျူရှင်ပြတယ်ဆိုတာ မင်းသိလား"

"သိပါတယ်"

"အဲဒီနေ့က မင်း ဆရာမအိမ်ရောက်တော့ နေ့လယ်တစ်နာရီကျော်ရှိနေပြီပဲ။ 'ဆရာမ ကျူရှင် ဘာဖြစ်လို့မသွားပါလိမ့်' လို့ မင်းအနေနဲ့ တွေးဆမကြည့်ဘူးလား။ အဲဒီလို တွေးဆမိလို့ မင်းက ဆရာမကို ရှာမိခဲ့ရင် မင်းအပေါ်မှာ သက်ာမကင်းစရာမရှိဘဲ ဆရာမသေဆုံးမှုကို ဦးစွာပထမတွေ့ရှိသူအဖြစ် ကျေးဇူးတောင် တင်ရဦးမယ်"

ဟု စုံထောက်စံထွေး၏ ပြောဆိုမှုကို အောင်ကျော်ဖြိုးက ဆိတ်ငြိမ်စွာဖြင့် နားစွင့်နေ၏။ ထို့နောက် ချဲထီ နှစ်လုံးဂဏန်းပေးသည့်ကိစ္စတွင် နှစ်လုံးချဲထီသည် တစ်နေ့တွင် နေ့လယ် ၁၂ နာရီနှင့် ညနေ ၄ နာရီတွင် တစ်နေ့နှစ်ကြိမ် ပေါက်ဂဏန်းအဖြေထွက်၏။ အောင်ကျော်ဖြိုးကိုယ်တိုင် ပို့က်ဘုတ်တွင် ရေးပေးသွားသော ချဲထီ နှိပ်ထုတ်သည့် နေ့လယ် တစ်နာရီထိုး

www.burmeseclassic.com



ဖြစ်၍ မနက်ပိုင်းပေါက်ဂဏန်း မဖြစ်နိုင်တော့ပါ။ ညနေဂဏန်းဆိုရပြန်လည်း ဆရာမ ဒေါ်မွေးမွေးခင်သည် ကျူရှင်ပြရာမှ ညနေ ၆ နာရီတွင် အိမ်ပြန်ရောက်သူဖြစ်၍ အောင်ကျော်ဖြိုးရေးပေးသွားသော နှစ်လုံးဂဏန်းကို ထိုးဖို့ လုံးဝမဖြစ်နိုင်သော အခြေတွင်ရှိပါ၏။ ဤသည်ကိုကြည့်လျှင် အောင်ကျော်ဖြိုးသည် ဆရာမ ဒေါ်မွေးမွေးခင် နေအိမ်သို့ ရောက်ရှိခဲ့သည်မှာ အထင်အရှားဖြစ်၏။

"မင်း ‥ ဆရာမအိမ်လာတော့ မင်းနဲ့အတူ တခြားဘယ်သူပါသေးလဲ"

"မပါပါဘူးခင်ဗျ။ ကျွန်တော်တစ်ယောက်ထဲပါ"

အောင်ကျော်ဖြိုးသည် သေဆုံးသူနေအိမ်မှ ပြန်ထွက်သွားပြီးနောက် ထိုနေ့ နေ့လယ် ၂ နာရီခန့်တွင် ဆရာမ ဒေါ်မွေးမွေးခင်အိမ်သို့ ဆိုင်ကယ်ဖြင့် ဒုတိယအကြိမ် ဝင်ရောက်ခဲ့၏။ နေအိမ်မြင်ကွင်းမှာ ပထမအကြိမ်ဝင်ရောက်စဉ်က အခြေအနေတိုင်းဖြစ်၏။ နေအိမ်ပေါက်မှ အော်ခေါ်သော်လည်းထူးသံမကြား၍ ဆရာမဒေါ်မွေးမွေးခင် အိပ်ခန်းသို့ ဝင်ကြည့်၏။ ဆရာမကိုမတွေ့။ မျက်နှာချင်းဆိုင်အိပ်ခန်းရှိ ဆရာမ ဒေါ်ဥမ္မာခင်၏ အိပ်ခန်းတံခါးမှာလည်း စေ့ရုံသာစေ့ထားပြီး အိပ်ခန်းအတွင်းရှိ ပြတင်းတံခါးတစ်ချပ်မှာ ဟနေ၍ အလင်းရောင်ဝင်နေ၏။ ထိုအိပ်ခန်းတံခါးဝမှ အတွင်းသို့ကြည့်ရာ ဆရာမဒေါ်ဥမ္မာခင်၏ အိပ်ရာခုတင်ရှိ ခြင်ထောင်မှာ ချထားသည်ကို မြင်တွေ့ရကြောင်း အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။

"ဆရာမဒေါ်ဥမ္မာခင် အိပ်ခန်းထဲကိုတော့ ဘာဖြစ်လို့ ဝင်မရှာတာလဲ"

"အိပ်ခန်းပေါက်ဝကနေ အတွင်းကို ထင်ထင်လင်းလင်းမြင်နေရပြီး အိပ်ခန်းထဲမှာ ဘယ်သူမှမရှိလို့ ကျွန်တော်လည်း ဝင်မရှာခဲ့ပါဘူး"

ထိုနေ့ နေ့လယ် ၂ နာရီကျော်ခန့်တွင် အောင်ကျော်ဖြိုးသည် အခင်းဖြစ်နေအိမ်မှ သူ၏ဆိုင်ကယ်ပြင်ဆိုင်သို့ ထွက်လာ၏။ ထိုနေ့ညနေပိုင်းတွင် ဆရာမဒေါ်မွေးမွေးခင် အသတ်ခံရကြောင်း ကြားသိရ၍ ဆရာမ၏နေအိမ်တွင် ည၌ ၁၁ နာရီအထိ နာရေးကိစ္စအား ဝိုင်းဝန်းကူညီခဲ့သည်။ နောက်တစ်နေ့တွင် အခင်းဖြစ်နေ့က သေဆုံးသူ ဆရာမအိမ်သို့ ခေါင်းနီကိုယ်နက်ဆိုင်ကယ်တစ်စီးဝင်လာသည်ကို ရဲမှကြားသိ၍ စုံစမ်းနေကြောင်း သိရ၏။ သို့ကြောင့် ထိုနေ့က ခေါင်းနီကိုယ်နက်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူမှာ မိမိဖြစ်ကြောင်း ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်ပြောဆိုခဲ့စဉ် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။

"မင်းက တော်တော် အပြောကောင်းတာပဲ"

အမှုစစ်အရာရှိ စုံထောက်စံထူး၏ ရိသဲ့သဲ့စကားကို အောင်ကျော်ဖြိုးက ...

"ကျွန်တော် အမှန်အတိုင်းပြောပြတာပါ"

"အမှန်ပြောတာထက် အပြောမှန်ဖို့ လိုတယ်ကွ။ မင်း ပြောတဲ့အဖြစ်မှန်ကို ငါလည်း သိထားပြီးသားပါ"

ဤမျှဆိုလျှင် ဆရာမဒေါ်မွေးမွေးခင် သေဆုံးမှုတွင် သွေးသားရင်းပမာရှိသော တပည့်ရင်းအောင်ကျော်ဖြိုးသည် လုံးလုံးလျားလျား သက်သေမကင်းဖွယ်ရှိနေပါ၏။ သို့သော် အောင်ကျော်ဖြိုးကို ကိုင်တွယ်ဖို့ရာ စုံထောက်စံထူးတွင် အခွင့်အာဏာမရှိ ဖြစ်နေ၏။ သက်သေမကင်းသူ အောင်ကျော်ဖြိုးကို မြို့နယ်ရဲတပ်ဖွဲ့မှ ချုပ်ရက်အပြည့်ဖမ်းဆီးစစ်ဆေးခဲ့ပြီး ခံဝန်သူနှစ်ဦးနှင့် အာမခံဖြင့် လွှတ်ထားခဲ့၏။ ဤသို့သော ဖြစ်စဉ်မျိုးကို အမှုစုံစမ်းစစ်ဆေးကြသော စုံထောက်အရာရှိတိုင်း ကြုံဖြိုဆုံမြဲ အကြောင်းအရာတစ်ရပ်ပင် ဖြစ်ပါပေတော့သည်။

ရှေ့လဆက်ပါဦးမည်

စုံထောက်မောင်ရဲခဲ



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



(၁)

ဝသန်ကာလရာသီမိုးသည် အငြိုးတကြီး ရွာချနေ၏။ တစ်ချိုတစ်ချို တောင်လေမုတ်သုန်က ပင့်ရိုက်လိုက်ရာ သစ်ရွက်များ တသောသော လှုပ်ခါသွားကြသည်။ မိုးသီးကြွေသံများ၊ သစ်ရွက်အော်သံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးစိုးထား၏။

"တို့ .. ဒီရွာကို ပြောင်းလာရတာ အရမ်းမှန်သွားတယ်နော်၊ တို့ .. အဖေကြီး ဘယ်လိုစီစဉ်လိုက်တာလဲ မသိဘူး၊ ကောက်ကာငင်ကာနော်"

"လူကြီးဆိုတော့ .. အမြင်ကျယ်တယ်လေ .. သားသမီးကြီးပွားတာကို မြင်လိုတဲ့သဘောပေါ့ .. မောင်ရယ်"

"မောင်က ... ကုန်ရောင်းကုန်ဝယ်၊ မိုးက ... စက်ချုပ်၊ အလုပ်က ဟန်ကျနေတာပဲနော် ... ဒီရွာပြောင်းမှ တို့ စီးပွားရေးလမ်းစ တကယ်ရခဲ့တာကလားကွာ"

"ဒါက ... အိမ်ဦးနတ် မောင်က တော်လို့လေ"

"ဒီက ... အချစ်ကလေး မိုးကလည်း အရမ်းအလုပ်လုပ်တာကိုး"

"ဩော် .. မောင်ရယ်၊ မောင့်ကို မိုး ချစ်လိုက်တာကွာ"

ခရေမိုးက သူမရဲ့ ငယ်ချစ်လင် ချစ်အောင်ဒင်ခါးကို တင်းတင်းဆွဲဖက်ပြီး ပါးပြင်နှစ်ဖက်ကို အားရအောင် မွှေးပစ်လိုက်သည်။

ချစ်အောင်ဒင်နဲ့ ခရေမိုးတို့မှာ တစ်ယောက်ကိုတစ်ယောက် တိုးဝှေ့လုဖက်ကြရင်း ပိုမိုပူးကပ်သွားကြသည်။

"ချစ်တယ်ကွာ"

ခရေမိုး၏ သမုဒ္ဒယကဲသော ရမ္မက်သံက ချစ်အောင်ဒင်၏နှလုံးသားကို ရင်ခုန်နှုန်း မြင့်တက်စေခဲ့သည်။

"မောင်နဲ့မိုးက ... သုံးနှစ်သုံးမိုး သံယောဇဉ်တွေ ဖြစ်ပြီးတော့မှ ညားခဲ့ကြတာနော်"

"အဲဒါကြောင့် ... ပိုချစ်တာပေါ့ မောင်ရယ်"

အချစ်တို့ဖြင့် ပျော်ဝင်စီးဆင်းနေသော နှလုံးသားတစ်စုံ မိုးနဲ့အပြိုင် ချစ်ခြင်းသံစဉ်များ လွင့်ပျံ့နေသည်။

ချစ်အောင်ဒင်နဲ့ ခရေမိုးတို့မှာ တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေ။ ရွာမူလတန်းကျောင်းမှာ အတူကျောင်းတက်ကြရင်း ပြေးလွှားပျော်ပါးကစားခဲ့ကြသည်။ ခရေမိုးမှာ အရွယ်ရောက်လာတော့ လှလိုက်သည်မှာ အလွန်အကျွံ၊ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နဲ့ တင့်တယ်စေမှု သကြားထုသို့ ဆိုတာ တကယ်ပါပဲလားဟု ကောက်ချက်ချရသည်ထိပါပဲ။ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားပြေပြစ်ရုံမက လှသောနှုတ်ခမ်း ပြုံးယောင်သန်းနေသော မျက်နှာဟန်ပန်လေးများက အလှကြိုက် အကြင်ပုရိသတို့အတွက် စွဲမက်စရာ။

ရွာမှာ ပိုက်ဆံရှိတယ်လို့ သတ်မှတ်ထားကြတဲ့ ဦးအောင်ဘ၊ ဒေါ်လှတို့ သားထွေး မောင်ဘဌေးကလည်း ခရေမိုးမှ မရရင် ရူးတော့မည့်အတိုင်းပဲ။ ရွာကျောင်းဆရာ ဦးကျော်သာကလည်း ခရေမိုးရဲ့ ညီမလေး စတုတ္ထတန်းကျောင်းသူ စံပယ်မိုးကို စာလာပြသလိုနဲ့ အိမ်သို့ ညနေတိုင်းရောက်သည်။ မြို့နယ်မှ ဌာနဆိုင်ရာတွေရောက်ရင်လည်း ခရေမိုးဆိုတာ တစ်မိုးတည်းမိုးနေကြတော့တာလေ။ အဲသည်မှာ ထူးခြားတာက ခရေမိုးဟာ ရေတံငါသည် ဦးအောင်ကျော်ရဲ့သား မိတဆိုးလေး ချစ်အောင်ဒင်ကိုမှ ရင်ခုန်ခဲ့သည်ဆိုပဲ။ ခုတော့ နားဖောက်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံနေထိုင်ကြပါရောလား။

ဦးအောင်ကျော်မှာ သားလေးချစ်အောင်ဒင် အရွယ်ရောက်လာတော့ သားလေးဆန္ဒပြည့်ဝစေဖို့ သူ့ငယ်ရည်းစားနဲ့ မိဘဖသားပီပီ လက်ထပ်ပေးလိုက်သည်။ တစ်သက်လုံး ပင်လယ်ပြင်မှာ ငါးဖမ်းလို့ စုဆောင်းထားတဲ့ ပိုက်ဆံ။ သည် ပိုက်ဆံလေးနဲ့သားလေးကို အိမ်ဆိုင်လေးဖွင့်ပြီး ရောင်းစေခဲ့သည်။ ချစ်အောင်ဒင်က မြို့ပေါ်တက် ဈေးဝယ်။ ဇနီးချောလေးမိုးက ဈေးရောင်းဘဝ၊ အကြောင်းကတော့ သိပ်မဆိုးလှပေဘူး။

အချို့ကဆို ခရေမိုးကို ကာယအလှမယ်ပြိုင်ရင်တောင် ရနိုင်တယ်။ တံငါသည်သားနဲ့လားလားမျှ မထိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးတဲ့။ သားချစ်အဖေ ဦးအောင်ကျော် ဘယ်ခံလိမ့်မလဲ။

"ငါ့သားမှာ ... အမေမရှိတာတစ်ခုကလွဲလို့ .. ဘာမှအပြစ်ပြောစရာမရှိဘူး။ ကျုပ်လိုပဲ .. ကျုပ်သားလည်းယောက်ျားပီသတယ်၊ စိတ်ကောင်းရှိတယ်၊ ကလေးတွေ ... တူလို့ တန်လို့ညားကြတာ .. ငါ့သား အရည်အချင်းရှိလို့ မမိုးက ရွေးလိုက်တာလေ ... သင်းတို့နဲ့မဆိုင်ဘူး၊ သူများ အိမ်ထောင်ရေးကို အားအားယားယားရှိတိုင်း လျှာကြောဆွဲဆန့်မနေကြနဲ့၊ ရှောင်ကြစေ ရှားကြစေ"တဲ့လေ။

"မောင်ရယ် ... မိုးကလည်း ရွာလိုက်တာနော်"

သမုဒယမျော်ရုံတောမှာ တမ်းတမက်မောတတ်သော နှလုံးသားတစ်စုံမှာ မောပဲ မမောနိုင်ကြ။

"ဗျို့ .. အိမ်ရှင်တို့"

"မောင်ရေ ... အိမ်ရှေ့က ခေါ်သံလိုလို ကြားတယ်"

"မောင် ... ချစ်အောင်ဒင် မခရေမိုး"

"ဟုတ်တယ် မိုး ... တို့ကို ခေါ်နေတယ်"

နှစ်ယောက်စလုံး အိမ်ရှေ့ခန်းသို့ထွက်လာကြပြီး လမ်းပေါ်သို့လှမ်းကြည့်လိုက်ကြသည်။ မိုးထဲလေထဲမှာ ခမောက်တစ်ခုကို မလုံ့တလုံဆောင်းပြီးမတ်တပ်ရပ်နေသော လူကြီးတစ်ဦး။

"ဟာ ... ဦးလေးထွန်းပါလား၊ ဘယ်ကလာတာလဲ ... လာ .. လာ .. လာ မိုးကြီးလေကြီးထဲမှာဗျာ"

ချစ်အောင်ဒင် အိမ်ပေါ်က ကမန်းကတန်းဆင်းပြီး ဦးလေးထွန်းဆိုသူကိုတွဲခေါ်ယူလိုက်သည်။ လူကြီးမှာ ချမ်းလွန်းသဖြင့် တခိုက်ခိုက်တုန်နေ၏။

"ဦးလေးထွန်းမှာ ... လဲစရာမပါတော့ဘူးထင်တယ် .. မိုးရေ ... ဦးကို မောင့်အဝတ်အစား ... တစ်စုံလောက် .. ထုတ်ပေးလိုက်ပါနော်"

ခရေမိုးကတော့ အလိုက်သင့်ပင်ချစ်လင် ချစ်အောင်ဒင်၏အဝတ်တစ်စုံကို ထုတ်ပေးလိုက်သည်။

"ဦးက ... သားတို့အဖေဆီမှာအလုပ်မလုပ်တော့ဘူး၊ ဟိုးဝေးဝေးကရွာလေးတစ်ရွာမှာ ဘုန်းကြီးကျောင်းမှာ ကပ်ရပ်ပြီးနေတယ်"

"ဟုတ်လား"

"ဟုတ်တယ် ... အဲဒါ .. ဒီနေ့မနက်ပဲ ရာသီဥတုကလည်း သာယာတယ်၊ သားတို့လင်မယားကိုလည်း အရမ်းသတိရတာနဲ့ လေ့တစ်စင်းနဲ့ လှော်ထွက်လာခဲ့တာလေ"

"ဩော် ... ဟုတ်ကဲ့"

"အဲဒါကွာ ... လမ်းတစ်ဝက်လည်း ရောက်ရော မိုးက ရွာလိုက်တာကွာ ... ရပ်ကိုမရပ်ဘူး၊ ခုထိ ရွာတုန်းပဲကွာ"

"ဟုတ်ပါတယ် ... ဦး ... ဒီနေ့က မိုးကြီးတော့ လူတွေတောင် လမ်းပေါ်မှာ သိပ် သွားသွားလာလာ မရှိကြဘူး"

"ဒါနဲ့ .. သားရယ်၊ ခရီးရောက်မဆိုက် ပြောရတော့မှာပဲ အားလည်းနာတယ်"

"ဟုတ်ကဲ့ ... ဦး၊ ပြောမှာသာပြောပါ အားမနာပါနဲ့"

"ဦး ... အရမ်းအေးနေတယ်၊ နည်းနည်းလောက် .. သောက်လိုက်ချင်တယ် လွယ်မလား"

ဦးထွန်းဆီက ထွက်လာသောစကားကြောင့် ချစ်အောင်ဒင် လုံးဝမအံ့ဩ။ သဲဖြူတန်းရွာမှာနေစဉ်တုန်းက ပင်လယ်ပြင်က ပိုက်ဝင်လာတိုင်းချစ်အောင်ဒင်တို့အဖေ ဦးအောင်ကျော်နဲ့ ဦးထွန်းတို့မှာ ဝိုင်းဖွဲ့ကြစမြဲ၊ သောက်ကြစမြဲ။

"အဖေတို့က ... ရေတံငါတွေအကုသိုလ်အလုပ်နဲ့ အသက်မွေးကြတဲ့သူတွေဆိုတော့ အရက်ဆိုတာလည်းမသောက်လို့မရ၊ ရေတံငါနဲ့အသူရာဆိုတာ ... ဘဝကြမ်းသမားတွေရဲ့ မိတ်ဖက်ပေါ့ကွာ"

"အဖေတံငါသည် ဖြစ်ပေမယ့်ငါ့သားကတော့ .. တံငါသည်မဖြစ်စေရဘူး၊ လူလိမ္မာတစ်ယောက်ဖြစ်ဖို့အတွက် ... အဖေပုံသွင်းထားတယ်၊ အရက်ဆို လုံးဝ မသောက်ရဘူးနော်"

အဖေကြီး ဦးအောင်ကျော်မှာ အရက်ကလေးထွေလာရင် သည်သို့ပင် ပြောတတ်သည်။ ချစ်အောင်ဒင်အဖေ့စကားကို မြေဝယ်မကျ နားထောင်သည်။ အရက်ဆို တစ်ပေါက်မျှသောက်ဖူးသူမဟုတ်။ အဖေ့နေရာလည်း ကိုယ်။ အမေ့နေရာလည်းကိုယ်ကျွေးမွေးပြုစုခဲ့သော အဖေ့စကားကိုတစ်ခွန်းမျှအာခံပြီး ပြန်မပြောခဲ့ဖူး။

"ရတယ် ဦး ... သား သွားဝယ်ပေးမယ်လေ"

"တော်တော် လှမ်းလားကွာ"

"နည်းနည်းတော့ .. လှမ်းတယ်ဦး .. အသွားအပြန် တစ်နာရီလောက်တော့ ကြာလိမ့်မယ်"

ညှော်သည်ကြီး၏ဆန္ဒ ဝမ်းမီးဖြည့်



www.burmeseclassic.com

www.burmeseclassic.com



ဆည်းနိုင်ရေးအတွက် ချစ်အောင်ဒင် ထီးတစ်ချောင်းကို ဆောင်းပြီး မိုးထဲလေထဲသို့ တိုးဝင်သွားသည်။ အိမ်ရှင့်တာဝန် ညွှဲ့ဝတ်ကျေဖို့လိုသည်ကိုး။

ဦးထွန်းမှာ ချစ်အောင်ဒင်တို့ သဲဖြူတန်းရွာသားတော့မဟုတ်။ တော်တော် အလှမ်းဝေးသည့် မြို့နယ်ခြားရွာတစ်ရွာက အိမ်ထောင်ပျက်ဘဝဖြင့် လေလွင့်လာသူဖြစ်သည်။ အဲဒါ ဦးအောင်ကျော်တို့နဲ့အတူ ငါးဖမ်းလိုက်သည်။ သူ့ကို လုပ်အားခအတွက် ပိုက်ဆံပေးစရာမလို။ ခိုကပ်ပြီး စားသောက်နေထိုင်ရလျှင် ကျေနပ်ပြီ။

ဦးထွန်းမှာ ချစ်အောင်ဒင်၏ အဖေ ဦးအောင်ကျော်၏ လုပ်ဖော်ကိုင်ဖက်မို့ ချစ်အောင်ဒင် ကောင်းကောင်းကျွေးမွေးညှဲ့ခံသည်။ မိုးကကြီးသမို့ စားစရာ ငါးဟင်းရှာမရတာနဲ့ အိမ်ကကြက်မတန်းမလေးကို သတ်ပြီး ချက်ကျွေးသည်။

ညွှဲ့သည်ဆိုလျှင် မိတ်ကောင်းတာဝန်ကျေတတ်ကြသော မြန်မာ့လူ့ဘောင်၏ လူမှုဘဝ ရသများရယ်လေ။

\+ + +

(၂)

သည်ကနေ့ကတော့ ခါတိုင်းနေ့တွေနဲ့မတူ ရာသီဥတု အရမ်းကို သာယာနေသည်။ သဘာဝအခင်းအကျင်းက နေခြည်တဝင်းဝင်းနဲ့ လင်းလက်လှပနေပေ၏။

"ဟဲ့ ... ဒေါင်းကွေ့ဝဲကြီးသောင်မှာ လူသေအလောင်းတစ်လောင်း တင်နေတယ်"

"မနေ့က ... ချစ်အောင်ဒင်တို့အိမ်လာသွားတဲ့ ... ညွှဲ့သည်နဲ့တူတယ်ဟ"

မနက်လင်းလို့ ငါးရှာ ဟင်းခူးသွားကြသော ရွာသားများ၏နှုတ်ဖျားက ထွက်ကျလာသော စကားသံများပင်။ ချစ်အောင်ဒင် ခေါင်းနပန်းကြီးသွားသည်။ သူ့ခမြာ သနားစရာပဲ။ သွားကြည့်လိုက်ဦးမှ။ လှေတစ်စီးစီစဥ်ပြီး အိမ်နီးနားချင်းတွေနဲ့ ဒေါင်းကွေ့ဝဲကြီးသောင်ဘက်သို့ လှော်ဆင်းသွားလိုက်သည်။ ကြားခဲ့ရသည့် သတင်းစကားအတိုင်းပါပဲ။ ဦးထွန်း၏ရုပ်ခန္ဓာကြီးမှာ သောင်ပြင်တွင် ပက်လက်ကြီးလန်ပြီး သေနေပေပြီ။ ဗိုက်ကြီးတောင် တော်တော် ရောင်တက်နေပေပြီ။

"အဲဒါ ... တို့ အဖေရဲ့ အလုပ်သမား ... တို့နဲ့အတူ သဲဖြူတန်းမှာ နေခဲ့ကြတာလေ"

"ဟုတ်လား"

"အဲဒါ .. မနေ့က တို့ကို အရမ်းသတိရလို့လာတယ်ဆိုပြီး ... ရောက်လာတာလေ၊ ငါလည်း ... သူကြိုက်တတ်တဲ့ အရက်ကလေးလည်းဝယ်ပေး ... ကြက်သားဟင်းလေးနဲ့ အသေအချာ ကျွေးမွေးလိုက်ပါတယ်"

"ဪ"

"သူ့ကို ပြောသေးတယ်၊ ထမင်းစားပြီးတာနဲ့ ညနေစောင်းနေပြီလေ .. မသွားပါနဲ့တော့၊ မနက်ဖြန်မှ ပြန်ပါပြောတော့ .. မရဘူး၊ သွားမယ်ဆိုပြီး အတင်းဆင်းသွားတော့တာလေ"

"မနေ့က .. မိုးတွေ အရမ်းကြီးတော့ တောင်ကျရေတွေနဲ့ ဒေါင်းကွေ့ကြီးမှာ ဝဲကတော့ထိုးပြီလေ"

"ဟုတ်တယ်ဗျာ ... သူက အရက်လည်း မူးနေတာလေ၊ အဲဒါ .. ဝဲကို သူ ဘယ်လိုလုပ် သတိထားနိုင်တော့မှာလဲ"

သွေးသားဆူဖြိုးပြီး ကာမဂုဏ်စိတ်လွန်ကဲနေသော အမျိုးသမီးများ မိမိ၏ ဘဝအလင်းတံခါးကို တဏှာမှောင် မဖုံးမိစေရန် လွန်စွာ သတိရှိဖို့လိုသည်။ စိတ်အလိုလိုက်ပြီး မမိုက်သင့်ကြပေ။ တဒင်္ဂသာယာမှုသည် တစ်ဘဝလုံးဒုက္ခပေးရုံမျှမက မကောင်းမှုအကုသိုလ်ကံသည် သံသရာအထိ လိုက်ပါလာမည်မှာ မြေကြီးလက်ခတ်မလွဲပေ ...

www.burmeseclassic.com

"သူဇာတ်သူ . . . သိမ်းသွားတာ ပေါ့ကွာ"

ချစ်အောင်ဒင်၏ မျက်ဝန်းအစုံတွင် ကြေကွဲစိတ်ဖြင့် ညှို့မှိုင်းနေ၏။ တိရစ္ဆာန်ကိုသော်မှ ကိုယ်မွေးထားလျှင် သံယောဇဉ် ဖြစ်တတ်ကြချေသည် မဟုတ်ပါလား။

(၃)

"အဖေရယ် . . အဖေ . . ဒီလောက်ထိ နေမကောင်းဖြစ်နေတာ သားကို . . . ဘာလို့ စောစောစီးစီး မမှာရတာလဲ"

"သားတို့အရွယ်က . . . စီးပွားရှာရမယ့်အရွယ်လေ . . . အချိန်ရှိတုန်း သားတို့ ကြိုးစားရမှာ . . ပိုက်ဆံမရှိရင် လူရာမဝင်ဘူး။ အဖေ့လို အလုပ်ကြမ်း လုပ်ရမှာပေါ့"

"ဩော် . . . အဖေရယ်"

ချစ်အောင်ဒင်မှာ အဖေ့ကို ခြေဆုပ်လက်နယ် ပြုပေးနေသလို အဖေကြီးကလည်း လက်ရိုးပိန်ပိန်လေးတွေနဲ့ သားကို ပွတ်သပ်ကိုင်တွယ်နေသည်။ အဖေ့မှာ မျက်တွင်းများ ချိုင့်ဝင်ကာ မေးရိုးကြီးများ ငေါထွက်နေပေ၏။

"အဖေ့ကျေးဇူးကြောင့် . . . သားတို့ဘဝ အဆင်ပြေပါတယ်၊ အဖေ့ကျေးဇူးကို သားတို့ ဆပ်ရမှာပါ အဖေ"

"သားတို့မရှိလည်း . . . ဒီမှာ အဆင်ပြေပါတယ်၊ သား အဒေါ်တို့ကလည်း . . . လိုလေသေးမရှိ လုပ်ပေးကြပါတယ်ကွယ်"

"ဒါတော့ . . . ဒါပေါ့ အဖေရယ်၊ အဖေ့ကို . . . သားကိုယ်တိုင် လုပ်ကျွေးချင်တာ အဖေရဲ့"

ဩော် . . သားချစ်အဖေရယ်။ သေလုမျောပါး ဖြစ်နေတဲ့ ဘဝမှာတောင် သားစီးပွားရှာတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မမှာရဲတဲ့အခြေအနေမျိုးပါလား။ သားအပေါ်ထားရှိတဲ့ အဖေ့သံယောဇဉ်တရား ကြီးမားလိုက်တာ။ ရွှေတောင်ကြီးအဖေ မြင်းမိုရ်အဖေ။

ဦးအောင်ကျော်မှာ လက်ချောင်းသွယ်သွယ်လေးတွေနဲ့ သားကို ပွတ်သပ်မြဲ ပွတ်သပ်နေသည်။

"အဖေ့ကို . . . တစ်ခု ပြောရဦးမယ် အဖေရယ်၊ ရှေ့တစ်လလောက်က . . ဦးလေးထွန်းရယ် . . သားဆီရောက်လာတယ်"

"ဒီကောင် . . . ဘာကိစ္စ သားဆီရောက်လာတယ်ဆိုတာ . . . အဖေသိတယ်၊ ဒါကြောင့်"

ဦးအောင်ကျော်က စကားကို ဆုံးအောင် မပြောနိုင်ရှာ။ ဝေဒနာရိပ်များ တင်းကျပ်ပြည့်နေသော ဦးအောင်ကျော်၏မျက်နှာပြင် ပိန်ချုံ့ချုံ့လေးသည် ရုတ်ချည်းတင်းမာသွားသည်။ အရိုးနဲ့ အရည်သာ ကျန်တော့သော ခန္ဓာကိုယ်ပိန်ပိန်လေးကို ချက်ချင်း ရုန်းထလိုက်သည်။

"အဖေ . . သတိထားပါ အဖေ"

ချစ်အောင်ဒင် သူ့အဖေကို အသာအယာ ပွေ့ဖက်ပြီး ပြန်လှဲသိပ်လိုက်၏။

"အဖေကတော့ . . . ဒီကောင်ကို မကျော်နိုင်တော့ဘူး၊ သားကို . . . နောက်ဆုံးစကားတစ်ခု ပြောခဲ့မယ်"

ဘဝတစ်ခု၏ နောက်ဆုံးအချိန်ရောက်နေသောကာလ။ ဖခင်တစ်ဦး၏ အပြုအမူကြောင့် ချစ်အောင်ဒင်မှာ အံ့ဩခြင်းတွေနှင့်အတူ အဖေ့ပါးစပ်နားသို့ကပ်ပြီး အဖေ့ကိုဖက်ရင်း နားထောင်မိလျက်သား ဖြစ်နေပေတော့သည်။

ရွာရိပ်ဝန်းကျင် တစ်ခုမှာတော့ ဆည်းဆာ၏သဘာဝနဲ့ လိုက်လျောညီထွေစွာ အုံ့ဆိုင်းညှို့မှိုင်းနေ၏။

(၄)

"ကိုအောင်ကျော်ရယ် . . ကျွန်တော်သိပ်နေမကောင်းဘူးဗျာ . . ဒီနေ့ ပိုက်ချလိုက်နိုင်မှာမဟုတ်ဘူး"

"ခင်ဗျားကလည်း . . . နေမကောင်းရင်လည်း ကြိုပြောတာမဟုတ်ဘူး၊ ခု . . . ပိုက်ထွက်တော့မယ်၊ ဘယ်သူကို သွားခေါ်ရမှာလဲ၊ ရေကလည်း ရေကြီးရက် . . . ဒီနေ့က . . မထွက်လို့ မရဘူးလေ"

ဦးအောင်ကျော်မှာ ဦးထွန်းစကားကြောင့် ဒေါသစိတ်သည် ရင်၌ ရုတ်ချည်းဖြစ်တည်သွား၏။

"အဖေရယ် . . . ဦးလေးထွန်း နေမကောင်းရင်လည်း အနားပေးလိုက်ပါ၊ တစ်ရက်တလေ . . သား . . လိုက်လို့ရပါတယ်"

"သား . . . ပင်လယ်လှိုင်းလုံးကြီးတွေဒဏ် ခံနိုင်မှာလား . . . တစ်ခါမှ ပိုက်လိုက်ဖူးတာလည်း မဟုတ်ဘဲနဲ့"

"ရပါတယ် . . . အဖေရယ်၊ သားလည်း ယောက်ျားကြီးတစ်ယောက် ဖြစ်နေပြီပဲ၊ အဖေတို့နောက် . . . လိုက်လုပ်မယ့်ဟာပဲ . . ကြည့်လုပ်ရင်ရပါတယ်"

အဖေကြီး ဦးအောင်ကျော်ကတော့ ဘာမျှပြန်မပြော။ သို့သော် ချစ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဒင်မှာ ဦးထွန်းနေရာတွင် ပိုက်လိုက်ဖြစ်လိုက်သည်။ လူလူချင်း ညှာတာတတ်သောစိတ်သည် ချစ်အောင်ဒင်ရင်၌ အစဉ်အမြဲ ရှိအောင်းနေ၏။ သည်လိုပဲ ရပ်ရွာလူမှုရေးလုပ်ငန်းရပ်တွေမှာလည်း ပါဝင်ကူညီလေ့ရှိသည်။ ရုပ်နဲ့စိတ် လိုက်ဖက်သော လူငယ်တစ်ယောက်ဆိုက မှားအုံ့မထင်မိပေ။

(၅)

သဲဖြူတန်းရွာ၏ မှောင်ရီသန်းစ ညနေခင်းကလေးသည် နွေနှောင်းရာသီပီပီ တိမ်ညို တိမ်ပြာ တိမ်စွကာနဲ့ မိုးသားကောင်းကင်ပြင်ကြီးအား တိမ်ဆေးခြယ်လျက် ရှိချေ၏။ ထွက်ပြူစလကလေးက တိမ်ထုကြီးကိုထိုးဖောက်ကာ မလင်းတစ်ခါ လင်းတစ်ခါဖြင့်သာ နေ၏။

"ကိုထွန်းရေ ညဥ့်နက်နေပြီ၊ တို့နှစ်ယောက်ပဲရှိတော့တယ်၊ ပြန်ကြစို့"

"မပြန်ချင်သေးဘူး ..တစ်လုံးထပ်ဆွဲဦးမယ်လေ"

"ကိုထွန်း ... ခင်ဗျား ..မူးနေပြီ၊ မနက်ဖြန် ... ပိုက်မလိုက်နိုင်ဖြစ်နေဦးမယ်"

"အရေးမကြီးပါဘူး ... ကျုပ်မလိုက်နိုင်တော့ ... ကိုအောင်ကျော်သား အောင်ဒင်ရှိတယ်လေ၊ ကျုပ် ..နေမကောင်းတိုင်း ဒီကောင် ... လိုက်လိုက် ပေးနေကျပဲ မဟုတ်လား"

သားကို ထိခဲ့လေပြီမို့ ဦးအောင်ကျော်ရင်ထဲသို့ ဒေါသလုံးကြီး ဒိန်းခနဲဆောင့်ဝင်သွားသည်။ ဦးထွန်းကို မျက်လုံးနီကြီးဖြင့် ဖျတ်ခနဲ တစ်ချက် ကြည့်ပစ်လိုက်သည်။

"ကိုအောင်ကျော်က ...ချွေးမလေးတစ်ယောက်ရထားတာ ..တန်ဖိုးရှိတယ်ဗျာ ... ဆွဲဆောင်မှု ..အရမ်းကောင်းတာပဲ၊ တို့လို ..သက်ကြီးပိုင်းတောင် မရှောင်လွှဲနိုင်ဘူး စွဲမှုစွဲဗျာ"

"ဟင် ... လာစမ်း"

ဦးအောင်ကျော်မှာ ဦးထွန်းလက်ကို ဆောင့်ဆွဲပြီး အရက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

"ဒီလိုဆို ... ခင်ဗျား ... နေမကောင်းချင်ယောင်ဆောင်ပြီး ကျုပ်ချွေးမကို ကြာခိုနေတာပေါ့ ဟုတ်လား၊ ငါ့သားဟာ ... ခင်ဗျားကို ကိုယ့်အဖေနဲ့မခြား ချစ်ရှာတာ ... ခင်ဗျား နေမကောင်းဘူးဆို ... ခင်ဗျားကိုယ်စား ပင်လယ်ပြင်ကျယ်ကြီးထဲ ..ပိုက်လိုက်ပေးရှာတာလေ"

"အဲသလို ...ငါ့သားလေး အနစ်နာခံပေးရှာတာ ... ကိုယ့်မိန်းမကို ခင်ဗျား ကြာခိုဖို့ အခွင့်အရေးပေးသလို ဖြစ်နေတာပေါ့"

"လူစိတ်မရှိတဲ့အကောင် ..ကဲ ကွာ"

ဦးအောင်ကျော်မှာ ဦးထွန်းကို အားရအောင် ဆောင့်ဆွဲပြီး လက်သီးပြင်းတစ်ချက် ပစ်သွင်းလိုက်သည်။ ဦးထွန်းမှာ သဲပြင်ပေါ်သို့ မှောက်လျက်ကြွေဆင်းသွားသည်။

"ကဲ မိုက်ဦး ..ယုတ်မာဦးကွာ"

ဦးထွန်း၏ ကျောပြင်ပေါ်သို့ ဦးအောင်ကျော်၏ ဖနောင့်ပေါက်ချက်က ကျည်ပွေ့နဲ့ ဆောင့်ထောင်းသလို အင်ပြင်းအားပြင်း ဖိရိုက်နေပေသည်။

"တောက် ..မိုက်ရိုင်းလိုက်တာကွာ၊ ခိုကိုးရာမဲ့တဲ့ဘဝမို့ ..သနားလို့ အိမ်ပေါ်ခေါ်တင်ထားတယ်၊ ခုမှ ... တကယ့် အဟိတ်တိရစ္ဆာန်နဲ့ လာတိုးနေတယ်၊ ငါ့သားလေးအတွက် ..ငါ ရင်နာလိုက်တာ"

"ကျုပ် ..စ ..မှားခဲ့တာပါဗျာ"

"ဟေ့ကောင် ထွန်း၊ ခုချိန်က စပြီး မင်း ..ငါ့အိမ်ရိပ်မနင်းနဲ့တော့၊ ဒီရွာမှာလည်းမနေနဲ့၊ ငါ လူသတ်မှုဖြစ်မိလိမ့်မယ်၊ မင်းလမ်းမင်းပြန်ပါ"

ညသည် ပိုအို ရင့်မှည့်လာနေသည်။ ဦးအောင်ကျော်၏ နှလုံးအိမ်တွင် သားအတွက် မချိတင်ကဲဖြစ်မှုသည် ရင်မှာပြည့်နေ၏။

မိန်းမဆိုသည်မျိုးကအခက်သားကလား။ ခြံခုန်ဖူးသောနွားမလို တစ်ခါခြံခုန်ဖူးပြီဆိုလျှင် နောက်အချိတွေမှာလည်း ခက်သည်ဟု မမှတ်တော့ပေ။ မိန်းမတစ်ယောက်ဟာအကြင်ယောက်ျားတစ်ယောက်အလိုသို့ တစ်ကြိမ်တစ်ခါမျှလိုက်မိမှားလျှင် အကြင်ယောက်ျားမှာ မိမိ၏ အရှင်သခင် ဖြစ်သွားရပေတော့သည်။ အကြင်ယောက်ျားမှာ အညှာကိုကိုင်မိပြီမို့ အလိုရှိတိုင်း ဆွတ်ချူလို့ ရနေတတ်သည်။ အိမ်ထောင်သည် အမျိုးသမီးများ အထူးသတိထား ရှောင်ရှားသင့်လှပေသည်။

သွေးသားဆူဖြိုးပြီး ကာမဂုဏ်စိတ် လွှမ်းကဲနေသော အမျိုးသမီးများ မိမိ၏ဘဝအလင်းတံခါးကို တဏှာမှောင် မဖုံးမိစေရန် လွန်စွာ သတိရှိဖို့လိုသည်။ စိတ်အလိုလိုက်ပြီး မမိုက်သင့်ကြပေ။ တဒင်္ဂသာယာမှုသည် တစ်ဘဝလုံး ဒုက္ခပေးရုံမျှမက မကောင်းမှုအသိုက်ကံသည် သံသရာအထိ လိုက်ပါလာမည်မှာ မြေကြီးလက်ခတ်မလွဲ



www.burmeseclassic.com

ပေ။ ဗုဒ္ဓဟောကြားခဲ့သော ဓမ္မဒေသနာတော်များတွင် အတိအလင်း ပြဆိုထားပေသည်။

(၆)

"သားတို့ကို . . . ဆိုင်းမဆင့် ဘုံမဆင့် . . . တစ်ရွာပြောင်းစေခဲ့တဲ့ အကြောင်းကတော့ ဒါပါပဲ သား"

ချစ်အောင်ဒင်မှာ ကျေးဇူးရှင်ဖခင်စကားကြောင့် နှလုံးသားဗဟိုချက်တွင် သမုဒယမီး လောင်ကျွမ်းခဲ့လေပြီ။

"မိုးရယ် . . . မင်းအလှကို မင်းမထိန်းသိမ်းတတ်ဘူး . . . ခုတော့ . . . မင်းမှာ ဘာတန်ဖိုးမှ မရှိတော့ပါလားကွာ၊ မင်းစိတ်ဓာတ် အောက်တန်းကျလိုက်တာကွာ"

ချစ်အောင်ဒင်၏ရင်ထဲတွင် နာကျင်လိုက်မောခြင်း ကြေကွဲသံစဉ်တွေ အသံတိတ် ထွက်ပေါ်နေသည်။

"အဲဒါ . . ငါ့သားက ဘာမှမသိဘဲ . . ကိုယ့်အဖေနဲ့အတူ အလုပ်လုပ်ခဲ့တဲ့ သူဆိုပြီးတော့ . . . အိမ်မှာ လက်ခံ ညှော်ဝတ်ကျွေးပွန်စွာ ပြုစုလိုက်တာပေါ့ ဟုတ်လား"

"မပြောပါနဲ့တော့အဖေရယ် . . မကြားပါရစေနဲ့တော့"

ချစ်အောင်ဒင် ခုမှ ပြန်တွေးမိသည်။ ဦးထွန်းရောက်လာတုန်းက သူ့အတွက် အရက်ဝယ်ပြီးအပြန်မှာ ဇနီးသည် ကြာဖြူမိုး၏အိန္ဒြေပျက်နေသော အခြေအနေ၊ တဏှာမှဆိုး တစ်ဘဝစာ သိုက်သမား လူဗလဦးထွန်း၏ နွမ်းရိနေသော ရုပ်သွင်။

"မိုးရယ် . . မင်း . . ကိုယ့်ကို အရမ်းချစ်ပါတယ်လို့ တဖွဖွပြောနေတာတွေ . . . ဘာတွေလဲ . . ကိုယ် နားလည်ရခက်လိုက်တာကွာ"

ချစ်အောင်ဒင်ရင်ထဲတွင် ကြေကွဲဒဏ်ရာများ ပြည့်သိပ်နေပေပြီ။

အဖေက ဆက်ပြောသည်။

"ဒီကောင် . . . အသေဆိုးနဲ့သေတာ . . . လူမိုက်တို့ရဲ့သွားရာလမ်းပဲ၊ ဒီနည်းမဟုတ်ရင်လည်း . . . တစ်နည်းနည်းနဲ့ ဥပစ္ဆေဒကကံထိုက်မှာပဲ၊ အဲဒီနေ့က . . . သူ့အပြန်မှာ . . အဖေလိုက်သွားပြီး အရမ်းမူးနေတဲ့ အဲဒီကောင်ကို အဖေ ရေနစ်သတ်လိုက်တာကွ"

"သား ဘဝမှာ သိသင့်တာလေးကို . . . အဖေ ကြိုးစားပြီး ပြောထားခဲ့ပြီနော်၊ သားမိန်းမကို . . ခွင့်လွှတ်နိုင်ရင်လည်း ခွင့်လွှတ်ပေါ့ကွာ"

အဖေကြီး၏ တိုးတိတ်ညင်သာသော စကားသံများသည် သားချစ်ချစ်အောင်ဒင်၏ သောကရင်ပြင်ထဲတွင် ပဲ့တင်ထပ်နေသည်။ သားချစ်အဖေ ဦးအောင်ကျော်၏အသက်ရှူသံက အလွန်ပြင်းနေသည်။ ပြင်းစွာသော မောပန်းနွမ်းနယ်မှုက သူ၏နောက်ဆုံးအချိန်ဟု သတိပေးလိုက်သလို ဖြစ်နေသည်။

ချစ်အောင်ဒင် ကြည့်နေရင်းပင် ဦးအောင်ကျော်မှာ မျက်လုံးကြီးပြူးပြီး ခေါင်းကလေး လည်ဆင်းသွားတော့သည်။ ချစ်အောင်ဒင်၏မျက်ဝန်းအိမ်ထဲမှ သောကမျက်ရည်ပူများ တလိမ့်လိမ့် စီးဆင်းလာကြသည်။

(၇)

ချစ်အောင်ဒင် လှေကလေးကို သဲဖြူတန်းရွာကမ်းခြေမှ ခွာလိုက်သည်။ အားမာန်သွင်းပြီး ချက်ချင်း ကျုံးလှော်လိုက်၏။ သူ့လှေကလေး၏ ဦးတည်ရာအရပ်ကကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျလှပြီး အင်မတန် စွဲလမ်းစရာကောင်းသော ငယ်ကျွမ်းဆွေ ဇနီးသည် ကြာဖြူမိုးဆီသို့ ဖြစ်ပေတော့သည်။

ချစ်အောင်ဒင်မည်သော အပူသည်ကြီးသည်–

ငါ အရမ်းမြတ်နိုးပြီး အရမ်း တန်ဖိုးထားတဲ့မိန်းမ။ ငါ့အပေါ် သစ္စာမရှိဘူး။ ဖောက်ပြန်ရက်တယ်ဆိုပြီး လင်ခန်းမယားခန်းဖြတ်ပြီး ကွာရှင်းပြတ်စဲမှုများ ပြုလုပ်လေမလား။

ဒီကိစ္စကိုသိတဲ့ အဖေကြီးလည်း သူလုပ်သင့်သည့်အလုပ်ကိုလုပ်ပြီး ဆုံးပြီ။ ကြာကူလီအဟိတ်တိရစ္ဆာန်ကောင်ကြီးလည်း မရှိတော့ဘူး။ ဒီကိစ္စကို သိတဲ့လူ နောက် ဘယ်သူမှ မရှိတော့တာ။ အဲသလောက်လှပြီး စွဲလမ်းစရာကောင်းတဲ့မိန်းမကို စွန့်လွှတ်နိုင်တဲ့ခွန်အား ငါ့မှာမရှိဘူးဆိုပြီး ခံစားချက်ကို သိုသိပ်ပြီး တိတ်တိတ်ကလေး ဆက်ချစ်နေမယ်လို့များခံယူထားလေသလား။

ဆယ်ကျော်သက်က ကျွမ်းချစ်ခဲ့ရပြီး သုံးနှစ်သုံးမိုး သစ္စာထားပြီးမှ ပေါင်းဖက်ခဲ့ကြတဲ့ ငယ်လင်ငယ်မယား။ ကြားလေသွေးရင် ဝေးတယ်ထင်ဆိုတဲ့ အဖြစ်မျိုးထိ ချစ်ခဲ့ကြပြီး မောင်ရယ် မိုးရယ်လို့ ခေါ်လို့မဝ၊ ချစ်လို့မဝတဲ့ ချစ်ဇာတ်ကိုမှ သစ္စာဖောက်ရက်တယ်။ နင့်ရဲ့ ယုတ်မာမှုကို ခွင့်မလွှတ်နိုင်ဘူး။

"ငါလာနေပြီဟေ့ . . ငါလာနေပြီ . . ဒီမှာ နင့်ရဲ့သေမင်း . . . လာနေပြီ"

ချစ်ဒေါင်းကြီး


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... မြို့နယ်ရဲစခန်းရုံးက
ပါလား ခင်ဗျာ"

"ဟုတ်ပါတယ် ... အခု စကား
ပြောနေတာက"

"မြို့အစွန်ဆောက်လုပ်ရေးဌာန
ကပါ ... အကြောင်းက ဒီလိုပါ"

"အမိန့်ရှိပါခင်ဗျာ"

"ကျွန်တော်တို့ .. ဆောက်လုပ်
ရေးရုံးအနီး .. တောစပ်တစ်နေရာမှာ
အခုမနက် ကျွန်တော်တို့ ဆောက်လုပ်
ရေးလုပ်သားတွေ အလုပ်ဆင်းရင်း
အမျိုးသမီးအလောင်းတစ်လောင်းတွေ့
ရလို့ပါခင်ဗျာ၊ အဲဒါကို .. အကြောင်း
ကြားတာပါ"

"ဗျာ .. သြော် .. ဟုတ်ကဲ့ ..
အခုလိုအကြောင်းကြားပေးတာကျေးဇူး
တင်ပါတယ်၊ ကျွန်တော်တို့ ပြည်သူ့
ရဲတပ်ဖွဲ့ဝင်တွေ ခုပဲ လာခဲ့ပါ့မယ်ဗျာ"

လိုအပ်သည်များကို အတိုချုပ်
မေးမြန်းပြီး၍ တယ်လီဖုန်းချလိုက်ပြီး
မှ အိုင်အိုချစ်ကောင်း သက်ပြင်း
ကြီးကိုပါ တစ်ပါတည်းချလိုက်မိ
သည်။

မလှမ်းမကမ်းရှိ စခန်းမှူးဦးသိန်း
က–

"ဘယ်သူ့ဖုန်းလဲ ... ဘာအ
ကြောင်းထူးလဲ"

ဆိုတဲ့သဘောဖြင့် မေးတစ်ချက်
ဆတ်ပြလိုက်၏။

"စခန်းမှူးကြီးရေ .. ကျွန်တော်
တော့ ... ပွဲဦးထွက်မှုခင်းကြီး ကြုံရပြီ
ခင်ဗျ"

"ဘာတဲ့လဲ"

"မြို့စွန်ဆောက်လုပ်ရေးဝင်းအပြင်
ဘက်နားမှာ .. မိန်းမအလောင်းတစ်ခု
တွေ့လို့ ဆောက်လုပ်ရေးက အကြောင်း
ကြားတာလေ"

"ဒါဆိုရင် .. အိုင်အိုချစ်ကောင်း
အစွမ်းအစကြည့်ရအောင် သည်မှုခင်း
မှာ စုံထောက်လုပ်လိုက်စမ်းပါဦး"

"စခန်းမှူးကြီးက .. တာဝန်ပေး
တော့လည်း အလှည့်ကျရင် မနွဲ့ရဘူး
ပေါ့ခင်ဗျာ"

စခန်းမှူးပြောသလိုပင် အိုင်အို
ချစ်ကောင်းအတွက် အစွမ်းအစပြရန်
အခွင့်အရေးကြုံလေပြီ။ အိုင်အိုချစ်
ကောင်းသည် ဘွဲ့ရပြီးဒုရဲအုပ်သင်တန်း
ဆင်းသည်နှင့် စေလိုရာစေလျှောက်
ထားရာ ဤ နယ်စွန်မြို့ကလေးကို
ရောက်လာသောဒုရဲအုပ်အသစ်ကလေး
ဖြစ်သည်။ အသက်ကလည်းငယ်၊
အတွေ့အကြုံကလည်းနည်းဆိုပေမယ့်
ပညာမငယ်ဘူးဆိုသည့်အချက်ကို ပြ
ရန် အခွင့်ကောင်းက သူ့အတွက် ကြုံ
ပေပြီ။

\+ + +

အိုင်အိုချစ်ကောင်းသည် ရဲတပ်
ကြပ် ကိုခင်လတ်နှင့် ရဲတပ်သားနှစ်
ယောက်၊ အားလုံး ၄ ယောက်အင်အား
ယူကာ အမျိုးသမီးအလောင်းရှိရာသို့
လာခဲ့ကြသည်။

အလောင်းရှိသော မြို့စွန်တော
စပ်သို့ ရောက်ရှိသောအခါ အလောင်း
ကို လူအများ ဝိုင်းကြည့်နေကြသည်ကို
တွေ့ရ၏။ ဆောက်လုပ်ရေးအလုပ်သ
မားများနှင့် သတင်းအစအနကြားဟန်
တူသော မြို့ခံလူများဖြစ်ကြသည်။

အိုင်အိုချစ်ကောင်းသည်ဆောက်
လုပ်ရေးဌာနမှ မိမိတို့ရဲစခန်းအား ဖုန်း
ဆက်အကြောင်းကြားသော အရာရှိ
အားတွေ့ဆုံကာ သိသင့်သောအချက်
အလက်များကို မေးကြည့်လိုက်၏။

"ဒီအလောင်းကို .. ဘယ်သူက
အရင်တွေ့တာလဲဗျ"

"တွေ့တာကတော့ ... ကျုပ်တို့
ဌာနက စာရေးဝန်ထမ်းတစ်ယောက်ပါ၊
သူက .. ဒီလမ်းကို မနက်တိုင်း လမ်း
လျှောက် လေ့ကျင့်ခန်း လုပ်နေကျဗျ၊
အလောင်းတွေ့တာနဲ့ သူက မောပန်း
တကြီး အကြောင်းကြားခဲ့တာပဲ၊ ဒီ
တော့ ... ကျုပ်တို့လည်း လာကြည့်ရ
တာပေါ့ .. ဒီရောက်တော့"

"မမေရီဖြစ်နေတာ .. တွေ့ရ
တယ်ပေါ့နော်"

"ဟုတ်တယ် ... မေရီ့ကိုတော့
ကျုပ်တို့သိသလို ... တစ်မြို့လုံးလည်း
သိပါတယ်"

"ဟုတ်ပါတယ်လေ .. ကျွန်တော်
တောင် ဒီမြို့ရောက်တာ ၃ လ မပြည့်
သေးဘူး၊ သူ့နာမည်ကို သိနေပြီပဲဟာ"

သေဆုံးသူမမေရီသည် အလွန်
ချောမောလှပသလောက် ခေတ်ဆန်သူ
ဖြစ်သည်။ ယောက်ျားများနှင့် ရဲတင်း

www.burmeseclassic.com

မေရီက ယောက်ျားတွေ တစ်ယောက်ပြီး တစ်ယောက်တွဲပြီး သွေးသားကိစ္စမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းပြီး ဖောက်ပြန်နေတာ ဖြစ်တယ်၊ အဲဒီထဲမှာ အဝေမတည့်ပြီး မကျေနပ်တာ ဖြစ်ပေါ်လာလိမ့်မယ်ဗျ ...

ပွင့်လင်းစွာ ဆက်ဆံသည်။ လင်တော်မောင်ကိုရွှေကြိုးသည် အရောင်းအဝယ်သမားဖြစ်ပြီး ငွေနောက်သာလိုက်နေသူဖြစ်သည်။ မယားဖြစ်သူကို ချစ်သည်နှင့် အလိုလိုက်ကာ စိတ်ကြိုက်နေစေသည်တို့ပါ ပေါင်းလိုက်သောအခါ မေရီသည် အိမ်ထောင်ရှင်မိန်းမသားတစ်ယောက်ဟု ဆိုရသော်လည်း လွတ်လပ်သူအပျိုတစ်ယောက်လို ယောက်ျားလေးများနှင့် အကျွမ်းတဝင်နေလေ့ရှိသည်။ ထိုသို့သောအကြောင်းကို တစ်မြို့လုံးက သိထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း မေရီတစ်ယောက် မည်သည့်ယောက်ျားတစ်ယောက်ယောက်နှင့် တွဲနေသည်ဆိုသောသတင်းသည် မြို့ပေါ်မှာ အဆန်းမဟုတ်တော့။

ဆန်းသည်က မေရီသေရပုံဖြစ်သည်။ မေရီသည် မရှုမလှသေသွားရခြင်းဖြစ်ကြောင်း အလောင်းကို စစ်ဆေးကြည့်ရှုလိုက်သည်နှင့် အိုင်အိုချစ်ကောင်းက သိလိုက်သည်။

မေရီ့ကိုယ်ခန္ဓာပေါ်က အဝတ်အစားတို့သည် မလုံမလဲဖြစ်နေသည်။ မပေါ်သင့်မပေါ်အပ်သည်များ ထင်ရှားစွာ ပေါ်လွင်နေသည်။ မေရီ၏မျက်လုံးအစုံသည် ပြူးကျယ်လျက် မသေမီအလွန်အမင်း ထိတ်လန့်တကြားဖြစ်သွားရကြောင်း သက်သေခံနေလေသည်။

အိုင်အိုချစ်ကောင်းသည် မေရီ၏အလောင်းကို အသေအချာစူးစမ်းလိုက်သောအခါ မေရီ၏ ဘယ်ဘက်လက်သည်းရှည်ကြားတွင် သွေးစသွေးနများ တွေ့ရ၏။ ထို့နောက် အလောင်းနှင့် တစ်လံကွာလောက်တွင် တစ်စုံတစ်ခုကို တွေ့လိုက်ရ၍ အိုင်အိုချစ်ကောင်းက လျင်မြန်စွာ ကောက်ကာ အိတ်ထဲထည့်လိုက်၏။

သူ့စိတ်ကြိုက်စစ်ဆေးပြီးတော့မှ အိုင်အိုချစ်ကောင်းသည် မြို့နယ်ဆရာဝန်လက်သို့ အပ်လိုက်လေသည်။

\+ + +

ဆရာဝန်ဆေးစာအရ မေရီသည် မသေမီလူတစ်ဦးတစ်ယောက်နှင့် ကာမကိစ္စပြီးမြောက်သွားခဲ့သေးကြောင်းကို တွေ့ရှိရ၏။ ထို့ပြင် မေရီ၏လည်ပင်းကို ကြိုးပျော့တစ်ချောင်းနှင့် ညှစ်၍ လူသတ်သမားက သတ်လိုက်ကြောင်းမှာ လည်ပင်းမှဒဏ်ရာများကို တွေ့သည်ဟုပေသာ ဆေးစာက သက်သေခံလေသည်။

"ဒီလူသတ်မှုက ... အတော်ယုတ်မာတာပဲ စခန်းမှူးကြီးရဲ့ ... လူသတ်ကောင်ဟာ မသေခင် မိန်းမချောလေးမေရီရဲ့ကာမကို ... ယူသွားသေးတယ်၊ စိတ်ကျေနပ်တော့မှ ... လည်ပင်းကို ကြိုးနဲ့ညှစ်သတ်သွားတာပဲ၊ နောက်ပြီး ... မေရီရဲ့ လက်ဝတ်လက်စားတွေဟာ တစ်စုံတစ်ခုမှ ပျောက်ဆုံးတာ မတွေ့ရတဲ့အပြင် လက်ကိုင်အိတ်ထဲက ပိုက်ဆံတွေကလည်း ဒီအတိုင်းပဲ ရှိနေတယ်"

"ဒါဆိုရင် ... ရှင်းသွားပြီပဲ မောင်ရင်ရဲ့ ... လူသတ်သမားဟာ မေရီ့ဆီကပစ္စည်းကို လိုချင်လို့မဟုတ်ဘူး၊ မကျေနပ်ချက်ရှိလို့ သတ်တာပေါ့ကွ"

"ဟုတ်ပါတယ် ... မေရီ့လို အချောအလှလေးပေါ်မှာ မကျေနပ်မှုရှိတယ်ဆိုတာဟာ အချစ်ကိစ္စလို့ဆိုရမှာပဲ၊ မေရီ့ယောက်ျား ရွှေကြိုးဟာ ငွေ


www.burmeseclassic.com

www.burmeseclassic.com



နောက်ပဲလိုက်နေတော့ နောက်ပိုင်းက ကိုယ့်မိန်းမ ဘာတွေဖြစ်နေတယ်ဆိုတာကို လှည့်မကြည့်တော့ဘူး။ အဲဒီကတည်းက ... မေရီက ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက် တွဲပြီး သွေးသားကိစ္စမှာ .. သောင်းကျန်းချင်တိုင်း သောင်းကျန်းပြီး ဖောက်ပြန်နေတာဖြစ်တယ်၊ အဲဒီထဲမှာ .. အဝေမတည့်ပြီး မကျေနပ်တာ ဖြစ်ပေါ်လာလိမ့်မယ်ဗျ''

''ဟော့ ... အိုင်အိုချစ်ကောင်း၊ ဘယ်လိုအဝေမတည့်တာလဲကွ၊ လုပ်စမ်းပါဦး''

''ဒီလိုလေ .. မေရီရဲ့အသုံးတော်ခံအချစ်ကို ရဖူးကြတဲ့လူတွေ ရှိမယ် မဟုတ်လား''

''ဒါတော့ ... ဖြစ်နိုင်တာပေါ့''

''မေရီက .. တစ်ယောက်ထဲ အမြဲချစ်တတ်တာမှမဟုတ်တာ ... တစ်ယောက်ပြီးတစ်ယောက် ပြောင်းတော့ အမျက်ကြီးတဲ့ အဲဒီလူဟောင်းက မေရီ့အပေါ် အငြိုးထားပြီးသတ်တဲ့အထိ ကြံစည်တာပဲဖြစ်မှာပေါ့ ... စခန်းမှူးကြီးရဲ့''

''အင်း ... အိုင်အိုတွေးတာ မဆိုးဘူး ဆက်လုပ်ဗျာ''

''ဆက်လုပ်မှာပါ ... ကျွန်တော် ဒီအမှုအပေါ်ရင် .. နာမည်ပြောင်းပစ်လိုက်မယ်''

အိုင်အိုချစ်ကောင်းသည် ရယ်သလိုမောသလိုနှင့် အတည်ပြောလိုက်ခြင်းပင် ဖြစ်သည်။

+ + +

အိုင်အိုချစ်ကောင်းသည် မေရီ့အိမ်သို့ရောက်လာပြီး မေရီ၏ခင်ပွန်း ကိုရွှေကြူးနှင့် တွေ့ဆုံကာ မေရီနှင့် ပေါင်းသင်းဆက်ဆံရေးကို မေးမြန်းကြည့်၏။ ကိုရွှေကြူးဆိုသူသည် စီးပွားရေးကိုသာ အရေးထားပြီး မိန်းမကို အလိုလိုက်အကြိုက်ဆောင်တတ်ရုံအပြင် ဘာမှပိတ်ပင်ခြင်းမရှိကြောင်း သူ့စကားများက သက်သေခံနေလေသည်။

ထို့ကြောင့် မေရီနှင့်ပတ်သက်သော ယောကျ်ားများသည် မေရီ့အိမ်ပေါ် မေရီ့ယောကျ်ားရှေ့မှောက် အသိအကျွမ်းအဖြစ် ဆက်ဆံနေတတ်ကြလေသည်။

ကိုရွှေကြူးပြောပြချက်အရ ..

မေရီနှင့် သူသည် အိမ်ထောင်ပြုခဲ့သည်မှာ ၂ နှစ်သာရှိသေးကြောင်း သိရ၏။ မေရီသည် အပျိုဘဝကလည်း ခေတ်မီသည်။ ဆိုရှယ်ကျသည်။ ယောကျ်ားလေးအပေါင်းအသင်းများသည်။ ထိုစရိုက်သည် အိမ်ထောင်ကျတော့လည်း မပျောက်ပေ။ ကိုရွှေကြူးကလည်း မိမိမိန်းမသည် မိမိမိန်းမသာ ဖြစ်သည်ဟူသော သဘောထားကာ စီးပွားရေးဘက်ဆီ အဓိကထား၍ ထိုကိစ္စဘက်ကို ဘာမျှတားဆီးခြင်းမပြုခဲ့။

မေရီ၏ယောကျ်ားလေးအပေါင်းအသင်းများကို စာရင်းယူလိုက်သောအခါ အရွယ်စုံ၊ အသက်စုံ၊ လူစုံပါလာသည်။ သို့သော် မေရီနှင့် ကာမကိစ္စ ဖောက်ပြန်သည်အထိ နီးစပ်နိုင်သူများအား ပြန်လည်စိစစ်သောအခါ အချို့လူများသည် မြို့ပေါ်တွင်မရှိကြပေ။ အချို့ ကျောင်းသားလူငယ်များ ဖြစ်နေကြသည်။

လက်ရှိ မြို့ပေါ်တွင်ရှိသူမှာ နှစ်ဦးသာရှိသည်။ တစ်ဦးမှာကိုထင်အောင်ဖြစ်၍ တစ်ဦးမှာ ဒေါက်တာသာထွန်းလှတို့ ဖြစ်သည်။

ကိုထင်အောင်သည် လူပျိုကြီးဖြစ်သည်။ ဤမြို့၏သစ်လုပ်ငန်းဌာနမှ အရာရှိတစ်ဦးဖြစ်ပြီး တစ်ဦးတည်းအိမ်အလွတ်တစ်လုံး ငှားရမ်း၍ အေးအေးဆေးဆေးနေသူဖြစ်သည်။ ရုပ်ချော၏။ အပြောကောင်း၏။ မိန်းကလေးတွေ သူ့ကို အတော်သဘောကျ၏။ သူက မရွေးချယ်၍သာ သူ့အိမ်သူ ဖြစ်မလာသေးဘဲ သူကိုယ်တိုင် လူပျိုကြီးဖြစ်နေရခြင်းဖြစ်သည်။

နောက်တစ်ယောက်မှာ ဒေါက်တာသာထွန်းလှဖြစ်သည်။ သူက ပညာတတ်လူငယ်တစ်ဦးဖြစ်သည်။ ဤမြို့မှာ ဆေးခန်းလာရောက်ဖွင့်သူမှာ တစ်နှစ်ကျော်ကျော်လောက်သာရှိသေးပေသည်။

ထိုနှစ်ယောက်ကို သွားရောက်စစ်ဆေးကြည့်သောအခါ ကိုထင်အောင်သည် အလွန်သိက္ခာကြီးသူဖြစ်၏။ အသက်ရင့်သလို မိန်းမကိစ္စဘက်တွင်လည်း ဝါရင့်နေပုံရသည်။ ထို့ကြောင့် သူ့ငြင်းချက်များသည် ယုတ္တိရှိလှပေသည်။

''လူတွေက ... ခက်တာပဲဗျာ၊ မိန်းမနဲ့ ယောကျ်ား ခင်မင်လို့ အသွားအလာ အဆက်အဆံများလာရင် ဒီကိစ္စကိုပဲ စောင်းပေးပြီး ထင်မြင်ချက်ပေးကြတာပဲဗျာ ... ကျုပ်တို့က ... မဆက်ဆံရတော့ဘူးလား''

အိုင်အိုချစ်ကောင်းဘာမျှလျှောက်လဲချက်မပေးဘဲ ကိုထင်အောင့်အိမ်ကို အကဲခတ်၍သာ ပြန်လာခဲ့၏။ ထို့နောက် ဒေါက်တာသာထွန်းလှဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ခဲ့ပြန်သည်။

လူနာများရှင်းမှ ဒေါက်တာနှင့် စကားလက်ဆုံကျသည့်ပုံမျိုး ပြောဖြစ်ကြသည်။

ဒေါက်တာသည် လူငယ်ခေတ်ပညာတတ်ဖြစ်၍ အိုင်အိုချစ်ကောင်းနှင့် စကားပြောရာတွင် လူငယ်ချင်းတွေ့ဆုံသလို ပြော၏။ အမှုအတွက်လည်း အမှန်ပေါ်စေချင်သည်ဟု ဆိုသည်။

''ကျွန်တော်နဲ့ မေရီ စပြီး ... အကျွမ်းတဝင်ဖြစ်တာက ... သူနေမကောင်းလို့ သူ့အိမ်ကို ကျွန်တော့်ကို ခေါ်ပြီး ဆေးထိုးပေးခိုင်းတာက စတာပဲဗျ၊ နောက်တော့ဗျာ ... သူက ကျွန်တော့်ကို သိပ်အရောဝင် အရေးပေးလွန်းတယ်၊ ကျွန်တော့်မှာ အချိန်မရတဲ့ကြားထဲက သူ့အလိုကို အကြိမ်ကြိမ်လိုက်ပြီး တွဲသွားတွဲလာကိစ္စတွေ လုပ်မိတယ်၊ နောက်တော့လည်း''

''ဆရာလည်း ... ဘာသားနဲ့ထုတာမှတ်လို့ဗျာ ... ဟဲ .. ဟဲ''

''ဟုတ်တယ် ... သူဟာ .. သာမန်မဟုတ်ဘူး၊ သိပ်ချောတဲ့မိန်းမတစ်ယောက်၊ စွဲမက်စရာ အပြည့်ရှိတယ် မဟုတ်လား''

''သူသေတာကို ... ခင်ဗျား .. ဘယ်တော့လောက်မှသိလဲ''

''အစောကြီး သိပါတယ် .. ကျွန်တော့်တပည့် မောင်ကြက်တောက သူ့အလောင်းကို လူတွေ အုံကြည့်နေတာတွေ့လာပြီး .. လာပြောတာကိုးဗျ''

''အဲဒီတော့ ... ခင်ဗျား ဘယ်လိုခံစားရလဲ''

''ဘယ်လို ခံစားရမလဲဗျာ .. သူနဲ့ ကျွန်တော်ဟာ မဖြစ်သင့်တာတွေ ဖြစ်လာခဲ့မိတာ ... ကျွန်တော် မှားနေတာပဲမဟုတ်လား၊ အခုလိုဖြစ်သွားတော့ .. လူတစ်ယောက်သေဆုံးသွားတာ နှမျောသလိုအပြင် ... ဘာမှမခံစားရပါဘူး၊ ကျွန်တော်က ဆရာဝန်ပါ''



''ပြန်ဦးမယ် .. ဒေါက်တာ ... ဩော် .. ဒါနဲ့ .. ခင်ဗျားဟာ မေရီရဲ့ နောက်ဆုံးလူပါ''

''ဟာ ... လုပ်ပြီ၊ အေးပေါ့လေ သူ့အပြောအရဆိုရင်တော့ ... ကျွန်တော်နဲ့တွေ့ပြီးမှ အားလုံးကို အဆက်ဖြတ်လိုက်ပြီလို့ ဆိုတာပဲဗျ''

''ကဲ .. သွားမယ်ဗျာ''

\+ + +

အိုင်အိုချစ်ကောင်းသည် နောက်တစ်နေ့၌ ကိုထင်အောင်၏အိမ်သို့ ရောက်ခဲ့ပြန်သည်။

သည်တစ်ကြိမ်ရောက်ခဲ့သည်မှာ ကိုထင်အောင်အားသော တနင်္ဂနွေနေ့ ဖြစ်သည်။ နေ့လည်ဘက်လည်း ဖြစ်သည်။

ကိုထင်အောင်သည် အိုင်အိုချစ်ကောင်းရောက်သွားသောအချိန်တွင် စွပ်ကျယ်လက်ပြတ်ကို ဝတ်ထားပြီး သူ့ရင်ဘတ်နှင့်လက်မောင်းတို့တွင် အစင်းရာများကို ဆေးလိမ်းနေဆဲ တွေ့လိုက်ရ၏။

''ဟဲလို ... ကိုထင်အောင် နေကောင်းတယ်နော်၊ ဩော် ... ဒဏ်ရာတွေ ဆေးထည့်နေတာကိုး၊ ဘယ်က ရတာပါလိမ့်''

''ဟိုဗျာ ... ကျုပ်မွေးထားတဲ့ ကြောင် ကုတ်တာပါ''

''ဩော် ... ကြောင်ကုန်တဲ့ဒဏ်ရာကလည်း .. လက်ကုတ်သလို လက်သည်းရာတွေနော်''

''သူလည်း ... လက်သည်းရှိတာပဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက မိန်းမတွေ အများကြီးနဲ့ တွေ့ဖူးပေမယ့် မေရီနဲ့ကျတော့ အတော်သဝန်တိုတတ်တာပဲ၊ မေရီက ဒေါက်တာသာထွန်းလှကိုတွဲပြီး ခင်ဗျားကို အဆက်ဖြတ်လိုက်တာနဲ့ ခင်ဗျား...သဝန်တိုစိတ်က နာကျည်းစိတ်ဖြစ်လာပြီး ...

---

ကိုထင်အောင်က ဘုဆတ်ဆတ်ပြောရင်း ဒဏ်ရာများကို ကုတ်ရာခြစ်ရာများကို မမြင်စေလိုဟန်ဖြင့် အင်္ကျီလက်ရှည်တစ်ထည်ကို အင်္ကျီတန်းမှ ယူဝတ်လိုက်၏။ ကိုထင်အောင်ဝတ်လိုက်သောအင်္ကျီမှာ ဖောရိန်းရှပ်အကောင်းစား ဖြစ်သည်။ ကာလတန်ဖိုး တစ်သောင်းခန့်ဝန်းကျင်လောက်ရှိ၏။ သို့သော် အလယ်ကြယ်သီးမှာ ပြုတ်နေသည်ကို အိုင်အိုချစ်ကောင်းက သတိထားလိုက်မိသည်။ ထို့ကြောင့် ကိုထင်အောင်အား တစ်ချက် အကဲခတ်သလို ကြည့်ကာ မေးလိုက်သည်။

''ကိုထင်အောင်နယ်ဗျာ ...ဒီလောက်အဖိုးတန်တဲ့ အင်္ကျီက ကြယ်သီးတစ်လုံးပြုတ်နေတာများ ...ပြန်တပ်လိုက်ရောပေါ့ဗျာ''

''အလုပ်များလို့ ...မတပ်အားပါဘူးဗျာ''

ကိုထင်အောင်က ပြောပြောဆိုဆိုဖြင့် စားပွဲနောက်ရှိ ကုလားထိုင်တစ်လုံးမှာ ထိုင်လိုက်၏။ ထို့ကြောင့် အိုင်အိုချစ်ကောင်းနှင့် စားပွဲတစ်လုံးခြားပြီး မျက်နှာချင်းဆိုင်ဖြစ်သွား၏။

''အလုပ်သိပ်များလို့ မတပ်ထားတာလား၊ ဒီလို ...ကြယ်သီးအမျိုးအစား မရသေးလို့လား၊ အစားမရသေးလို့ဆိုရင် ကျုပ် ...ကူညီလိုက်မယ်နော်၊ ရော့ ...ဒီမှာ ခင်ဗျားကြယ်သီး''

''ဗျာ''

စကားဆုံးသည်နှင့် အိုင်အိုချစ်ကောင်း ထုတ်ပေးလိုက်သော ကြယ်သီးကလေးကိုကြည့်ကာ ကိုထင်အောင် မျက်လုံးပြူးသွားသည်။

''ဒေါက်''

ကြယ်သီးကို အိုင်အိုချစ်ကောင်းက စားပွဲပေါ်ပစ်တင်လိုက်ပြီး–

''ဒီကြယ်သီး ..ခင်ဗျား ..ဖောရိန်းရှပ်က ပြုတ်ကျကျန်ခဲ့တဲ့ ကြယ်သီးအစစ်ဗျ၊ မေရီ့ကို ခင်ဗျား လည်ပင်းညှစ်သတ်တော့ မေရီက ရုန်းရင်း ..ခင်ဗျားကို ကုတ်ဖဲ့ခဲ့တယ် မဟုတ်လား၊ အဲဒီမှာ ...ခင်ဗျားအင်္ကျီ ကြယ်သီးပြုတ်ခဲ့တယ်လေ၊ နောက်ပြီး ခင်ဗျားရင်ဘတ်မှာလည်း အကုတ်အခြစ်ခံခဲ့ရတယ် မဟုတ်လား''

''တော် ...ဟေ့လူ ..ကျုပ်ကို တရားခံလာမလုပ်နဲ့၊ ဒီအမှုနဲ့ကျုပ် ဘာမှမဆိုင်ဘူး၊ ကျုပ် ...စိတ်တိုလာရင် ကျုပ်က ဘာကောင်မှ အရေးမထားတတ်ဘူး''

သို့သော် အိုင်အိုချစ်ကောင်းက ဆက်၍ ပြောပြရသည်။

''ခင်ဗျားက ..မိန်းမတွေ အများကြီးနဲ့ တွေ့ဖူးပေမယ့် မေရီနဲ့ကျတော့ အတော်သဝန်တိုတတ်တာပဲ၊ မေရီက ...ဒေါက်တာသာထွန်းလှကို တွဲပြီး ခင်ဗျားကို အဆက်ဖြတ်လိုက်တာနဲ့ ခင်ဗျား ..သဝန်တိုစိတ်က နာကျည်းစိတ်ဖြစ်လာပြီး မေရီကို တွေ့ရဖို့ အမျိုးမျိုးတောင်းပန်၊ တွေ့ရတာနဲ့ ကျေနပ်အောင် ကာမကိုအရယူပြီး အဆုံးစီရင်လိုက်တာပဲ မဟုတ်လား''

''တော်ဆို ...ခင်ဗျား ...မတော်သေးဘူးလား ..ကျုပ် ..စိတ်တိုလာပြီနော်''

ကိုထင်အောင်သည် ပြောပြောဆိုဆိုနှင့် စားပွဲအံဆွဲကို ဆွဲထုတ်လိုက်သည်။ ထိုအခါ အိုင်အိုချစ်ကောင်းက လျင်မြန်စွာပင် ကိုထင်အောင်လက်ကို ဖမ်းထားရင်း ကျန်လက်တစ်ဖက်မှ သေနတ်ဖြင့်ချိန်ထားကာ–

''ကိုထင်အောင် ...ခင်ဗျား မလုပ်ပါနဲ့တော့ ...ခင်ဗျားမှာ လိုင်စင်သေနတ်ရှိတယ်ဆိုတာ ကျုပ်သိတယ်၊ ဥပဒေကိုလေးစားပြီး အသာတကြည် အဖမ်းခံလိုက်ပါ၊ ခင်ဗျား နားလည်မှာပါနော်''

ပြောနေရင်းကပင် အိုင်အိုချစ်ကောင်းသည် စားပွဲအံဆွဲကိုဆွဲကာ အံဆွဲထဲက သေနတ်ကိုယူ၍ ခါးမှာထိုးလိုက်သည်။ ကိုထင်အောင်၏လက်တစ်ဖက်ကိုလည်း သူ့မှာပါလာသော လက်ထိပ်ဖြင့် ခတ်လိုက်ပြီး ဖြစ်လေသည်။

သည်တော့လည်း ကိုထင်အောင် ဘာမှမပြော မငြင်းသာဘဲ ငြိမ်ကျသွားရတော့၏။

ဘသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com





# ကိုလှိုင် (မြန်မာစာ)

## ခိုက်ကြုံဝိပါတ် သံသာစက်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ရာသီက ဆောင်းမပီတပီ။ နွေလည်းမဟုတ်သေး။ ဆောင်းနှင့်နွေဦးရဲ့ကြားကာလ။ နှင်းမှုန်ကလေးတွေ တဖွဲဖွဲတသဲသဲ။ ဘယ်ကိုပဲကြည့်လိုက်ကြည့်လိုက်။ နှင်းမှုန်တွေက ဝေ့လို့ဝဲလို့။ ဆောင်းမင်းသမီးက ထွက်ခွာခါနီး နောက်ဆုံးခရီးမှာ အလွမ်းပြေနှုတ်ဆက်နေသယောင်၊ တစ်ချက်တစ်ချက် တိုက်ခတ်လာသော မြောက်ပြန်လေက အေးအေးစိမ့်စိမ့်။

ကြောထဲစိမ့်နေအောင် အေးနေသဖြင့် လှဝင်းကြည်တစ်ယောက် ဝတ်ထားသော အပေါ်ဂျာကင်အင်္ကျီအား ဇစ်ကိုတင်းတင်းဆွဲစေ့လိုက်သည်။ ညက ကပ္ပိနှင့်ထောင်ထားသောကြွက်များအား လှဝင်းကြည် မမောနိုင်၊ မပမ်းနိုင် လိုက်ဖြုတ်နေ၏။ ကပ္ပိဆိုသည်မှာ အညာဒေသ မင်းဘူးနယ်တွင်သုံးသော ရွှံ့ဖြင့်ပြုလုပ်ထားသည့် ကြွက်ထောင်ကိရိယာတစ်မျိုးဖြစ်လေသည်။ လှဝင်းကြည်သည် ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်ရသဖြင့် မိသားစု စားဝတ်နေရေးအတွက် ကြုံရာကျပန်းဆိုသလို မိုးရာသီတွင် သူများအိမ်မှာ သူရင်းငှားဝင်လုပ်သည်။ သူရင်းငှားလုပ်ရင်း အချိန်ရရင်ရသလို ငါးရှာ ဖားရှာအလုပ်လည်း ပြေးလုပ်လိုက်သေးသည်။ မိုးကုန်၍ လယ်ယာတွေ ရိတ်သိမ်းပြီးပြီဆိုပါက လှဝင်းကြည်အတွက် ဝင်ငွေအလွန်ရှင်သော ကာလဟု ဆိုနိုင်ပါသည်။ ဒီအချိန် ဒီရာသီကို လှဝင်းကြည် အမြဲမျှော်လင့်နေလေ့ရှိ၏။ ဒီရာသီကိုရောက်ပြီဆိုရင် လှဝင်းကြည်တို့ ကြွက်ထောင်ခြင်း၊ ကြွက်ထိုးခြင်း၊ ယုန်ထောင်ခြင်း၊ တောကြောင်လိုက်ခြင်း စသည့် အမဲလိုက်ခြင်းဖြင့် မိသားစုဝင်ငွေကို လှဝင်းကြည်များပြားစွာ ရှာဖွေဖြည့်ဆည်းပေးနိုင်လေသည်။ ခုလို ဆောင်းအကုန်နွေအကူးရာသီမှာ ကြွက်ထောင်၊ ကြွက်ထိုး၊ အမဲလိုက်လို့ အကောင်းဆုံးအချိန်ဖြစ်လေသည်။

ရေမြေ တောတောင်ကလည်း တောသူတောင်သားများအကြိုက် လုပ်ကိုင်စားသောက်နိုင်ရန် ဖန်တီးပေးနေသကဲ့သို့ ဖြစ်နေ၏။ ဟိုး ရှေး အင်္ဂလိပ်လက်ထက်ကတည်းက တည်ရှိခဲ့သော အိုင်းမဆည်ကြီးမှရေကို တောင်မန်းမြောင်းနှင့် မြောက်မန်းမြောင်းဟူ၍ တူးမြောင်းကြီးနှစ်ခုက လှဝင်းကြည်တို့ ကျေးရွာများကိုကွေ့ဝိုက်၍ သွယ်တန်းထားပြီး ရေကို လိုသလို သွယ်ယူအသုံးပြုနိုင်လေသည်။ မန်းချောင်းကြီးကလည်း လှဝင်းကြည်တို့ ပင်လယ်ထက်ရွာအနီးမှ ဖြတ်သန်းစီးဆင်းနေလေသည်။ ပင်လယ်ထက်ရွာသည် မင်းဘူး စကုမြို့နယ်အတွင်း တည်ရှိပြီး အိမ်ခြေ ၂၅၀၊ ၃၀၀ ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်လေသည်။ ဒီလို ရေခံ မြေခံရှိနေသဖြင့်လည်း ရွာပတ်ဝန်းကျင်တွင် မြွေ၊ ဖား၊ ကြွက်၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ ကျင်လည်ကျက်စားနေထိုင်ကြသည်။ သည်တူးမြောင်းကြီးနှင့် မန်းချောင်းကိုအမှီပြုပြီး ပတ်ဝန်းကျင်တွင် မုတ္တောရွာ၊ လျှော်ဖြူတောရွာ၊

**အလှည့်ရောက်ချိန်မှာတော့ လှဝင်းကြည်တစ်ယောက် လက်ရှိဘဝဝဋ်ကြွေးကို သူ့သွေးဖြင့်လည်းကောင်း၊ အသက်ဖြင့်လည်းကောင်း ပြန်လည်ပေးဆပ်ခဲ့ရလေပြီ။ ဝိပါတ်ကြမ္မာ မလွတ်သာသည်ကို လှဝင်းကြည်တစ်ယောက် သိပင်သိမသွားနိုင်ရှာပါချေ။ မြေပေါ်မှာ သွေးအလူးလူးဖြင့် မှောက်ရက်လဲပြီး အသက်ဝိညာဉ် ကင်းကွာခဲ့ချေပြီ . . .**



www.burmeseclassic.com

www.burmeseclassic.com



ကသက်ရွာ၊ လက်ပံတောရွာ၊ ရွှေချောင်းရွာ၊ ပေါင်းရွာ၊ မြောင်းကြားရွာ၊ မုကွဲရွာ၊ ကျည်းကန်ရွာ စသည်ဖြင့် ရွာငယ်များစွာရှိပြီး သည်မြေ သည်နယ် သည်ရွာကလူများသည် လယ်ယာကိုင်းကျွန်းစိုက်ပျိုးခြင်း ပဲ၊ နှမ်း၊ ပြောင်း၊ စပါး စသော ကောက်ပဲသီးနှံစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြသလို တချို့က လယ်ကွက်ထောင်ခြင်း၊ တောကြောင်လိုက်ခြင်း၊ ယုန်ထောင်ခြင်း စသဖြင့် ဝါသနာအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း လုပ်ကိုင်စားသောက်ကြရ၏။ သည်အထဲတွင်လုဝင်းကြည်တစ်ယောက်ကတော့ ထိပ်ဆုံးကပါလေသည်။

လုဝင်းကြည်တစ်ယောက် ညက ထောင်ထားသော လယ်ကွက်များ တော်တော်ရလိုက်သည်။ လုဝင်းကြည်က ကပ္ပိဖြင့်ထောင်သလို ညဘက်တွင် အရှည် ၁၀ ပေခန့်ရှိသော အရိုးတပ်ထားသည့် မှိန်းဖြင့် လယ်ကွက်များကို လိုက်လံ၍ ထိုးပြီးသတ်ဖြတ်စားသောက်လေ့ရှိသည်။ သီးသန့်ထောင်ထားသော ကွက်များနှင့် ကိုယ်တိုင်လိုက်၍ ထိုး၍ ရသောကွက်များ ပေါင်းလိုက်လျှင် စုစုပေါင်းအကောင်တစ်ရာကျော် နှစ်ရာနီးပါးခန့်ရနေပြီ။ သည်နယ်မှာတော့ ကွက်ထိုး ကြောင်လိုက် ယုန်ထောင်သည့်အလုပ်တွင် လုဝင်းကြည်က ဆရာကြီးပင်။ သူ့ကို ဘယ်သူမှမမီ။ ယုန်ထောင်လည်းလုဝင်းကြည်ပါသည်။ ကြောင်လိုက်လည်း လုဝင်းကြည်မပါလို့မဖြစ်။ ပြီးတော့ လုဝင်းကြည်မှာ လက်သပ်မွေးပြီး လေ့ကျင့်ထားသော အမဲလိုက်ခွေးသုံးကောင်ရှိသည်။ သူ့ခွေးတွေနဲ့လိုက်ရင် သည်တောကကွက်တွေ ယုန်တွေ ကြောင်တွေ လုဝင်းကြည်တို့လက်က ဘယ်တော့မှ ပြေးမလွတ်။ ဒီနေ့လည်း ကွက်အကောင်နှစ်ရာခန့် ရလိုက်သဖြင့် လုဝင်းကြည် ပျော်နေလေသည်။ ဟို သမီးအငယ်မက စကတ်လှလှလေးဝယ်ပေးရမတဲ့။ အလတ်မကတော့ ခေါက်ဆွဲကြော်တစ်ပွဲပါမှ။ သည်တော့ မြို့တက်ပြီး ကွက်ရောင်းလို့ပြန်ရင် ဒါတွေ ဝယ်ခဲ့ရဦးမည်။ ဒါမှ အိမ်အပြန် မျက်နှာပန်းလှမှာပေါ့ဟု လုဝင်းကြည်တွေးရင်း ပြုံးနေလေသည်။

"ဟေး . . . လုဝင်းကြည်ရေ . . လုဝင်းကြည်"

ဟန်စိုးက နောက်မှ အမောတကောနဲ့လိုက်ရင်း အော်ခေါ်လိုက်၏။

"ဟေ . . ဘာတုံးကွ၊ ဟန်စိုးရ"

"မင်းကလည်း . . မောကြီး ပန်းကြီးနဲ့"

"ငါ . . . မင်း . . အိမ်ရောက်ခဲ့တယ်ကွ၊ မင်း . . ဒီဘက် ကွက်ဖြုတ်ထွက်သွားတယ်ပြောလို့ ငါ လိုက်လာတာပါ"

"အေးကွ . . . ညက . . ငါမှိန်းနဲ့လိုက်ထိုးလို့ရတဲ့ ကွက်တွေနဲ့ . . ခု ကပ္ပိနဲ့ထောင်လို့ ရတဲ့ကွက်နဲ့ဆို တော်တော်ရလိုက်တယ်ကွ . . . ကောင်ကြီးရ"

ဟန်စိုးက–

"အေးကွာ . . . ငါလည်း . . ဒီနေ့ည အစီအစဉ်တစ်ခုရှိလို့ မင်းကို . . ငါ လိုက်ရှာနေတာကွ . . လုဝင်းကြည်ရ"

"ဟေ . . . ဆိုပါဦး . . ဘာများလဲကွ"

"ဒီလိုကွ . . တို့ . . ဒီနေ့ည ယုန်လိုက်ဖို့ အစီအစဉ်ရှိတယ်ကွ၊ ဟိုရွာပျက်ကလေးဘက်မှာ ယုန်တွေ တော်တော် လာတယ်ပြောတယ်၊ အဲဒါ . . . ဒီည . . . မင်း . . . ငါတို့နဲ့လိုက်ဖို့ လာခေါ်တာ"

လုဝင်းကြည်က ပျာပျာသလဲဖြင့်

"ဟာကွာ . . . ညကလည်း ငါ တစ်ညလုံး ကွက်လိုက်ထိုးထားတာ အိပ်ရေးပျက်ထားတယ်ကွ၊ ငါ . . ငါ မလိုက်ပါရစေနဲ့ကွာ"

"ဟာ . . . ဟေ့ကောင် . . မင်း မလိုက်လို့ရမလားကွ၊ ဒီကိစ္စမှာ မင်းက ဆရာကြီးပဲ၊ ပြီးတော့ . . . မင်းခွေးသုံးကောင်ကလည်း မင်းပါမှခေါ်လို့ရမှာကွ"

"အေးကွာ . . . ဒါဆိုလဲ . . . ငါ လိုက်ရတာပေါ့"

ဒါမျိုးဆို လုဝင်းကြည်တို့က နှစ်ခါမခေါ်ရပေ။ ခေါင်းညိတ်ပြီးသား ဖြစ်သွား၏။

"အေး . . . ဒါဆို . . တို့ ည ၇ နာရီလောက်မှာ စထွက်မယ်၊ မင်း . . ဓာတ်မီးတို့ . . . မှိန်းတို့ . . အဆင်သင့် လုပ်ထားနော်"

"အေးပါကွာ . . အေး . . အေး"

လုဝင်းကြည်က ကွက်ထိုးလည်း ကျွမ်းသည်။ တစ်ဖက်က ဓာတ်မီးကိုင်ပြီး တစ်ဖက်ကမှိန်းဖြင့် လယ်ကွက်များကို တစ်ကောင်ချင်းမလွတ်တမ်း ထိုးနိုင်သလို ယုန်နဲ့တောကောင်တို့ အထာလည်းသိ၏။ ယုန်ကို ဘယ်ဘက်က ခြောက်လျှင် ဘယ်ကိုပြေးမည်ဆိုသည်ကို လုဝင်းကြည်တို့ အတတ်သိ၏။ ဒါကြောင့် လုဝင်းကြည်ကို ဟန်စိုးတို့က



www.burmeseclassic.com

www.burmeseclassic.com





မရမက ခေါ်နေခြင်း ဖြစ်ပါသည်။

+++

ဒီနေ့မနက် ကိုဒေါတစ်ယောက် သူ့ယာခင်းထဲသို့ အစောကြီးရောက်နေ၏။ ခုတလော ကုလားပဲခင်းကို ခဏခဏ သူခိုးတွေကပ်နေသည်။ ကုလားပဲခင်းက ရိတ်သိမ်းချိန်နီးနေပြီဖြစ်သဖြင့် ကိုဒေါ အတော် ဂရုစိုက်နေရသည်။ ပဲခင်းကို မျက်ခြေပြတ်လို့မဖြစ်။ ဂရုစိုက်သည့်ကြားထဲက ညက သူ့ကုလားပဲခင်းအား သူခိုးဝင်သဖြင့် လိုက်ဖမ်းရာ သူခိုးက ပမာမခန့်ဖြင့် သူ့ကို လောက်လေးနဲ့ပြန်ပစ်သွားသည်။ ကိုဒေါ ဦးခေါင်းမှာ လောက်လေးဒဏ်ရာဖြင့် ဖူးရောင်နေ၏။ ဒါကြောင့်ထင်ပါရဲ့။ ကိုဒေါတစ်ယောက် နာမည်နှင့် လိုက်ဖက်စွာဒေါသူပုန်ထနေလေသည်။

''တောက် . . . တွေ့ကြသေးတာပေါ့ကွာ၊ ပဲသူခိုးတွေတော့ ဒီနေ့ညတော့ သူပြတ် ကိုယ်ပြတ် အပြတ်ပဲဟေ့''

ကိုဒေါ စိတ်ထဲကကြိတ်၍ ကြုံးဝါးလိုက်သည်။ ဒီညနေ ကိုဒေါ စောစောစီးစီး ထမင်းစား၏။ ထမင်းမစားခင် အသင့်ဆောင်ထားသော ပုလင်းထဲက ယမကာသုံးခွက်ကို ဆက်တိုက်မော့ပစ်လိုက်၏။

''အင်း . . . ဒါမှ . . . ဒီနေ့ည အပြတ်ရှင်းနိုင်မှာ''

ဟုတွေးလိုက်သေးသည်။ ဒါလေးက ကိုဒေါအတွက် အားဆေးပဲလေ။

ည ၇ နာရီလောက်မှာတော့ သူကိုင်နေကြ လှံဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဓာတ်မီးဆွဲ၍ ယာခင်းထဲသို့ ထွက်ခဲ့၏။ လှံဓားဆိုသည်မှာ ဓားကဲ့သို့ အသွားနှစ်ဖက်ရှိပြီး လှံကဲ့သို့ အရိုးရှည်တပ်ထားသော နှစ်ဖက်သွားလှံရှည်ကိုခေါ်တာဖြစ်သည်။ ဒါက ကိုဒေါ အားအကိုးဆိုးလက်နက်ပဲမဟုတ်လား။ အချိန်စောသေးသဖြင့် ပါလာသောဆေးပေါ့လိပ်အား မီးညှိ၍ အားရပါးရ ဖွာရှိုက်လိုက်ပြီး မီးခိုးတွေကို စိတ်

“ သွေးအိုင်ထဲတွင် သွေးအလူးလူးဖြင့် တစ်ချိန်က သူနှစ်ခြိုက်စွာ မှိန်းဖြင့်လိုက်၍ ထိုးသတ်ခဲ့သော ကြွက်များကဲ့သို့ ယခု သူ့ကို ပြန်၍ အထိုးခံလိုက်ရလေပြီ။ ဟိုတုန်းက ကြွက်များကို သူထိုးသတ်ခဲ့စဉ်က ဒါကိုကြည့်ပြီး သူ အပျော်ကြီး ပျော်ခဲ့လေသည် ”



www.burmeseclassic.com

www.burmeseclassic.com



ရှိလက်ရှိ မှုတ်ထုတ်လိုက်၏။ မီးခိုးများသည် ကိုဒေါ်၏ဒေါသအာဃာတများနှင့် ရောထွေးလျက် ကောင်းကင်သို့ လွင့်တက်သွားလေသည်။

"ကဲ . . . ဒီနေ့ည . . သူခိုးတွေလာချင်တဲ့ကောင်လာခဲ့ . . ငဒေါ်တဲ့ တစ်ဒေါ်ထဲရှိတယ်"

ဟု စိတ်က ရေရွတ်ရင်း နဖူးခြံထဲမှနေ၍ သူခိုးများအား အသင့်စောင့်ဆိုင်းနေလေ၏။

+++

လှဝင်းကြည်၊ ဟန်စိုး၊ မောင်ဦးတို့ သုံးယောက်သား ဓာတ်မီးကိုယ်စီဖြင့် ခွေးသုံးကောင်ကိုခေါ်၍ ည ၉ နာရီလောက် အိမ်မှ ထွက်ခဲ့ကြ၏။ မဟူရာညက အေးအေးစိမ့်စိမ့်နှင့် ကြယ်ရောင်မှလွဲ၍ မှောင်မဲနေ၏။ ဒီနေ့ည ရွာပျက်ကလေးအလွန် နဘူးခြံတောဘက်မှာ ယုန်များ တော်တော်ကျက်စားသည်ဟုသိရသဖြင့် ရွာပျက်ကလေးဘက်သို့ သုံးယောက်သား ခြေသံလုံအောင်ထိန်းရင်း တရွေ့ရွေ့သွားနေကြ၏။ သားကောင်ဆိုလို့ အရိပ်အယောင်တောင်မတွေ့ရသေး။ အရေးထဲ ဓာတ်မီးသုံးလက်က သုံးလက်စလုံး ထူးဆန်းစွာကျွမ်းသွားသဖြင့် မီးသီးဝယ်ရန် ရွာပျက်ကလေးမှ ပေါင်းရွာဘက်သို့ ပြန်လှည့်ခဲ့ရလေသည်။ ပေါင်းရွာမရောက်မီ လယ်ကွင်းအနီး နဘူးခြံစပ်သို့ အရောက်မှာတော့ ရုတ်တရက် စူးရှသော ဓာတ်မီးရောင်တစ်ခုက ရှေ့ဆုံးမှ လှဝင်းကြည်မျက်နှာပေါ်သို့ ကျရောက်လာပြီး လှဝင်းကြည် ကြက်သေသေနေစဉ် "လိုက်ဟေ့ ဖမ်းဟေ့ ထိုးဟေ့" ဟူ သော ဆူညံသံများဖြင့် လှဝင်းကြည်တစ်ယောက် ရင်ဝတည့်တည့်တွင် ပူခနဲခံစားလိုက်ရပြီး တစ်စုံတစ်ယောက်က မိမိအား လှံနှင့်ထိုးလိုက်ကြောင်း သိလိုက်ရသည်။ သတိကြီးစွာထားလျက် မိမိအား လှံနှင့်ထိုးသူကို ဓာတ်မီးရောင်တွင်ကြည့်လိုက်ရာ ကိုဒေါ် ဖြစ်နေသဖြင့်–

"ကိုဒေါ် . . . ကျွန်တော်ပါ . . လှဝင်းကြည်ပါ . . သူခိုးမဟုတ်ပါဘူး"ဟု လှဝင်းကြည် ကြိုးစားပြီး ပြောသော်လည်း နောက်ကျခဲ့ပါပြီ။ ကိုဒေါ်၏လှံသွားက လှဝင်းကြည်ရင်ဝတွင် တန်းလန်းစိုက်လျက် နက်ရှိုင်းစွာ စိုက်ဝင်စူးနစ်သွားလေပြီ။ လှဝင်းကြည်တစ်ယောက် ရင်ဝတွင် လှံတန်းလန်းဖြင့် မြေပေါ်သို့ လဲကျသွားလေသည်။ မိမိနှင့်ပါလာသော ဟန်စိုးတို့လည်း ကြောက်လန့်ပြီး ခြေဦးတည့်ရာသို့ ပြေးကြလေပြီ။ လှဝင်းကြည်မှာမူကား သွေးအိုင်ထဲတွင် သွေးအလူးလူးဖြင့် တစ်ချိန်က သူနှစ်ခြိုက်စွာ မှိန်းဖြင့်လိုက်၍ထိုးသတ်ခဲ့သော ကြွက်များကဲ့သို့ ယခု သူ့ကို ပြန်၍ အထိုးခံလိုက်ရလေပြီ။ ဟိုတုန်းက ကြွက်များကို သူထိုးသတ်ခဲ့စဉ်က ဒါကိုကြည့်ပြီး သူ အပျော်ကြီးပျော်ခဲ့လေသည်။ ယခု သူ့အလှည့်ရောက်ချိန်မှာတော့ လှဝင်းကြည်တစ်ယောက် လက်ရှိ ဘဝဝဋ်ကြွေးကို သူ့သွေးဖြင့်လည်းကောင်း၊ အသက်ဖြင့်လည်းကောင်း ပြန်လည်ပေးဆပ်ခဲ့ရလေပြီ။ ဝိပါတ်ကြမ္မာ မလွတ်သာသည်ကို လှဝင်းကြည်တစ်ယောက် သိပင်သိမသွားနိုင်ရှာပါချေ။ မြေပေါ်မှာ သွေးအလူးလူးဖြင့် မှောက်ရက်လဲပြီး အသက်ဝိညာဉ် ကင်းကွာခဲ့ချေပြီ။ သူ့ဘေးမှာတော့ သူ့ခွေးသုံးကောင်က သစ္စာရှိစွာ ဝပ်လျက်။



ကိုလှိုင်(မြန်မာစာ)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

□

"တစ်ယောက်တည်းကိုး၊ အတူလာနေကျဆရာကြီးမပါဘူးလား"

"တစ်ယောက်တည်းပဲဗျာ၊ ဆရာကြီးခွင့်ပြန်သွားလို့ မပါဘူး အစ်မရဲ့"

"အို ... ဆရာတစ်ယောက်တည်းလာပေမဲ့ သေနတ်ပါတာမြင်ရလို့ ကျွန်မတော့ အားရှိသွားပြီ၊ ကဲ .. ရေနွေးသောက်ရင်း ... အမောဖြေပါဦး၊ ဆရာ့လူ ကိုစိတ္တတော့ ကန်စွန်းခင်းကို ညက တောဝက်အုပ်ဝင်တိုးသွားလို့ ဟိုဘက်တောစပ်မှာ ဝက်ဝင်တဲ့လမ်းကို ထောင်ချောက်ဆင်နေတယ်၊ ကျွန်မက ဟင်းအိုးချက်ရင်း တန်းလန်းမို့ မီးဖိုထဲဝင်လိုက်ဦးမယ်"

အချိန်မှာ ညနေ ၅ နာရီခန့်။ ကျွန်တော်ရောက်ရှိနေသည်မှာ ဂျိုးဖြူကန်ကြီး၏အနောက်ဘက်၊ ဂျိုးဖြူဖူးကြီး ရေဝေကုန်းတန်းများနှင့် တောင်လှိုင်ရိုးမသစ်တောကြီးဝိုင်းအကြားရှိ "ပြန်ကြီးတော"ဖြစ်သည်။

သစ်တောဝါးတောကြီးများ ဖုံးလွှမ်းနေပြီး စိမ့်စမ်းကောင်းသည်။ အချို့သော လျှိုမြောင်တောင်စောင်းများတွင် သံပုရာ၊ ကျွဲကောခြံများရှိနေသည်။ ရာသီပေါ်သီးနှံများစိုက်ပြီး ၁၀ မိုင်ခန့်ဝေးသော တိုက်ကြီးမြို့သို့ လာရောက်ရောင်းချသည့် ခြံသမားများလည်းရှိပါသည်။

ဂျိုးဖြူကန်မကြီး၏ အနောက်ဘက်နှင့် တောင်ဘက်ခြမ်းတွင် ပြန်ကြီးတောနှင့် ဆက်စပ်လျက် ကျွန်းတောင်၊ တောင်ဘိန်း၊ ဆင်သေမြောင် စသည့် ဒေသအနှံ့အပြားတွင် ကျွန်းတောဝါးတောကြီးများအတွင်းရှိ ဆီးဖြူ ဖန်ခါး၊ ဆေးသံပုရာ၊ တောသရက်၊ ကင်မွန်းနှင့် ကုက္ကိုပင်၊ ငွေးပင်စသော သဘာဝပေါက်ပင်များမှ ကြွေကျနေသည့် အသီးများသာမကဘဲ လူတို့၏ စိုက်ခင်းများမှ ပဲသီး၊ ခရမ်းသီး၊ ကန်စွန်းဥ၊ ကလောဥ၊ စိမ်းစားဥ စသည်များကိုပါ အလျှံအပယ်စားနေရသဖြင့် ဆတ်၊ တောဝက်၊ ချေ၊ ဒရယ်စသော သားကောင်များနှင့် သစ်ပင်မြင့်ကြီးများပေါ်မှာလည်း မျောက်မျိုးစုံတို့ အုပ်စုလိုက်ရှိနေကြပါသည်။

ကျွန်တော်သည် မုဆိုးဖြစ်စမို့ တောလည်၍ သားကောင်ကို ချောင်းမြောင်းပစ်ခတ်ခြင်း အတွေ့အကြုံနည်းပါးသေးသည်။ ထို့ကြောင့် အမဲသားကောင်ပေါများသော ဤဘက်တောသို့ လာခဲ့ခြင်းဖြစ်သည်။ ယခုလို မုဆိုး ဝါသနာပါအောင် မုဆိုးအလုပ်ကျွမ်းကျင်လာအောင် ကျွန်တော့်ကို သင်ပေးနေသူမှာလည်း တပ်ကြပ်ကြီးတမူဖုန်းပင်ဖြစ်ပါသည်။

ကျွန်တော့်ဆရာကြီး တမူဖုန်းသည် အသက် ၅၀ ဝန်းကျင်ရှိ ကချင်အမျိုးသားကြီးဖြစ်ပြီး ဂျိုးဖြူကန်အနီးရှိ တိုင်းဗဟိုလေ့ကျင့်ရေးစခန်းတွင် နည်းပြအကြပ်ကြီးတာဝန်ထမ်းဆောင်နေခဲ့သည်မှာ ၇ နှစ်ခန့်ရှိပြီဟု ဆိုပါသည်။ နည်းပြတာဝန်ထမ်းဆောင်ရင်း ဝါသနာဇီဇအရ အပျော်တမ်းမုဆိုးကြီးအဖြစ် ဒေသခံများက သူ့ကို သိကျွမ်းခင်မင်ကြပါသည်။

ယခုနှစ် ၁၉၇၃ တွင် ဤလေ့ကျင့်ရေးစခန်းသို့ မုတ္တမမြို့ရှိ ခြေမြန်တပ်ရင်းမှ ပြောင်းရွှေ့ရောက်ရှိလာသော ကျွန်တော်သည် ဆရာကြီးတမူဖုန်း၏ ပျော်ပျော်ရွှင်ရွှင်နေတတ်ပုံ၊ စိတ်ရင်းဖြူစင်ပုံ၊ ကျွန်တော်တို့လို လူငယ်များအပေါ် အရိုးခံစိတ်ထားဖြင့် ခင်ခင်မင်မင်နေတတ်ပုံများကို သဘောကျလေးစားရာမှ လူငယ်ပီပီ မုဆိုးနောက်လိုက်ဖြစ်လာခဲ့ပါသည်။ သင်တန်းအားလပ်ရက်များတွင် အထက်အရာရှိထံခွင့်တောင်း၍ ဆရာကြီးတမူဖုန်းနှင့် ကျွန်တော်သည် တောပစ်ထွက်လေ့ရှိခဲ့ကြပါသည်။

ယခု ကျွန်တော်ရောက်ရှိနေသော ရှမ်းအမျိုးသား ဦးစိတ္တခြံသို့ ယခင်က မကြာခဏဆိုသလို ဆရာကြီးတမူဖုန်းနှင့်အတူ လာဖူးသဖြင့် ရင်းနှီးနေပါသည်။ ဦးစိတ္တကလည်း မုဆိုးဝါသနာပါသည်။ သေနတ်သမားလာလျှင် ခြံအလုပ်ကိုထားခဲ့၍ ခေါ်ရာလိုက်လေ့ရှိပါသည်။ တွေးမိတွေးရာတွေးနေစဉ်မှာပင် –

"ရောက်နေတာ ကြာပြီလားဗျို့ ကျုပ်တို့ ... ကချင်ကြီးမပါဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



တောဝက်ထောင်ချောက်ဆင်ရာမှ ပြန်လာသော ဦးစိတ္တက ဖော်ရွေစွာ နှုတ်ဆက်သည်။

"ဆရာကြီး တမူဖုန်း ‥ ခွင့် ၁၀ ရက်ပြန်သွားတယ်၊ ဒီနေ့ဆိုရင် ၄ ရက်ရှိနေပြီ၊ သူခွင့်ပြန်တဲ့ရက်က ကျွန်တော်တပ်မှာ မရှိဘူး၊ ရုံးကိစ္စနဲ့ ရန်ကုန်မှာ တစ်ပတ်လောက်ကြာခဲ့တာ၊ ပြန်လာမှ သိရတာက ‥ ဆရာကြီးအတွက် တပ်ပြောင်းမိန့်ဝင်လာသတဲ့၊ အဲဒါအပြောင်းအရွှေ့မှာ ကုန်ကျမဲ့ငွေရှာဖို့ ဆွေမျိုးတွေရှိရာသွားတယ်လို့ပဲ သိရတယ်ဗျာ"

ဦးစိတ္တ၏မေးခွန်းကို ပြည့်စုံအောင်ရှင်းပြရင်း ကျွန်တော်သိလိုတာကို မေးရသည်။

"ခင်ဗျား ... ဘက်ထရီအိုးအားသွင်းထားရဲ့လား"

"သွင်းထားတယ်လေ ... ဒီလိုလမိုက်တဲ့ရက်မျိုးမှာ ဆရာတို့ လာနေကျပဲဟာ"

"ကောင်းတယ်ဗျာ ... ဦးစိတ္တနဲ့ ကျွန်တော် မီးလည်ထိုးမယ်၊ သားကောင်သာတွေ့ပါစေ၊ ကျွန်တော်က ဆရာကြီးတပည့်ပါဗျာ ... မလွတ်စေရဘူး"

ကျွန်တော်တို့နှစ်ယောက် မီးလည် ထိုး၍ သားကောင်ရှာပြီးပစ်ရန် တိုင်ပင်နေစဉ်–

"အိုက်ပိ(အစ်ကို)ခဏလာပါဦး"

မီးဖိုထဲမှ ဦးစိတ္တ၏မိန်းမအသံ လင်မယားနှစ်ယောက် တိုးတိုးပြောရင်းဘာကို ငြင်းခုန်နေမှန်းမသိပါ။ အချိန်အတန်ကြာမှ မီးဖိုထဲက ဦးစိတ္တ ပြန်ထွက်လာသည်။

"ဆရာ့ကို ပြောရမှာ ... အားနာလိုက်တာ ‥ မိန်းမက ဒီည တောလည်မသွားရဘူးတဲ့ဗျာ"

"အလို ... ထူးထူးဆန်းဆန်းပါလား၊ ဟိုအရင်က ... ဒီလိုမတားဘူးပါဘူး"

"ဟုတ်တယ် ... အဲ့ဒီ ထူးထူးဆန်းဆန်းကို သူပြောမှ ကျွန်တော်လည်း သိရတာ၊ ဒါကြောင့် ... နင်ကိုယ်တိုင် ဆရာ့ကို လာပြောလို့"

\+ + +

"နေခြင်းနေ့လည်ကြီးမှာ တစ္ဆေချောက်တာ ဟုတ်နိုင်ပါ့မလားဗျာ"

"ဆရာရယ် ... တစ်ယောက်နှစ်ယောက်လောက်ကပြောတဲ့ စကားဆိုရင် ကျွန်မ မယုံပါဘူး၊ အရင်နေ့က နေ့ခင်းဘက်မှာ တောင်ပေါ်ကဆင်းလာတဲ့ ဝါးလှည်း ၃ စီး၊ ညနေဘက်မှာ ဂျီးဖြူကန်ဖျားက သစ်ခွဲသားတွေ တင်လာတဲ့လှည်း ၂ စီး၊ ကျွန်မတို့တဲမှာ ရေဝင်သောက်ရင်း ပြောခဲ့ကြလို့ ဒီသတင်းကို စပြီးသိခဲ့တာ"

ဦးစိတ္တ၏ခြံမှာ လှည်းလမ်းနှင့်နီးသည်။ တိုက်ကြီးမြို့ဝန်းကျင်ရှိ ရွာသားများ သစ်ခုတ်၊ ဝါးခုတ်ရန် တောင်ပေါ်တက်လျှင် အသွားအပြန်ဝင်၍ နားခိုအမောဖြေသူများရှိသဖြင့်တောသတင်း ရွာသတင်း အစုံကြားရတတ်ပါသည်။

"အဲဒီလူတွေကပဲ ‥ ပြောခဲ့တာလေ၊ ဟိုအထက်ဘက်မှာ ဒီလိုဖြစ်နေပေမယ့် ကျွန်မတို့ နေရာနဲ့ အဝေးကြီးမို့ ကြောက်စိတ်မပေါ်လို့ အိုက်ပိကို ပြန်မပြောခဲ့ဘူး၊ အိုက်ပိက ... တစ်နေကုန် ခြံထဲမှာ အလုပ်လုပ်နေတော့ တဲကို ဘယ်သူလာလို့ ဘာပြောသွားတယ်ဆိုတာ ကျွန်မပြန်ပြောမှ သူသိရတာ၊ ဒီနေ့တော့ ... အဲဒီတစ္ဆေဟာ ကျွန်မတို့နဲ့ မဝေးတဲ့နေရာရောက်နေပြီဆိုတာ သိရလို့ ကျွန်မ ကြောက်နေတုန်းမှာ ... ဆရာက ‥ သေနတ်ကြီးနဲ့ ရောက်လာလို့ ကျွန်မ ‥ အားရှိသွားပြီလို့ ပြောခဲ့တာပေါ့"

"ဟုတ်ပါပြီ ... အစ်မတို့နဲ့ မဝေးတဲ့နေရာကို တစ္ဆေရောက်နေပါပြီဆိုတာ ဘယ်လိုလုပ်ပြီးသိတာလဲဗျာ ပြောပါဦး"

"ဒီလိုဆရာရဲ့ ... လှည်းလမ်းအတိုင်း တောင်ပေါ်တက်သွားရင် ဟိုမှာမြင်နေရတဲ့ ကုန်းတန်းကွေ့အလွန်က ဦးပဏ္ဍဝရဲ့ခြံကို သိသလား"

"သိတယ်လေ ... သူ့ သံပုရာခြံက အကျယ်ကြီး"

သားမယားကို တိုက်ကြီးမှာထား၍ ခြံထဲမှာ တစ်ယောက်တည်းနေသူ၊ ထန်းလျက်အရက် ကိုယ်တိုင်ချက်၍ သောက်သူ။ အဘပဏ္ဍဝတဲတွင် ကျွန်တော်တို့ ပစ်ခတ်ရရှိသော သားကောင်ဝမ်းတွင်းသားကို အမြည်းလုပ်ပြီး ဆရာကြီးတမူဖုန်းနှင့် ကျွန်တော်သည် အဘနှင့် လေကန်ရင်း မကြာခဏအနားယူဖူးခဲ့ကြပါသည်။

"အဲဒီခြံထဲကို ‥ လီမွှော်ခြံရွာက မိန်းကလေး ၅ ယောက်က ဒီနေ့လာပြီး ... သက်ကယ်ရိတ်ကြတယ်၊ သူတို့စားဖို့ယူလာတဲ့ ထမင်းထုပ်တွေကို ဦးပဏ္ဍဝတဲဘေးက ပိန္နဲကိုင်းမှာ နှီးနဲ့ဆွဲထားခဲ့ကြသတဲ့၊ သက်ကယ်တွေကို ခြံစည်းရိုးဘေးနားမှာ သွားရိတ်ကြတာ မွန်းတည့်ချိန်လောက်မှ တစ်နိုင်စာကိုယ်စီရပြီဆိုတော့ ထမင်းစားဖို့ ပြန်လာပြီး တဲဘေးနားက ကွပ်ပျစ်ခုတင်



www.burmeseclassic.com

မှာစုထိုင်ရင်း ကိုယ့်ထမင်းထုပ်ကို ဖြည်ကြတာပေါ့''

ထမင်းထုပ်အားလုံးမှာ ထမင်းရောဟင်းပါ လေးပုံတစ်ပုံလောက်စီ လျော့နေသတဲ့။ အထုပ်က ပုံစံလည်း မပျက်ဘဲ အထဲမှာလျော့နေတာ မဆန်းဘူးလား။ တောင်ပေါ်ကဆင်းလာတဲ့သူတွေကလည်း သူတို့ထမင်းထုပ်တွေ အဲဒီလိုပဲ ဖြစ်နေလို့ ကြောက်လန့်ပြီး ကမန်းကတန်း ပြန်ဆင်းလာကြတာ ဆရာရဲ့''

သက်ကယ်လာရိတ်တဲ့ မိန်းကလေးတွေက သူတို့ ထမင်းထုပ် လျော့တာ အံ့သြကြ၊ ကြောက်လန့်ကြပြီး ဆူကြည်ကြတာကြောင့် လျှိုစောင်းမှာ သံပုရာပင်တွေ ကိုင်းကူး ကိုင်းဖြတ်လုပ်နေတဲ့ ဦးပဏ္ဍဝက တဲကို ပြန်လာပြီး အကျိုးအကြောင်း မေးသတဲ့။ မိန်းကလေးတွေက အကြောင်းစုံ ပြောပြတော့ ဦးပဏ္ဍဝက–

''ဒီကောင်ဟာ ..ဘဝပြောင်းပြီးတာတောင် ထမင်းကိုဆာနေတုန်းပါလား၊ ခွင့်လွှတ်လိုက်ကြပါ ..ငါ့တူမတို့ရယ်၊ အကျိုးအကြောင်းစုံ ငါ ..ပြောပြပါ့မယ် ဆိုပြီး ထမင်းတွေလျော့နေတဲ့အကြောင်းကို ရှင်းပြသတဲ့''

''အေးဗျာ ...စိတ်ဝင်စားစရာကောင်းလာပြီ၊ ဆက်ပြောပါဦးဗျ''

''ဒီလိုဆရာရဲ့ ...တောင်ပေါ်မှာ သစ်ခုတ်ကြတယ်ဆိုတာ တရားဝင်မဟုတ်ဘူး။ အစိုးရသစ်တောကြိုးဝိုင်းထဲကို ဝင်ခိုးတာပဲ၊ နေ့ဘက် လူမြင်မခံဝံ့တော့ ..ညဘက်မှာ ရွာကိုသယ်လေ့ရှိတယ်၊ ဒီနှစ် မိုးဦးကျတစ်ညမှာ သစ်ကိုလှည်းအပြည့်တင်ပြီး ရွာပြန်လာတဲ့ကောင် ...အောင်မြတ်တဲ့၊ ကျွန်တော်တို့ ရွာကပါပဲ၊ လှည်းနဲ့ သူတက်သွားတုန်းက မိုးတစ်ကြိမ်မှ မရွာသေးလို့ လမ်းက ကောင်းသေးတယ်၊ တန်ခူးလကုန်လို့ ကဆုန်ဆန်းစ မိုးသံလေသံကပေးနေပြီ၊ မိုးကျလာရင် ...နောက်ပိုင်းသယ် နိုင်မှာမဟုတ်တော့ဘူးဆိုပြီး လွှပုံးစင်မှာရှိတဲ့ သစ်ခွဲသားတွေကို လှည်းပေါ် မတန်တဆတင်လာပြီး ညနေစောင်းမှာ တောင်ပေါ်က ပြန်ဆင်းလာတယ်''

ညဥ့်သန်းခေါင်လောက် ဦးပဏ္ဍဝခြံနားမှာ လှည်းခဏရပ်ပြီး ဦးပဏ္ဍဝကို အိပ်ရာထဲက နှိုးသတဲ့။ တစ်လမ်းလုံး ပျဉ်တွေလှည်းပေါ်ကမကျအောင် ပြုပြင်ရ၊ လှည်းတွန်းရနှင့် မောပြီး ဗိုက်ဆာလွန်းလို့ ထမင်းကျွေးစမ်းပါလို့ တောင်းသတဲ့။

ခင်မင်နေတဲ့ လူချင်းမို့ ကျွေးချင်ပေမဲ့ ခက်တာက ထမင်းကလည်း မကျန်၊ ရိက္ခာဆန်ကလည်း ကုန်နေလို့ မိုးလင်းမှ မြို့က သားအကြီးကောင်လာပို့မှာ။ ဒီတော့ အချမ်းပြေအရက်သာ သောက်သွားတော့လို့ သူ့တဲမှာ အမြဲတမ်းရှိနေတဲ့ ထန်းလျက်မီးတောက်အရက်ပုလင်းချပေးလိုက်တယ်။ သစ်တင်ထားတဲ့လှည်းဆိုတာ မိုးမလင်းခင်ရွာကိုဝင်ရမှာဖြစ်လို့ အရက်သောက်ထားတဲ့ အောင်မြတ်က လှည်းကိုဆက်မောင်းသွားတာ ဦးပဏ္ဍဝ ခြံအလွန် ဒီဘက်ကုန်းတန်းအဆင်းမှာက မတ်စောက်နေတဲ့အပြင် လမ်းတစ်ဖက်မှာ ရေထိုးကျနေတဲ့ မြောင်းကလည်းရှိ၊ သဲကြီးမဲကြီးရွာနေတဲ့ မိုးကြောင့် လမ်းကလည်းချော်၊ လှည်းပေါ်မှာ သစ်က





www.burmeseclassic.com

www.burmeseclassic.com



လည်းများ၊ မှောင်မှောင်မဲမဲ အချိန်ကြီး မောင်းလာရင်း လှည်းဘီးတစ်ဖက်က ရေထိုးကျနေတဲ့ မြောင်းထဲကျတော့ အောင်မြတ်ပါ မြောင်းထဲအကျ လှည်းပေါ်ကလျှောကျလာတဲ့ သစ်ခွဲသားတွေက အောင်မြတ်ကိုယ်ပေါ်ကို ဖိထားတယ်။ အောက်မှာစီးကျနေတဲ့ ရေကလည်း မြောင်းထဲမှာအပြည့်ဆိုတော့ မသေခံနိုင်ရိုးလား''

''မိုးဦးကျစက ... ဖြစ်ခဲ့တာဆိုတော့ ဘာကြာသေးလို့လဲ ဆရာရယ်၊ မိန်းကလေးတွေက အောင်မြတ်ကို သေကာနီးအထိ ထမင်းဆာသွားတာ သနားလို့ မျက်ရည်တောင်ကျကြသတဲ့၊ အဲဒါကြောင့် .. ဒီညနေ ရွာပြန်ရောက်ရင် အောင်မြတ်ရဲ့ဆွေမျိုးတွေနဲ့ တိုင်ပင်ပြီး သုံးလေးရက်အတွင်း ဦးပဏ္ဍဝခြံမှာ ဆွမ်းသွပ်တရားနာလုပ်ဖို့ မြစိမ်းတောင်ကျောင်းက ဘုန်းကြီးတစ်ပါးပင့်ပြီးလာကြဦးမှာတဲ့''

''ဟ ... မိန်းမ၊ အဲဒီနေ့မှာတို့လည်း တရားနာသွားမှကောင်းမှာပေါ့''

ဦးစိတ္တရဲ့အပြောကို ခေါင်းညိတ်ပြရင်း သူ့မိန်းမက–

''အိုက်ပိ(အစ်ကို) ... မီးဖိုထဲမှာ ကလေးကို ကျွန်မ ထမင်းကျွေးထားခဲ့တာ သွားကြည့်လိုက်ပါဦး''

ဦးစိတ္တ မီးဖိုထဲဝင်သွားတာနဲ့ သူ့မိန်းမက လေသံတိုးတိုးနဲ့ ကျွန်တော့်ကို ပြောတာက–

''သေသွားတဲ့ ... အောင်မြတ်တစ္ဆေကို ကျွန်မကြောက်တဲ့အကြောင်းက သူက ... လူပျိုတုန်းက ကျွန်မကို အသေအလဲပိုးခဲ့တာ .. ဆရာရဲ့၊ သူ့ကိုစဉ်းစားပေမယ့်လို့ ပြောထားရင်း မိဘတွေပေးစားတဲ့ ကိုစိတ္တကို ကျွန်မယူလိုက်တာကို သူ မကျေနပ်ဘူး၊ အရင်က တွေ့တိုင်း စကားနာထိုးတယ်၊ အခုလို တစ္ဆေဘဝနဲ့ဆိုရင် အမလေး တွေးမိတာနဲ့ ရင်တုန်တယ်''

\+ + +

ကျွန်တော်နှင့် ဦးစိတ္တ ညဘက်မီးထိုးတောလည် မသွားရသည်ကို နှစ်သိမ့်သည့်အနေဖြင့် ဒေါ်ရှမ်းမက သူမွေးထားသော ကြက်တစ်ကောင်ကို ချက်ကျွေးပါသည်။ ခြံထွက် ငရုပ်သီးစိမ်းစပ်စပ်နှင့် သတ်ထားပြီးစကြက်သားကို ကာလသားဟင်းချက်ပေးထား၍ အရေသောက်လိုက်၊ အဖတ်စားလိုက် အရသာရှိလှသည်။ ချိုဆိမ့်သော အရသာဖြင့် ပူလောင်နေသော အငွေ့တထောင်းထောင်း ဟင်းရည်ကို သောက်လိုက်တိုင်း ရှမ်းငရုပ်စိမ်းက စပ်လှသဖြင့် နှာရည်တရှုပ်ရှုပ် ချွေးသုတ်လို့ မနိုင်ဖြစ်နေသည်။

ထမင်းစားပြီးချိန်တွင်တဲအတွင်း ထွန်းထားသော ရေနံဆီမီးခွက်အလင်းရောင်လေးမှတစ်ပါး ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုဖုံးနေပါသည်။ တောရိပ်တောင်ရိပ်ကလည်း ကောင်းသဖြင့် လမိုက်သောညဖြစ်၍ ပိန်းပိတ်အောင်မှောင်မဲနေချိန်တွင် သစ်ပင်ဝါးပင်များ အကြားတိုးဝှေ့လာနေသည့် လေတိုက်ခတ်သံ တရှဲရှဲကိုကြားရတာ စိတ်ချောက်ချားဟန်ရှိသည့် ဒေါ်ရှမ်းမက–

''အိုက်ပိ(အစ်ကို) ... ဘုရားစာ၊ တရားစာ၊ ပရိတ်တွေဘာတွေ ရွတ်စမ်းပါ၊ အသံကျယ်ကျယ်နဲ့ အော်ပြီးရွတ်''

ထိုစကားကြားလျှင် ဦးစိတ္တသည် ကျွန်တော့်ကို လှည့်ကြည့်ပြီးမှ သူ့မိန်းမအား–

''ဘာ ... ပရိတ် ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ သင်ခဲ့ဖူးတာ .. မေ့ကုန်ပြီဟ''

''အိုက်ပိ(အစ်ကို) ... မေ့နေရင် စာအုပ်ကြည့်ပြီးရွတ်၊ မြို့သွားတုန်းက ကျွန်မဝယ်ထားတဲ့ စာအုပ်လေး ကျွန်မပေးမယ်''

ဘုရားစင်ပေါ်မှာ စာအုပ်ပါးပါးလေးကို ယူသည်။ တဖျပ်ဖျပ်မြည်အောင် ဖုန်ခါလိုက်ပြီးမှ ဦးစိတ္တရှေ့သို့ ချပေးလိုက်သည်။ ကျွန်တော်လှမ်းကြည့်လိုက်တော့ စာအုပ်ဖုံးမှာရေးထားသည်က ''ဘုရားရှိခိုးအမျိုးမျိုး''တဲ့။

''စာအုပ်ဖတ်ပြီး .. နင့်ဘာသာနင်ရွတ်ပါလားဟာ၊ ငါက ... တစ်နေခင်းလုံး ခြံထဲတူးဆွနေရတာ မောနေပြီ၊ နောက်နေ့ကျရင် မြို့ပို့ဖို့ ကန်စွန်းတွေလည်းဖော်ရဦးမှာ ... နင်အသိသားနဲ့''

''ကျွန်မက ... ပါဠိနဲ့ ရေးတဲ့စာတွေ မဖတ်တတ်လို့ပါနော်၊ အိုက်ပိ .. ရှင်နော် ... ဘုရားစာရွတ်ဖို့ကျတော့ ပင်ပန်းလိုက်တယ်၊ အခုနေ .. ဆရာနဲ့ တောပစ်သွားကြဆိုရင် .. တစ်ညလုံး လမ်းလျှောက်ရတာ တစ်ခွန်းညည်းမဲ့လူ မဟုတ်ဘူး၊ ကဲ ... ရွတ်ပါတော့ တစ်အုပ်လုံးကုန်အောင် ဖတ်ပြီးရွတ်၊ ညတိုင်းရွတ်ရမှာနော်''

သူ့ထက် ၁၅ နှစ်ခန့်ငယ်သော မယားချောလေးကို ချစ်ရှာလွန်းသည့် လူရိုးကြီး ဦးစိတ္တ၏ဘုရားရှစ်ခိုးစာများ အော်ဖတ်နေသည့်အသံကို အိပ်ရာပေါ်မှာ နားထောင်ရင်း ကျွန်တော် အိပ်



www.burmeseclassic.com

ပျော်သွားခဲ့ပါသည်။

\+ + +

အာမီရမ်ပုလင်းထဲတွင် အရက်တစ်ဝက်ခန့် ကျန်ရှိနေပါသေးသည်။ ဆတ်သားခြောက်မီးဖုတ်ကို ရွရွထု၍ ဆီသင့်ရုံဆမ်းထားတာက တစ်ပန်းကန်၊ အသားလတ်လတ်ဆတ်ဆတ်ကို ကျော်ထားသဖြင့် အနံ့တသင်းသင်း မွှေးနေသည့် ချေသားကြော်က တစ်ပန်းကန်၊ ထိုအသားဟင်းခွက်များထက် ကျွန်တော်တို့နှစ်ယောက်၏ လက်များက မျောက်ချေးခါးဟင်းကို ခပ်သောက်သောဇွန်းကိုသာ ကိုင်မိနေတာ များပါသည်။ မျောက်ဆိုတာက မြေကြီးပေါ်ကြွေကျသော အသီးအရွက်ကို မစား၊ အပင်ပေါ်ထက်မှာ ရွက်နု၊ ရွက်ဖူးနှင့် လက်ဆတ်သောအသီးကို ခူးစားသဖြင့် မျောက်ချေးဆိုတာ ရွံစရာမဟုတ်၊ မျောက်ချေးခါးဟင်းရည်အရသာကို မုဆိုးများသာ သိကြသည်။

ကျွန်တော့်ဆရာကြီး တမူဖုန်းသည် ခွင့်မှပြန်လာပြီး တပ်မှာ ၂ ရက်ပဲနေ၍ မနက်ဖြန်ဆိုလျှင် အခြားတပ်သို့ ပြောင်းတော့မည်။ ကျွန်တော်က နှုတ်ဆက်ပွဲအဖြစ် ညစာကျွေးရင်း ပုလင်းထောင်နေကြခြင်း ဖြစ်ပါသည်။

အတူတူရှိနေခဲ့စဉ် ကာလတစ်လျှောက်မှာ သူသည် ကျွန်တော့်ကို တပည့်လိုတစ်မျိုး၊ ညီလို၊ သားလို တစ်ဖုံ စောင့်ရှောက်ချစ်ခင်ခဲ့ပါသည်။ ရိုးသားပြီးစိတ်ကောင်းရှိတဲ့ စစ်သားအိုကြီး။ အပြောင်းအရွှေ့အတွက် ငွေကြေးမှပြည့်စုံပါ့မလား။ အားနာလို့ သူက မပြောပေမဲ့ ကျွန်တော်ကပဲ မေးတော့မည်။

"ဆရာကြီး ... လမ်းမှာသုံးဖို့ ငွေကြေးအဆင်ပြေရဲ့လား"

ကျွန်တော့်မေးခွန်းကြောင့် တဟားဟားရယ်ပြီး သူ့ဖန်ခွက်ထဲမှ အာမီရမ် ၂ ပက်ခန့်ကို တစ်ချက်ထဲမော့ချလိုက်ပါသည်။ မျောက်ချေးခါးဟင်းကို သုံးလေးဇွန်း ခပ်သောက်လိုက်ပြီး–

"အဆင်ပြေအောင် .. ရှာခဲ့ပြီပဲ၊ ပြည့်စုံပါတယ်ကွာ"

"ဆရာကြီးရဲ့ .. ဆွေမျိုးတွေဆီသွားလိုက်တာပဲဗျာ ... ဝိုင်းပြီး ကူညီကြမှာပေါ့"

ကျွန်တော့်စကားကြောင့် တဟားဟားရယ်ပြန်ပါသည်။ အာမီရမ်ကြောင့် ရေချိန်ကိုက်စပြုနေသော ဆရာကြီးမှ–

"ဒီလိုကွ ... ခွင့် ၁၀ ရက်ယူလိုက်တယ်၊ လိမ်မော်ခြံရွာက ငါနဲ့ခင်တဲ့ ကောင်စီဥက္ကဌရဲ့ နှစ်လုံးပြူးသေနတ်ငှားပြီး ပထမ ၃ ရက်မှာ ဂျိုးဖြူရေဝေ တောင်ကြောပေါ်တက်ပြီး တောလည်တာ ဆတ် ၂ ကောင် တောင်ပေါ်က ပြန်ဆင်းလာပြီး ဥယျာဉ်ခြံစိုက်ခင်းတွေထဲကို လူ့အလစ်မှာ ဝင်စားတဲ့ကောင်တွေနေနိုင်တဲ့ လျှိုတွေမှာ ၂ ရက် လိုက်ချောင်းတာ ချေ ၃ ကောင်ရလိုက်တယ်၊ ခွင့်မပြန်ဘဲ ... ငါတောပစ်နေတာကို တပ်က မသိစေချင်လို့ ရတဲ့အသားတွေ တိုက်ကြီးမပို့ဘဲ ဖူးကြီးဘက်ဆင်း၊ မော်ဘီ၊ ထောက်ကြန့်ဈေးတွေ သွားရောင်းခိုင်းရတယ်၊ အသားဈေးက ၁ ပိဿာ ၈/– ကျပ်ရလို့ အဆင်ပြေတယ်ပြောတာကွ"

"ဗျာ ... ဒီလိုသာ တောပစ်နေမှန်းသိရင် ဆရာကြီးဆီလာခဲ့မှာပေါ့"

လို့ အဲဒီလို ကျွန်တော်က ပြောလိုက်မိတော့–

"ငါ့ကို ... မင်းရှာလို့ တွေ့မှာမဟုတ်ဘူး၊ နေ့ရော ညပါ ... သားကောင်လိုက်ချောင်းတာ .. ညဘက်မှာ မောလွန်းလို့ ရောက်တဲ့နေရာဝင်အိပ်၊ နေ့ဘက်သွားရင်းက ... ဆာလာရင် တောထဲလာပြီး အလုပ်လုပ်နေတဲ့လူတွေရဲ့ထမင်းထုပ်တွေကို ယူစားလိုက်တာပဲ၊ လူက ... တစ်နေရာမှာ အလုပ်လုပ်နေလို့ ထမင်းထုပ်တွေ့ရင် .. သူလည်းဝ ငါလည်း အဆာပြေရုံလောက်ယူစားတာပါ၊ ထမင်းထုပ်တွေ အများကြီး၊ မျှစားတာနဲ့ပဲ ငါဗိုက်ဝပါတယ်၊ ဒီတောတွေမှာ ... ငါယူစားမှန်း မသိလို့ စိတ်ဆိုးမဲ့လူမရှိပါဘူး၊ ဦးပဏ္ဍဝခြံဘက် ရောက်လိုက်သေးတယ်၊ သူ့မတွေ့လို့ အရက်မသောက်ခဲ့ရဘူး"

ဆရာကြီး တမူဖုန်းကတော့ စကားတွေပြောနေဆဲပါပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်တွေက–

"ဦးပဏ္ဍဝခြံမှာ ... သူ့ဆွေမျိုးတွေက ဆွမ်းကပ်ပြီး အမျှအတမ်းပေးဝေတာရယ် ... ဦးစိတ္တကြီးခမျာ .. မယားငယ်ငယ်လေး အကြောက်ပြေအောင် ဘုရားရှိခိုးအမျိုးမျိုးတွကို ညတိုင်း အော်ဖတ်နေတာရယ်"

ဒါတွေကို 'တစ္ဆေအောင်မြတ်' သိမှသိပါ့မလားလို့ တွေးမိနေတယ်ဗျာ။

**ထွန်းကျော်လူ**


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

တစ်နေ့သ၌ ထောင်ကျရုံးတာဝန်ခံထောင်မှူးလေးသည် အယူခံစာရေး မောင်ကျောက်တံအားအမျိုးသမီးဆောင် အတွင်းမှာ ယမန်နေ့က သေဒဏ်ကျခံလာခဲ့သူအမျိုးသမီးကြိုးသမားတစ်ဦး အတွက် အယူခံရေးနိုင်ရန် ခေါ်ဆောင်လာခဲ့သည်။

ရှေ့နေမောင်ကျောက်တံဆိုသူသည် ခိုက်ရန်ဖြစ်ပွားမှုကြောင့် လူသေဆုံးသွားခဲ့သည့်အမှုနှင့် ထောင်ဒဏ်ငါးနှစ်ကျခံနေရသော အကျဉ်းသားဖြစ်သည်။ အကျဉ်းထောင်ကြီးအတွင်းမှာ ပြစ်ဒဏ်ကျခံနေရသောအကျဉ်းသား အကျဉ်းသူများအတွက် အထက်တရားရုံးသို့ အယူခံဝင်ရောက်နိုင်စေရန် ဥပဒေ၊ စီရင်ထုံးများကိုကိုးကားပြီး အယူခံရေးပေးနေရသည်။

သည်လို ထောင်တွင်းအယူခံရုံးမှာ အကျဉ်းသား၊ အကျဉ်းသူများအတွက် အယူခံကိစ္စကို သွားရောက်မေးမြန်းရေးသားပေးနေရသဖြင့် အကျဉ်းထောင်ထဲရှိ ကြိုးတိုက်ခန်းများ၊ အိပ်ထောင်များဆီ ဝင်ရောက်သွားလာနိုင်ခွင့်ရှိလေသည်။

ယခုလည်း အမျိုးသမီးဆောင်ကြိုးတိုက်ခန်းထဲမှာရှိနေသည့် သေဒဏ်ကျခံနေရသူအကျဉ်းသူအား အယူခံရေးပေးနိုင်ရန်အတွက် ခေါ်ဆောင်လာခဲ့သည်။ အမျိုးသမီးဆောင်ထဲတွင် ကြိုးဒဏ်ကျခံရသောအကျဉ်းသူမှာ ခပ်ရှားရှားဖြစ်သည်။

ရှိုးရှိုးပြစ်ဒဏ်ကျအကျဉ်းသူ၊ အချုပ်သူများကိုတော့ အိပ်ထောင်ကြီးထဲမှာ ရောနှောထားတတ်သော်လည်း သေဒဏ်ကျခံလာခဲ့သော ကြိုးသမားကိုမူ သီးသန့်ကြိုးတိုက်ခန်းထဲမှာ သီးခြားခွဲထားလေသည်။

"ဆရာမ ... အမျိုးသမီးဆောင်ထဲက သေဒဏ်ကျနေတဲ့ ကြိုးသမားအကျဉ်းသူကို အယူခံကိစ္စ မေးမြန်းရေးချင်လို့ပါ"

ထောင်မှူးလေးက အမျိုးသမီးအိပ်ထောင်တာဝန်ကျသူ တံခါးတာဝန်ကျဝါဒါမလေးကို သတင်းပို့လိုက်သည်။ အထဲမှ တံခါးကြီးကို သော့ခလောက်ဖြင့် ဖွင့်နေသံကြားရပြီး တံခါးပွင့်သွားသည်။

"ဆရာ ... ဟောဒီထောင်မှူးမရုံးခန်းထဲက ထိုင်စောင့်နေပါ၊ ကျွန်မ သွားခေါ်လာခဲ့ပါမယ်"

ထောင်မှူးလေးက ရုံးခန်းထဲရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စောင့်နေသည်။ အမျိုးသမီးဆောင်ထဲသို့ ဝင်ရောက်ကြသည့်အခါတွင် နှစ်ဦး သို့မဟုတ် သုံးဦးခန့်ပါမှ ဝင်ရောက်နိုင်ခွင့်ရှိပါသည်။

"ဆရာ .. ဒီမှာ ခေါ်လာခဲ့ပါပြီ"

"ညည်းနာမည် ဘယ်လိုခေါ်လဲ"

"တလုတ်မလို့ ခေါ်ပါတယ်"

"အေး ... ဟုတ်ပြီ၊ နင့်အမှုကိစ္စနဲ့ပတ်သက်ပြီး အထက်ရုံးကို အယူခံဝင်ရောက်နိုင်ဖို့ .. အမှုကိစ္စနည်းနည်း မေးချင်လို့ပါ"

"ဟုတ်ကဲ့ ... မေးပါဆရာ"

ထောင်မှူးလေးက ဒေါ်တလုတ်မဆိုသူ ကြိုးသမားအကျဉ်းသူကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။ အမျိုးသမီး၏အသွင်သဏ္ဌာန်မှာ အသားညိုညို၊ ပိန်ပိန်ပါးပါး ရွက်ကြမ်းရေကျိုရုပ်ရည်မျိုးဖြစ်လေသည်။ သူမ၏ပုံစံကိုကြည့်ရသည်မှာ ရက်စက်ရမ်းကားမည့်အသွင်သဏ္ဌာန်မျိုးမဟုတ်ဘဲ မဟုတ်မခံစိတ်ဖြင့် ခပ်အေးအေးနေတတ်သည့်ပုံစံဖြစ်သည်။

အယူခံစာရေး မောင်ကျောက်တံသည် ဖိုင်ကာဘာကိုစားပွဲပေါ်ဖြန့်ချပြီး ညှပ်ထားသောစာရွက်ပေါ်မှာ ဘောလ်ပင်နှင့် သိလိုသည့်အချက်များကို ရေးမှတ်နေသည်။

တကယ်တော့ အမျိုးသမီးကြိုးသမားဆိုတာမျိုးကလည်း ရှာမှရှားလှပေသည်။ တစ်ရာမှာတစ်ယောက်လောက်ပဲရှိမည်ထင်သည်။ ယခုကိုယ်တိုင် တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြုံရသောအခါမှသာ ကျွန်ုပ် မောင်ကျော်တံသည် လက်ခံလာခဲ့ရသည်။

သည်နေရာမှာ ကျွန်ုပ် အယူခံစာရေးမောင်ကျော်တံသည် နဂိုကတည်းက ပြင်ပလောကတွင် ရှေ့နေအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းလာခဲ့သူဖြစ်သည်။ မိမိ၏လက်ဦးဆရာဖြစ်သူ ရှေ့နေကြီးဦးအုံဘွယ်ထံတွင် ရှေ့နေပညာရပ်များကို လေ့လာဆည်းပူးရင်းချိန်ဘာဆင်းနေခဲ့ရသည်။

ကျွန်ုပ်မှာ အမှုတွဲများ၊ ဥပဒေစီရင်ထုံးများဖြင့် မိမိအမှုသည်များ၏အမှုများကို လိုက်လံဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံများ ရှိခဲ့သောကြောင့် ကျွန်ုပ်ကျွမ်းကျင်ရာရှေ့နေပညာရပ်ဖြင့် ထောင်ထဲမှာ ပြစ်ဒဏ်ကျနေသူအကျဉ်းသား၊ အကျဉ်းသူများ၏အမှုအတွက် အယူခံနိုင်အောင် ကြိုးစားရေးသားပေးနေခဲ့သည်။

ထို့ပြင် ကျွန်ုပ်၏ဝါသနာအရင်းခံမှာ လူသားများအတွက် မိမိတို့ရင်ဆိုင်ကြုံတွေ့လာခဲ့ရသော အမှုအခင်းလေးများ တစ်ခါတစ်ရံ လောဘ၊ ဒေါသ၊ မောဟပေါ် အခြေခံပြီး ပြစ်မှုကျူးလွန်လာခဲ့ကြသည်က များလေသည်။

ဒါကို အခြေခံ၍ နောင်တစ်နေ့သောအခါ စာပေရေးသားပြုစုနိုင်ရန် ရည်ရွယ်ပြီး အစိုးရမင်းများ၏စက်တိုင်ထိရောက်အောင် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသော သေဒဏ်ကျခံခဲ့ရသော ကြိုးသမားများ၏ဇာတ်လမ်းများကို ရေးသားပြုစုနေခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တရားခံတစ်ယောက်အနေဖြင့် အမှတ်မထင် မိမိကျူးလွန်ခဲ့သောပြစ်မှုလေးမှ ကြီးမားသောပြစ်မှုကြီးသို့တိုင် ရောက်ရှိသွားသဖြင့် သေဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။

သည်လို ပြစ်ဒဏ်ကြီးများကို ချမှတ်ခံထားရသူများ၏ အမှုသွားအမှုလာကို အစမှအဆုံးတိုင် မေးမြန်းမှတ်သားနိုင်ရန်ဖြစ်သည်။

ဤကဲ့သို့မေးမြန်းရခြင်းမှာလည်း ကျွန်ုပ်အတွက်မဟုတ်၊ အခကြေးငွေရ၍လည်းမဟုတ်ဘဲ ကျွန်ုပ်၏ဝါသနာအရင်းခံအရ အမှုနိုင်စေလိုသောစိတ်ဓာတ်ဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။

ယခုလို သေဒဏ်ကျခံနေရသော ကြိုးသမားများ၏အကြောင်းအရာအတ္ထုပတ္တိများကို လေ့လာမှတ်သားပြီး အယူခံရေးပေးလိုက်ရသဖြင့် အမှုနိုင်သွားသူများရှိခဲ့သလို ပြစ်ဒဏ်ပြင်ဆင်ပြောင်းလဲမှုများလည်း ရှိခဲ့လေသည်။

ထို့ကြောင့် အခါအခွင့်သင့်လျှင် ဆက်လက်ရေးသားဖော်ပြသွားရန် ကြံရွယ်စိတ်ကူးလျက်ရှိသည်။ ယခုလည်း ဆန်နှစ်ပြည်ချေးငှားခဲ့ကြသည့်ကိစ္စအတွက် ဆန်ကြွေးကိုပြန်လည်တောင်းခံရာမှ အချင်းများခဲ့ကြခြင်းဖြစ်ပါသည်။ လူကြားသူကြားတွင် ဆန်နှစ်ပြည်အကြွေးပြန်မဆပ်နိုင်သည့်ကိစ္စအပေါ်တွင် မို့ချိုးမျှစ်ချိုး အပြောခံလိုက်ရသဖြင့် ခံပြင်းသွားခဲ့လေတော့သည်။

ထိုအခါ တစ်ဦးနှင့်တစ်ဦး အငြိုးအတေးများဖြစ်ပေါ်လာပြီး မိမိချေးငှားယူထားသော ဆန်နှစ်ပြည်ကို မပြေလည်သေးသဖြင့် ပြန်လည်မပေးဆပ်နိုင်သေးသည်ကို ရိုင်းစိုင်းမောက်မာစွာ အပြောအဆိုခံရသောကြောင့် ထိုဆန်နှစ်ပြည်ကြွေးအတွက် ပြန်လည်ပေးဆပ်လိုက်သည်ကား ...။

\+ + +

ရောဝတီတိုင်းအတွင်းရှိလပွတ္တာမြို့နယ်ထဲမှ ဂုံသပြေရွာလေးသည် ပင်လယ်ကမ်းစပ်နားတွင်တည်ရှိနေသည်။ ယင်းရွာကလေးမှာ နေထိုင်ကြသူများသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူ များလေသည်။ ပင်လယ်ပြင်ဘက်ထွက်ပြီး ငါးဖမ်း၊ ပိုက်မျှောချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းနေကြရသည်။

သည်ရွာလေးထဲမှာ မသောင်းစိန်ဆိုသူသည် ငါးခြောက်များ၊ ပုစွန်ခြောက်များကို ရေလုပ်သားများထံမှ ဝယ်ယူကာခွဲခြမ်းပြီး အခြောက်လုပ်စီးပွားရှာနေသူလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ ရွာထဲတွင် စီးပွားရေးတောင့်တင်းသူတစ်ဦးဖြစ်သောကြောင့် တိုက်အိမ်ကြီးဆောက်ကာ ရွှေတွဲလွဲ ငွေတွဲလွဲဖြင့် စီးပွားရေးအောင်မြင်နေသူ ဖြစ်သည်။

အနီးမသောင်းစိန်၏ငါးခြောက်လုပ်ငန်းများအပေါ်တွင် အိမ်နီးနားချင်းများမှ လာရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းရနေကြသည်။

မသောင်းစိန်၏ယောက်ျားဖြစ်သူ ကိုလှတင်ဆိုသူသည် ရွာမှ ငါးခြောက်ငါးခြမ်းများကို လှေဖြင့်မြို့ပေါ်ထိ တက်ရောက်ရောင်းချကာ ရောင်းဝယ်ဖောက်ကားနေသူဖြစ်သည်။

သူတို့လင်မယားနှစ်ဦးသည် ယခင်က လပွတ္တာမြို့ပေါ်တွင် နေထိုင်ကြသူများဖြစ်ပြီး ပင်လယ်ကမ်းစပ်မှာ ငါးခြောက်များခွဲခြမ်းသည့်အလုပ်ကို လာ



www.burmeseclassic.com

ရောက်လုပ်ကိုင်ကြရင်း အခြေချနေထိုင်လာခြင်းဖြစ်သည်။

သူတို့လင်မယားတွင် ချစ်စဖွယ်သမီးလေးတစ်ဦးရှိသည်။ သူမ၏အမည်မှာ ပုံ့ပုံ့ဟုခေါ်သည်။ အသက်မှာ လေးနှစ်ဝန်းကျင်ခန့်သာရှိသေးသည်။

ပုံ့ပုံ့လေးမှာ အရွယ်နှင့်မလိုက်အောင် သွက်လက်ချက်ချာသဖြင့် လူချစ်လူခင်ပေါ်များလေသည်။ ဒါကြောင့်လည်း မိခင်လက်ပေါ်မှာထက် အိမ်နီးနားချင်းအလုပ်သမားများလက်ပေါ်မှာပဲကြီးပြင်းလာခဲ့ရသည်။ မနက်မိုးလင်းသည်နှင့် အိပ်ရာမှထ နံနက်စာ စားသောက်ပြီးကတည်းက ဟိုလူချီခေါ်သွားလိုက်၊ ဒီလူချီခေါ်သွားလိုက်နှင့် လက်မလည်နိုင်အောင်ရှိနေသည်။

သည်ကြားထဲ မိခင်မသောင်းစိန်က မူကြိုကျောင်းလေးမှာ အပ်နှံစာသင်ခိုင်းထားသေးသည်။ ပုံ့ပုံ့လေးမှာ ရွယ်တူကလေးငယ်လေးများနှင့်အတူ မူကြိုကျောင်းမှာ ဆော့ကစားနေရသဖြင့် ပျော်ရွှင်ဝမ်းသာနေခဲ့လေသည်။

နေ့စဉ် အိမ်နှင့်တခေါ်လောက်ဝေးသောရွာထဲမှာ ဖွင့်လှစ်ထားသည့်မူကြိုကျောင်းဆီသို့ အိမ်မှအလုပ်သမားတစ်ဦးဦးက လိုက်လံပို့ဆောင်ပေးသလိုရွာထဲမှ ကစားဖော်ကလေးများနှင့်လည်း အတူတူလိုက်သွားတတ်သည်။

ယင်းသို့ မူကြိုကျောင်းကလေးမှာလာရောက်ပညာသင်ကြားနေသောကလေးများအားလုံးကို ဆရာမလေးနန်းမြဝေမှ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။ ညနေကျောင်းဆင်းသည်နှင့်ကလေးများကို ကျောင်းစာသင်ခန်းထဲမှာ စနစ်တကျထိန်းသိမ်းကြပ်မတ်ပြီးအိမ်သို့ရောက်အောင် ပြန်စေခဲ့သည်။

ထိုသို့ ပျော်ရွှင်စရာကောင်းနေသော မူကြိုကျောင်းလေးထဲဝယ် ပုံ့ပုံ့တစ်ယောက် အတန်းဖော်ကလေးများနှင့်အတူ ဒန်းစီးရင်းပျော်မြူးလျက်ရှိသည်။ ကလေးတို့ဘာသာဘာဝ လွတ်လွတ်လပ်လပ် မြူးတူးပျော်ပါးနေကြသည်။

ညနေ ကျောင်းဆင်းချိန်ရောက်မှပဲ မိမိတို့လွယ်အိတ်ကလေးတွေ ကိုယ်စီလွယ်ကာ နီးစပ်ရာအုပ်စုလိုက် အိမ်ဆီသို့ အလျှိုလျှိုပြန်သွားခဲ့ကြသည်။ ပုံ့ပုံ့လည်း မိမိအိမ်နီးချင်းကလေးတစ်ဦးနှင့်အတူ အိမ်ဆီပြန်လာလေသည်။

"ဟဲ့ ...ပုံ့ပုံ့ ...သမီးလေး ကျောင်းက ပြန်လာပြီလား"

"ဟုတ်ကဲ့ ...ဒွေးလေး"

"ဒါဆို အတော်ပဲ ...ဒွေးလေးနဲ့အတူတူပြန်ကြမယ်"

ပုံ့ပုံ့လေးက မူကြိုကျောင်းထဲက ထွက်လာနေစဉ်မှာပဲ ကျွန်မလည်း တစ်ဘက်ရွာမှာ ငွေသွားချေးတာ မရလာခဲ့လို့ စိတ်ညစ်ညစ်နဲ့ ရွာဆီပြန်လာတယ်။ ခုလို ကျောင်းဝင်းထဲက ပုံ့ပုံ့ဆိုတဲ့ကောင်မလေးဟာ သူ့အဖော်တစ်ယောက်နဲ့အတူ ကျောင်းဝင်းထဲက ထွက်လာတာမြင်လိုက်ရတယ်။

ကျွန်မ အကြံတစ်ခုလက်ခနဲ ပေါ်သွားတယ်။ အဲဒါကတော့ ပုံ့ပုံ့လည်ပင်းမှာဆွဲထားတဲ့ တစ်မတ်သားခန့် ဆွဲကြိုးလေးကြောင့်ပါပဲ။ သူ့အမေက ပိုက်ဆံချမ်းသာလွန်းတော့ သမီးလေးကိုယ်မှာ အလှဆင်ပေးထားတာနေမှာပေါ့။ ကျွန်မ ကလေးလက်ကလေးကိုဆွဲလာပြီး အိမ်ဘက်ဆီ အတူတူလျှောက်လာနေတယ်။

ပုံ့ပုံ့လေးက ကျွန်မတို့အိမ်နီးချင်းဆိုတာ သိနေတယ်။ ပုံ့ပုံ့လေးကိုမွေးပြီးကတည်းက ကျွန်မပဲချီပိုးထိန်းကျောင်းလာတော့ ရင်းနှီးကျွမ်းဝင်နေပြီးသားလေ။ ကျွန်မရင်ထဲမှာ ခုထိတိုင် မကျေလည်နိုင်သေးတဲ့ အမုန်းတရားက ကြီးစိုးနေသေးတယ်။

အဲဒါက ကျွန်မကို ဆန်နှစ်ပြည်ချေးငှားခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ သူ့အမေ မသောင်းစိန်က မပေးရသေးဘူးလို့ဆိုပြီး ဖွတ်ငြင်းခဲ့တဲ့အပြင် လူကြားထဲမှာ–

"ညည်းတို့ ကောင်မတွေ ...သူများပစ္စည်းကို ချေးငှားထားပြီး ပြန်ဆပ်ဖို့ကြတော့ ..ဟိုလိုလို ..ဒီလိုလိုပြောနေတယ်၊ ငါ့ဆန်နှစ်ပြည် နင်ချေးထားပြီး ဘယ်တုန်းက ပြန်ဆပ်ခဲ့လို့လဲ၊ လူက ...သူတောင်းစားသာသာ ..ပြောတော့ မိုးထိမြင့်လို့၊ ငါ့ဆန်ကြွေးမဆပ်သေးဘဲ ..ဆပ်တယ်ငြင်းနေတယ်၊ ကာလနာတိုက်မဲ့ဟာမတွေ"

အဲဒီလို လူတစ်ယောက်အပေါ် အထင်သေးအမြင်သေးတဲ့စိတ်နဲ့ ဖွတ်ငြင်းခဲ့တယ်။ ကျွန်မတို့က ဆင်းရဲတာမှန်ပေမဲ့ သူများဆီကယူထားတဲ့ကြွေးကို မှန်မှန်ပြန်ပေးတတ်တဲ့လူစားတွေပါ။

ကျွန်မ ဆန်နှစ်ပြည်ကြွေးကို အမှန်တကယ်ဆပ်ပြီးနေပါလျက်နဲ့ မဆပ်သေးဘူးချည်း ဖွတ်ငြင်းနေတော့ စိတ်ထဲမှာ မခံချိမခံသာ အောင့်သည်းအောက်သက်ခံစားရတယ်။ ဒီကြားထဲမှာ လူကြားထဲနှစ်ပြားမတန်အောင် ပြောဆိုခံခဲ့ရတော့ ဘယ်လောက်များ


www.burmeseclassic.com

www.burmeseclassic.com



အရှက်ရဖို့ကောင်းလဲ။

ဒင်းတို့က ငွေရှိတယ်။ ချမ်းသာတယ်ဆိုပြီးတော့ လူတကာပေါ်မှာ မောက်မောက်မာမာဆက်ဆံနေကြတာ တစ်နေ့တော့ ငါ့အကြောင်း ကောင်းကောင်း သိစေရမယ်။ အဲဒီလို ကျွန်မ ရင်ထဲက နှလုံးသားထဲမှာ အမှတ်အတေးထားခဲ့တယ်။

"ဒွေးလေး ... ဘယ်ကိုသွားဦးမလို့လဲ"

"ဪ ... ဒွေးလေးကို ကြွေးတောင်းခိုင်းလိုက်တာရှိလို့ ဟိုဘက်ရွာထဲ ခဏဝင်ရဦးမယ် ... လာပါ ပုံ့ပုံ့ရယ် ... အတူတူသွားကြမယ်၊ ဒွေးလေး မုန့်တွေလည်းဝယ်ကျွေးပါ့မယ်"

ပုံ့ပုံ့လေးလက်ကိုဆွဲလို့ ကျွန်မက မုန့်ဆိုင်ခေါ်သွားပြီး မုန့်ဝယ်ကျွေးကာ လူသူပြတ်လပ်တဲ့ သောင်ပြင်ဘက်ကို လှည့်ခေါ်ထုတ်လာခဲ့တယ်။ ယင်းမှ လူသူပြတ်လပ်သော ကမ်းနားဆိပ်ဘက် ရောက်လာသောအခါ သဲသောင်ပြင်ပေါ်သို့ ပုံ့ပုံ့လေးကိုနောက်မှ တွန်းလှဲပစ်လိုက်တယ်။ နောက် သန်မာတဲ့ လက်နှစ်ဖက်နဲ့ ပုံ့ပုံ့လေး၏လည်ပင်းကို ချုပ်ကိုင်ဖျစ်ညှစ်ထားလိုက်တယ်။

"အို ... ဒွေးလေး .. ဘယ်လိုလုပ်တာလဲ၊ သမီးလည်ပင်းနာတယ်၊ လွှတ်ပါ ဒွေးလေးရယ် ... သမီးကို သနားပါ၊ သမီး ကြောက်ပါတယ်၊ ရှစ်ကြီးခိုးပါတယ် ... ဒွေးလေးရယ်"

ပုံ့ပုံ့လေးမှာ လူကြီးအားဖြင့်လည်ပင်းကို ဖျစ်ညှစ်ထားသဖြင့် အသက်ရှူကြပ်လာသောကြောင့် ငိုယိုတောင်းပန်နေရှာတယ်။ ကျွန်မရင်ထဲမှာ တမြေ့မြေ့ခံစားထားခဲ့ရတဲ့ သူ့အမေအပေါ်မှ အမုန်းတရားများကြောင့် –

"အဲဒါ ... မှတ်ထား၊ နင့်အမေက ငါ့ကို ဆန်နှစ်ပြည်ကြွေးဆပ်ပြီးတာ ... မဆပ်ရသေးဘူးဆိုပြီး လူပုံအလယ်မှာ မှိုချိုးမှျစ်ချိုး ပြောခဲ့ဆဲခဲ့တဲ့ ရာဇဝင်ကြွေးကို သူ့သမီး .. နင့်ကို ပေးဆပ်လိုက်တာပဲ၊ ကဲ .. မှတ်ထား"

"ဒွေးလေးရယ် ... သမီး .. အသက်ရှူကျပ်လာပြီ .. လွှတ်ပါ .. အင့်ဟင်း"

ပုံ့ပုံ့လေးခမြာ ကျွန်မရဲ့ဆုပ်ကိုင်ထားတဲ့လက်နှစ်ဖက်ကြားမှာ မရုန်းနိုင်ဘဲ တဖြည်းဖြည်း လှုပ်ရှားနေရင်းက ငြိမ်သက်သွားခဲ့တော့တယ်။

အဲဒီလို ညနေမှောင်ရီတရောအချိန်လောက်မှာ သောင်ပြင်ပေါ်ဝယ် ကျွန်မ ပုံ့ပုံ့လေးကို သတ်ဖြတ်ပစ်လိုက်ပြီး ပုံ့ပုံ့လေးကိုယ်ခန္ဓာပေါ်မှာ ဝတ်ဆင်ထားတဲ့ လည်တိုင်ပေါ်က ရွှေဆွဲကြိုး တစ်မတ်သားခန့်ကို ဖြုတ်ယူခဲ့တယ်။

နောက် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်တဲ့ ပုံ့ပုံ့လေးရဲ့အလောင်းကို သဲသောင်ပြင်ပေါ်မှာပဲ သဲတွေယပ်တူးပြီး မြေမြှုပ်ခဲ့တယ်။ ကျွန်မ ရွာထဲဘက်ဆီ ခပ်တည်တည်ပြန်လာခဲ့တယ်။

ရွာထဲမှာတော့ ကလေးပျောက်လို့ဆိုပြီး သူ့အမေ မသောင်းစိန်တစ်ယောက် မပဋာမြေလူးသလို ဒေါင်းတောက်အောင် ရှာဖွေနေတယ်။ ရွာကလူများကလည်း ချစ်စဖွယ်ပုံ့ပုံ့လေးကို သနားစိတ်နဲ့ ဝိုင်းဝန်းရှာဖွေခဲ့ကြတယ်။

ညဘက် ဒီရေတက်လာချိန်မှာ သောင်ပြင်ပေါ်ကို ရေတက်လာပြီး ဒီရေလှိုင်းတွေက သဲသောင်ပြင်ပေါ်မှ သဲများကို ပြန်ဆွဲချသလို စီးဆင်းသွားခဲ့သောကြောင့်ကလေးလက်တစ်ချောင်းကို ညဘက်မီးအိမ်ဖြင့် ရှာဖွေနေသူများက တွေ့သွားကြတယ်။

နောက်ဆုံးမှာတော့ မျက်မြင်သက်သေတွေကတစ်ဆင့် ကျွန်မ မှုကြိုကျောင်းရှေ့ကခေါ်ဆောင်သွားခဲ့တာကို မြင်တွေ့ခဲ့ကြကြောင်း သက်သေထွက်ဆိုခဲ့ကြတယ်။

အဲဒီနောက်မှာ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရွာလူကြီးတွေဟာ ကျွန်မအိမ်ဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာကာ စုံစမ်းစစ်ဆေးခဲ့ကြတယ်။ ကျွန်မကလည်း မဟုတ်မခံစိတ်ရှိသူမို့ အမှန်အတိုင်းပဲ ဝန်ခံထွက်ဆိုချက်ပေးခဲ့တယ်။

အဲဒီအမှုနဲ့ပဲ ကျွန်မအပေါ်မှာ ပုံ့ပုံ့ဆိုတဲ့ကလေးမလေးကို သတ်ဖြတ်ခဲ့မှု ဆွဲကြိုးလုယက်မှုနဲ့ တရားရုံးတော်က နေပြီး သေဒဏ်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

နောက်ဆုံးမှာတော့ သေဒဏ်ကျခံနေခဲ့ရသော ဒေါ်တလုတ်မ၏အမှုအတွက် အယူခံမောင်ကျောက်တံမှ ဗဟိုတရားရုံးဆီ အယူခံဝင်ရောက်ခဲ့ရာ ဗဟိုတရားရုံးမှ သေဒဏ်အစား တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲပြင်ဆင်ပေးခဲ့လေသည်။

စိုးငဝ



www.burmeseclassic.com



# လေးမောင်

ထူးထူးခြားခြား မုဆိုးမများ

မြောင်ချောမနှင့်တွေ့ဆုံခြင်း



www.burmeseclassic.com

www.burmeseclassic.com



အခုမဲပစ်ထွက်ခဲ့သည့်ခရီးတစ်ခု။

ထိုခရီးက ဝေးဝေးတော့ဖြင့်မဟုတ်။ ပဲခူးရိုးမကြီးအတွင်းရယ်သာ။

ကျွန်တော်က မုဆိုးဝါသနာရှင်တစ်ဦးဖြစ်သလို တစ်ဖက်ကလည်း ရုံးလုပ်ငန်း အမြဲပိနေသူတစ်ဦး။ သို့အတွက် ရုံးပိတ်ရက်ဖြစ်ပြီး(စီမံချက်မရှိ)သည့်အချိန်မျိုးကို စောင့်ဆိုင်းကာ ရသည့်အချိန်လေးကို ဝါသနာအရ လိုက်လံပစ်ခတ်နေသူတစ်ဦးပင်။ ယခုလည်း အားလပ်ရက်ကို အခွင့်ကောင်းယူကာ 'အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်'တို့နှစ်ဦးကိုခေါ်ပြီး လှည်းကူးမှ တစ်ဆင့် ဖောင်ကြီး ဗဟိုဝန်ထမ်းကျောင်းနောက်ကျော စံပြရွာ 'မင်းကုန်းရဲဘက်စခန်း'ဝန်းကျင်တွင် သွားရောက်ပစ်ခတ်ကြရန် ထွက်လာခဲ့ကြသည့် ခရီးစဉ်ပင်။

ကျွန်တော်တော်တို့ကားကလေးသည် 'စံပြကျေးရွာ'ကိုကျော်ပြီး မင်းကုန်းဈေးတွင် ထမင်းစားကာ လိုအပ်သည့်အသုံးအဆောင်များဝယ်ပြီး ရဲဘက်စခန်းရှိသူငယ်ချင်းဖြစ်သူ ထောင်မှူးကြီးသိန်းဝင်း(ယခု စာရေးဆရာ ထောင်မှူးသိန်းဝင်း)ရှိရာ ရဲဘက်စခန်းဝင်ရောက်ပြီး လက်ဆောင်ပစ္စည်းများပေးရန်အတွက် ဂိတ်ဝတွင်ကားကိုရပ်ကာ တာဝန်ကျဝန်ထမ်းများကို သတင်းပို့ခိုင်းပြီး စောင့်နေလိုက်သည်။ နာရီဝက်ခန့်စောင့်ပြီးသူရောက်လာတော့–

"'ရဲဘက်အသစ်တွေ ရောက်နေလို့ . . . အလုပ်ရှုပ်နေတာနဲ့ နောက်ကျသွားတယ်ဗျာ၊ မုဆိုးကြီးရယ် စိတ်မရှိနဲ့နော် . . . သုံးယောက်ထဲလား ဟို . . အကောင်ပေါက်တွေ မပါကြဘူးလား။ ဘယ်မှာ စခန်းချမှာလဲ"

သူ့ကို စောင့်ဆိုင်းနေရသည်ကို အားနာနေဟန်ထင့်။ ပဋိသန္ဓာရစကားကို ဆိုရင်း တောင်းပန်နေသည်မို့ ကျွန်တော်က–

"အကောင်ပေါက်တွေ မလိုက်နိုင်ကြဘူးလေ . . . အချိန်လေးရလို့ ကျွန်တော်တို့ချည်း ထွက်ခဲ့ကြတာ . . ရော့ ခင်ဗျားအတွက် ဝီစကီသုံးလုံး . . ဒါက ခင်ဗျားဖနီး ခင်မြကြွယ်အတွက် . . . လယ်စတုန်းမှာ စခန်းချမယ်စိတ်ကူးတယ်လေ"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် သူက ပျာပျာသလဲနှင့်–

"လယ်စတုန်းဆို ဝေးတယ် . . . မသွားကြနဲ့၊ ဦးထိုရွာ ခင်ဗျား မဆိုး ကိုဦးဆီကို . . . ကျွန်တော် မုဆိုးမတစ်ယောက် . . ပို့ထားတယ်၊ အဲဒီကိုသွားလိုက် . . . ကျွန်တော်လွှတ်လိုက်တယ် ပြော၊ အစစကို ခင်ဗျားတို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိမ့်မယ်"

"ဘယ်သူက . . . ဖြည့်ဆည်းပေးမှာလဲဟင်"

"အဲဒီ မုဆိုးမကပါ"

သူပြောလိုက်သည့်စကားကြောင့် အသက်အကြီးဆုံးဖြစ်သူ အဘကောင်းက–

"ဘယ်လို . . ကိုသိန်းဝင်းရဲ့ . . ခင်ဗျား မုဆိုးမက ကျွန်တော်တို့ကို လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးမယ်ဟုတ်လား . . . အစစ အဆင်ပြေအောင်ဆိုရင် . . . သေနတ်တွေကိုင်ပြီး ဒီကိုတောင် လာစရာမလိုဘူး၊ မြို့မှာဆို ပေါမှပေါ"

အဘကောင်းက အငေါ်တူးကာ ပြောလိုက်သည့်စကားကြောင့် ထောင်မှူးကြီး သိန်းဝင်းက ပျာပျာသလဲ တောင်းပန်ကာ ရယ်မောလိုက်ရင်း–

"မဟုတ်ဘူး . . အဘကောင်းရဲ့၊ အဲဒီအဓိပ္ပာယ်မျိုးကို ပြောတာမဟုတ်ဘူး။ ကျွန် . . ကျွန်တော်ပြောတဲ့စကားကို အဘတို့နားမလည်လို့ဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း . . . အဘကောင်းတို့ နားလည်အောင် ကျွန်တော် . . မပြောတတ်လို့ဖြစ်မယ်၊ ဦးထိုရွာက ကိုဦးနဲ့မစမ်းမြတို့ဆီကိုသာ သွားလိုက်ပါ၊ ဟိုကိုရောက်တော့ . . သဘောပေါက်သွားကြမှာပါ၊ အခုတော့ . . . အချိန်လည်းမရဘူး၊ လုပ်စရာအလုပ်တွေကလည်း ကျန်သေးတာမို့ . . . ကျွန်တော့်ကို ခွင့်ပြုပါနော်၊ အဲဒီကိုသာ သွားလိုက်ပါ၊ ကျွန်တော်လည်း . . . ရောက်ချင်ရောက်လာမှာပါ"

www.burmeseclassic.com

အလုပ်များနေသည့် သူ့အဖို့ စကားပင်ပြောချိန်မရရှာ။ လက်ဆောင်ပစ္စည်းများကိုယူလျက် ကမန်းကတမ်း စခန်းအတွင်း ဝင်သွားချိန် ကျွန်တော်တို့လည်း ကားပေါ်တက်ကာ 'ဦးထိုကျေးရွာ'ရှိ ရွာခံမုဆိုးကိုဦးနှင့် မစမ်းမြတို့ တဲရှိရာ ထွက်ခဲ့ကြပေသည်။

မုဆိုးမဇာတ်လမ်းအစဟု ဆိုရပေတော့မည်။

+++

ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနှင့်ယှဉ်လျက် မြေသားကားလမ်းအတိုင်း မောင်းနှင်လာခဲ့ရာလမ်းတစ်ကျော သီဟိုဠ်ခြံများ၊ ဝါးတောကြီးများ၊ ရာဘာခြံများကိုကျော်ပြီး အချိုးအကွေ့များကို ဖြတ်သန်းလာခဲ့ကြရင်း 'မရမ်းချောင်းကျေးရွာနှင့် ရန်မျိုးအောင်စေတီတော်'ရှေ့ လက်ဝဲဘက်မြေသားလမ်းအတိုင်း ချိုးကွေ့ဝင်လိုက်တော့ ဦးထိုကျေးရွာဆိုင်ဘုတ်ကို ကား၏ရှေ့လေကာမှန်မှ လှမ်းမြင်တွေ့နေရသည်။

ဆိုင်းဘုတ်အောက်မှကျော်ဖြတ်ပြီး ဝင်လိုက်တော့ ထီးထီးမားမား ပေါက်နေသည့် 'ကညင်ပင်'ကြီးနှင့်အတူ အပင်ရိပ်အောက်တွင် တဲငယ်တစ်လုံးကို တွေ့လိုက်ရသည်။ ထို တဲငယ်ကား ထန်းရည်တဲပင ဖြစ်သည်။

ကညင်ပင်အောက် ထန်းရည်တဲရှေ့ ကားရပ်လိုက်တော့ ဆိုင်အတွင်း အမှန်တကယ်သောက်သုံးနေကြသည့် ဝိုင်းအတွင်းမှ တစ်ဦးက အားရဝမ်းသာ ပြေးထွက်လာရင်း–

"ဟာ .. ဘုံလေး၊ အဘကောင်းနဲ့အစ်ကိုကြီးတို့ပါလား .. ဝမ်းသာလိုက်တာဗျာ .. ဘိုလေးတပည့်ကိုဦး ခုပဲထပြန်သွားတာဗျ၊ ဘိုလေးတို့ကို သတိရနေကြောင်း ... ခုနကပဲ ပြောနေကြတာ၊ ထန်းရည်မူးပြီး ပြနေတော့ ခုလေးတင်တွဲပြီး အိမ်ပြန်ပို့လိုက်တာ"

ကားပေါ်မှပင် မဆင်းရသေး။ ဆိုင်တွ မှ ပြေးထွက် ခရီးဦးကြိုပြုနေသူကိုကြည့်လိုက်တော့ မြတ်မင်းဟန်ပင်။

"ဟုတ်လား ... မြတ်မင်းဟန်၊ ဒီအချိန် ထန်းရည်မူးနေတယ်ဆိုတော့ အခြေအနေကောင်းနေတဲ့ပုံပဲကွ၊ ဘယ်လိုလဲ"

"ဟုတ်ကဲ့ဗျာ ... နေ့တိုင်းကို အမဲရနေတယ်ဗျို့"

"ဟုတ်နေပါလားကွ ... ဘာနဲ့ပစ်နေတာလဲ"

"ထောင်ခြောက်နဲ့ဗျ .. သူ့အိမ်ရောက်နေတဲ့အမျိုးသမီးထောင်တာ .. မနေ့ကဆို .. နှစ်ကောင်တောင်ရလိုက်တယ်၊ ဟော ... ဟိုမှာ သူ့တပည့် ညိုလုံးလာနေပြီ"

မြတ်မင်းဟန်က ရွာထိပ်ကို လက်ညှိုးထိုးပြနေသည့်မို့ လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ကို မြင်လိုက်သဖြင့် ပြေးချလာသည့် အမဲလိုက်ခွေးကြီးညိုလုံးကို တွေ့လိုက်ရသည်။ အနီးကိုရောက်တော့ အဘကောင်းကို ခေါင်းနှင့်ဝင်ဝှေ့ကာ အမြီးတနှံ့နှံ့ ပျော်ရွှင်မြူးတူးစွာ ခရီးဦးကြိုနေသည့်အသွင်၊ အစ်ကိုကြီး ဦးသိန်းလွင်က–

"ညိုလုံး ... နင့်သခင် စောစောစီးစီး ထန်းရည်မူးနေပြီဆို"

"ဝု ... ဝု ... အူး"

ဟုတ်ကဲ့ပါခင်ဗျားဟု ပြန်ပြောနေသည်လားတော့ဖြင့်မသိ။ ညိုလုံးအသံကြောင့် ကျွန်တော်တို့ ဝိုင်းဝန်းရယ်မောလိုက်ကြရင်း တဲဘက်ကို ကားမောင်းဝင်ခဲ့ကြပေသည်။ လမ်းပြညိုလုံးက ရှေ့မှ ပြေးလျက် သူ့သခင်ဆီသို့ သွားနှင့်သည်။

ညိုလုံးဆိုသော အမဲလိုက်ခွေးကြီးက တဲပေါ်ရှိ သူ့သခင်ကို ဟောင်သံပေးလိုက်သဖြင့်ဧည့်သည်ရောက်ကြောင်း သိလိုက်သောမုဆိုးကိုဦးက အိမ်ရှေ့ပြေးထွက်လာပြီး ခရီးဦးကြိုဆိုရှာသည်။ ကားကိုရပ်ကာ စက်သပ်လိုက်ပြီး ဆင်းကြရင်း အဘကောင်းက–

"မင်း ... တစ်ယောက်ထဲလား၊ မစမ်းမြကြီးကော ဘယ်သွားလဲ"

"အိမ်မှာ ထောင်မှူးကြီးပို့ထားတဲ့ ဧည့်သည်မိန်းမတစ်ယောက်ရောက်နေတယ်၊ သူတို့ကိုကျင်းကိုသွားကြတယ်၊ လာကြတော့မှာပါ အဘကောင်း"

"ငါတို့ ... ရဲဘက်စခန်းထောင်မှူးဆီဝင်တော့ ... သူပြောလိုက်လို့ သိခဲ့ရတယ်၊ မုဆိုးမ ဆိုကွ"

"ဟုတ်တယ် အဘရဲ့ .. မုဆိုးမ၊ အဲလေ ... မိန်းမမုဆိုးပဲ၊ သေနတ်ပစ်၊ ဒူးလေးပစ်၊ သားကောင်ရှာ၊ ထောင်ခြောက်ဆင် အတော်ကျွမ်းတယ်၊ နေ့တိုင်း ... သားကောင်ရနေတယ်လေ၊ မနေ့ကဆို နှစ်ကောင်တောင်"

"ဟုတ်လား ... ဒီလောက်တောင်ပဲလား"

"ဟုတ်တယ် ... အဘရဲ့၊ သားကောင်တွေ ရရှိသဘာဝကိုလည်း ကျွမ်းတယ်၊ ခြေရာကောက် အတော်ကောင်းတယ်"

"အဲဒီ မုဆိုးမနာမည်က ဘယ်သူလဲကွ"


www.burmeseclassic.com

www.burmeseclassic.com


"ပြောင်ချောမလို့ ခေါ်သံကြားတာပဲအဘရဲ့"

"ဘာကြောင့် အဲဒီမိန်းကလေး မင်းတို့ဆီ ပို့လိုက်ရတာလဲ"

"ဒီလို အဘကောင်းရဲ့ ... သူ့ယောက်ျားနာမည်က ဝင်းနိုင်တဲ့၊ ခိုးဆိုး ဓါးဆိုပဲ၊ ခံဝန်ခြေချုပ်ဖောက်ဖျက်တာရယ် ... လူရိုက်မှုရယ်ပေါင်းပြီး ၇ နှစ်ကျ၊ သူ့စခန်းရောက်လာပြီး တောလိုက်လည်းကျွမ်းတယ်ဆိုတော့ သူ့တပည့်ဖြစ်သွားတာပဲလေ"

ထိုစဉ်အစ်ကိုကြီးဦးသိန်းလွင်က–

"ဒါနဲ့ ... ဘယ်နေရာပြောင်လို့ သူ့နာမည် ပြောင်ချောမလို့ ခေါ်တာလဲကွ"

"အဲဒါတော့ ... သိဘူးလေ၊ သူ့ယောက်ျားဝင်းနိုင်ပဲ .. ဘယ်နေရာပြောင်တယ်ဆိုတာကို သိမှာပေါ့၊ ဟုတ်ဖူးလား ဟဲ ဟဲ"

ထိုအချိန် ခြံအပြင်ဘက်မှာ ခွေးဟောင်သံကြားလိုက်ရသဖြင့် လှမ်းကြည့်ရင်း ကိုဦးက–

"ဟော ... ထန်းသီးရောက်ပြီဆိုတော့ သူတို့လည်း လာပြီပေါ့"

ထိုသို့ပြောနေစဉ် ထန်းသီးဆိုသည့်အမဲလိုက်ခွေးက သူ့သခင်ခြေထောက်ကြားတိုးဝင်လိုက်ပြီး ခေါင်းနှင့်ခွေ့၊ လျှာဖြင့်လျက်နေ၍ သခင်ဖြစ်သူက ပွတ်သပ်ပေးရင်းက–

"ဒီကောင့်နှုတ်သီးမှာ သွေးတွေဗျ၊ တစ်ကောင်ကောင်တော့ကိုက်ခဲ့ပြီ"

ကိုဦးစကားကြောင့် ကျွန်တော်တို့ ထန်းသီးနှုတ်သီးကိုကြည့်လိုက်ကြရာ သွေးစသွေးနများကို မြင်လိုက်ကြရသည်။ ထန်းသီးဆိုသည့် အကောင်ကလည်း ညိုလုံးကဲ့သို့ အမဲလိုက်ကောင်းသည့် ခွေးတစ်ကောင်မဟုတ်ပါလား။

မကြာမီ မစမ်းမြက ခံတောင်းကို ခေါင်းပေါ်မှရွက်လာသလို ညှော်သည်ဖြစ်သူပြောင်ချောမက ဒူးလေးကိုလွယ်ပြီး ပုခုံးပေါ်တွင် ချေပေါက်အသေတစ်ကောင်ကို ထမ်းလာကြသည်ကို တွေ့လိုက်ရပေသည်။ မစမ်းမြက–

"အစ်ကိုကြီးတို့အဖွဲ့ ... ရောက်လာတာ ဟင်းစားရတာနဲ့ အတော်ပဲ"

ခံတောင်းနှင့်ချေသေကို မြေပြင်သို့ ချလိုက်ကြပြီး ပြောင်ချောမဆိုသူက ကျွန်တော်တို့ကို အသေအချာကြည့်လိုက်ရင်းက–

"ရန်ကုန် မုဆိုးအဖွဲ့ဆိုတာလား ဟင်"

သူမက မေးလိုက်သည့်အတွက် ရွာခံမုဆိုးကိုဦးက–

"ဟုတ်တယ်ကွ ... ဟောဒါက အဘကောင်း၊ ဟိုက ... အစ်ကိုကြီးဦးသိန်းလွင်၊ သူကတော့ ဘိုလေးဆိုတဲ့ ရန်ကုန်မုဆိုးတွေပဲ"

"ဩော် ... ဟုတ်ကဲ့ ခုလိုကြုံရတာ ဝမ်းသာပါတယ်၊ ထောင်မှူးကြီး ပြောပြထားလို့ ... နာမည်တွေကိုတော့ ကြားဖူးနေပါတယ်၊ အသက်ကြီးမယ် ထင်နေတာ ခပ်ငယ်ငယ်တွေပဲကိုး"

သူမပြောလိုက်ချိန် ကျွန်တော်က သူမကို ဂရုတစိုက်ကြည့်လိုက်မိသည်။ အသားက ခပ်ညိုညို၊ အရပ်ကအနည်းငယ်ရှည်သည်။ ဆံပင်အုံကခပ်ကောင်းကောင်း၊ နှာတံကပေါ်ပေါ်၊ ရုပ်ရည်ကကပြားရုပ်၊ ကုလားသွေးနှောသည်ဟုထင်မိသည်။ သနားကမားနှင့် လုံးကြီးပေါက်လှ၊ အချိုးအစားကျသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူတစ်ဦး၊ အနည်းငယ် နွမ်းပါးဟန်ရှိသည်။

မစမ်းမြရောက်လာသောတောင်းထဲ တွင် မှိုများပင်။ ကိုဦးက ချေသေကို လည်ပင်းကြိုးကွင်းစွပ်လိုက်ပြီး အိမ်ရှေ့ 'သက်ရင်းကြီးပင်'အကိုင်းတွင် တွဲလောင်းချိတ်ဆွဲလိုက်ပြီး အရည်ချနေစဉ် ကျွန်တော်တို့လည်း ချောင်းဘက်

ချေမှိုဆိုသည်က ယခုလို ရိုးမကြီးအတွင်း မိုးဦးပိုင်း၊ မိုးလယ်နှင့်မိုးနှောင်းပိုင်းအပြင် နွေနှင့်ဆောင်းပါ အရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံပေါက်ကြသည့်အထဲတွင် အဆိပ်အတောက်မဖြစ်သည့် မှို၊ စားလို့ရသည့်မှိုထဲတွင် အပါအဝင်ဖြစ်ပြီး ရှားပါးသည့်အပြင် လူကြိုက်များပြီး တန်ဖိုးကြီးသည့် မှိုမျိုးပင်။


www.burmeseclassic.com

www.burmeseclassic.com


ကိုဆင်းကာ ကိုယ်လက်သန့်စင်လိုက်ကြပေတော့သည်။

"အစ်ကိုကြီးက ‥ မှိုပေါင်းကြိုက်တယ်ဆိုလို့ လုပ်ထားတယ်၊ ချေဝမ်းတွင်းသားချက်၊ ဆိတ်သားခြောက်ဖုတ်၊ ချောင်းငါးကြော်လည်းပါတယ်၊ အဆင်သင့်ပဲ အစ်ကိုကြီး"

ကိုယ်လက်သန့်စင်ပြီး ပြန်အလာ စားပွဲဝိုင်းတွင် အဆင်သင့်ဖြစ်နေပြီမို့ မစမ်းမြက ပြောလိုက်ခြင်းပင်။ သို့အတွက် အစ်ကိုကြီးဦးသိန်းလွင်က–

"ငါတို့ ‥ ဒီညနားလိုက်ကြမယ်၊ မနက်မှ ခြေရာရှာရင်း ‥ တောပုန်းချောင်းထွက်လိုက်ကြတာပေါ့"

စားပွဲဝိုင်းတွင် ဝိုင်းထိုင်လိုက်ကြရင်း ကျွန်တော်က–

"ဘာမှိုကိုပေါင်းတာလဲ မစမ်းမြ"

"ချေမှိုလေ ‥ အစ်ကိုကြီးကြိုက်တဲ့ ချေမှိုပေါ့"

ချေမှိုဆိုသည်က ယခုလို မိုးမကြီးအတွင်း မိုးဦးပိုင်း၊ မိုးလယ်နှင့်မိုးနှောင်းပိုင်းအပြင် နွေနှင့်ဆောင်းပါ အရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံပေါက်ကြသည့်အထဲတွင် အဆိပ်အတောက်မဖြစ်သည့် မှို၊ စားလို့ရသည့်မှိုထဲတွင် အပါအဝင် ဖြစ်ပြီး ရှားပါးသည့်အပြင် လူကြိုက်များပြီး တန်ဖိုးကြီးသည့် မှိုမျိုးပင်။

ချေမှိုဆိုသည်က 'ငှက်စို့မှို၊ တောင်ပို့မှို'များကဲ့သို့ နေရာအနှံ့မပေါက်၊ သစ်တောထူထပ်ရာလည်းဖြစ်၊ သစ်ပင်ရိပ် အောက်မြေပြင်ထက် (မြေပြောင်ပြောင်)တွင်သာ ပေါက်တတ်ကြသည်။ (နီညို)ရောင်အဆင်းရှိပြီး မှိုသားက မာကျောကာ အသားဟင်းကို စားရသကဲ့သို့ စည်းစည်းပိုင်ပိုင်ရှိပြီး အလွန်ရှားကာ တန်ဖိုးကြီးသည်။ ချေတစ်ကောင်၏အရောင်အဆင်းနှင့် တူ



သဖြင့် 'ချေမှို' ဟုခေါ်ကြသည်။ အချို့နေရာတွင် (အနီ+အဝါ+အညို) ရောင်များကိုလည်း တွေ့ရတတ်သည်။ အရောင်အဆင်းကွဲပြားသော်လည်း အရွယ်အစားတူပြီး မှိုသားမှာ အတူတူပင်ဖြစ်ပေသည်။

မှိုပေါင်းလုပ်သည်က တောငှက်ပျောရွက်သုံးရွက်ခန့်ကို ထပ်လိုက်ပြီး ရေစင်အောင် ဆေးထားသည့် မှိုအဖူးတွင် ဆားသုတ်၍ထည့်ကာ အထုပ်ဖြစ်အောင်ဝါးစကလေးများနှင့် ထိုးလိုက်သောအခါ 'ခါချဉ်ထုပ်'ပုံသဏ္ဍာန်မျိုးဖြစ်သွားပေသည်။ ထိုအခါ ဘေးဘက်ညာအထက်နှင့်အောက်ကို မီးအပူပေးလိုက်သောအခါ၊ ငှက်ပျောရွက်အထုပ်မှာ ခြောက်သွားပေသည်။ (မီးမကျွမ်းစေရ)။ ထိုအခါ အထုပ်ကိုဖွင့်လိုက်လျှင် မွှေးကြိုင်သင်းပျံ့သော မှိုပေါင်းဖြစ်သွားပေသည်။ ယမကာနှင့်လိုက်ဖက်သည့် အမြည်းတစ်ပွဲပင်။

မှတ်ချက်–

(ထိုမှိုပေါင်းကို စားမိပါက နောက် ငါးရက်ခန့် လေချဉ်တက်လျှင် မွှေးကြိုင်သင်းပျံ့သော အနံ့ကိုရနေသည်။ တောလိုက်မုဆိုးတို့၏ ဟင်းတစ်ပွဲလည်း ဖြစ်သည်)

ကျွန်တော်တို့ ကိုဦးနှင့်အတူ ဝိုင်းကာစားသောက်နေစဉ် သူမတို့နှစ်ဦးက အနီးမှ လိုအပ်သည်ကို ဖြည့်ဆည်းပေးရင်း စောင့်ကြည့်နေသည်။ အတန်ကြာတော့ ကျွန်တော့်ကို စူးစိုက်ကြည့်နေသည့် ပြောင်ချောမက–

"ဦးဘိုလေးက သေနတ် ဘယ်နလက်ပါခဲ့လဲ၊ ဘာသေနတ်တွေလဲ"

"သေနတ်ကြီးပေါ့ကွာ ... အမဲကြီးပစ်ဖို့အတွက် ငါးလက်နဲ့ ဟင်းစားရှာဖို့အတွက် ပွိုင့်တူးတူးသေနတ်ကလေးတစ်လက် ၆ လက်ပါခဲ့တယ်ကွ"

"ထားပါတော့ ... နှစ်လုံးပြူးကောပါရဲ့လားဟင်"

"အေး ... ပါတယ်၊ ငါ့ကိုင်တာ


www.burmeseclassic.com

www.burmeseclassic.com


ကလည်း နှစ်လုံးပြူးသေနတ်လေကွယ်၊ ပါရတာပေါ့ ကလေးမရဲ့ ... ဘာဖြစ်လို့တုန်း''

ကျွန်တော်ပြောလိုက်သည်က အမှန်အတိုင်း။ သို့သော် အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့က ဘာမဟုတ်သည့် ထိုမိန်းကလေးက သာမန်မဟုတ်ဘဲ စည်းကျော်လာသည့် မေးခွန်းမျိုးဖြစ်သည့်အတွက် မျက်ထောင့်နီကာ စောင်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ အဘကောင်းဆိုသည်က လည်း ကျွန်တော်တို့၏ဆရာကြီး အစ်ကိုကြီး ဦးသိန်းလွင်ဆိုသည်ကလည်း မုဆိုးအတွေ့အကြုံအရ ပေါ့သေးသေးမဟုတ်။ သူမ မေးခွန်းအပေါ် မျက်ထောင့်နီကာ စွေကြည့်လိုက်သည်က အတော်ပင် မကျေနပ်သည့်အသွင်မျိုးမို့ ကျွန်တော်က ပျာပျာသလဲနှင့် မေးလိုက်စဉ်-

''မဟုတ်သေးပါဘူး ... ကျွန်မ မေးနေတာက ဘာသေနတ်တွေပါပြီး ဘာကောင်ကို ပစ်ချင်ကြတာတုန်းဆိုတာကို .. မေးနေတာပါလေ''

''ဒီလိုပါ ညီမလေးရယ် ... ငါတို့က မအားမလပ်တဲ့ကြားထဲက လာခဲ့ကြရတာပါ၊ ပစ်ချင်တာကတော့ သားကောင်ကြီးတွေပေါ့လေ၊ ဘာကောင်ပဲပစ်ရ ပစ်ရ ကျေနပ်ပါတယ်''

''ဒီလောက်ဆိုရင် ... သိပါပြီ၊ မနက်ဖြန်မနက်ကို ကုရင်မနဲ့မနီးမဝေးနေရာမှာ အမဲပေါတဲ့စခန်းတစ်ခုဘက်ကို တောပုန်းချောင်းထွက်ချင်လို့ မေးတာပါ၊ ဦးဘိုလေးက ... နှစ်လုံးပြူးကိုင်၊ ကျွန်မက ... ဒူးလေးကိုင်မှာပါ''

သူမစကားကြောင့် ကျွန်တော်က တအံ့တသြနှင့်ပြန်မေးလိုက်မိသည်က-

''နှစ်ယောက်ထဲသွားမှာထား .. ဘာကောင်တွေ ပစ်ရမှာလဲဟင်''

''ဟုတ်တယ် ... တောပုန်းချောင်းပစ်ရမှာဆိုတော့ လူများလို့ မကောင်းဘူး၊ နှစ်လုံးပြူးတစ်လက်နဲ့ ဒူးလေးတစ်လက်ဆိုရပြီ၊ ဘာကောင်ပစ်ရမယ်ဆိုတာတော့ .. ကြုံချည်ထားတဲ့အကောင်မဟုတ်တော့ ကံသေကံမ ပြောလို့မရဘူးပေါ့လေ''

သူမပြောလိုက်သည့်စကားကြောင့် ကျွန်တော်က သဘောကျကာ ပြုံးလိုက်ရင်း ခေါင်းညိတ်သဘောတူလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် မင်းကုန်းရဲဘက်စခန်းမှ ထောင်မှူးကြီး သိန်းဝင်းပြောလိုက်သည့် 'မုဆိုးမ'အစွမ်းအစ၊ အရည်အချင်းကို လက်တွေ့မျက်ဝါးထင်ထင် အကဲခတ်နိုင်မည့်အတွက်ကြောင့်ပင်။ ညစာကို အားလုံးဝိုင်းကာစားလိုက်ကြပြီး မေးစက်အနားယူလိုက်ကြပေသည်။

+++

နောက်တစ်နေ့ နံနက်ပိုင်း လင်းကြက်တွန်သံကြားတော့ အိပ်ရာမှနိုးထလာသည်။ နံနက်အဆာပြေ စားသောက်ပြီး မုဆိုးအသုံးအဆောင်များကိုယူလျက် တဲမှ ထွက်လာကြတော့ ကျေးငှက်သံ တစာစာအော်မြည်ဟစ်ကြွေးသံများကို ကြားနေရပေပြီ။ ရွာကိုကျော်ပြီး ခင်တန်းဆီသို့အရောက် ရှေ့မှ ဦးဆောင်သွားနေသည့် သူမကို ကျွန်တော် အကဲခတ်ကြည့်လိုက်မိသည်။ စစ်ကာကီရောင်ကို ဝတ်ဆင်ထားပြီး ကျောပိုးအိတ်ကို လွယ်ကာ မြားကျည်ထောက်ထည့်ထားသည့် ဝါးဆစ်ဖူးကို ဘယ်ဘက်ပုခုံးတွင်လွယ်ပြီး ဒူးလေးကို ဘယ်ဘက်မှကိုင်ထားသလို ညာဘက်လက်တွင် ကိုင်းခုတ်ဓားအရှည်ကိုကိုင်လျက် လုံချည်ကိုသလုံးသားပေါ်အောင် ဝတ်ဆင်ထားပြီး တက်ကြွစွာ ရှေ့မှ ဦးဆောင်သွားနေသည်ကို သတိပြုလိုက်မိသည်။

တဖြည်းဖြည်းတောလမ်းအတိုင်း ကုရင်မဘက်ကို ဦးတည်လျှောက်လှမ်းခဲ့ကြရာ အတန်ကြာကြာလျှောက်လှမ်းလိုက်တော့ ကျွန်တော်က ရောက်ရှိနေသည့် တောအနေအထားသတိပြုလိုက်သည်။ တောမှာ အမြဲစိမ်းသစ်တောကြီးမျိုးဖြစ်သဖြင့် သစ်ပင်ကြီးငယ်မျိုးစုံသည် ထိုအပင်ကြီးများကို ရစ်ပတ်သွယ်သိုင်းထားသော သပွတ်သိမ်ချုံနွယ်ပင်ကြီးများ၊ ဒိုးနွယ်ပင်၊ ချုံနွယ်တော၊ ဝါးရုံတောကြီးများတို့နှင့် ရောထွေးလျက်ပင်စောက်၊ ကံ့ကော်၊ သစ်အယ်၊ မဟော်ဂနီ၊ တောင်ပိန္နဲ၊ တောင်သရက်၊ တောချည်း စသည့်ပင်ကြီးတို့ကိုလည်း တွေ့မြင်နေရသည့်အပြင် တောကြီးအား စိမ်းစိုအုံ့ဆိုင်းပြီး နေပြောက်ပင်မထိုးနိုင်လောက်အောင် ပိတ်ဆည်းလျက်။

ဆက်လက် လျှောက်လှမ်းခဲ့ကြရာ တောင်ကြားလျှိုကြီးများအတွင်း သစ်ပင်ကြီးတို့က ခပ်စောင်းစောင်းပေါက်နေပြီး သစ်ပင်ထက်ကိုင်းဆုံများတွင် သစ်ခွပန်းအုံကြီးများမှ ရောင်စုံသစ်ခွပန်းတို့ဖူးပွင့်နေသည်ကိုလည်း တွေ့ရသည်။ ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ရှေ့တွင်မြင်တွေ့နေရသည့် တောင်တစ်လုံး၏တောင်ထိပ်တွင် မြက်ပင်များ ဖုံးပြီး တောင်ကတုံးသဖွယ်


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေသည်ကို လှမ်းတွေ့လိုက်ရသည်။ ထိုတောင်ကတုံးကိုတက်ပြီးပြန်အဆင်းဆင်ခြေလျှောအတိုင်း ဆင်းခဲ့ရာ သစ်ပင်များ ခပ်ကျဲကျဲပေါက်နေသည်ကို သတိပြုမိသည်။ ထိုဆင်ခြေလျှောအဆုံးတွင် နောက်ထပ် ခပ်ပြေပြေခပ်နိမ့်နိမ့်တောင်ကုန်းကလေးတစ်ခုဆီ ရောက်လာသည်။ ထိုစဉ်–

''သေနတ်ကို ...အသင့်ပြင်ထားနော်''

ကျွန်တော့်ကို အသင့်ပြင်ခိုင်းသလို သူမကလည်း ဒူးလေး၏လေးညို့ကို ဆွဲတင်လိုက်ပြီး မြားလမ်းကြောင်းတွင် မျှားတံတစ်ချောင်းကို ပျားဖယောင်းနှင့် ကပ်လျက် အသင့်အနေအထားမျိုးနှင့် ကိုင်ဆောင်ထားသည်ကို တွေ့လိုက်ရသည်။

ကျွန်တော် စဉ်းစားတွေးတောနေလိုက်သည်က သူမပြောစဉ်က အမဲပေါသည့်စခန်းတစ်ခုဆီသို့သွားမည်ဆိုသည့်စကားကို သတိရလိုက်သည်။ သို့သော်လည်း ယခု ကျွန်တော်တို့နှစ်ဦးရောက်နေသည့်နေရာထိ ထူးခြားမှုမရှိသေး။ လမ်းမှာ လာခဲ့ကြရင်း ချေဟောက်သံ၊ ဒရယ်(ချေ)သံ၊ မျောက်အော်သံတို့ကို ခပ်လှမ်းလှမ်းဆီမှ ကြားကြားခဲ့ရတာလောက်ပင် ရှိသည်။ ယခု ကျွန်တော်တို့ရောက်နေသည့် ဟိုမှာဘက်မှာ လျှိုလိုဖြစ်နေပြီး ထိုနေရာတွင် ကျောက်တုံး၊ ကျောက်ခဲ၊ ချုံပုတ်ငယ်များနှင့် မြတ်ရိုင်းပင်များရှိပြီး ကုန်းထိပ်တွင် လူကြီးနှစ်ဖက်စာခန့်ကြီးမားသည့် တောညောင်းပင်ကြီးတစ်ပင်ကို တွေ့မြင်လိုက်ရသည်။ ထိုစဉ် သူမက ကျွန်တော့်အနားတိုးကပ်ပြီးလေသံနှင့်–

''သစ်ပင်တော့ ..တက်တတ်ပါတယ်နော်''

ကျွန်တော်က ပြန်မပြော။ ခေါင်းညိတ်ပြလိုက်သည်။ သို့အတွက် နှစ်ဦးသား ထိုအပင်ကြီးရှိရာဆီသို့ သွားလိုက်ပြီး အကိုင်းများမှတစ်ဆင့် တက်ကာ ခွဆုံပိုင်းတွင် နှစ်ဦးသား အထိုင်ချ နေရာယူထားလိုက်ကြပေသည်။

သစ်ပင်ထက် ၁၅ ပေအမြင့် ကိုင်းဆုံထက်တွင် နေရာယူအထိုင်ချလိုက်ပြီး အောက်ခြေမြေပြင်ပစ်ကွင်း(သတ်ကွင်း)ကို လိုက်လံကြည့်ရှုလိုက်ရင်း ကျွန်တော့်တွင် အတွေးတစ်ခုက ပေါ်လာသည်။ ထိုအတွေးနှင့်အတူ ကျွန်တော့်လုပ်ရပ်သည် မှားနေသည်။ ထိုမိန်းကလေး ဦးဆောင်မှုနောက်ကို မစူးစမ်း မဆင်ခြင်လိုက်လာမိခဲ့သောအမှားလုပ်ရပ်ကိုလည်း နောင်တရကာ မိမိကိုယ်မိမိအပြစ်တင်လိုက်မိပေသည်။

အဘယ့်ကြောင့်ဆိုသော် ယခုဖြစ်ရပ်သည် ကျွန်တော့်လိုအမဲလိုက်မုဆိုးကြီးတစ်ယောက်က သစ်ပင်ခွဆုံကိုင်းပေါ် တက်ရောက်ပြီး လင့်ထိုင်နေခြင်းသည် ဘယ်လိုအကြောင်းမျိုးကြောင့် တက်ရောက်ထိုင်နေရခြင်းဆိုသည့်အကြောင်းကို အဖြေရှာမရသည့်အတွက်ပင် ဖြစ်ပေသည်။ အမှန်တော့ ယခုကဲ့သို့ သစ်ပင်ထက်ကိုတက်ပြီး မုဆိုးတစ်ယောက်အတွက် သေနတ်ကိုကိုင်ကာ စောင့်ခြင်းမျိုးဆိုသည်က သားကောင်သည် စားပင်အောက်ကိုဝင်ပြီး ကြွေကျသောအသီးတို့ကို စားသောက်ရန်ဝင်သည့်အကောင်ကို ချောင်းမြောင်းစောင့်ဆိုင်းပစ်ခတ်ခြင်း(သို့မဟုတ်ပါက)ကျစ်တွင်း/ဆားငံတွင်းဆီသို့ ဝင်လာသောအကောင်ကို စောင့်ဆိုင်းပစ်ခတ်ခြင်းအကယ်၍ ထိုနေရာမျိုးတွင် လင့်ထိုင်ရန် သစ်ပင်မရှိပါက သစ်ကိုင်းသစ်ခက်များကို ခုတ်ဖြတ်ကာ (ပုန်းအုံ)လုပ်ပြီး အတွင်းမှစောင့်ပစ်ခတ်ခြင်းမျိုးသာ လုပ်ကြသည်။ ယခု ကျွန်တော်က ဘာမှမရှိသည့် စားပင်လည်းမဟုတ်၊ ကျစ်တွင်း(ဆားငံတွင်းလည်းမဟုတ်သည့် နေရာသစ်ပင်ထက်ကို တက်ပြီး သားကောင်ကို စောင့်ခြင်းသည် ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စလို၊ မလောက်လေး မလောက်စား 'မုဆိုးမ'ဆိုသည့် အမျိုးသမီးဦးဆောင်မှုနောက်က လိုက်လုပ်နေရသည့်အဖြစ်ကို မကျေမနပ် အဓိပ္ပာယ်မဲ့သည့်လုပ်ရပ် ဖြစ်နေသည့်အတွက် မေးစမ်းကြည့်ရန် အနီးမှ သူမကို လှမ်းမေးမည်အလုပ် သူမက ငြိမ်ငြိမ်နေရန်နှင့် နှုတ်ခမ်းကို လက်ညှိုးနှင့်ကန့်လန့်ဖြတ်ကာပြရင်း စကားမပြောရန် အထာပြလိုက်သည်မို့ အသာငြိမ်သက်ကာ မကျေမနပ်စောင့်ဆိုင်းနေလိုက်ရပေသည်။

နာရီဝက်မှတစ်နာရီ၊ နောက်တစ်နာရီခန့် အောင့်အီးကာ စောင့်လိုက်တော့ ဗိုက်ကဆာလာပြန်သည်။ ရေဘူးကို အဖုံးဖွင့်ကာ မော့နေလိုက်စဉ် အောက်ဖက်မှ–

''အူး ...အွတ်အွတ်အွတ်''

တောဝက်တစ်ကောင် အော်သံကို ကြားလိုက်ရသည်မို့ ရေဘူးကိုပိတ်ကာ သစ်ကိုင်းတွင် ပြန်ချိတ်လိုက်ပြီး သေနတ်ကိုကိုင်ကာချိန်ရွယ်လိုက်တော့ သူမက မပစ်ရန်တားနေသည်။ သို့အတွက် အခြေအနေကိုသိရှိနိုင်ရန် အသံကြားရာ မြေပြင်ကို လှမ်းကြည့်


www.burmeseclassic.com

www.burmeseclassic.com


လိုက်တော့ ကြီးမားထွားကြိုင်းသန်စွမ်းသော တောဝက်ကြီးတစ်ကောင်သည် ကျွန်တော်တို့ တက်ရောက်ထိုင်နေရာအောက်ပစ်ကွင်းဆီသို့ ယိုင်နဲ့နဲ့စွာ ဝင်ရောက်လာပြီး နှုတ်ဖျားမှလည်း 'တအူအူ၊ တအွတ်အွတ်'အသံများကိုပြုရင်း ပစ်ကွင်းအတွင်း ဝင်ရောက်လာသည်။ တောဝက်ကြီးမှာ ဝက်တောင်းကြီးတစ်ကောင်ဖြစ်သည့်အတွက် တုတ်ခိုင်ကြီးထွားကာ သန်မာထွားကြိုင်းပြီး ဖြူဖွေးသည့်အမြီးကို လှုပ်ယမ်းကာ သွားလိုက်၊ ရပ်တန့်လိုက်၊ ခေါင်းကိုမော့ကာ ဘေးဘယ်ညာကိုကြည့်လိုက်၊ နားရွက်ချွန်ချွန်နှစ်ဖက်ကို ထောင်လိုက်၊ ဘေးဘယ်ညာကိုကွေ့ဝိုက်လိုက်၊ ပြန်ဆန့်လိုက်အကြိမ်ကြိမ်ပြုလုပ်ရင်း ရှေ့ကိုချွန်ထွက်နေသည့်နှာခေါင်းဖြင့် အနံ့ခံနေသည်။ အတန်ကြာတော့ သူ သံသယရှိသည်တို့မှာ တကယ်မဟုတ် သံ



သယသာဖြစ်သည်ဟူသောစိတ်ဖြင့် အပင်အောက်ကို ဝင်လာသည်။ အနီးကပ် အထက်အောက်မှ အသေအချာကြည့်လိုက်ရာ သန်မာထွားကြိုင်းသသောက် စုပ်ချွန်းချွန်းနှုတ်ဖျားဘေးတစ်ဖက်တစ်ချက်စီတွင် ဝါညစ်ညစ် တစ်မိုက်နီးပါးခန့် အစွယ်ကြီးနှစ်ချောင်းက အပြင်ကို ငေါထွက်နေသည့် တောဝက်ကြီးကို တွေ့လိုက်ရပေသည်။

ကျွန်တော်က အပေါ်စီးမှမို့ အပိုင်ပစ်ခတ်ရန် လက်ညှိုးကလေးကို လှုပ်ရှားလိုက်တော့မည်အလုပ်တွင် အနီးရှိ 'ပြောင်ချောမ'က မပစ်ဖို့ဟန့်တားလိုက်ပြန်သည်။ တစ်နေရာကို လက်ညှိုးထိုးပြနေသည့်သူမက–

"စိတ်မစောနဲ့ စောင့်ကြည့် ... နောက်ထပ်လာလိမ့်ဦးမယ်"

ပါးစပ်ကတော့ မပြော။ သူမ အပြုအမူတို့က ထိုကဲ့သို့ပြောနေသည့်နှယ်မို့ ကျွန်တော်က ပစ်ခလုတ်ကိုဆွဲမဖြုတ်သေးဘဲ လှုပ်ရှားမှုကို စောင့်ကြည့်နေလိုက်သည်။

ဝက်တောင်းကြီးမှာ ဝန်းကျင်ကို လိုက်လံအနံ့ခံနေသလို ဦးခေါင်းနှင့် မျက်လုံးအစုံကိုလည်း ဟိုဟိုသည်သည် လိုက်လံကျီးကန်းတောင်းမှောက်ရှာဖွေနေရင်း သူ၏လက်ဝဲဘက်တောချုံပင်တွေအတွင်းမှ လှုပ်လှုပ်ရွရွဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် နားရွက်နှစ်ဖက်ကို ရှေ့သို့စုလိုက်ပြီး ဆုံးဖြတ်ချက်ချလိုက်ဟန်ထင့်၊ ပြင်းထန်သောအသံကို ပြုရင်း တရှူးထိုးတောချုံပုတ်တို့အကြား ပြေးဝင်သွားသည်ကို တွေ့လိုက်ရပေတော့သည်။

"အီး ... အူး .. အွတ်၊ ဖျောင်း ဖျောင်း .. ရွှီး ... ဖျီး"

တောချုံပုတ်မှာ လူတစ်ရပ်သာသာခန့်မြင့်မားပြီး အရွက်အခက်များ ရှုပ်ထွေးနေသည့်အတွက် ချုံပင်အောက်တွင် ဘာရှိသည်ကို ကျွန်တော်တို့ မတွေ့မြင်။ ဝက်တောင်းကြီးမှာ တောချုံပင်အောက်ကိုပြေးဝင်သွားလိုက်သည်နှင့်အတူ ကျယ်လောင်စူးရှသည့်အသံတို့ကို ကြားလိုက်ရပေသည်။ တစ်ကောင်အသံက တောဝက်ကြီးအသံ။ နောက်တစ်ကောင်မာန်ဖီသံက မြွေကြီးတစ်ကောင်၏မာန်ဖီသံကြီးပင်။

ချုံပုတ်အကြား ထိုနှစ်ကောင် သတ်ပုတ်ကိုက်ခဲနေမှုကြောင့် သိမ့်သိမ့်ခါအောင် ယိမ်းထိုးလှုပ်ရှားပြီး အတန်ကြာတော့ ချုံပုတ်များလဲပြိုပိပြားပြီး နှစ်ကောင်လုံးကို ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။ တောဝက်ကြီး ပြေးဝင်ကိုက်ခဲသောအကောင်ကြီးကား စပါးကြီးမြွေကြီးတစ်ကောင်ပင် ဖြစ်ပေတော့သည်။ ထိုမြွေကြီးကို တောဝက်ကြီးက လည်တိုင်ရင်းကို ကိုက်ခဲယမ်းခါနေသည်။ စပါးကြီးမြွေကြီးကလည်း လယ်တိုင်ရင်းကို ကိုက်ခဲခါရမ်းမှုကို ခံနေရလင့်ကစား ကျွန်တော့်ပေါင်လုံးထက်ပင် ကြီးမည့် သူ့ကိုယ်လုံးကြီးက တောဝက်ကြီးကိုယ်လုံးကို ရစ်ပတ်ဖျစ်ညှစ်နေသည်။ ဝက်ကြီးက မြွေကြီး၏လယ်တိုင်ရင်းကို အမိအရကိုက်ခဲပြီး ညှစ်အား


www.burmeseclassic.com

www.burmeseclassic.com



ပေးကိုက်ခဲထားသည်မို့ သူ့ကိုယ်လုံးကြီးအား မြွေကြီးက ဖျစ်ညှစ်ရစ်ပတ်ထားသော်လည်း ကြာရှည်တွင် ညှစ်အားပျော့ကာ ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

ဝက်တောင်းကြီးကား ကိုက်ခဲထားသည့် လယ်တိုင်ရင်းမှ အသားများကို အငြိုးတကြီးအားပါးတရ စားသောက်နေသည်ကို မြင်တွေ့နေရသည်။ ထိုစဉ်ပစ်ခလုတ်ကို တောဝက်ကြီးဆီသို့ ဆွဲဖြုတ်တော့မည်အလုပ် 'ပြောင်ချောမ'က တစ်တောင်နှင့်တို့ထိကာ မပစ်ခတ်ဖို့ တားမြစ်နေပြန်သည်နှင့်အတူ တစ်နေရာကို လက်ညှိုးထိုးပြနေသဖြင့် ကြည့်လိုက်ရာ သစ်လဲပင်ကြီး၊ ပင်စည်လုံးထက်တက်ပြီး ဗိုက်ကပ်ဝပ်စဉ်းကာ တောဝက်ကြီးကို ခုန်အုပ်ကိုက်ခဲဖို့ အသင့်ပြင်နေသည့် ရိုးကျားကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရပြန်သည်။ သို့အတွက် ပစ်တော့ဘဲ အခြေအနေကို ငြိမ်သက်စွာနှင့်စောင့်ကြည့်နေလိုက်မိပေသည်။

ကျွန်တော် ကျားကြီးကိုကြည့်ရင်း သစ်ပင်မြင့်ထက်ကိုတက်ပြီး နေရာယူရန်ပြောခဲ့သည့် 'ပြောင်ချောမ'ကို စိတ်တွင်းကကျိတ်ပြီး ကျေးဇူးတင်နေမိသည်။ အကယ်၍သာ အခြားတစ်နေရာမှသော်လည်းကောင်း၊ မြေပြင်ရှိနေရာမျိုးတွင် ဝင်ရောက်နေရာယူထားမိခဲ့ပါမူ ကျွန်တော်တို့အနံ့ကို သူတို့ရသွားမည့်အတွက် ဖြစ်လာမည့်ပြဿနာကို တွေးရဲစရာပင်မရှိပေ။

သစ်လဲပင်၏ပင်စည်လုံးထက်တွင် ဝပ်ပြီး ဝက်တောင်းကြီးကို ငုံ့ကြည့်နေသည့် ရိုးမကျားကြီးသည် ဝက်တောင်း

“

**သေနတ်နဲ့လည်း**
**မပစ်ရ၊**
**ဒူးလေးနဲ့လည်း**
**မပစ်ရဘဲ**
**ရိုးမကျားကြီး**
**တစ်ကောင်**
**ဝက်တောင်းကြီး**
**တစ်ကောင်**
**မြွေကြီးတစ်ကောင်**
**ရလိုက်တယ်ဆိုတော့**

”

ကြီးအား ခုန်အုပ်ကိုက်ခဲရန်အတွက် နားရွက်ဝိုင်းဝိုင်းကလေးနှစ်ဖက်ကို ဦးခေါင်းနောက်ပြားနေအောင်ကပ် ပါးသိုင်းမွေးကြီးကိုဖြဲ၊ သွားစွယ်ကြီးများထုတ်လျက် အသံမကြားအောင် ခြေသံကို ဖွနင်းလျက် ဘစ်လုံးပေါ်မှတစ်လှမ်းချင်းသွားနေသည်။ အတန်ကြာတော့ သူ့စိတ်ကြိုက်အနေအထားသို့ ရောက်သွားဟန်ထင့်။ သစ်လဲပင်ကြီးထက်မှ ဝက်တောင်းကြီးကုတ်ပိုးရှိရာဆီကို ခုန်အုပ်ကာ ကိုက်ခဲလိုက်ပေတော့သည်။

ဝက်တောင်းကြီးမှာ စပါးကြီး မြွေကြီး၏အသားတွေကို အငမ်းမရကိုက်ဖဲ့စားနေစဉ် မမျှော်လင့်ဘဲ နောက်ကျောဘက်မှ ရန်သူ၏တိုက်ခိုက်ကိုက်ခဲခြင်းကို ခံလိုက်ရသဖြင့် တန်ပြန်တိုက်စစ်မဆင်နိုင်ဘဲ ဖြစ်နေသည်။

တောဝက်တို့၏ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ ယခုလို နွေရာသီအချိန် ရေများခန်းခြောက်ပြီး ရေကိုစိမ်လို့မရဘဲ နွံလူးကာ အအေးခံကြရသည်။ နွံတွင်းမှတက်လာသောဝက်သည် ကိုယ်တွင်ကပ်နေသော နွံများကို ခြေးလွှားခုန်ပေါက်ဆော့ကစားပြီး ခွာချကြရသည်။ သို့တိုင်အောင် မကျွတ်သဖြင့် ကျန်ရှိနေသော နွံများကို သစ်ပင်၏ပင်စည်လုံးရှိ အခေါက်ကြမ်းများနှင့် လက်ပျဉ်ကို ပွတ်တိုက်ခွာချရသည်။ ထိုကဲ့သို့ ပြုလုပ်ဖန်များသောအခါ လယ်တိုင်နှင့် လက်ပျဉ်တို့မှာ အပွေးတက်ပြီး အခေါက်များမာကျောနေကြသည့်အတွက် ယခုကဲ့သို့ ကျားကြီးကိုက်ခဲထားခြင်းကို အသာငြိမ်ခံ၍ အခါအခွင့်ကိုစောင့်နေဟန်ပင်။

တောဝက်တို့၏သဘာဝမှာ ယခု အချိန်တွင် အခေါက်ထူပြီး အသားများ



www.burmeseclassic.com

www.burmeseclassic.com



ကာ ထိုနှစ်ခုအကြား အသီပြင်မရှိသည့် အချိန်မျိုး၊ တောဝက်မှာ အရွယ်လွန်ပြီး ဝက်တောင်းကြီးတစ်ကောင်ဖြစ်သလို အခေါက်ကလည်းထူနေသည်မို့ ကျားကြီး၏ကိုက်ခဲမှုကို ခံနိုင်ရည်ရှိသဖြင့် အသာငြိမ်ခံနေစဉ် ကျားကြီးကလည်း သစ်လဲပင်ကြီးထက် ခုန်အုပ်ကိုက်ခဲလိုက်ရသည်မို့ အံဝင်ခွင်ကျမရှိဖြစ်သွားသည်မို့ ချက်ကောင်းကိုပြောင်းလဲကိုက်ရန် အလွတ်လိုက်တွင် အခွင့်ကောင်းကို စောင့်နေသည့် တောဝက်ကြီးမှာ



နောက်ကျောမှ ကျားကြီးကို ရင်ဆိုင်ပြန်ပက်လိုက်သည်။

ပွဲကား ယခုမှပင် ကြည့်ကောင်းသည်။ စောစောကလို တစ်ဖက်သတ်ကြီး မဟုတ်တော့။ ကျားကြီးကလည်း ရိုးမကျားကြီးဖြစ်သလို တောဝက်ကြီးကလည်း ဝက်တောင်းကြီးတစ်ကောင်ပင်။ သူတို့နှစ်ကောင်ကို နှိုင်းယှဉ်ကြည့်လိုက်လျှင် ကျားတွင် သားကောင်ကို တိုက်ခိုက်ရန် ဖါးစပ်ကြီးအပြင် သွားစွယ်များရှိနေသလို ခြေနှင့် လက်တို့တွင်လည်း ရှည်လျားစူးရှထက်မြက်သည့် ခြေသည်းကြီးများရှိသည်။

တောဝက်ဆိုသည့်အကောင်မှာကား ဘေးသို့ကားပြီး ငေါ်ထွက်ဇနသော အစွယ်နှစ်ချောင်းအပြင် အခေါက်ထူကအဆမွှေးတက်သည့်ကုတ်ပိုးမှလွဲပြီး ခြေလက်ခွာတို့က တိုက်ခိုက်ရာတွင် ထိရောက်မှုမရှိ။ ပါးစပ်ပေါက်တွင် အစွယ်ရှိသော်လည်း ကျားပါးစပ်လောက် မကျယ်ပေ။ တိုက်အားကလည်း ကျားလောက်မကောင်းလှ။ သို့သော်လည်း သတ္တဝါတိုင်းတွင် သဘာဝကပေးထားသော ပြန်လည်ခုခံတိုက်ခိုက်နည်းတစ်ခုကောင်းတော့ ရှိနေကြသည်။

နှစ်ကောင်သား တစ်ကောင်နှင့်တစ်ကောင် ပိုင်ကွက်ကို လှည့်ပတ်ချောင်းနေကြရင်း ကျားကြီးက လစ်ပြီအထင်နှင့် တောဝက်ကြီးကို ခုန်အုပ်လိုက်စဉ် တောဝက်ကလည်း လျင်မြန်သော သဘာဝတိုက်ကွက်ဖြင့် ခုန်ဝင်လာသော ကျား၏ရင်ဘတ်ကို အစွယ်ဖြင့် ထိုးကလော်ပစ်လိုက်သည်။ ပြီးနောက် ဘေးကိုရှောင်ကာ လိမ်ပတ်ပစ်လိုက်သည်။

တောဝက်ကြီး၏တိုက်ကွက်ဗျူဟာ အခင်းအကျင်းကြောင့် ကျားကြီးမှာ အထိနာသွားပြီး ဒေါသဖြင့် တောဝက်ကြီးကုတ်ပိုးကို ခုန်အုပ်လိုက်ရာ တောဝက်ကလည်းရှောင်တိမ်းလိုက်ပြန်သည်။ နှစ်ကောင်လုံး ထပ်မံပြီး ရင်ဆိုင်လိုက်ကြရာ ဂင်ဆိုင်အနေအထားဖြင့် ပျော့ကွက်ကို လှည့်ပတ်ချောင်းနေသည်။ ထိုစဉ် ကျားကြီးက ညာလက်သည်းဖြင့် လျှက်တပြက် တောဝက်မျက်နှာကို လှမ်းကုတ်ချလိုက်ရာ တောဝက်ကြီးက နောက်ကို အသာဆုပ်ပြီး ကျားကြီး၏ လည်တိုင်ရင်းဆီသို့ အစွယ်နှစ်ချောင်းနှင့် ထိုးပြီး ပက်ထုတ်ကော်တင်လိုက်ရာ ကျားမှာ အထိနာသလိုပြန်လည်ကိုက်ခဲမိသည်ကလည်း ခါးဆစ်ရိုးကိုဖြစ်ပေသည်။ သူတို့နှစ်ကောင် မာန်သွင်းတိုက် ခိုက်ကိုက်ခဲနေကြစဉ် ကျားကြီးကိုယ်မှ သွေးများပန်းထွက်လာသလို တောဝက်ကြီးကျောကုန်းမှလည်း သွေးများပန်းထွက်လာနေသည်ကို နှစ်ဦးသား တွေ့မြင်လိုက်ရပေသည်။ နောက်ထပ် သိပ်မကြာလိုက်သောအချိန်တွင် နှစ်ကောင်လုံး တိုက်အား ပျော့လျက် ငြိမ်သက်သွားသည်ကို အံ့ဩဖွယ် တွေ့မြင်လိုက်ကြရပေတော့သည်။

သစ်ပင်ထက်မှ ကြည့်နေသည့် ကျွန်တော်က အနီးရှိ 'ပြောင်ချောမျက်နှာ'ကို ကြည့်လိုက်တော့ သူမက ပြုံးပြလိုက်ရင်းက–

"ဦးဘိုလေး ...ဟာန်မကျူး

လား၊ တစ်နေရာထဲ သေနတ်နဲ့လည်း မပစ်ရ၊ ဒူးလေးနဲ့လည်းမပစ်ရဘဲ ရှိးမ ကျားကြီးတစ်ကောင် . . . ဝက်တောင်းကြီးတစ်ကောင် . . မြွေကြီးတစ်ကောင် ရလိုက်တယ်ဆိုတော့ လာရကျိုးနပ်ပါတယ်နော်''

''လာရကျိုးနပ်ရုံမကဘူးကွ . . တန်လည်း တန်တယ်၊ ကဲ . . ဘယ်လိုလုပ်ကြမလဲ''

''ဘယ်လိုလုပ်ကြမလဲ . . ပြန်ပြီးလူခေါ်ရုံပေါ့၊ လှည်းနှစ်စီးမှရမယ်လေ''

နှစ်ဦးသား သစ်ပင်ထက်ကဆင်းလိုက်ကြပြီး ရွာသို့ပြန်ခဲ့ကြသည်။ သားကောင်တွေကို သယ်ဆောင်ကြရဦးမည်မဟုတ်ပါလား။ အပြန်လမ်းတွင် မုဆိုးမကလေးကို စိတ်တွင်းက အတော်လေးကျေးဇူးတင်နေမိသည်က အမှန်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်သက်တမ်း မုဆိုးဘဝ လုပ်ကိုင်လာစဉ် သေနတ်တစ်ချက်မှ မပစ်လိုက်ရဘဲ သားကောင်ကြီး ၃ ကောင်ကို ယခုလို ရရှိလိုက်ခြင်းနှင့် တောတွင်းတိုက်ပွဲအတွေ့အကြုံကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည့်အတွက်ကြောင့်ပင် ဖြစ်ပေသည်။

+++

သားကောင်သေများကို လှည်း ၂ စီးနှင့် သယ်ဆောင်လို့ပြီးသည့်အချိန်သည် ညနေ ၃ မောင်းပင်ရှိပေပြီ။ မကြာခင် အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့ကလည်း ဆတ် ၂ ကောင်၊ ချေတစ်ကောင်နှင့် ပြန်ရောက်လာပြီး အခြေအနေကို ပြောပြလိုက်တော့ တအံ့တသြဖြစ်သွားကြသည်။ ရွာခံမုဆိုးကိုဦး၊ မစမ်းမြလက်ကို သားကောင်များ လွှဲပေးလိုက်သည်။ အစ်ကိုကြီး ဦးသိန်းလွင်နှင့်တိုင်ပင်ကာ ကောင်းသလို စီစဉ်ဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။

ညနေ ၅ နာရီလောက်တွင် သေနတ်တစ်လက်(ရိုင်ဖယ်)ကို ထမ်းကာ မင်းကုန်းရဲဘက်စခန်း ထောင်မှူးကြီး သိန်းဝင်းရောက်လာသည်။ ယနေ့ည မီးလယ်ပစ်မည်ဟုလည်း ပြောသည်။ ကျွန်တော်တို့မပစ်ခတ်ကြရဘဲ သူ့ 'မုဆိုးမ'ကြောင့် ရရှိလာသည့် သားကောင်များကို ဒိုင်ဆီသို့ပေးသွင်းပြီး ရရှိသောငွေများကို သူ့ရဲဘက်စခန်းတွင် ပြစ်ဒဏ်ချခံနေရသည့် ဝင်းနိုင်၏ဇနီး 'ပြောင်ချော'ကိုပေးလိုက်ပြီး စားသောက်နေကြစဉ် ကျွန်တော်က–

''ထောင်မှူးကို . . . မေးစရာတစ်ခုရှိတယ်ဗျာ . . . မေးရမလား''

''မေးပါ . . မုဆိုးကြီး၊ ကျွန်တော်သိတာဆို ပြောပြမှာပေါ့''

''ဝင်းနိုင်မိန်းမကို . . ပြောင်ချောမလို့ . . . ဘာကြောင့်ခေါ်တာလဲဗျ''

ကျွန်တော့်အမေးကြောင့် သူ စပ်ဖြဲဖြဲလုပ်နေသည်။ ပြန်မဖြေ။ အတန်ကြာတော့မှ ကျွန်တော့်နားအနီးကပ်ပြီး ပြောလိုက်သည်က–

''မနက်ဖြန် . . စခန်းပြန်တော့မှ ခင်ဗျားမေးတာကို ဖြေမယ်နော်''

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပြီး ခပ်မဆိပ်နေလိုက်သည်။ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်၊ ကိုဦးတို့က ကျွန်တော်တို့ တီးတိုး တီးတိုး သဖန်ပိုးလုပ်နေကြသည်ကို သိပ်ကျေနပ်ပုံမရ။ မျက်စောင်းတခဲခဲနှင့်။

ညစာကိုစားလိုက်ပြီး မီးလယ်ပစ်ရန် သူတို့ထွက်လာကြသည်။ နံနက် ၄ နာရီလောက် ပြန်ဝင်လာသည်။ ကြောင်မြင်း(၁)ကောင်နှင့် ချေ(၂)ကောင်ရသည်။ ဆတ်ကြီးကို ပစ်ရပါလျက်နေရာတွင် မလဲသည့်အတွက် မနက်အမဲလိုက်ခွေးများနှင့် သွေးစက်ခံကာလိုက်ကြရန်မှာကြားပြီး အဆာပြေ ဗိုက်ဖြည့်ကာ အစောဆုံးထွက်လိုင်းကားကို မမီသဖြင့် ကျွန်တော်က ပါလာသည့်ကားဖြင့် ရဲဘက်စခန်းပြန်ပို့ရင်း သူ့ထံမှ ကျွန်တော်သိလိုသည့် အဖြေကို တောင်းလိုက်ရာ–

''ဒီလိုဗျ . . . မုဆိုးကြီးရဲ့၊ ဒါလည်း သူ့ခင်ပွန်းကိုယ်တိုင် ပြောပြတာပါပဲ၊ အခြားသူတွေ . . . မသိစေချင်လို့ မပြောပြတာပါလေ၊ ဝင်းနိုင်ဆိုတဲ့အကောင်က လူဆိုးလေဗျာ၊ မကြာခဏအချုပ်ကျ၊ အင်းစိန်ထောင်ကျလိုက်နဲ့ ဆိုတော့ ကောင်မလေးက သူတတ်တဲ့ မုဆိုးပညာနဲ့ ရှာဖွေစားသောက်ရင်း သူ့ကို . . . ထောက်ပံ့နေရတာတဲ့ဗျ၊ ထောင်ထဲရောက်နေတဲ့ သူ့ခင်ပွန်းကို ထောင်ဝင်စာ သွားတွေ့ရတာတို့ . . . လိုအပ်တာဝယ်ပေးရတာတို့ . . . ငွေလိုလို့ပေးရတာတို့နဲ့ထောက်ပံ့နေရတာဗျ၊

''တစ်နေ့တော့ . . . ဒူးလေးထမ်း တောပုန်းပစ်ထွက်ရင်း အိမ်ပြန်ခဲ့တယ်ဆိုပဲဗျ၊ ဘာကောင်မှလည်း . . ပစ်လို့ကမရ၊ ပင်ပန်းလာတာဆိုတော့ ရေအိုင်လေးမှာ ရေဆင်းချိုးတယ်ဆိုပဲ၊ အဲဒီအချိန် . . . ရေချိုးနေတဲ့အနားမှာ ငါးဘတ်ကြီးတစ်ကောင်က လန်းလန်းလန်းလန်း ရေကူးနေဆိုပဲ၊ ငါးကိုဖမ်းလို့ကလည်းမရ၊ ပိုက်နဲ့အုပ်ဖမ်းရင်ရလောက်တယ်ဆိုတဲ့အသိနဲ့ အသားငြိမ်

www.burmeseclassic.com


စောင့်နေတုန်း . . . ငါးအလာမှာ ဝတ်ထားတဲ့ ထဘီနဲ့အုပ်ပြီး ငါးဘတ်ကြီးကို ဖမ်းထားဆိုပဲ၊

"ငါးကြီးကလည်း . . . ထဘီနဲ့ အုပ်ခံထားရတော့ လွတ်လမ်းကို တိုးတာပေါ့၊ သူကလည်း . . . ထဘီနဲ့အုပ်ထားတော့ နီးစပ်ရာကို ဖမ်းကိုက်လိုက်တာပါပဲဗျာ"

"ဟုတ်လား . . . စိတ်ဝင်စားစရာပါပဲ . . ဆက်ပါဦးဗျ"

"မုဆိုးကြီးကလည်းဗျာ . . . ဒုံးဝေးလိုက်တာ . . . အဲဒီ ငါးဘတ်ကြီး ကိုက်ခံလိုက်ရတာနဲ့ ဒီကောင်မလေးလည်း . . . အတော်ဆေးကုယူလိုက်ရတယ်၊ အဲဒီနောက်ပိုင်း . . . သူ့နာမည်လည်း ပြောင်ချောမဆိုတဲ့ နာမည်တွင်တော့တာပါပဲဗျာ"

"ဟုတ်လား . . . ထောင်မှူး ငါးဘတ်က ဘယ်နေရာကိုက်လိုက်လို့ ဒီနာမည်တွင်ရတာလဲ"

"ဟာဗျာ . . . ငါးကြီးကိုလုံချည်နဲ့ အုပ်ထားပါတယ်ဆိုမှ . . . ဘယ်နေရာကိုက်မလဲ . . . စဉ်းစားပေါ့ဗျာ . . . ခင်ဗျားကလည်း"

ယခုမှပင် 'ပြောင်ချောမ'ဖြစ်ရခြင်းအကြောင်းကို သဘောပေါက်သွားသော ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မောချလိုက်ပေတော့သည်။ ထိုအချိန် ရဲဘက်စခန်းရှေ့ကို ရောက်ပြီမို့ ကားကို စက်သပ် ရပ်တန့်လိုက်ပေတော့သည်။

ကားပေါ်မှ သေနတ်ကိုလွယ်ပြီး ဆင်းလိုက်ရင်း အမေးအမြန်းထူသည့် ကျွန်တော့်ကို မျက်စောင်းထိုးသွားလိုက်ပုံက သူသာ နဂါးတစ်ကောင်ဖြစ်ပါမူ နေရာတွင် ပြာကျလောက်ရဲ့။

လေးမောင်

---

## စုံထောက်ပွင့်သစ်

### အမေ



အမေဆိုတာ
အမုန်းကိုခဝါချ
အပြုံးကို အလဲထူ
နေပူရင်ပူပါစေ
အပိုမပါတဲ့ မေတ္တာနဲ့
နီသောသွေးကိုပင် ဖြူစေလို့
သံယောဇဉ်အားအင်အဖြစ် ပြောင်းလဲ
မှောင်မဲတဲ့ဘဝမှာ
အမှောင်ကိုခွင်း အလင်းဆောင်ကာ
အောင်ပန်းများကို ပွင့်စေသူ။

အမေဆိုတာ
'သရ' မပါတဲ့ 'ဘဝ'မှာ
ပကာသနမပါဘဲ
ဂုဏ်ဓနဆိုတာ ဗလချာနဲ့
ဆိုးဆိုးမိုက်မိုက်
ပေပေတောက
သားသမီးအတွက်ဆို
မေတ္တာစွမ်းအားနဲ့
အမုန်းမဲ့ဇုန်အဖြစ်
ကမ္ဘာတည်သရွေ့ . . ။ ။

စည်သူ(အပျော်)


www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်းပိုင်း





www.burmeseclassic.com

www.burmeseclassic.com



ရိပ်ခနဲဝင်လာသည့် ဓားချက်ကြောင့် ရန်သူက ငုံ့ရှောင်လိုက်သဖြင့် ခေါင်းကို မခုတ်မိဘဲ မောက်တိုကို ခုတ်မိသွား၏။

ခွမ်း ...

မောက်တိုက ခေါင်းမှကျွတ်၍ လွင့်ထွက်သွားသည်။ ရန်သူက ဦးပြည့်ကတုံးစိမ်းစိမ်းနှင့် ဥပဓိရုပ်ကောင်းကောင်းနှင့်လူ။ သူရ ချက်ချင်းမှတ်မိလိုက်၏။

"ရှင်တုရှင်ယောင်၊ မိန်းမဉာဏ်နဲ့ ယုတ်မာပက်စက်စွာ အကောက်ကြံတဲ့အကောင် သေပေတော့"

သူရနှင့် ဥက္ကာက နှစ်ယောက်ညှပ်၍ ခုတ်သည်။

ရှင်ယောင်က တရွေ့ရွေ့နောက်ဆုတ်ရင်း ခုခံ၏။ ဒါပေမဲ့ သူ ဝေးဝေး မဆုတ်နိုင်။ သူရ၏ ဓားချက်ကို တိမ်းပေးလိုက်စဉ် ဥက္ကာဓားက သူ့ဖက်ပိုးကို မိမိရရခုတ်မိသွား၏။

ရှင်တုရှင်ယောင် မြင်းပေါ်မှ ပုံပျက်ပန်းပျက် ပြုတ်ကျသွား၏။ ထိုအချိန်မှာပင် ရန်သူတစ်ယောက်ပစ်လိုက်သည့် လှံလျင်တစ်စင်းက ဥက္ကာရင်မှာ လာစိုက်သည်။

အ ..အ ..

ဥက္ကာ ခန္ဓာကိုယ်က ယိမ်းယိုင်သွားသည်။

စုံထောက်အခန်းဆက်ဝတ္ထု၊ရှည်

# မင်းမဟာကျော်ခေါင်

## ချစ်သောမန်ထွာ



www.burmeseclassic.com

www.burmeseclassic.com


ရင်မှာ တန်းလန်းစိုက်နေသည့် လှံရိုးကို ဥက္ကာက ဓားနှင့်ခုတ်ဖြတ်လိုက်၏။ ချက်ချင်းပင် မျက်လုံးတွေ ပြာဝေလေးလံလာ၏။ စူးနင့်သည့် ဝေဒနာသည် ရင်ကို တင်းရင်းစွာဖြစ်ညှစ်ထားခြင်းကို ခံရစပြု၏။ အသက်ရှူကြပ်လာသည်။ သူ သိလိုက်ပြီ။ ကြာကြာနေရတော့မည်မဟုတ်။

ဗိဿနိုးမြို့သားတစ်ဦး၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ပြီ ဆိုသော်လည်း တာဝန်တစ်ခု ကျန်နေသေးသည်။

အရှင့်အတွက် သူငယ်ချင်းဖြစ်သူ အသက်နှင့်ခန္ဓာတွဲလျက် သည်စစ်မျက်နှာမှ လွတ်မြောက်နိုင်ရန် နောက်ဆုံးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်၏။

ထို့ကြောင့် ...

''သူရ ..မင်းဆုတ်တော့၊ မင်းနောက်ကို ရန်သူမလိုက်နိုင်အောင် ငါ ဒီနေရာက ခုခံပေးထားမယ်''

''အို ..မင်းကိုထားခဲ့ပြီး ငါတစ်ယောက်တည်း မဆုတ်ဘူး''

''ဟော့ ..သူရ ငါ့ကိုယ်ငါ သိတယ်ကွ၊ ငါ ကြာကြာနေရတော့မှာ မဟုတ်ဘူး။ ငါ့ကို ထိမှန်တဲ့လှံသွားက ငါ့နှလုံးသားမှာ စိုက်နေပြီ။ မင်း အချိန်မီ တိမ်းရှောင်စမ်းပါ သူငယ်ချင်းရာ။ အေး ..မင်း အရှင့်ဆီရောက်ရင်တော့ ဗိဿနိုးမြို့သားတွေဟာ ဆင်ရိုင်းကြီးတွေလို ကြီးမားတဲ့ အားအင်တွေနဲ့ အဆမတန်များပြားတဲ့ ရန်သူတွေကို အသက်စွန့်ပြီး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြပါတယ်လို့ သံတော်ဦးတင်လိုက်ပါ သူငယ်ချင်းရယ်။ ကဲ ..သွားပါတော့ သူငယ်ချင်းရယ် .. မင်းသွားပါတော့''

သူရအဖို့ ရွေးချယ်စရာလမ်းမရှိပါတော့။ အချစ်ဆုံးသူငယ်ချင်းကို ကျောခိုင်းထားခဲ့လျက် မြင်းကိုဇက်ဖွင့်၍ ကဆုန်စိုင်းထွက်လိုက်သည်။ မျက်ဝန်းမှာ မျက်ရည်တွေနှင့် ပြည့်ဝိုင်းလာ၏။

''ဗိဿနိုးမြို့သား ဆင်ရိုင်းတွေဟော့''



ဥက္ကာက ရဲရင့်စွာ ကျုံးဝါးရင်း ရန်သူတွေကို သူ့ရဲကောင်းပီသစွာ ခုခံရင်း ကျန်ရစ်ရရှာ၏။ အပြင်းပြေးနေသည့်မြင်းကို ရပ်တန့်လျက် သံယောဇဉ်ကြီးခဲ့ကြသော ဥက္ကာ၊ တပ်မှူးပါလနှင့် စိတ္တာတို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရသော စစ်မြေပြင်ကြီးကို လှည့်ကြည့်မိလိုက်စဉ်မှာပင် ...

ဝှီး ...

ဒုတ် ...

ရန်သူ့မြားက သူ့နှလုံးသားတည့်တည့်ကို ခွဲပါရောလား။

အင့် ..အ ..အ ..

ရင်မှာစူးနင့်သည့် ဝေဒနာကို ခံစားလိုက်ရသည်။

ခန္ဓာကိုယ်က အရုပ်ကြိုးပြတ်ဖြစ်လျက် ချက်ချင်း အားအင်တွေဆုတ်ယုတ်လျော့ပါးလာ၏။ သူ့အတွက်လည်း အချိန်များများကျန်တော့မည်မဟုတ်။

မြင်းပေါ်မှလိမ့်မကျရန် ထိန်း၍ အရှင်ရှိရာ လှို့ဝှက်ဂူသို့ ဇက်ကုန်ဖွင့်လိုက်သည်။ မျက်လုံးတွေ တဖြည်းဖြည်းရီဝေမှိုင်းမှုန်စပြုလာ၏။ ရန်သူ့အဆိပ်လူးမြားက အစွမ်းပြလာပြီ။

ဂူအဝသို့အရောက် မြင်းပေါ်မှခုန်ဆင်းလျက် အရှင်ရှိရာသို့ ဒယီးဒယိုင်ဖြင့် အားတင်းဝင်ခဲ့သည်။ အပြန်လမ်းကို ကြိုလင့်နေသည့် အရှင့်ကို ပြာပြာဝေဝေ အမြင်မပီတပီဖြင့် ရိုးတိုးရိတ်တိတ်မြင်ရသည်။ တင်းထားသမျှ စိတ်ကို ဖြေလျော့လျက် အရှင့်ခြေတော်ရင်းမှာ ဒူးတုပ်ခစားလိုက်စဉ်မှာပင် ခန္ဓာကိုယ်က ညွတ်ခွေကျသွား၏။

''အို ..သူရငယ်''

အရှင်က လဲကျမသွားစေရန်


www.burmeseclassic.com

www.burmeseclassic.com



စစ်ပြေးဘုရင်မတစ်ဦး ဖြစ်နေသော်လည်း ကျွန်ုပ်ချစ်သော မောင်တော်နှင့် အနီးကပ်နေရခြင်းကိုမူ ကျွန်ုပ်ကျေနပ်မိ၏။ နောက်ဆုံးချိန်တွင် ကျွန်ုပ်ချစ်သော မောင်တော့်အနီးနေ၍ ချစ်သောမောင်တော်၏ လက်ပေါ်တွင် ကံတော်ကုန်ခြင်းနှင့် ရင်ဆိုင်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း မောင်တော်က ထိုအခွင့်အရေးကိုမပေးခဲ့ . . .



BURMESE CLASSIC .com

ဆီးယူပွေ့ဖက်လျက် . . နွေးထွေးလှစွာသောရင်မှာ မှေးမှိုထားလိုက်၏။ အရှင့်ရင်ခွင်မှာ ခိုလှုံခွင့်ရသော အနေအထားဖြင့် အရှင့်မျက်နှာတော်ကို မော့၍ဖူးမျှော်လိုက်သည်။ ဘုရား . . ဘုရား ချစ်သောပန်ထွာဘုရင်မကြီးကိုပင် ကြည်လင်ပြတ်သားစွာ မမြင်ရတော့။ နှုတ်မှ ထစ်ငေါ့ချိနဲ့သော စကားလုံးတွေ ခက်ခဲပင်ပန်းစွာဖြင့် . . .

"အ . . အရှင့်ရဲ့ အမှုတော်ကို ကျ . . ကျွန်တော်မျိုးတို့ အောင်မြင်စွာ ထမ်း . . ထမ်းဆောင်ခဲ့ပါပြီ အ . . အရှင်"

"သူရငယ်"

ဝေးလွန်းသည့်အရပ်မှ လွင့်မျောပွဲတင်လာသော အရှင့်ရှိုက်သံတွေကို နားအစုံမှာ သဲ့သဲ့မျှကြားရ၏။

နွေးထွေးညှို့သက်သည့် အရှင့်ရင်ခွင်မှာ ယုယစွာထွေးပွေ့ခြင်းခံထားရသည့် အသိက ဘဝ၏ နောက်ဆုံးအချိန်မှာ ချမ်းမြေ့သွားခဲ့ရ၏။ နောက်ဆုံးအနေဖြင့် ရင်မှာအစိုင်အခဲတစ်ခုပမာ ဖြစ်တည်လာခဲ့သော ဆန္ဒတစ်ခုကို ထုတ်ဖော်ခွင့်ရလျှင် သေပျော်ပြီဟု အားတင်းလျက် . . .။

"အ . . အရှင့်ကို . . ကျ . . ကျွန်တော်မျိုး . . နောက်ဆုံးတစ်ခု လျှောက်တင်ခဲ့ပါရစေ အရှင်ရယ်"

"အို . . အ . . အမောင် . . မင်း ဘာပြောချင်သလဲဟင်။ အရှင် နားထောင်နေပါတယ်ကွယ်"

အရှင်၏ လက်အစုံဖြင့် ပိုမိုတင်းကြပ်စွာဖက်တွယ်ခံလိုက်ရမှန်း ငွေ့ငွေ့မျှသော အသိဖြင့် နားလည်လိုက်၏။ အရှင့်ထံမှ နွေးထွေးသည့် ထွက်သက်လေသည် အေးစက်နေသည့် ပါးပြင်ပေါ်သို့ ညင်သာသိမ်မွေ့စွာ ထိတွေ့လာသည်မို့ ပျံ့လွင့်ထွက်လုဆဲ ဝိညာဉ်လိပ်ပြာကို စုစည်းချုပ်သိမ်းလျက် . . .

"အ . . အရှင် ပေးချင်တဲ့ အပြစ်ကို ပေးတော်မူပါ။ ဒါပေမဲ့ အရှင် အိမ်နိမ့်စံတဲ့ဘဝမှာ စော်ကားရက်တယ်လို့တော့ မယူဆပါနဲ့။ အ . . အ . . အရှင့်ကို ကျ . . ကျွန်တော်မျိုး . . ချစ် . . ချစ် . . တယ်"

"အို . . သူရငယ်၊ မောင် . . မောင် . . . ရယ်"

အရှင့်မျက်ဝန်းမှ စီးကျွက်လာသည့် နွေးထွေးသည့် မျက်ရည်ကျကော သူရပါးပြင်ပေါ်မှ အေးစက်စက်မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်စတွေနှင့် ပေါင်းဆုံမိသွား၏။

အရှင့်နှုတ်တော်မှလည်း ရှိုက်သံနှင့် ရောနေသည့် ကရုဏာစကားတွေ အားမလိုအားမရဖြင့် ထစ်ငေါ့စွာ ထွက်လာခဲ့၏။

''မင်း ‥ မင်း မတရားဘူး သူရငယ်၊ ကျွန်ုပ်က မင်းကို တုံ့ပြန်ချစ်တဲ့အကြောင်း ပြောမယ့်စကားကိုတော့ မင်း ‥ နားထောင်မသွားခဲ့ဘူးပေါ့၊ မင်း ‥ မင်း ‥ ကျွန်ုပ်ကို ရက်စက်ခဲ့တာလား မောင်ရယ်''

## အခန်း(၂၈)
## အတိတ်မှ နိုးထရှင်သန်ခြင်း

ကျောက်သား ကမ္ပည်းစာများကို ဖတ်နေသည့် သီဟအသံက တိခနဲ ပြတ်သွားလျက် လိုဏ်ဂူကြီး၏ကျောက်နံရံကြီးကို အငေးသားစိုက်ကြည့်နေ၏။ ဆက်ဖတ်နိုင်သည့် အင်အားမရှိတော့သလိုပင်။ ကြေကွဲဆို့နင့်စွာ နားထောင်နေသော စည်သူက အားမလိုအားမရဖြစ်လျက် ‥‥။

''ဟော့ ‥ ဟော့ ‥ သီဟ ဆက်ဖတ်လေကွာ''

''ဒီစာတွေကို ဖတ်ရတာနဲ့ ငါ့ရင်တစ်ခုလုံး ကွဲထွက်မတတ် ထိခိုက်ခံစားရတယ် စည်သူရယ်''

''ဟုတ်တယ် သီဟ၊ ငါလည်း မင်းဖတ်ပြတာကို နားထောင်ရတာ ရင်ကွဲမတတ် ခံစားရပါတယ်။ မင်း ခုဖတ်ခဲ့တဲ့ စာတွေက ဒါအပြီးပဲလားဟင်''

''အောက်မှာ နည်းနည်းကျန်သေးတယ်၊ မင်း နားထောင်ဦးမလား၊ ငါ ဆက်ဖတ်ပြဦးမယ်လေ''

BURMESE CLASSIC .com

''အေး ‥ ဆက်ဖတ်ပါဦးကွာ''

သီဟက ကျန်နေသေးသော စာကို ဆက်ဖတ်သည်။

''မောင်တော်သူရငယ်၏အလောင်းအား ဖုတ်ကျည်းသဂြိုဟ်ရန် ပြင်ဆင်ချိန်တွင် ရင်ဘတ်ကြားမှ ကျွန်ုပ်ပေးသနားတော်မူခဲ့သည့် သွေးစွန်းနေသော မြတ်ဘက်နှင့်ထုပ်ပတ်ထားသည့် ရွှေစင်ရုပ်တုလေးတစ်ခုကို ရရှိခဲ့ပါသည်။

ရွှေစင်ရုပ်တုလေးမှာ ကျွန်ုပ်နှင့်လည်းကောင်း၊ စိတ္တာလေးနှင့်လည်းကောင်း၊ တစ်ထေရာတည်း တူပေသည်။ မောင်တော်သူရငယ်သည်





www.burmeseclassic.com

ကျွန်ုပ်တို့နှစ်ယောက်အား ကြီးမားသော သံယောဇဉ် ဖွဲ့နှောင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့နှင့်သက်ဆိုင်သည့် ပစ္စည်းကလေးများကို သေသည်ထိ ကိုယ်နှင့်မကွာသိမ်းဆည်းထားခဲ့ခြင်းဖြစ်နိုင်ပေသည်။

ကျွန်ုပ်သည် မောင်တော်သူရယ်ကို စတင်တွေ့ရသည့် တဒင်္ဂမှာပင် ချစ်စိတ်ဝင်ခဲ့မိ၏။ သို့သော် အရှင်နှင့်ကျွန်ဟူသော လူ့ဘောင်လောက အတားအဆီး အကန့်အသတ်နှင့် စည်းမျဉ်းဥပဒေသများကြောင့် ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာကို လှစ်ဟဖော်ထုတ်မပြဘဲ ရင်ထဲမှာပင် သိမ်းဆည်းမျိုသိပ်ထားခဲ့ရ၏။

တစ်ချိန်ချိန်တွင် ကျွန်ုပ်ချစ်ရသောအမောင်နှင့် ပေါင်းဖက်နိုင်သည့် အခွင့်အလမ်းကို တွေ့ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အသက်ရှင်ခဲ့သည်။

သို့သော် ကျွန်ုပ်တို့ ကံကြမ္မာသည်ဆိုးရွားလွန်းလှ၏။ ဘဝ ဝဋ်ကြွေးပင် ဖြစ်မည်ထင်ပါသည်။ နီးဖို့ထက် ဝေးသော ပို၍ပို၍ဝေးသော အကြောင်းများကသာ အဖန်တလဲလဲကြုံတွေ့ရပေသည်။

ကျွန်ုပ်သည် ရေမြေရှင်ဘုရင်မကြီးဟူသော ဘုန်းကံရှိန်စော်ကို အကြောင်းပြု၍ မာနတံခွန်လွှင့်ထူမိ၏။ ထိုမာနကြောင့်ပင် အတုလစည်တော်ကို ပြင်ဆင်မည့်အရေးတော်ကို မလုပ်သင့်ကြောင်း တားဆီးသည့် ကျွန်ုပ်ချစ်သောအမောင့်ကို ကိုယ်ထိလက်ရောက်ခြင်းအတွက် နောင်တရမဆုံးဖြစ်ရ၏။ ကျွန်ုပ်မှားလေစွတကား။

ကျွန်ုပ်၏ ရက်စက်ခြင်းကို မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ကြေကွဲသွားရှာသော အမောင်။ ကျွန်ုပ်၏ အပစ်ပယ်ခံဘဝ ရောက်သွားရခြင်းအတွက် ဝမ်းနည်းသွားရှာသော အမောင်။ ထိုနေ့က အမောင့်မျက်နှာကို ကျွန်ုပ်မျက်ဝန်းမှာလည်းကောင်း၊ နှလုံးသားမှာလည်းကောင်း၊ ဖျောက်ဖျက်မရသည့် နာကျင်မှုအဖြစ် ရင်ကွဲမတတ်ခံစားခဲ့ရ၏။

"မောင်တော့် စေတနာကိုစော်ကားခဲ့သော ကျွန်ုပ်၏ မာနသည် ကျွန်ုပ်ကို ဒဏ်ခတ်ရုံမျှမက ကျွန်ုပ်၏ တိုင်းသူပြည်သားများကိုပါ သေကြေပျက်စီးမှုကို ဖြစ်စေခဲ့ပါပြီတည်း။

သမိုင်းတွင်မည့် ကျွန်ုပ်၏ မဆင်မခြင်ပြုမိမှားခြင်းနှင့် တစ်ပါးသူ၏ ကောက်ကျစ်စဉ်းလဲသော မာယာဖြင့် လှည့်စားခြင်းကို ယုံမှားသံသယဖြင့် ကျိုးကြောင်းဆင်ခြင်နိုင်မှု နုံနဲ့သူမို့ မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်ရ၏။

ထိုအပြစ်ဒဏ်ကို ကိုယ်တိုင်ခံယူရန် ကျွန်ုပ်ကိုယ်ကျွန်ုပ် အဆုံးစီရင်တော့မည့်ဆဲဆဲမှာပင် ကျွန်ုပ်က ရက်စက်ခဲ့သော်လည်း ကျွန်ုပ်ကို မရက်စက်နိုင်သည့် အမောင်သူရယ်သည် အရေးကြီးချိန်တွင် သွေးနီးလျက် ကျွန်ုပ်ထံရောက်လာခဲ့၏။

အားကိုးရာကင်းမဲ့နေသောသမီးက ကွဲကွာနေသော ဖခင်ကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် အားကိုးတကြီးဖြင့် ရာဇဣန္ဒြေကိုပင် မထိန်းနိုင်ဘဲ ရှိုက်ကြီးတငင် ကျွန်ုပ်ငိုမိပါသည်။ သူ့အပေါ်ပြုမိမှားခဲ့သော ကျွန်ုပ်၏ အပြစ်များကိုလည်း ဝန်ချတောင်းပန်မိ၏။ မောင်တော်က ကျွန်ုပ်ကို ယုယစွာပွေ့ချီ၍ ကျွန်ုပ်အသက်ဇီဝကို ကယ်တင်ခံရခြင်းအတွက် ကျွန်ုပ်ကြည်နူးမိ၏။

စစ်ပြေးဘုရင်မတစ်ဦးဖြစ်နေသော်လည်း ကျွန်ုပ်ချစ်သော မောင်တော်နှင့် အနီးကပ်နေရခြင်းကိုမှု ကျွန်ုပ် ကျေနပ်မိ၏။ နောက်ဆုံးချိန်တွင် ကျွန်ုပ်ချစ်သော မောင်တော့်အနီးနေ၍ ချစ်သောမောင်တော်၏ လက်ပေါ်တွင် ကံတော်ကုန်ခြင်းနှင့် ရင်ဆိုင်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း မောင်တော်က ထိုအခွင့်အရေးကိုမပေးခဲ့။ အချစ်၏ တုံ့ပြန်မေတ္တာကို ခံယူမသွားသည့်အတွက် ကျွန်ုပ်ယူကျုံးမရအောင်ပင် ဖြစ်ရပေသည်။

ထို့ကြောင့် ...

နတ်ဒေဝတာများအား တိုင်တည်လျက် ကျွန်ုပ် သစ္စာပြုပါ၏။ ကျွန်ုပ်သည် မောင်တော့်အပေါ် တုံ့ပြန်သည့် ချစ်ခြင်းမေတ္တာအား ယနေ့မှစ၍ ဤဂူဗိမာန်ကြီး၏ ကျောက်သားနံရံ၌ ကျွန်ုပ်ကိုယ်တော်တိုင် ကမ္ပည်းမှတ်တမ်းရေးထိုးပါ၏။

ဤစာစုအား ကျွန်ုပ်ချစ်သော မောင်တော်မမြင်တွေ့နိုင်သေးသမျှ မကျွတ်မလွတ်သောကိုယ်ဖြင့် ဤဂူဗိမာန်ကြီးအား ရန်သူမျိုးငါးပါး ဖျက်ဆီးခြင်းဘေးဆိုးများမှ ကာကွယ်စောင့်ရှောက်နေပါမည်။

မောင်တော် ဖတ်ကြားသိရှိပြီးသည်၏ အခြားမဲ့၌မှသာလျှင် ကျွန်ုပ်ဝိညာဉ်သည် ကျွတ်လွတ်ရသည့် ကိုယ်ဖြစ်ပါစေသတည်း ဟု ကျွန်ုပ်ကျိန်ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်၏ ဗိဿနိုးမြို့သား ကျွန်ရင်များသည်လည်း ဖြစ်လေရာဘဝမှ ကျွန်ုပ်ချစ်သောမောင်တော်အား ဂူဗိမ္ဗာန်တည်ရှိရာသို့ အရောက်ပို့ပေးကြစေဟု ကျွန်ုပ်အမိန့်တော်မှတ်၏။ ကျွန်ုပ်ပေးအပ်သည့်တာဝန် ကျေပွန်မှသာ ကျွတ်လွတ်နိုင်ကြပါစေသတည်း။ ထို့ပြင်တဝ ..

ကျွန်ုပ်နတ်ရွာစံပြီးလျှင်ပြီးချင်း ကျွန်ုပ်၏ အလောင်းတော်အား မယ်တော်စန္ဒမုခိဘီလူးမသည် ဆောင်ကျဉ်းပြီးလျှင် ကျွန်ုပ်၏ ဗိဿနိုးမြို့တော်ဟောင်း၌ ဖုတ်ကျည်းသဂြိုဟ်နိုင်ပါစေသား။ ကျွန်ုပ်အား မမေ့မလျော့သောအားဖြင့် နတ်ကွန်းတည်ဆောက်၍ ပူဇော်ပသခံရပါစေသား။

ကျွန်ုပ်၏ကိုယ်စား သရေခေတ္တရာရောက် စိတ္တာလေး၏ ဂူဗိမ္ဗာန်အားလည်း ကျွန်ုပ်နှင့်ထပ်တူ အသိအမှတ်ပြုခံရပါစေသား။

ကျွန်ုပ်ကိုယ်စား မချစ်မနှစ်သက်သူ၏ ရင်ခွင်၌ ဝဋ်ဒုက္ခခံစားနေရရှာသောစိတ္တာလေးသည် သံသရာ၌ ချစ်ခင်နှစ်သက်သောသူနှင့် တွေ့ဆုံပေါင်းဖက်ရသည့်ကိုယ်ဖြစ်ပါစေ။ ထို့ပြင်နှလုံးသွေးဖြင့် ကျွန်ုပ်ရေးထိုးခဲ့သောဤမှတ်တမ်းရှည်ကြီးကို မသက်ဆိုင်သူများ မမြင်မတွေ့ကြပါစေနှင့်ဟုလည်းထပ်လောင်းသစ္စာပြုပါသတည်း။

ဖတ်ရင်းမှပင် သီဟ၏ အသံက မောဟိုက်ပန်းလျစွာ အဆုံးသတ်သွားခဲ့၏။

"အဲဒါပါပဲ သူငယ်ချင်းရယ်"

"အေးကွာ ..စိတ်မကောင်းလိုက်တာ၊ ဘုရင်မကြီးရဲ့ မောင်တော်ဟာ ဘုရင်မကြီးရဲ့မေတ္တာကို သိနိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့ကွာ"

"အင်း ..အနှစ် ၂၀၀၀ လောက်ရှိပြီပဲကွာ။ ခုလောက်ဆို သူသိလောက်ပါပြီ"

စည်သူက သတိရသွားလျက် ..

"ဟေ့ ..သီဟ၊ ဒီအတိုင်းဆိုရင်ဟို သရေခေတ္တရာမြို့ဟောင်းက ဗိဿနိုးသင်္ချိုင်းမှာ ... ဘုရင်မကြီးအလောင်းမရှိဘူးပေါ့နော်"

"ဘုရင်မကြီးက သူနဲ့ထပ်တူအသိအမှတ်ပြုခံရပါစေသားလို့ သစ္စာပြုခဲ့တာပဲကွာ။ ဘုရင်မကြီးလို့ပဲ သဘောထားရမှာပဲပေါ့"

"အင်း ..ဟုတ်ပါတယ်လေ"

သူတို့နှစ်ယောက် ဂူအတွင်းပိုင်းသို့ တရွေ့ရွေ့ဝင်ခဲ့၏။ ဂူကြီး၏ ထောင့်ချိုးတစ်နေရာအရောက် ..

တဖိတ်ဖိတ်တောက်လက်နေသည့် ရွှေစင်ရုပ်ကလေးတစ်ခုနှင့် မြတဘက်ကလေးကို ပြည့်ထားသည့် အရိုးအိုးတစ်လုံးနှင့် ရွှေအိုးများစီချထားသည်ကို တွေ့သည်။ သီဟက ရွှေစင်ရုပ်ကလေးကို ကောက်ယူလိုက်ရင်း ...

"ဟာ ..ဒါ ..ဒါ ..စိတ္တာရဲ့ ကိုယ်ပွားရွှေစင်ရုပ်တုလေးနဲ့ တူတယ်ကွ။ ကြည့်စမ်း ..ဒီရွှေစင်ရုပ်ကလေးဟာ သီရိနဲ့ တစ်ထေရာတည်းတူနေပါလား"

"ပြစမ်းပါဦး"

စည်သူက သူ့ညီမလေး မေနှင်းသီရိနှင့်တူသည်ဆိုသဖြင့် စိတ်ဝင်တစား တောင်းယူကြည့်သည်။ စည်သူ့မျက်နှာက ချက်ချင်းညှိုးကျသွား၏။

ဆင်ဘဝက
ကျွတ်လွတ်တော့မယ့်
ဗိဿနိုးမြို့သား၊
အရှင့်ကျွန်ရင်းတွေထဲက
တပ်မှူးပါလက
အရှင့်သွေးမှတ်တမ်းဂူကြီးကို
အခြားသူတွေ
မမြင်မတွေ့ရအောင်
ဖျက်ဆီးပြီးပြီမို့
တာဝန်တွေပြီးခဲ့ပြီ ..
ငါ့ကိုခေါ်နေပြီ
...

"ဟုတ်တယ်ကွာ၊ ညီမလေးနဲ့ တူလိုက်တာ"

"အေးလေ ..အံ့သြစရာတိုက်ဆိုင်မှုတွေက ဆက်တိုက်ဆိုသလို ကြုံနေရတာပဲ"

"လာဟေ့ ..တို့ အပြင်ထွက်တဲ့လမ်းရှာပြီး ထွက်ကြမယ်။ ဒီအကြောင်းတွေကို ရှေးဟောင်းသုတေသနဌာနကို အကြောင်းကြားရမယ်ကွ။ ဒါတွေက အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ"

"အေး ..ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com


အလင်းရောင် လင်းလက်တိုးဝင်နေသည့်နေရာကို ဦးတည်၍ လျှောက်ခဲ့သည်။ လိုဏ်ဂူအကွေ့တစ်ခုကို ချိုးကွေ့လိုက်သောအခါ ထွက်ပေါက်ကို ဘွားခနဲ တွေ့ရတော့၏။

''ဒါ ထွက်ပေါက်ပဲကွ''

ထွက်ပေါက်ဆီသို့ ဦးတည်နေသည့် လိုဏ်လမ်းသည် တဖြည်းဖြည်းမြင့်တက်သွား၏။ အပြင်မှတိုးဝင်နေသည့် ပြင်ပလေကြောင့် သူတို့အနွမ်းပြေသွားသည်။ ထွက်ပေါက်မှာ ချုံနွယ်များဖြင့် ပိတ်ဖုံးနေ၏။ ချုံများကို ဖယ်၍ အပြင်သို့တိုးထွက်ရသည်။

သူတို့အပြင်ရောက်ချိန် ..

ဟင် ..

ဟာ ..

ဂူကြီး၏ထွက်ပေါက်နှင့် မနီးမဝေးတွင် စုပြုံ၍ရပ်စောင့်နေသော ဆင်ရိုင်းအုပ်ကြီးကို အံ့ဩထိတ်လန့်ဖွယ်မြင်လိုက်ရလေ၏။

''ဘုရား .. ဘုရား .. တို့တော့ ဘယ်လိုမှ ပြေးလို့လွတ်တော့မှာမဟုတ်ဘူး။ သတိထားပေတော့ သူငယ်ချင်းရေ ..''

''အေးပါကွာ''

တောဆင်ရိုင်းကြီးများမှာ နှာမောင်းတရမ်းရမ်း၊ နားရွက်တခတ်ခတ်၊ ဦးခေါင်းတခါခါလုပ်နေ၏။ ကွေးကွေးကောက်ကောက်အစွယ်ကြီးများမှာလည်း ကြောက်ခမန်းလိလိ။

ဂူပေါက်ထဲပြန်ဝင်ပြေးလျှင်လည်း မလွတ်နိုင်။

အနောက်ဘက်ရှိ ပြေလျောသည့် တောင်စောင်းသို့ တရွေ့ရွေ့ဆုတ်နေရ၏။ ဆင်ရိုင်းကြီးများက တိုက်ခိုက်မှု မစတင်လေ သူတို့အဖို့ ထိတ်လန့်မှုပိုလေပင်။ ဆင်ရိုင်းကြီးတွေက ဂူကြီးပေါ်တည့်တည့်တွင် စုပြုံရပ်လိုက်သည်။ ဒီ .. ဒီဆင်ရိုင်းတွေဟာ တို့ကို ရန်မူမှာလား။ သူတို့မှာ ဘာရည်ရွယ်ချက်ရှိနေလဲဆိုတာ မတွေးတတ်တော့ဘူး။ သတိတော့ထားဟေ့ သူငယ်ချင်း''

ဒီဆင်ရိုင်းတွေဟာ ဘုရင်မကြီးအမိန့်တော်ချမှတ်ခဲ့တဲ့အထဲမှာတဲ့ ဘုရင်မကြီးရဲ့ ကျွန်ရင်းတွေ၊ ဆင်ဘဝရောက်နေသလား မသိဘူးကွ။ ဟောသူတို့အားလုံး ဂူအမိုးကျောက်တောင်ကြီးပေါ်မှာ ရပ်နေကြပြီ''

ဆင်ရိုင်းအုပ်ကြီးက နှာမောင်းတွေကို အပေါ်ထောင်၍ ပြိုင်တူလိုပင် ဟစ်အော်လိုက်၏။ မြင်းမဏိတောင်ကျောကြီးတစ်ခုလုံး ဆင်အော်သံများဖြင့် ဖုံးလွှမ်းသွား၏။

ဂျိန်း ..

ဝေါ .. ဝေါ




www.burmeseclassic.com

အုန်း ... ဒိုင်း

ဝုန်း ...

အုံ့ဩဖွယ်တိုက်ဆိုင်မှုပင် ...

လျှောင်ကြီး တုန်လှုပ်၏။

တောင်တန်းကြီးတစ်ခုလုံး သွက်သွက်ခါ၍ သိမ့်သိမ့်တုန်သွားသည်။ ဆင်အုပ်ကြီးရပ်နေသည့် ဂူကြီးက ဆင်ရိုင်းအုပ်ကြီး၏ တန်ပေါင်းများစွာသော အလေးချိန်၊ ပြင်းအားအရှိန်ကြီးမားသည့် မြေလျှောင်ကြီးတုန်လှုပ်မှုအရှိန်အကြောင့် ကွဲအက်သွားရာမှ တအိအိ ပြိုကွဲကျ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဆင်အုပ်ကြီးက ပြိုကျသွားသည့် ဂူအမိုးကြီးနှင့်အတူ တောင်အောက်ချောက်အတွင်းသို့ ဦးစောက်ကျွမ်းပြန် ကျသွား၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ က ပန်ထွာဘုရင်မ၏ မင်းပုန်းတောင်လိုဏ်ဂူကြီးသည်လည်း ကွယ်ပျောက်သွားခဲ့ပါပြီတည်း။

အံ့ဩမင်သက်စွာရပ်၍ သတိလက်လွတ်ငေးမောနေသော သီဟာနှင့် စည်သူ၏တည့်တည့်သို့ ပြိုကျသွားသည့် ကျောက်တောင်ကြီးမှ ပဲ့ထွက်လာသော အပိုင်းအစကျောက်တုံးတစ်တုံးက အရှိန်နှင့်လိမ့်ဆင်းလာ၏။

''သတိထားဟေ့''

စည်သူက သီဟာသူကို ဘေးသို့ တွန်းထုတ်လိုက်၏။ ဒါပေမဲ့ သူကိုယ်တိုင်ကတော့ ရှောင်တိမ်းရန် အချိန်မရတော့။

ဒုန်း ...

အား ...

ကျောက်တုံးကြီးက စည်သူ့ကို ပွတ်တိုက်သွား၏။

စည်သူ့ခမျာ လည်ထွက်သွားရာမှ လန်ကျသွားရှာ၏။ မထနိုင်တော့။

''စည်သူ ... ဟေ့ စည်သူ''

သီဟာက စည်သူကို ပြေးပွေ့သည်။

စည်သူခေါင်းတစ်ခုလုံးမှာ သွေးချင်းချင်းနီနေ၏။ အသက်ငွေ့ငွေ့မျှ ပင်ရှိတော့သည်။ စည်သူ့နှုတ်မှ မောပဟိုက်နွမ်းလျစွာ စကားလုံးတွေ ဗလုံးထွေးထွက်ကျလာ၏။

''သီဟာ''

''ဘာလဲ သူငယ်ချင်း ... ပြော ... ပြောပါ''

''မင်းအသက်ကို ငါ ကယ်လိုက်တာဟာ ကျွတ်တမ်းဝင်သွားပြီဖြစ်တဲ့ အရှင့်ရဲ့ဆုတောင်းအတိုင်း ငါ့ညီမလေးကို သူချစ်တဲ့သူနဲ့ ပေါင်းဖက်ရစေလိုတဲ့ စေတနာနဲ့ပါ။

ငါ့ညီမလေးကို မင်းစောင့်ရှောက်ရစ်ပါ သူငယ်ချင်း။ ဆင်ဘာဝက ကျွတ်လွတ်တော့မယ့် ဗိဿနိုးမြို့သား၊ အရှင့်ကျွန်ရင်းတွေထဲက တပ်မှူးပါလက အရှင့်သွေးမှတ်တမ်းဂူကြီးကို အခြားသူတွေ မမြင်မတွေ့ရအောင် ဖျက်ဆီးပြီးပြီမို့ တာဝန်တွေပြီးခဲ့ပြီတဲ့။ ငါ့ကိုခေါ်နေပြီ။ ငါ ... ငါ သွားရတော့မယ် သူငယ်ချင်းရယ်''

သေအံ့မူးမူးကာလ၌ စွဲမိစွဲရာ စွဲလမ်းလျက် စကားတွေကို ကယောင်ကတမ်းရေရွတ်ရင်း စည်သူ့ခန္ဓာကိုယ်က သီဟာလက်ပေါ်မှာပင် ပျော့ခွေကျသွားခဲ့ရှာ၏။

''အို ... ဖြစ်ရလေ သူငယ်ချင်းရယ်''

## အခန်း(၂၉)

## ချစ်သော ပန်ထွာ

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ကြက်ပျံမကျစည်ကားခဲ့သော ပန်ထွာဘုရင်မကြီး၏ ဗိဿနိုးမြို့ဟောင်းကြီးသည် ယခုတော့ တောချုံတို့၏ ဖုံးလွှမ်းရစ်နှယ်ထားသည့် အဆောက်အဦးပျက်များသာရှိတော့သည်။

သက်ဆိုင်ရာများမှ ထူးဖော်ထိန်းသိမ်းထားသဖြင့် ဤနေရာသည် မြို့ရိုးနှင့် ကျုံးနေရာသည် မြို့တံခါးနှင့် နန်းတော်ကုန်းများအဖြစ်သာ မည်ကာမတ္တရှိတော့၏။

နန်းတော်ကုန်းအနီးမှာရပ်၍ သီဟာက မြို့ဟောင်းကြီးကို မျှော်ကြည့်သည်။ ရင်မှာဆို့နင့်ကြေကွဲလာ၏။ အမျိုးအမည်မခွဲခြားနိုင်သော ကြေကွဲမှု၊ ဝမ်းနည်းနာကျင်မှုများဖြင့် ရင်နှင့်အောင်ပင်ခံစားရ၏။ မျက်ဝန်းမှာ မျက်ရည်တို့ တွဲခိုလာသည်ထိပင်။

သူနင်းထားသည့်ခြေဖဝါးအောက်ရှိ ဗိဿနိုးမြေပေါ်တွင် မီးသင့်ခံ အိုးခြမ်းကွဲများ အနှံ့အပြားရှိနေ၏။ နားအစုံမှာ စစ်သည်ရဲမက်များစစ်ချီလာသံ၊ အပြင်းပြေးလွှားစိုင်းနှင်နေသည့် စစ်မြင်းကြီးများ၏ ခွာသံ၊ ဓားကိုဓားချင်းထိခတ်ရာမှ ထွက်ပေါ်လာသံ၊ လေးညို့ဆွဲ၍ ပစ်လွှတ်လိုက်သည့် မြားဆိမှ သေမင်းခေါ်သံ၊ စစ်သည်ရဲမက်ချင်း အင်အားပြိုင်တိုက်ခိုက်ရာမှ မာန်သွင်းသံ၊ ဒဏ်ရာအနာတရဖြစ်ရသူများ၏ ညည်းညူသံ၊ မီးဟုန်းဟုန်းတောက်လောင်ရာမှ ကယ်ပါယူပါ တစာစာ အော်ဟစ်သံ စသော အသံများကြား



www.burmeseclassic.com

www.burmeseclassic.com



ယောင်လာသောကြောင့် ဒူးတွေပင် ညွတ်ကွေးကျလုလု တဆတ်ဆတ်တုန်သည်ထိ ခံစားရ၏။

သခ်ါရတရား၏ မမြဲသောသဘောကို ဆင်ခြင်နိုင်စွမ်းမရှိအောင် နုနယ်သည်က ခက်သည်။ ဝေဒနာအမောကြောင့် အားအင်ဆုတ်ယုတ်လျက် ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။

''အစ်ကို ․․ သတိထားလေ''

ဘေးမှာယှဉ်ရပ်နေသည့် ဇနီးသည်က ဖေးကူပေးလာတော့မှ အသိဝင်လာ၏။ အတိတ်မှ ရုန်းထွက်နိုင်လာ၏။

''ပြန်ကြပါစို့ အစ်ကိုရယ်၊ ဒီမှာဆက်နေရင် အဟောင်းတွေအသစ်ဖြစ်လာတော့မယ်''

မှန်သည်။

သည်နေရာသည် သူတို့တွေ၏ အတိတ်ဟောင်းနှင့် တစ်နည်းနည်းဆက်စပ်မှုရှိနေသည်ဟုပင် စိတ်ကထင်မိ၏။

သူငယ်ချင်းစည်သူ၏ နှမလေး မေနှင်းသီရိနှင့်လက်ထပ်ပြီး ရန်ကုန်ခေါ်သွားတော့မည့်ဆဲဆဲ။ သည်နေရာကို နောက်ဆုံးအနေဖြင့် အလွမ်းပြေကြည့်ရန် လာခဲ့ခြင်းသည် မှားများမှားလေပြီလားမသိ။

ဆက်၍ မနေချင်တော့။ ကြာလျှင် နှလုံးသားတစ်ခုလုံး အစိပ်စိပ်အမွှာမွှာကွဲကြေတော့မည်မို့ ဇနီးဖြစ်သူ၏လက်ကို တယုတယဆုပ်ကိုင်လျက် ဗိဿနိုးမြို့ဟောင်းကြီးကို ကျောခိုင်းလိုက်သည်။

လေအသင့်တွင် ရွှေရောင်တော် စေတီမှ ဆည်းလည်းသံလွင်လွင်ကို သဲ့သဲ့ကြားရ၏။ မူလက ရွှေရောင်တော်စေတီတော်ရှိ ပန်ထွာမင်းသမီးလေးကို ရင်ခွင်ပိုက်ထားသည့် မယ်တော်စန္ဒမုခီရုပ်တုကို သွားရောက်ကန်တော့ရန် အစီအစဉ်ကိုဖျက်လိုက်၏။

''ငါပြန်လာမှ ကြီး၊ ငါပြန်လာမှ သီး'' ဟူ၍ ပန်ထွာဘုရင်မကြီး၏ ကျိန်စာသင့်၍ မကြီးတော့သော ပေပင်ပုကလေးများကိုလည်း မကြည့်ရက်တော့ပါ။

စင်စစ် ဗိဿနိုးသည် ပျူလူမျိုးတို့၏ မြို့တော်ဖြစ်၏။ ဗိဿနိုးကို မြေလှန်မီးရှို့၍ လူမျိုးတုံးသတ်ဖြတ်သူများမှာလည်း သရေခေတ္တရာသား ပျူများပင်ဖြစ်၏။

သွေးတူ၊ သားတူချင်း လောဘ၊ ဒေါသ၊ မာန်မာနတရားများအပြင် အငြိုးကြီးစွာသတ်ဖြတ်ဖျက်ဆီးမှုတို့ကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရသည်များကို သင်ခန်းစာယူရန်သာရှိတော့၏။

သီဟ သက်ပြင်းမောကို လေးပင်စွာ ရှိုက်ထုတ်လျက် ရပ်ထားသည့် ကားပေါ်လှမ်းတက်သည်။

ဗိဿနိုးမြို့ဟောင်းအတွင်းမှ မကျွတ်မလွတ်သေးသူများနှင့် ကြုံကြိုက်သူများအား အမျှပေးဝေလိုက်ရင်း အပြန်လမ်းကို ဦးတည်လိုက်သည်။

နေရစ်တော့ ချစ်သောပန်ထွာ။

ပြီးပါပြီ။

မင်းမဟာကျော်ခေါင်





www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အတိုဆုံးဝတ္ထု

ရွှေကျွန်းခိုင်သစ်
အမြင်၏အတွေး

(က)

သည်ကလေး ချစ်စရာကောင်း၏။ ဆိုး၏ ..။ စကားကတတ်ပြီး လည်လွန်း၏။ ဆော့လိုက်သည်က လည်းမနားတမ်း။ မျောက်ရှုံးလို့ခေါ်ရမည့်ပမာ။

တစ်မျိုးလုံးမှာ ယောကျ်ားလေးဆိုလို့ သည်တစ်ယောက်သာ။ ဝိုင်းချစ်သည်က သည်းသည်းတုန်ရော။

ကျွန်တော်တို့ဇနီးမောင်နှံမှာ သားသမီးမရ၍ သူ့ကိုချစ်ပြန်တော့ "ဦးဦးဖေနဲ့ကြီးကြီးမေ" ဟူ၍ပင် ညာတာတာဖြင့် စကားလုံး သူပဲရွေးသုံးတတ်ပြန်သည်။ ယောက္ခမအတွက် အိမ်အပြန်မပါလျှင်သာရှိရမည်။ သူ့အတွက်ကတော့ တစ်ခုခုပါမြဲ။

သူ့နာမည်က 'ဖိုးတာ'တဲ့လေ။

(ခ)

'လေယာဉ်ပျံမောင်းမယ်၊ စစ်ဗိုလ်လုပ်မယ်၊ အင်ဂျင်နီယာလုပ်မယ်' ဟူ သော ရွေးချယ်မှုအသံကောင်းများဖြင့် မိဘနှစ်ပါးထံ ညာစားခဲ့သည်မှာ သူငယ်တန်းပြီး၍ ပထမတန်းသို့ရောက်ခဲ့ချေပြီ။

အတန်းထဲမှာနောက်ဆုံးမှ ရေတွက်လျှင် သူက ဒုတိယ။ ပထမကလေးမှာ နေမကောင်း၍ စာမေးပွဲကောင်းကောင်းမဖြေနိုင်သူဖြစ်၏။

ဘာမေးမေး ချက်နှင့်လက်နှင့်ဖြေနိုင်၏။ ကျောင်းစာမပါဝင်ပါ။ ဦးဦးဒေါ်ဒေါ် ကြီးကြီး၊ ကိုကို မမ၊ ညီညီညီမလေးစသဖြင့် လူတွေ့လျှင် ရွှန်းရွှန်းဝေပြီး ညှိသည် မှန်သမျှ သူက ရွှေကြို။

(ဂ)

အလုပ်နားရက် သူ့အား ခေါ်သွားမိသည်။ တစ်လမ်းလုံး တွေ့ကရာ လက်ညှိုး ထိုးပြီးပူဆာ၏။ ဝယ်ကျွေးသမှုပြု၍ရ၏။ အရုပ်နှင့် ကစားစရာအစုံ၊ တစ်လမ်းလုံး ဆိုင်းဘုတ်တွေ့လျှင်ဖတ်ခိုင်းပြီး သိသမျှမေး၏။

သူက မမောသော်လည်း ကျွန်တော်မောရသည်။ သည်တော့ ကားမှတ်တိုင်အနီး ရေခဲမုန့်ကောင်းကောင်းတစ်ခုနှင့် ငါးမုန့်အထုပ်ကြီးတစ်ထုပ် ဝယ်ပေးပြီး မတွေ့ရသည်မှာ ကြာပြီဖြစ်သော သူငယ်ချင်းတစ်ဦးနှင့်စကားပြောနေမိ၏။ သူငယ်ချင်းထွက်သွားတော့ ...

"ဦးဦးဖေ"

"ဘာတုန်းကွ"

"ဟိုလူကြီးက ဘာလဲ"

"မထသဝန်ထမ်းလေ"

"သူက ဘာလုပ်တာလဲ"

"ဘတ်စ်ကားတွေရဲ့ စာရင်းမှတ်ပြီး ကားသမားတွေ အဆင်ပြေအောင် ကူညီတာပေါ့"

"ပိုက်ဆံအများကြီးရတယ်နော်"



"ဘာဖြစ်လို့လဲ"

"ကားပေါ်က စာရွက်ကလေး ပေးပြီး သူ့ကို ပိုက်ဆံပေးပေးသွားကြတာ အများကြီး"

ဆက်ရှင်းလျှင် ကျွန်တော်မရှင်းနိုင်တတ်သော စကားများပါတော့မည်ကိုသိ၍ စကားကိုဖြတ်ပြီး ဘတ်စ်ကားပေါ်တက်ကာ အိမ်သို့ပြန်ခဲ့သည်။ မပြတ်ပြတ်အောင် စကားဖြတ်ရာတွင် အလျှဉ်းသင့်သလို ပြောခဲ့မိ၏။

(ဃ)

ကျောင်းပိတ်ရက်ကုန်ပြီး ကျူရှင်များပြန်ဖွင့်ချိန် ကျူရှင်မတက်ဘဲ ဆော့နေသဖြင့် သူ့အမေက သူ့ကို ..

"ဖိုးတာ အိမ်ပေါ်တက်စမ်း၊ ပေတေနေတာပဲ။ ကျူရှင်လည်းမတက်ဘူး။ ကျောင်းသွားရမယ်ဆို ခေါင်းမူးသလေး ဖင်နာသလေးနဲ့၊ လစ်တာနဲ့ လမ်းပေါ်မှာ .. လာခဲ့" ဟုဆိုကာ ကြိမ်လုံးဖြင့်ရိုက်မည်ကာရှိသေးသည် သွားအရေင်ခွင်ထဲ ပြေးဝင်ပြီး ငိုပြီ၏။

www.burmeseclassic.com



ဘွားအေကလည်း ကျောင်းမတက်ခြင်းကို မကာကွယ်နိုင်၍ သူ့အမေကြိမ်လုံးကိုသိမ်းပြီး သူ့အားဆူပါသည်။

"မြေးဖိုးတာ ကျောင်းမတက်ရင် လေယာဉ်ပျံလည်း မောင်းလို့မရဘူး။ စစ်ဗိုလ်အင်ဂျင်နီယာလည်း မဖြစ်ဘူး။ ကဲ ‥ စာမတတ်ရင် ဘာလုပ်စားမလဲ"

"သား စာနည်းနည်းတတ်ရင် မထသမှာလုပ်မယ်"

သူ့အမေ မျက်လုံးပြူးပြီး ဒေါသထွက်ကာ ကြိမ်လုံးကိုဆွဲသည်။

ကြားမှမနေသာ၍ ကျွန်တော် ကြိမ်လုံးကိုဝင်လုပြီး ‥

"ကဲ ‥ ကဲ မင်းပြောတဲ့ နည်းနည်းတတ်အောင်ပဲဒီနေ့စာကျက်တော့ လျှောက်မဆော့နဲ့"

ပြီးတော့မှ ကျွန်တော် ရယ်ပြီး သူ့အမေကို ‥


"ညီမလေး ‥ ငါတော်ကြာမှ ရှင်း ပြပါ့မယ်။ ဒီကိစ္စ ငါရှင်းမှပြီးမှာပါ။ မရိုက်ပါနဲ့" ဟု တားလိုက်ရတော့သည်။

ရွှေကျွန်းနိုင်သစ်

---

# ဆုတောင်းကြသူများ

**လမင်းသစ္စာ**



ကိုခိုင်ဝင်း ဒီခြံကိုဝယ်လိုက်တော့ လူတွေက ဒီလူ ဘာဓာတ်ပေါက်သွားပြီလဲပေါ့။ ဒါပေမဲ့ ကိုခိုင်ဝင်း ဂရုမစိုက်ပါဘူး။ ပုဂ္ဂလိကပိုင် ဆန်စက်ဝင်းကို ပိုင်ရှင်ဖြစ်သူက ဆန်စက်ကိုဖျက်သိမ်းပြီး ပေ ၄၀ × ၆၀ အကွက်ချစိပ်ထုတ်လိုက်တာ အကွက်(၂၀)ထွက်လာတယ်။ အဲဒီထဲက တစ်ကွက်ကို ကိုခိုင်ဝင်းဝယ်လိုက်တာပါ။ မကြာပါဘူး ကိုခိုင်ဝင်းက ရေစုပ်စက်တစ်လုံးဝယ်ပြီး ကား၊ ဆိုင်ကယ်ရေဆေးလုပ်ငန်း ဆိုပြီး လုပ်ငန်းတစ်ခု တည်ထောင်လိုက်ပါတယ်။ အဲဒီအခါမှာလည်း ပတ်ဝန်းကျင်က လက်ကို ခေါင်းနားကပ်ပြီး ပြပြန်တယ်။ ဒါပေမဲ့ ကိုခိုင်ဝင်း ဂရုမစိုက်ပါဘူး။ တစ်နှစ်မပြည့် တပြည့်မှာပဲ ကိုခိုင်ဝင်းဘေးနားက ခြံတွေမှာ တစ်ဦးစ၊ နှစ်ဦးစနဲ့ ဝင်ရောက်အခြေချလာကြတာ ခုဆိုရင် ခြံလွတ်တောင်မရှိတော့သလောက်ပဲ။ ကိုခိုင်ဝင်းရဲ့ ကား၊ ဆိုင်ကယ်ရေဆေးလုပ်ငန်းလည်း တွင်ကျယ်လို့လာခဲ့တယ်။

+++

တစ်နေ့ ကိုခိုင်ဝင်းတစ်ယောက် လက်ဖက်ရည်သောက်ပြီးလို့ ဆိုင်ကအထွက် ကြက်ဥကတ်တွေတင်ထားတဲ့ ဆန်နီပစ်ကပ်တစ်စီး ထိုးဆိုက်လာပြီး အမျိုးသမီးတစ်ယောက် ဆင်းလာပါတယ်။

"ဩော် ‥ ကိုခိုင်ဝင်း"

"ဩော် ‥ မစိုး"

"ကိုခိုင်ဝင်း အဆင်ပြေရဲ့လား"

လို့ မစိုးကမေးတော့ ကိုခိုင်ဝင်းက–

"ဒီလိုပါပဲ"

မစိုးက တစ်လဘယ်လောက်ကျန်လဲဆက်မေးတော့ ‥

"အင်း ၃ သိန်းလောက်ကျန်ပါတယ်"

မစိုးက အံ့သြသွားဟန်နဲ့ ‥‥

"၃ သိန်း ‥ ၃ သိန်းလောက်နဲ့ ကိုခိုင်ဝင်းမို့ ဒီအလုပ်ကိုလုပ်တယ်"လို့ ဆိုတော့ ကိုခိုင်ဝင်းက ‥

"မစိုး ‥ နင်ဘယ်လိုပြောလိုက်တာလဲ။ ငါတို့အလုပ်က လူတိုင်း ကား၊ ဆိုင်ကယ်စီးနိုင်ပါစေလို့အမြဲဆုတောင်းတယ်။ ဒါမှလည်း ငါတို့လုပ်ငန်းအဆင်ပြေမယ်လေ။ နင်တို့လို ငါ့ကြက်တွေ ကြက်ဥများများဥပါစေ။ အသားများများတိုးပါစေလို့ ဆုမတောင်းဘူး။ ငါ့အလုပ်က ထမင်းဝရုံပဲဆိုရင်တောင် သမ္မာအာဇီဝမို့ ဂုဏ်ယူတယ်။ နားလည်လား" ဆိုပြီး ဆိုင်ကယ်ပေါ်တက်ကာ ထွက်ခွာသွားတော့တယ်။

မစိုးခမျာ ဟိုလူ့ကိုပြုံးပြရမလား။ ဒီလူ့ကို မဲ့ပြရမလား။ မျက်စိမျက်နှာပျက်ယွင်းစွာနဲ့ ကားပေါ်တက် အရက်ပြေ ကားတံခါးကိုဆောင့်ပိတ်ပြီး အရှိန်ပြင်းပြင်းမောင်းထွက်သွားပါတော့တယ်။


လမင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com





# ဘုန်းမြင့်ချို

(သာယာဝတီ)

## ဘဝတစ်ကွေ့မမေ့သူ

"ဒေါင် ... ဒေါင် ... ဒေါင်"

ရွာဦးကျောင်းက အရုဏ်ဆွမ်းခံကြွရန် လေးနာရီသံချောင်းခေါက်နေပြီပဲ ဟု စိတ်မှတွေးကာ အိပ်ရာမှ ထခဲ့သည်။ နံနက်တိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်နေကျ ...။

တုတ်ကောက်ကိုဆွဲကာ ရွာထဲမှ ထွက်၍ ရန်ကုန်–ပြည်လမ်းမသို့ တက်လိုက်သည်နှင့် ရွာအဝင်လမ်းထိပ် လမ်းဓာတ်မီးတိုင်(ရွာအခေါ်)ဓာတ်တိုင်အောက်တွင် လူရွယ်(၂)ဦး၊ ကလေး(၂)ယောက်၊ ပရိဘောက် ကားကလေးတစ်စီးရပ်လို့၊ ယောကျ်ားဖြစ်သူက ဓာတ်တိုင်ကို လက်ညှိုးထိုးကာ စကားပြောနေတုန်း ကလေး(၂)ယောက်က အမေ့သား။ မိန်းမတစ်ဦးက ကားဘေးတွင်ရပ်လျက် ရွာထဲမှ ကျွန်တော်ထွက်အလာကို တွေ့သွားသဖြင့် လူရွယ်မှ အနားသို့လျှောက်လာကာ ကျွန်တော့်မျက်နှာကိုကြည့်၍ ...

"ဟာ ... ဦးလေး၊ လမ်းလျှောက်ထွက်လာတာလား။ ကျွန်တော့်ကို မမှတ်မိဘူးလား။ ဦးလေးက ... ဦးလေးကိုအေး မဟုတ်လား"

"အေး ... ဟုတ်တယ်ကွ။ မင်းကိုတော့ ဘယ်သိပ့်မလဲ တူမောင်ရာ"

"ကျွန်တော်ထွန်းမောင်လေ၊ ဦးလေးကြိုင်ကြီးတို့အိမ်မှာနေပြီး ကျောင်းတက်ခဲ့တဲ့ ကမ်းပြိုရွာက ကောင်လေးလေ"

"သြော် ... မှတ်မိပြီ ငါ့တူ"

"နေပါဦး ... ငါ့တူက ဘယ်ကနေ ဘယ်လို"

ကျွန်တော်ပင် စကားမဆုံးလိုက်။

"အေးအေးဆေးဆေး စကားပြောရအောင် ဦးလေးကားနဲ့လိုက်ခဲ့ပါလား" ဟု ပြောကာ သူ့မိသားစုနှင့်အတူ ကျွန်တော့်အား သုံးဆယ်မြို့ထဲ လမ်းဘေးလက်ဖက်ရည်ဆိုင်သို့ ခေါ်လာခဲ့ပါသည်။ ပြီးမှ ဒီလိုပါဦးလေးရယ်ဟုဆိုကာ ရွာထိပ်က ဓာတ်တိုင်အောက်က မီးအလင်းရောင်နဲ့ ကျွန်တော် ငယ်ငယ်က စာကျက်ပြီး (၁၀) တန်းအောင်ခဲ့ရတဲ့အကြောင်း သားနဲ့သမီးကိုပြောပြတော့ သူတို့လေးတွေ တွေ့ချင်တယ်ပြောလို့ ကြုံတုန်း ကားရပ်ပြီး ပြောပြနေတာပါ။ ဦးလေးထွက်လာတာတွေ့တာနဲ့ဟု ဝမ်းသာအားရ အားတက်သရော ပြောပြပါသည်။

ဦးလေးကြိုင်ကြီးတို့မောင်နှမ မရှိတော့တဲ့နောက်ပိုင်း ခြံနှင့်အိမ်ကို တူတွေ တူမတွေရောင်းသွားပြီး သတင်းကြားကတည်းက ရွာကို မရောက်တော့ကြောင်း ပြောပြရှာပါ၏။ ဟုတ်ပါပေသားပဲ၊ နှစ်(၂၀)လောက်တောင်ရှိရော့ဟု စိတ်ထဲမှထင်မိသည်။

ခဏအကြာ ကားပေါ်မှ မုန့်ပုံးတစ်ပုံးယူလာကာ လိပ်စာကတ်ကလေးတစ်ခုပေးပြီး နှုတ်ဆက်၍ ရန်ကုန်သို့ ဆက်လက်ထွက်သွားပါသည်။ ဆိုင်တွင် အတွေးနှင့်ကျန်ခဲ့သော ကျွန်တော်–

လွန်ခဲ့သော အနှစ်(၂၀)တုန်းက ထွန်းမောင် ရွာကိုရောက်လာ၏။ ဦးလေးဦးကြိုင်ကြီး၏အိမ်တွင် ၈ တန်းမှ ၁၀ တန်းအောင်သည်အထိနေခဲ့သော ထွန်းမောင်၊ စာကြိုးစား၊ ရိုးသားသည်။ ဆက်ဆံရေးပြေပြစ်၏။ ရွာတွင် လျှပ်စစ်မီးမရ၊ (၁၀)တန်းဖြေမည့်တစ်နှစ်လုံး ထွန်းမောင်တစ်ယောက် လမ်းဓာတ်မီးတိုင်အောက်တွင် စာကျက်၍ ၁၀ တန်းအောင်ခဲ့ရသူ။ တစ်ရွာလုံးသိကြ၏။ မိဘများက ဆင်းရဲကြ၍ ထွန်းမောင်ကို ရှင်မပြုနိုင်ကြ။

ရွာမှ ရပ်မိရပ်ဖ ဦးထွန်းကြိုင် ခေါင်းဆောင်တည်ထောင်ထားသော သာသနာ့နဂ္ဂဟ ရွာဘုံစုပေါင်းရှင်ပြုအသင်းမှ ထွန်းမောင်အား ရှင်ပြုပေးခဲ့ကြရသည်။ နှစ်စဉ် ရှင်ပြုသူများသဖြင့် ထွန်းမောင်ကို မနည်းစဉ်းစားခဲ့ရ၏။ ယခု သူနှင့်တိုက်တိုက်ဆိုင်ဆိုင် တွေ့ခဲ့ရ၍ သတိရမိသည်။ သူ့ဦးလေးအိမ်နှင့် ကျွန်တော့်အိမ်ကပ်လျက်ရှိနေ၍ အကြောင်းသိ။ သည့်နောက် လက်ထဲက လိပ်စာကတ်ကိုကြည့်လိုက်ရာ–

ဦးထွန်းမောင် M.E (Civil) + ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



နှင်းကလျာ M.E (Civil)

ထက်အာကာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဆိုပဲ။

အံ့ဩမိသည်က ထွန်းမောင် အင်ဂျင်နီယာကြီးဖြစ်နေပါလား။ လက်ဖက်ရည်ဆိုင်မှ ပြန်လာကာ ရွာထိပ် ရောက်မှ ထွန်းမောင် သူ့ကလေးတွေ ပြခဲ့သော ဓာတ်တိုင်ကိုကြည့်တော့မှ သြော် ‥ ဟိုတုန်းက ကျွန်းမျောဓာတ်တိုင်ကလေးမှာ ကွန်ကရစ်တိုင်ဖြစ်လို့ နေပေါ့လား။ မြင့်လည်းမြင့်လို့။ ထွန်းမောင်စာကျက်တုန်းက နိမ့်နိမ့်လေး။ ခေတ်တွေပြောင်းခဲ့ပြီနော်။ ထွန်းမောင်ဘဝလည်း ဓာတ်တိုင်လို ခိုင်ခိုင်မြင့်မြင့် ဖြစ်ပြီပေါ့။ အိမ်ရောက်လျှင် စာကျက်ကြ ‥ စာကျက်ကြဟု အော်နေရသော ကျွန်တော်၏ မြေးများကို ဘဝတစ်ကွေ့မမေ့သူထွန်းမောင်အကြောင်း ပြောရမည်ဟု တွေးရင်း လက်တစ်ဖက်က တုတ်ကောက်၊ ကျန်တစ်ဖက်က ကြွပ်ကြွပ်အိပ်ဖြင့် ထုပ်ထားသော မုန့်ပုံးကလေးကိုဆွဲရင်း အိမ်ဆီသို့ ‥။

ဘုန်းမြင့်ချို(သာယာဝတီ)

---

# အဓိဋ္ဌာန်ဖျက်မယ်

**ခင်မောင်မြင့်**
(ရွှေဆယ်မြေ)



ဦးထွန်းနောင်ဆီသို့ ရဲဝင်းသိန်း လာခဲ့ရသည်မှာ ခပ်လန့်လန့်။ ဦးထွန်းနောင်က လူကောင်ထွားသော်လည်း စိတ်ထားကနုသည်။ စိတ်ကောက်လွယ်သည်။ သူ့ကို ပင်စင်စားတစ်ယောက်မို့ မြို့နယ်လူမှုရေးအသင်းအဖွဲ့၏ အားကိုးရာတစ်နေရာပေးခဲ့မိကြသည်။

သို့သော်လည်း ဦးထွန်းနောင်က ရှေ့ကမသွား၊ နောက်ကမလိုက်နှင့် လွယ်အိတ်လို ဘေးတိုက်ဖြစ်လာသော အခါ အဖွဲ့၏ လူကြီးလူငယ်များက စိတ်ပျက်လာကြသည်။ သူက အစည်းအဝေးလည်းပုံမှန်မတက်။ တက်ရောက်သောအခါလည်း လမ်းကြောင်းမမှန်။ အသင်းအဖွဲ့၏တိုးတက်မှုကို လျစ်လျူရှုထားသူ။ အသင်းအဖွဲ့၏ အပြစ်အနာအဆာများကိုသာ ထောက်ပြဝေဖန်သူ။

ယခုလည်း မြို့မှ မြို့မိမြို့ဖလုပ်ငန်းရှင်များက သူတို့အသင်းအဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေးလုပ်ကြမည်။ အသင်းအဖွဲ့၏ မှန်ကန်သောလုပ်ရပ်ကို ပံ့ပိုးပေးကြမည်။ သို့ကြောင့်အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်စေချင်သည်။ ဤသို့ဖြင့် အဖွဲ့ကိုယ်စား ဖိတ်စာပေးရန် ရဲဝင်းသိန်းရောက်ရှိခဲ့ခြင်း ဖြစ်သည်။

"အစ်ကိုကြီး ‥ အစည်းအဝေးဖိတ်စာလာပေးတာပါ။ ဖိတ်စာမှာပါတဲ့အတိုင်း အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်စေချင်ပါတယ်"

ဦးထွန်းနောင်၏ ဆယ်ပြားစေ့မျက်နှာသည် ရွာမည့်မိုးတိမ်များလို အုံ့မှိုင်းလာသည်။

"ငါ ‥ ဒီနေ့ကစပြီး နံနက် ၉ နာရီမှာ အဓိဋ္ဌာန်ပုတီးစိပ်နေတယ်ကွာ။ အဲဒါကြောင့် မင်းတို့ မနက်ဖြန်အစည်းအဝေးကို မတက်နိုင်ဘူး"

ဦးထွန်းနောင်၏ အတွေးမျှင်၌ ရဲဝင်းသိန်းသည် သူ့ကို အစည်းအဝေးတက်အောင် ချော့မော့ပြောဆိုမည်ဟု ထင်ထား၏။ ရဲဝင်းသိန်းကား မည်သို့မျှမပြောဘဲ ဦးထွန်းနောင်၏ အိမ်အပြင်ဘက်တွင်ရပ်ခဲ့သော ဟွန်ဒါမော်တော်ဆိုင်ကယ်ဆီသို့ ဦးတည်ပြန်လျှောက်ခဲ့၏။ ဆိုင်ကယ်စီးဦးထုပ်ပြန်လည်ဆောင်းပြီးမှ ...

"အစ်ကိုကြီး အစည်းအဝေးမတက်လည်း ဘာမှမပြောဘူး။ မြို့မိမြို့ဖလုပ်ငန်းရှင်တွေက အစည်းအဝေးတက်မယ့် ကျွန်တော်တို့အဖွဲ့ဝင်တွေကို တီရှပ်တစ်ထည်နဲ့ ဆီ ၁ ပိဿာလက်ဆောင်ပေးမယ်လို့ ပြောတယ်ဗျာ"

ရဲဝင်းသိန်း ဆိုင်ကယ်စက်နှိုးနေစဉ် ဦးထွန်းနောင် အိမ်ထဲမှ အမြန်ပြေးထွက်လာပြီး ...

"ရဲဝင်းသိန်းရေ ‥ မနက်ဖြန်အစည်းအဝေးကို အစ်ကိုကြီးမပျက်မကွက်တက်မယ်ကွာ။ အဓိဋ္ဌာန်လည်း ဖျက်လိုက်မယ်။ နောက်ရက်မှအဓိဋ္ဌာန်ပုတီးပြန်စိပ်တာပေါ့"

ရဲဝင်းသိန်းကား နှုတ်မှ ခွန်းတုံ့ပြန်စကားမပြောဘဲ ဦးထွန်းနောင်ကို နားလည်ခွင့်လွှတ်သော အပြုံးလေး ရွေ့သက်ခဲ့လေသည်။

ခင်မောင်မြင့်(ရွှေဆယ်မြေ)



www.burmeseclassic.com

# ဖယောင်းတိုင်တစ်ချောင်းရဲ့ နားလည်မှု

## အောင်ကျော်ပြုံး



အသက်သာကြီးပြီး တရားတွေ မကြီးခဲ့ရင် ဘာလုပ်တော့မှာတဲ့လဲ။ အချိန်နဲ့အိုမင်းခြင်းကို အသုံးမချတတ်ဘူးဆိုရင် ဘဝဆိုတာ ပုံမှန်ကြီးပါပဲ။ လူတွေနဲ့စကားပြောရတာ တစ်ခါတစ်ရံကျတော့ သိပ်ကို လက်ပေါက်ကပ်တယ်။ ဒါကြောင့်လည်း ကေသီဇာတ်တော်မှာ ဆိုထားခဲ့တာ။

ကေသီဆိုတာ မြင်းထိန်းသူဖြစ်တယ်။ ဘုရားရှင်က ကေသီကို "မင်း မြင်းတွေကို ဆုံးမတဲ့အခါမှာ ဘယ်လိုနည်းနဲ့ ဆုံးမသလဲ" တဲ့။

ကေသီက ပြန်လျှောက်တယ်။

"တပည့်တော် မြင်းတွေဆိုးခဲ့ရင် ရိုက်ပုတ်ပြီး ဆုံးမလိုက်ပါတယ်။ သည့်ထက်ပိုဆိုးလာခဲ့ရင်တော့ သတ်ပစ်လိုက်ပါတယ်ဘုရား"

ဘုရားရှင်ကလည်း ..

"မှန်ပေတယ် ကေသီ၊ ငါ ဘုရားရှင်လည်း တရားဟောကြားလို့ရတဲ့သူကိုသာ တရားဟောကြားတယ်။ မရတဲ့သူကျတော့ သူ့ထိုက်နဲ့သူ့ကံထားလိုက်တယ်" ချစ်ခြင်းမုန်းခြင်းတွေမပါဘဲနဲ့ တရားမဟောတော့ဘဲ ဥပေက္ခာပြုထားလိုက်တာကို ဆိုလိုတာပါ။

ကျုပ်တို့ အရွယ်တွေက တတိယအရွယ်ထဲကို ရောက်လာပြီဆိုတော့ နေညိုချိန်ကို ရောက်ခဲ့ပြီလေ။ အသေမဦးခင်မှာ ဉာဏ်အရင်ဦးအောင်လုပ်ထားပါမှတော်ရုံကျမယ်။ ကိုယ့်အတွက် အမြတ်ကျန်မယ့် အလုပ်ကလေးတွေ ရှာထားဦးမှ။

အထူးသဖြင့်ကတော့ ကုသိုလ်တွေပဲပေါ့။ ဒါပဲရှိတာ။ ညဘက်ဆိုရင် ကျုပ်က ရပ်ကွက်ထဲမှာရှိတဲ့ ဘုရားရဲ့ အာရုံခံတန်ဆောင်းထဲမှာ တစ်ယောက်တည်းသွားပြီး ပုတီးလေးစိပ်နေတတ်တယ်။ မိမိရဲ့စိတ်ကို သန့်သည်ထက်သန့်အောင်လုပ်တာပေါ့။

သည်အချိန်ဆို မောင်မြတို့အဖွဲ့ အုပ်စုလိုက်ရောက်လာကြပါပြီ ...။ အသောက်အစားမကင်းတဲ့သူတွေဆိုတော့ သူတို့လာခဲ့ရင် ဘုရားဝန်းကျင်မှာ အရက်နံ့တွေက တထောင်းထောင်းထနေတာပါပဲ။

မောင်မြဆိုတာ ကျုပ်နဲ့အသက်မတိမ်းမယိမ်းပါပဲ။ ခုထက်ထိအောင် ဘုရားမှန်းတရားမှန်း သိတဲ့သူမဟုတ်ဘူး။ ဒါကြောင့်လည်း ကျုပ်က ဆုံးမမိပါတယ်။

"မောင်မြ .. ကိုယ့်အသက်အရွယ်လည်း ကိုယ်ပြန်ကြည့်ဦး။ မငယ်တော့ဘူးနော်။ လာတုန်းကလည်း တစ်ယောက်တည်း ပြန်သွားတော့လည်း တစ်ယောက်ပဲ လက်တွဲခေါ်ကာ ဖော်မပါဘူးလေ"

ကောင်းစေချင်လို့ ပြောလိုက်ကာမှ သည်ကောင်ကလည်း အရက်ရှိန်လေးနဲ့ အတွန့်တက်လာတယ်။

"ပြန်သွားတော့လည်း တစ်ယောက်တည်းဆိုတာ မှန်ချင်မှန်ပေမယ့် လာတုန်းက တစ်ယောက်တည်းဆိုတာ မမှန်ဘူး။ ကျုပ်တို့က အမြွှာပူးမွေးခဲ့တာဗျ။ နှစ်ယောက်အတူတူ အမေက မွေးခဲ့တာ။ မောင်မြနဲ့မောင်လှတဲ့။ ဘာတွေလာပြီး လျှောက်ပြောနေမှန်းမသိဘူး"

နောက်ဆုံးတော့လည်း ကေသီရဲ့ ထုံး နှလုံးမူလိုက်ရတယ်။ သူ့အသိဉာဏ်တွေက ကိုယ့်ထင်ထားတာထက် ပိုဆိုးနေတော့ သူ့ကိုစကားမပြောဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ဝီပိတ်နေလိုက်တာက သူ့ကိုသတ်ခြင်းလည်းမည်ပါတယ်။

လူ့ဘဝကို ဖယောင်းတိုင်တစ်တိုင်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူ့ရဲ့ အကောင်းဆုံးဖယောင်းတိုင်သည် သူ့ရဲ့နားလည်မှုဖြစ်ပြီး သူ့ရဲ့နားလည်မှုဟာ သူ့ရဲ့အကောင်းဆုံးသောဖယောင်းတိုင်ဖြစ်တတ်တာပါပဲ။

တစ်ခုတော့ရှိပါတယ်၊ ဘာအကျိုးမှမရှိဘဲ ဖယောင်းတိုင်အရည်တွေပျော်ဆင်းကျသွားမှာကိုတော့ နှမြောစရာကြီးပါ။

အောင်ကျော်ပြုံး



www.burmeseclassic.com

## နွေပြိုင်းချမ်း (အနန်းပင်မြေ)
# အစားထိုး၍မရနိုင်သော



(တစ်)

မပြောချင်ပါဘူး။ ဒါပေမဲ့ မပြော မဖြစ်လို့သာ ပြောရတာပါ။ တကယ်တော့ ကျွန်မတို့မိသားစုရဲ့တစ်နေ့တာကုန်ကျစရိတ်က နည်းတာမဟုတ်ဘူး။ ကလေးငါးယောက်ရှိတဲ့အထဲမှာ ကျောင်းနေအရွယ်က သုံးယောက်။ သူတို့ရဲ့ ပညာရေးစရိတ်က တစ်နှစ်တစ်နှစ်ကို နည်းတာမဟုတ်ဘူး။ သူတို့လေးတွေ နှစ်စဉ်အတန်းပုံမှန်တက်နိုင်ဖို့အတွက် ပါးစပ်ကနေ တဗျစ်တောက်တောက်နဲ့ ပြောဆိုနေရတာ အမောပါပဲ။ ပင်ပန်းလိုက်တာ၊ တစ်ခါတလေ သေချင်စိတ်တောင်ပေါက်မိပါရဲ့။

ကျူရှင်မထားနိုင်လို့ နေ့စဉ်ကျောင်းကသင်ကြားပေးလိုက်တဲ့ သင်ခန်းစာတွေကို အိမ်ပြန်ရောက်တိုင်း စစ်ကြည့်ပြီး သူတို့နားမရှင်းတာတွေကို ကျွန်မကပဲ သင်ကြားပေးနေရတာ။ ဒီကြားထဲ ကလေးအငယ်နှစ်ယောက်ရဲ့ ထွေလီကာလီကိစ္စများတာကတစ်ကြောင်း၊ အိမ်မှုကိစ္စတွေကို ဇယ်ဆက်သလို လုပ်နေရတာကတစ်ကြောင်း။ ခင်ပွန်းသည် ဆိုက်ကားနင်းပြီးပြန်လာတော့လည်း သူ့ဝေယျာဝစ္စတွေလုပ်ရတာဆိုတော့ တစ်နေ့ထက်တစ်နေ့ နားရတယ်လို့ကို မရှိပါဘူး။ များလိုက်တဲ့ အိမ်မှုကိစ္စ ဗာဟီရတွေ။

(နှစ်)

နေ့စဉ်ခင်ပွန်းသည် ကိုစိုးအောင် ဆိုင်ကားနင်းလို့ရလာတဲ့ ဝင်ငွေဆိုတာလည်း လက်ထဲမှာ မြဲတယ်လို့ကိုမရှိဘူး။ ညနေရောက်တာနဲ့ အကြွေးသိမ်းသူရောက်လာလို့ အရင်းမဆပ်နိုင်သေးတာနဲ့ အတိုးပဲပေးလိုက်ရတယ်။ ဟော . . . တော်ကြာလာပြန်ပြီ "မကြီး ကျောင်းမုန့်ဖိုး၊ ကျောင်းက ဘာကိစ္စ ညာကိစ္စအတွက် ပိုက်ဆံပေးရဦးမယ်" စသဖြင့် ကျောင်းသားသုံးယောက်ရဲ့ မကြာမကြာလက်ဖြန့် တောင်းတဲ့ငွေက ရှိသေးတယ်။ လက်လွှတ်လို့မရသေးတဲ့ အငယ်လေးနှစ်ယောက်ရဲ့ တာဝန်ကလည်း သေးတာမဟုတ်ဘူး။ ကျောပူလို့ ခေါင်းပူလို့ ဆေးစပ်တိုက်ရတာနဲ့ မုန့်ပဲသရေစာဝယ်ကျွေးရတာနဲ့ ငွေမစုဆောင်းနိုင်ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ်ပါပဲ။ တကယ်ဆိုရင် သားသမီးငါးယောက်ယူမိတာကိုက မှားတာပါလေ။ ဖင်မနိုင်ခေါင်းမနိုင်တွေ ဖြစ်ကုန်တာပေါ့။ စိတ်ညစ်စရာကောင်းလိုက်တာ။ ပြောပဲမပြောချင်တော့ဘူး။ ခါးမှာဝတ်ထားတဲ့ထဘီ ကျွတ်မကျအောင်မနည်းသတိထားနေရတယ်။ လူပုံစံကလည်း တစ်နေ့ တစ်ခြား ကျွန်စုပ်တဲ့ သရက်စေ့နဲ့ တူချင်နေပြီ။

တစ်ညနေတော့ ခင်ပွန်းသည် ကိုစိုးအောင်တစ်ယောက် ဆိုက်ကားပေါ်မှာ လူတစ်ယောက်ကိုတင်ပြီး ပြန်လာတယ်။ အိမ်ရှေ့ကိုရောက်လို့ ကြည့်လိုက်မိတော့ . . အမေ၊ ဟုတ်ပါတယ်။ ကျွန်မ သိပ်ချစ်ရတဲ့ အမေဖြစ်နေတယ်။ အမေ့ကိုမြင်တော့ ကျွန်မရင်ထဲမှာ ငိုရတော့မလို . . ပြုံးရတော့မလိုနဲ့။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဝမ်းနည်းဝမ်းသာနဲ့ပေါ့။ အမေ့မှာတော့ သနပ်ခါးအဖွေးသားနဲ့ ကျွန်မတို့ ငယ်စဉ်ကအတိုင်းပါပဲ။

အမေက ခင်ပွန်းသည်ကိုစိုးအောင်ရဲ့ ဆိုက်ကားပေါ်ကတောင် မဆင်းရသေးဘူး၊ ကျွန်မကို စေ့စေ့ပါအောင်ကြည့်ပြီး "ညည်းနဲ့တော် ကလေးငါးယောက်ပဲ မွေးရသေးတယ်။ ဖြစ်နေပုံက" လို့ ပြောလာတော့ ကျွန်မ အမေ့စကားကြောင့် ဘာပြန်ပြောရမှန်းတောင်မသိတော့ပါဘူး။

သိနေတာကတော့ ကျွန်မတို့မှာ မွေးချင်းမောင်နှမ တစ်ဆယ့်နှစ်ယောက်တောင်ရှိတယ်ဆိုတာပါပဲ။

နွေပြိုင်းချမ်း(အနန်းပင်မြေ)



www.burmeseclassic.com

www.burmeseclassic.com





# ဒေါက်တာအောင်ထက်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

"ကြွကြွပါရှင် ... ကြွကြွပါ၊ ဘာများ အလိုရှိပါသလဲ"

ဆိုင်ရှေ့တွင် ဆိုင်ကယ်များရပ်သံကြားရပြီးနောက် လူနှစ်ဦးဆိုင်ထဲဝင်လာသဖြင့် 'ရတနာမြေ'ရွှေဆိုင်ပိုင်ရှင် ဒေါ်မိုးမြင့်က ပျာပျာသလဲ ခရီးဦးကြိုပြုလိုက်သည်။

ဝင်လာသူများက ခေတ်ဆန်ဆန် ဝတ်စားထားကြသည်။ နှစ်ဦးစလုံး အကောင်းစား ဂျင်းဘောင်းဘီများနှင့် တစ်ဦးက အနက်ရောင်တီရှပ်ဝတ်ထားပြီး တစ်ဦးက နံ့သာရောင်စပို့ရှပ်ဝတ်ထားသည်။ အနက်ရောင်တီရှပ်ဝတ်ထားသော လူငယ်က ဆံပင်ကို ရွှေအိုရောင်ဆိုးထားပြီး ကြက်အမောက်ကဲ့သို့ ထောင်ညှပ်ထားသည်။ နှာခေါင်းပြွားပြွား မျက်နှာဝိုင်းဝိုင်း အသားလတ်လတ်။

နံ့သာရောင်စပို့ရှပ်ဝတ်ထားသူက နှာတံပေါ်ပေါ် မျက်နှာလေးထောင့် ဆံပင်အနက် ခေါင်းတုံးဆံတောက်နှင့် အသားမည်းမည်း နှစ်ဦးစလုံး အသက်သုံးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

"တစ်ကျပ်သားဝန်းကျင်လောက်ရှိမည့် ဟန်းချိန်းတစ်ခုရယ် .. ဆွဲကြိုးတစ်ကုံးရယ် .. လိုချင်လို့ပါအန်တီ"

အနက်ရောင်တီရှပ်နှင့် လူက ပြောလိုက်ရာ ဆိုင်ရှင်အမျိုးသမီးက ပြုံးပြုံးရွှင်ရွှင် ပြန်ဖြေသည်။

"ကြည့်ပါကွယ် ... ကြည့်ပါ၊ ချစ်စနိုးဖြူ .. ပစ္စည်းတွေ .. ထုတ်ပြလိုက်ပါကွယ်"

"ဟုတ်ကဲ့ အန်တီ"

ဆိုင်အရောင်းစာရေးမလေး ချစ်စနိုးဖြူက မှန်ကောင်တာအတွင်းမှ ဟန်းချိန်းနှင့် ဆွဲကြိုးများထုတ်ပြသည်။ ချစ်စနိုးဖြူက ဝယ်သူနှစ်ဦး ပစ္စည်းရွေးချယ်နေသည်ကို စေ့စပ်သေချာစွာ စောင့်ကြည့်နေသည်။ စောင့်မကြည့်၍ မဖြစ်။ တော်ကြာ အစစ်ကို အတုနှင့် လဲယူသွားလျှင် ဒုက္ခ။

ဝယ်သူနှစ်ဦး၏ပုံတွေက သိပ်ပြီး မူမှန်လှသည်မဟုတ်ပါ။ ထိုသူနှစ်ဦး၏ အကြည့်က ကျီးကန်းတောင်းမှောက်။ တစ်စုံတစ်ရာကို စိုးရိမ်နေသည့်ပုံဖြစ်သည်။

ဆိုင်ရှင် ဒေါ်မိုးမြင့်ကတော့ ဈေးဦးပေါက်တော့မည်ဖြစ်၍ ပြုံးနေသည်။

အနက်ရောင်တီရှပ်နှင့်လူက ၁၀ မိနစ်ခန့် ပစ္စည်းရွေးနေ၏။ နံ့သာရောင်စပို့ရှပ်ဝတ်ထားသည့်သူက စိတ်မရှည်သော လေသံဖြင့် ပြောလိုက်သည်။

"အစ်ကိုကြီးကလည်းဗျာ .. ရွေးနေတာမပြီးတော့ဘူး၊ နေ့ခင်းမှာ ညီ့သည်တွေနဲ့ချိန်းထားတာ မေ့နေပြီလား၊ လွဲကုန်တော့မှာပဲ .. မြန်မြန်ရွေးပါဗျ"

"အေးပါ ... ညီလေးရာ ပြီးပါပြီ ကွ၊ ကဲ ... ညီမလေးရေ ဒီဟန်းချိန်း နဲ့ ဆွဲကြိုးကို ချိန်ပေးနော်၊ ဘောက်ချာ လည်း ဖွင့်ပေးဦး"

ချစ်စနိုးဖြူက အနက်ရောင်တီရှပ်နှင့်လူလှမ်းပေးသည့် ဟန်းချိန်းနှင့် ဆွဲကြိုးကို လှမ်းယူလိုက်သည်။ လှမ်းယူစဉ် ချစ်စနိုးဖြူက ထိုသူ၏ညာဘက်လက်ဖျံမှ တက်တူးဆေးမင်ကြောင် အရုပ်လှလှလေးကိုတွေ့ပြီး သဘောကျသွားသည်။ ထိုသူက လက်ကို အလျင်အမြန်ရုတ်လိုက်သည်။

ချစ်စနိုးဖြူက ဟန်းချိန်းနှင့် ဆွဲကြိုးချိန်ကြည့်ပြီး တစ်ခုချင်းစီအတွက် ကျသင့်ငွေတွက်ချက်ပြီး ဘောက်ချာဖွင့်ပေးသည်။

"ဟန်းချိန်းက ... ခုနစ်သိန်းခွဲ ကျပါတယ်၊ ဆွဲကြိုးကတော့ ဆယ်သိန်း သုံးသောင်းပါရှင် ... တစ်ကျပ်သားရောင်းဈေး ခုနစ်သိန်းတစ်သောင်းနဲ့ ဈေးလျှော့ပေးထားတာပါ။ အလျော့တွက်တွေ လက်ခတွေပါ လျှော့ပေးထားပါတယ်"

ရွှေဆိုင်ပိုင်ရှင်ဒေါ်မိုးမြင့်က ချစ်စနိုးဖြူ ချက်ချက်ချာချာ ရောင်းဝယ်နေသည်ကိုကြည့်ပြီး သဘောကျကာ ပြုံးနေသည်။ အမြတ်တစ်သိန်းကျော်တော့ သေချာနေပြီ။

"ညီလေး ပိုက်ဆံရှင်းလိုက်ကွာ"

အနက်ရောင်တီရှပ်နှင့်လူက နံ့သာရောင်စပို့ရှပ် ဝတ်ထားသည့်သူကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို ‥ အမေပေးလိုက်တယ်မဟုတ်လား"

"ဟာ ‥‥ ဒုက္ခပါပဲကွာ၊ ငါက မင်းကို ပေးလိုက်တယ်မှတ်လို့။ ငါ့ကို အမေက ယုံတာမဟုတ်ဘူးကွ၊ ငါ့မှာ ငါ့ကိုယ်ပိုင်ငွေ နှစ်သိန်းပဲပါတယ်"

"ကဲ ‥ ကဲ ‥‥ ညည်းမနေနဲ့တော့၊ အိမ်ပြန်ပြီး အမေ့ဆီတောင်းရုံပဲ ရှိတော့တယ်"

"ဒီတိုင်းတော့ အမေက ယုံမှာမဟုတ်ဘူး၊ တစ်ခုခု သက်သေခံပါမှ အမေကပေးမှာ ‥‥ ဒီတိုင်း ဘာမှမပါဘဲ တောင်းရင် ဖဲကြွေး အရက်ကြွေးတွေ ဆပ်ဖို့လို့ ထင်မှာပဲ"

အနက်ရောင်တီရှပ်နှင့် လူက ခေါင်းကုတ်လိုက်ပြီးမှ ဆိုင်ရှင်ဒေါ်မိုးမြင့်ဘက်သို့ လှည့်ပြောသည်။

"အန်တီ ‥‥ ကျွန်တော်တို့ ငွေနှစ်သိန်းပဲပါလာလို့ အိမ်ပြန်ပြီး အမေ့ဆီတောင်းရဦးမယ်၊ ပစ္စည်းကိုလည်း သိပ်ကြိုက်တော့ လက်မလွှတ်နိုင်ဘူး၊ အဲဒါ ‥ အန်တီရယ် ဟို လေ ဟို ဟို အမေယုံအောင် ဆွဲကြိုးလေးတော့ ယူသွားပြီးပြချင်တယ်၊ ကျွန်တော့်မှာပါတဲ့ ငွေနှစ်သိန်းရယ် ‥‥ ဆိုင်ကယ်တစ်စီးရယ် ‥‥ ဂျီအက်စ်အမ်ဟန်းဖုန်းရယ် ခဏထားခဲ့ပါ့မယ်၊ အိမ်က သိပ်မဝေးပါဘူး အန်တီ၊ ချက်ချင်းပြန်လာမှာပါ၊ စိတ်ချပါ အန်တီ"

ဒေါ်မိုးမြင့် စိတ်တွက်တွက်ကြည့်သည်။ ငွေနှစ်သိန်း၊ ဆိုင်ကယ်တစ်စီးနှင့် ဂျီအက်စ်အမ်ဟန်းဖုန်းတစ်လုံး ပေါင်းလျှင် တန်ဖိုးက ဆွဲကြိုးတစ်ကုံးတော့ရှိပေမည်။

"အခက်အခဲရှိရင် ‥‥ ယူသွားလေ၊ လိပ်စာတော့ လိုရမယ်ရ ပေးထားခဲ့နော်၊ ဝယ်ပြီးပစ္စည်းလဲ အန်တီတို့က ပြန်လဲမပေးဘူး"

ဒေါ်မိုးမြင့်၏စကားဆုံးသည်နှင့် အနက်ရောင်တီရှပ်နှင့်လူက စာရွက်လွတ်တစ်ရွက်တောင်းပြီး အမည်နှင့် လိပ်စာရေးပေးသည်။ ချစ်စနိုးဖြူက ထိုသူ၏ညာလက်ဖျံမှ အရုပ်ကိုကြည့်ပြီး သဘောကျနေမိသည်။

ထိုသူပေးသော လိပ်စာစာရွက်ကို ဒေါ်မိုးမြင့်က ဖတ်ကြည့်ပြီး အံဆွဲထဲထည့်လိုက်သည်။

အနက်ရောင်တီရှပ်နှင့်လူက ရွှေဆွဲကြိုးကို ဘောင်းဘီအိတ်တွင်းထည့်လိုက်ပြီး ဆိုင်တွင်းမှ ထွက်ခွာသွားသည်။ ညီဆိုသူက နောက်က ကပ်လိုက်သွားသည်။

ညီအစ်ကိုနှစ်ဦး ဆိုင်ကယ်တစ်စီးနှင့် ထွက်သွားသည်။

ရွှေဆိုင်ရှေ့တွင် ဆိုင်ကယ်တစ်စီးကို ထားခဲ့သည်။

ချစ်စနိုးဖြူက တစ်စုံတစ်ရာကို တွေးပြီး စိတ်ရှုပ်လာသဖြင့် ခေါင်းကုတ်နေသည်။

ဒေါ်မိုးမြင့်ကတော့ အမြတ်ငွေကို တွေးပြီး ပြုံးနေသည်။

\+ + +

အခန်း (၂)

"အန်တီကလည်းလေ ‥ ခိုးဘီးမှန်း ဘာမှန်းမသိဘဲ ဆွဲကြိုးကို ဘာလို့ပေးလိုက်ရတာလဲ"

ဝယ်သူညီအစ်ကို ထွက်သွားပြီး မကြာမီ ချစ်စနိုးဖြူက ဒေါ်မိုးမြင့်ကို ပြောလိုက်ခြင်းဖြစ်သည်။

"သမီးရယ် ‥‥ ရိုးရိုးသားသားလေးတွေလို့ ထင်ပါတယ်၊ စိတ်မပူပါနဲ့"

ဒေါ်မိုးမြင့်၏စကားကို ချစ်စနိုးဖြူက လက်မခံပါ။

"အန်တီ စဉ်းစားကြည့်လေ ‥ သူတို့နှစ်ယောက် ညီအစ်ကိုအရင်းတစ်အိမ်ထဲအတူနေကြတာဆိုရင် ဘာဖြစ်လို့ဆီကုန်ခံပြီး ဆိုင်ကယ်တစ်ယောက်တစ်စီးနဲ့ လာမှာလဲ၊ တစ်စီးထဲ

**"အမှုကလည်း များလှချည်လား ကိုယ့်လူတို့၊ ရွှေဆိုင်ကို အယုံသွင်းပြီးထားခဲ့တဲ့ ဆိုင်ကယ်ကလည်း ခိုးဘီးကြီး။ ဟန်းဆက်ကလည်း အပျက်၊ ဆင်းကဒ်လည်း ထည့်မထား၊ ငွေနှစ်သိန်းကလည်း ငါးထောင်တန်အတုတွေ‥‥"**



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူစီးလာမှာပေါ့၊ နောက်ပြီး ... ညီအစ်ကိုလို့ထင်အောင် ပြောနေကြပေမဲ့ တစ်ယောက်နဲ့တစ်ယောက် နှံ့သာဆီနှင့် အီးလိုပဲ၊ ဘာတစ်ခုမှ မတူဘူး''

ချစ်စန်းဖြူ၏ စကားကြောင့် ဒေါ်မိုးမြင့်က အံ့သြပြီး မျက်လုံးပြူးသွားသည်။

''ဟဲ့ .. ချစ်စန်းဖြူ ဘယ်လို ခုနဟာ ပြန်ပြောစမ်း''

''ဟုတ်တယ်လေ .. အန်တီရဲ့ တစ်အိမ်တည်း အတူနေ ညီအစ်ကိုတွေဆိုရင် ဆိုင်ကယ်တစ်စီးထဲ အတူစီးလာမှာပေါ့၊ နောက်ပြီး''

ဒေါ်မိုးမြင့် မျက်နှာ ပျက်စပြုလာသည်။

''ဟဲ့ .. ချစ်စန်းဖြူ မထိတ်သာမလန့်သာဟယ်၊ နောက်ပြီး .. ဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်း''

''သူ့ ဟန်းဖုန်းစက် ပိတ်ထားလို့ စက်ဖွင့်ကြည့်တော့ .. ဆင်းကဒ်မပါဘူး .. အန်တီ၊ ဟန်းဆက်ကလည်း အစုတ်ကြီး''

ချစ်စန်းဖြူ၏ စကားဆုံးသည်နှင့် ဒေါ်မိုးမြင့်၏မျက်နှာ ငိုတော့မလို ဖြစ်လာသည်။

''ဒါ ... ဒါဆို .. ဆွဲကြိုးကို လိမ်ယူသွားတာပေါ့၊ အမလေး .. လုပ်ကြပါဦး၊ ကုန်ပါပြီတော် .. ကုန်ပါပြီ၊ ဟဲ့ ချစ်စန်းဖြူ .. သမီး .. ရဲစခန်းကို ဖုန်းခေါ်လိုက်စမ်း''

''ဟုတ်ကဲ့ အန်တီ''

ချစ်စန်းဖြူက ကြိုးဖုန်းကို ချက်ချင်း ကောက်ကိုင်လိုက်သည်။ ဖုန်းက မည်သည့်အသံမှ ထွက်မလာပါ။

''အန်တီ ... ဖုန်းလိုင်းပြတ်နေတယ်''

''ဟယ် ... ဒုက္ခပါပဲ၊ ငါ့ဟန်းဖုန်းက ငွေမထည့်ရသေးလို့ အပိတ်ခံထားရတယ်၊ ဒုက္ခပါပဲ၊ ဟိုဘက်ဆိုင်က ဖုန်းကို အကူအညီတောင်းကြည့်စမ်း'



ဒေါ်မိုးမြင့်၏စကားဆုံးသည်နှင့် ချစ်စန်းဖြူက ချက်ချင်းပြန်ပြောသည်။

''ကိစ္စမရှိဘူး ... အန်တီ၊ သမီး ဟန်းဖုန်းပါလာတယ်၊ ရဲစခန်းနံပါတ်သာ ပြောပါအန်တီ''

\+ + +

## အခန်း (၃)

မြို့၏တောင်ဘက်ဂိတ်သို့ မြို့ဘက်မှ ဆိုင်ကယ်တစ်စီး မောင်းလာသည်။

ပုံမှန်ဆိုပါက မြို့မှထွက်သည့် ယာဥ်များမှာ မြို့ဝင်ဂိတ်ကြေးပေးဆောင်ရန်မလိုသဖြင့် ဂိတ်တွင်ရပ်တန့်ရန်မလိုပါ။ ဂိတ်တာဝန်ကျဝန်ထမ်းများက ဂိတ်ကို ကြိုတင်ဖွင့်ပေးထားလေ့ရှိသည်။

ယခုတော့ ဂိတ်ကို ဖွင့်မပေးသဖြင့် ဆိုင်ကယ်ကို ရပ်လိုက်ရသည်။ ဂိတ်အတွင်းမှ ရဲတပ်ဖွဲ့ဝင်များ ထွက်လာကြသည်။ ဆိုင်ကယ်နားရောက်သည်နှင့် ရဲတပ်ကြပ်ကြီးတစ်ဦးက မေးသည်။

''ငါ့ညီတို့က ... ဘယ်သွားကြမလို့လဲ''

ဆိုင်ကယ်မောင်းသူက ပြန်မဖြေပါ။

''ကျုပ်တို့ အရေးတကြီးသွားစရာရှိလို့''

ရဲတပ်ကြပ်ကြီးက စိတ်ရှည်ရှည်နှင့် ထပ်မေးသည်

''ငါ့ညီတို့က .. ဘယ်မြို့ကလဲ၊ ဘယ်သွားကြမလို့လဲ''

ယခုမေးခွန်းကိုတော့ ဆိုင်ကယ်မောင်းသူက ပြန်ဖြေသည်။

''ဒီမြို့ကပဲ .. မြို့မရပ်က .. ရန်ကုန်ကို အရောင်းအဝယ်ကိစ္စနဲ့သွားမလို့၊ ဘာထပ်သိချင်သေးလဲ''

ရဲတပ်ကြပ်ကြီးက ပြုံးပြုံးကြီး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မြို့မရပ်က ဒေါ်လှမြိုင်သားတွေနဲ့တူတယ်"

ဆိုင်ကယ်မောင်းသူက ပြာပြာသလဲဖြေသည်။

"ဟုတ်တယ် ... ဟုတ်တယ်ဗျ။ ဦးလေးက အမေ့ကိုသိလားဟင်"

"သိတာပေါ့ကွာ ... ဒေါ်လှမြိုင်ရဲ့သားကြီးလက်မှာ အရုပ်ထိုးထားတာ အလွန်လှဆိုပဲ၊ ဝတ်လစ်စလစ်မိန်းကလေးတစ်ယောက်က ကျားကြီးစီးနေတဲ့ပုံဆိုလား၊ ကျွဲကြီးစီးနေတဲ့ပုံဆိုလား ဒေါ်လှမြိုင်ကြွားတာ ကြားဖူးတယ်"

တပ်ကြပ်ကြီး၏စကားဆုံးသည်နှင့် ဆိုင်ကယ်မောင်းသူက ဆိုင်ကယ်ညာဘက်လက်ကိုင်ကိုလွှတ်ပြီး သူ၏ညာဘက်လက်ဖျံမှ ဆေးမင်ကြောင်အရုပ်ကိုပြသည်။

"ကောင်မလေးစီးနေတာ ကျားပါဦးလေးရဲ့ ... ဒီမှာကြည့်"

"ဂျလောက်"

ရဲတပ်ကြပ်ကြီးက အလျင်မြန်ဆုံးနှုန်းဖြင့် ဆိုင်ကယ်မောင်းသူ၏ ညာလက်ကို လက်ထိပ်ခတ်လိုက်သည်။ ကျန်ရဲသားတစ်ဦးကလည်း နောက်ထိုင်ခုံမှလူကို လက်ထိပ်ခတ်လိုက်သည်။

"ဟာ ... ဦးလေး၊ ဒါ ဘာလုပ်တာလဲဗျ၊ ကျုပ်တို့မှာ ... ဘာအပြစ်ရှိလို့လဲ"

ဆိုင်ကယ်မောင်းသူ၏အမေးကို ရဲတပ်ကြပ်ကြီးက ပြန်ဖြေသည်။

"ဩော် .. အမေးရှိတော့လဲ ပြောရဦးမှာပေါ့ကွာ၊ မြို့မရပ်က ဒေါ်လှမြိုင်ဆိုတာ မင်းတို့အမေမဟုတ်တဲ့ ငါ့ကြီးတော်အရင်းခေါက်ခေါက်ကြီးကွ၊ သူက အပျိုကြီးလေ"

"ဟင် .. ဒါ .. ဒါဆို ခင်ဗျားကြီး ကလိန်ကျပြီးမေးတာပေါ့ ဟုတ်လား"

နောက်ထိုင်သည့်သူက အံကြိတ်ပြီး ထစ်ထစ်ငေါ့ငေါ့နှင့် မေးသည်။

"ငါက ... ကလိန်ကျပြီး မေးတာ မဟုတ်ပါဘူးကွာ၊ မင်းတို့ ကလိန်ကျပြီး ဆွဲကြိုးယူလာတဲ့ဆိုင်က အရောင်းစာရေးမလေး ချစ်စနိုးဖြူက မင်းအစ်ကိုဆိုသူရဲ့ညာလက်ကအရုပ်ကို မှတ်မိသွားတာက ဆိုးသကွဲ့၊ အမှုကလည်း များလှချည်လား ကိုယ့်လူတို့၊ ရွှေဆိုင်ကို .. အယုံသွင်းပြီးထားခဲ့တဲ့ ဆိုင်ကယ်ကလည်း ခိုးဘီးကြီး။ ဟန်းဆက်ကလည်း အပျက်၊ ဆင်းကဒ်လည်း ထည့်မထား၊ ငွေနှစ်သိန်းကလည်း ငါးထောင်တန်အတုတွေ၊ ငါမောလာပြီကွာ၊ ရဲစခန်းကျမှ ဆက်ပြောကြတာပေါ့နော"

"ဆရာရယ် ... မောပေမဲ့လည်း ပြောပြပါဦး၊ ဒီလူနှစ်ယောက် ဒီလမ်းကလာမယ်ဆိုတာ ဆရာ ဘယ်လိုလုပ်သိလဲ"

ရဲသားလေးတစ်ဦးက သိချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ မေးလိုက်သည်။

"ဒါကတော့ ... ငါ့ဆရာစခန်းမှူးရဲ့ တော်ချက်ကွ၊ ချစ်စနိုးဖြူပြောပြတဲ့ ပုံသဏ္ဌာန်မျိုး ဒီမြို့က ... လူဆိုးစာရင်းဝင်တွေထဲမှာ မရှိဘူး၊ ဒါကြောင့် တခြားနေရာက လာကျူးလွန်တာဖြစ်ရမယ်ပေါ့၊ ဒီရက်ထဲမှာ ... ဒီလိုအရုပ်မျိုး ထိုးထားသူပါနှစ်ယောက်တွဲ လာတည်းတာမျိုး တည်းခိုခန်းတွေ ဖော်တယ်တွေမှာ မရှိဘူး၊ နောက်ပိုင်းလာတည်းရင်လည်း ချက်ချင်းအကြောင်းကြားဖို့ တည်းခိုခန်းတွေကို မှာထားပြီးသား၊ သူတို့ခိုးလာတဲ့ဆိုင်ကယ်က တို့မြို့ရဲ့မြောက်ဘက်မှာရှိတဲ့ ဒဂုံသီရိမြို့ကလေ၊ ဒီလူတွေ ... မြောက်ဘက်တော့ ပြန်သွားမှာမဟုတ်ဘူးလို့ စခန်းမှူးက ယူဆတယ်၊ ဒီနှစ်ယောက် .. မြို့ထဲမှာခိုမနေရင် မြို့တောင်ဘက်ရန်ကုန်ဘက်ကို ပြန်ထွက်လိမ့်မယ်လို့ စခန်းမှူးက ထောက်ပြတယ်၊ ဒါပေမဲ့ လိုရမယ်ရ မြို့အထွက်လမ်းတွေအားလုံး ပိတ်ဆို့ခိုင်းထားတယ်၊ ခုတော့ ... စခန်းမှူးရဲ့တွက်ကိန်းက .. ကွက်တိပဲဟေ့"

"ဒါနဲ့ .. မြို့မရပ်က ဒေါ်လှမြိုင်ဆိုတာလည်း စခန်းမှူးရဲ့ဉာဏ်ပဲလား ဆရာကြီး"

ရဲဒုတပ်ကြပ်လေးက သိချင်ဇောနှင့် ဝင်မေးသည်။ ရဲတပ်ကြပ်ကြီးက အလျင်အမြန်ပင် ဖြေသည်။

"အဲဒါကတော့ ... ငါ့ဉာဏ်ပါကွာ၊ ငါ့ကြီးတော်ကြီးလည်း ငါ့ကြောင့် ကောင်းကောင်းမနေရ .. ဟား .. ဟား ... ဟား"

ဒေါက်တာအောင်ထက်(ဆေး-၁)



www.burmeseclassic.com

www.burmeseclassic.com





# ကျော်မြင့်ကျော်

## လူသတ်သမားရဲ့ အမှား

www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်ကာလဖြစ်ပါသည်။ နွေဦးကာလနေ့တစ်နေ့တွင် ကျွန်ုပ်အား သံသယဖြစ်ဖွယ်အခြေအနေများနှင့် လူသေအလောင်းတွေ့ရှိရာမြစ်ဝကျွန်းပေါ် ဒေသမြို့ငယ်တစ်မြို့သို့ တာဝန်ပေးစေလွှတ်ခြင်းခံရသည်။ ယခု ကျွန်ုပ်သွားရမည့်မြို့ကို လူတိုင်းသိလောက်ပါသည်။ မြို့နာမည်ကိုတော့ မပြောလိုတော့ပါ။ ကွေ့ကွေ့ကောက်ကောက်လမ်းကျဉ်းလေးများရှိပြီး သစ်ကြီး ဝါးကြီးများနှင့် ဆောက်လုပ်ထားရာ အိမ်အိုကြီးများရှိသည့် ချစ်စဖွယ်မြို့လေးတစ်မြို့ဖြစ်ပါသည်။ ပင်လယ်ဝတွင်ရှိပြီး မြစ်လက်တက်မှကျော်ထွက်သွားလျှင် မကြာမီ ပင်လယ်ဝထွက်ပေါက်သို့ ရောက်သွားနိုင်သည့်မြို့ငယ်လေးဖြစ်ပါသည်။ မြစ်လက်တက်နှစ်ခုက ပင်လယ်ထဲသို့ စီးဝင်သွားကြသည်။ ဤမြို့ငယ်လေးဆီသို့ ကျွန်ုပ်အား တာဝန်ပေးစေလွှတ်လိုက်သည့်အတွက် လွန်စွာ အားရကျေနပ်ဖြစ်မိသည်။

ထိုမြို့တွင် ပုလိပ်အင်စပက်တော် ကိုပီတာနှင့်တွေ့ရသည်။ ယခင်က သိကျွမ်းခဲ့ဖူးသည့်မိတ်ဟောင်းဆွေဟောင်းဖြစ်သည်။ ခဏတာမျှ သူနှင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြရာမှ လုပ်ငန်းဆီသို့ လှည့်လိုက်ကြသည်။

"ကိုကျော်စိန်ဝင်းရေ ... ဒီအမှုကို ပုလိပ်မင်းကြီးရုံးက ကိုင်လိုက်ပြီလား။ ကျုပ်တို့အနေနဲ့ကတော့ ပုလိပ်မင်းကြီးကို ဒီအမှုကိစ္စနဲ့ အလုပ်မများစေချင်ဘူး။ အခုပဲကြည့်လေ .. ခင်ဗျား ဆင်းလာရပြီ"

"လာတော့လည်း အခုလိုတွေ့ရတာပေါ့ဗျာ၊ အမှုကိစ္စ နည်းနည်းပြောပြပါလား"

"ရှေ့နေတစ်ယောက်ဗျာ ... နာမည်က ကိုခင်ဝင်းတဲ့၊ မြစ်ဝနားက ကျောင်းပျက်ကြီးနားမှာ ... သူ့ရဲ့အလောင်းကိုတွေ့ခဲ့တာ ... တနင်္လာနေ့ လမ်းလျှောက်ထွက်တဲ့သူက တွေ့ဆိုပဲ"

"ဟုတ်ကဲ့ ဆက်ပြောပါဦးဗျာ"

"အဲဒီ ... ကိုခင်ဝင်းဆိုတာက ရန်ကုန်မှာနေတာ၊ ဒါပေမဲ့ ... ဒီမြို့ကိုတော့ မကြာခဏ အလည်အပတ်လာတတ်တယ်၊ သူက ... မော်တော်လေးတစ်စီးလည်း ပိုင်တယ်၊ အင်ဂျင်က အတော်ကောင်းဆိုပဲ ... လာရင် 'ရွှေမြားဝါ တည်းခိုခန်း' မှာ တည်းတတ်တယ်၊ တနင်္ဂနွေနေ့အထိ ... သူ့မိတ်ဆွေနှစ်ယောက်နဲ့ရှိနေခဲ့တာ၊ သူတို့က ညနေ ၆ နာရီ ၄၅ မိနစ်မှာ ပြန်သွားကြတာ"

"အင်း ... ဟုတ်ပါပြီ .. သူသေတာက ဘယ်အချိန်လဲ"

"ဆရာဝန်ကတော့ .. အဲဒီ .. တနင်္ဂနွေနေ့ ညနေ ၅ နာရီနဲ့ ၈ နာရီကြားလို့ ဆေးစာမှာ မှတ်ချက်ချထားတယ်"

"ဒါဆို ... သူတို့နှစ်ယောက်မပြန်ခင် ဖြစ်နိုင်တာပေါ့"

ကိုခင်ဝင်းက–

"ဘာကြောင့်သေတာလဲ"

"ပစ္စတိုသေနတ်သေးသေးနဲ့ ညာဘက်နားသယ်ကိုပစ်တာ .. သေနတ်က သူ့နံဘေးမှာ ... သေနတ်မှာ သူ့လက်ဗွေရာတွေ တွေ့ရတယ်"

"ကိုယ့်ကိုယ်ကို သတ်သေတာလို့ကော မထင်ဘူးလား"

"ဒီလိုပဲတွေးသင့်တာပေါ့၊ ဒါပေမဲ့ အကြောင်းရင်းတစ်ချက်က ရှိနေတယ်၊ ဒေါ်ထွေးနီဆိုတဲ့ ... ပန်းချီဆရာမတစ်ယောက်က မလှမ်းမကမ်းမှာ .. ပန်းချီကားထိုင်ဆွဲနေခဲ့တာ ရှိတယ်၊ ဒီလူနဲ့ဆိုရင် အုတ်နံရံတစ်ခုခြားနေတယ်၊ ဆေးဘက်ဆိုင်ရာအစီရင်ခံစာအရဆိုရင်တော့ ပစ်ခတ်မှုဖြစ်ချိန် သူမ ... အဲဒီနားမှာ ရှိနေနိုင်တယ်၊ ခင်ဗျား ... အဲဒီအမျိုး

www.burmeseclassic.com



သမီးနဲ့တွေ့ချင်တယ်ဆိုရင် ကျွန်တော် စီစဉ်ပေးမယ်''

ဟုတ်ပါသည်။ သူပြောတာမှန်သည်။ သဲလွန်စတစ်ခုခု ရလိုရငြား ကျွန်ုပ်ထိုအမျိုးသမီးကို တွေ့ရမည်ဖြစ်သည်။ ကိုပီတာက ထိုအမျိုးသမီးနေသည့်အိမ်ကို လိုက်ပြဖို့ ပုလိပ်ကလေးတစ်ယောက် ထည့်ပေးသည်။ သူမအိမ်ရောက်သွားသည်။ အသက်ခပ်ကြီးကြီး မွန်မွန်ရည်ရည်နှင့် လေးစားဖွယ်ဖြစ်သည်။ သူမအံ့အားသင့်သွားပုံရသည်။

''အဲဒီနေ့ . . နေ့ခင်းပိုင်း ကျွန်မအဲဒီမှာ ပုံဆွဲနေတယ်၊ ကျွန်မ ရှုခင်းပုံခဲနဲ့ပုံကြမ်းလောင်းနေတုန်း . . နံရံတစ်ဖက်မှာ ယောကျ်ားတွေရဲ့အသံကြားမိတယ်''

''သူတို့ . . . ဘာတွေပြောနေကြတယ်ဆိုတာ ပြောမပြနိုင်ဘူးလား''

''မသိပါဘူး . . . ကျွန်မက မမြင်ရသလို သူတို့လည်း ကျွန်မကို မြင်မှာမဟုတ်ဘူး၊ ကျွန်မက . . . ပန်းချီကားထဲမှာပဲ စိတ်ဝင်စားနေတာ . . . လူတွေဆီ သိပ်အာရုံမထားမိဘူး၊ ဒါပေမဲ့ အသံတစ်ခုတော့ ကြားလိုက်တယ်၊ အလုပ်ရပ်ပြီး ခဏနားစွင့်မိတယ်''

''အဲဒါ . . . ဘာလဲ . . . ပြောပြပါလား''

သူမ စိတ်ရှုပ်သွားပုံရသည်။ ပြီးမှ

''ဘာရယ်လို့တော့ . . . မပြောတတ်ဘူး၊ ထူးထူးဆန်းဆန်းအသံပဲ၊ ဒုတ်ခနဲမည်သံမျိုးပဲ၊ လေထဲမှာ ဝှစ်ခနဲဖြတ်သွားတဲ့အသံမျိုး . . . အာမေဋိတ်သံတစ်ခုလည်း ကြားလိုက်မိတယ်၊ တစ်ယောက်ယောက်က ပါးစပ်ပိတ်လိုက်သလိုမျိုးပဲ''

''ဒီတော့ . . . ခင်ဗျားက ဘာမှ မလုပ်ဘူးလား''

''မလုပ်ပါဘူး . . . တစ်ခုခု အမှားအယွင်းဖြစ်နေရင် . . . သွားမေးလို့ ဘယ်မှာတော်ပါ့မလဲ၊ နောက်တစ်ခါအသံတွေကြားပြန်တယ်၊ ပုံမှန်စကားပြောနေကြသလိုပါပဲ၊ ခဏကြာတော့လည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်တယ်''

''သေနတ်သံတစ်သံမှ . . မကြားတာတော့ သေချာတယ်ပေါ့''

''မကြားမိပါဘူး''

''ဘယ်အချိန်မှာ . . . ထူးထူးဆန်းဆန်းအသံ ကြားရတာလဲ''

''အတိအကျတော့ မပြောတတ်ဘူး၊ ၆ နာရီလောက်ရှိမယ်ထင်တယ်''

ကျွန်ုပ်အား သူမပြောပြသမျှ ဒါအကုန်ပဲဖြစ်သည်။ အင်စပက်တော်၏ လူသတ်မှုဟု သံသယဖြစ်နေမှုအပေါ် သူမ၏ထွက်ချက်များက အထောက်အကူပြုနေသည်။ သူမ ဘာတွေကြားလိုက်ရသည်ဆိုသည့်ကိစ္စက အတွေးပွားဖွယ်ဖြစ်နေတော့သည်။ သူမပြောပုံအရ အသံတိတ်သေနတ်ကို သုံးခဲ့ပုံရသည်။ နောက်မှ လူသေနံဘေးမှာ ချထားပုံရသည်။ ဤအချက်ကို စမ်းသပ်ရန် ပန်းချီဆရာမ ဒေါ်ထွေးနီကို သူထိုင်ပြီးပုံဆွဲသည့်နေရာသို့ ခေါ်လာခဲ့သည်။ မူလနေရာအတိုင်း တိတိကျကျထိုင်ခိုင်းရသည်။ ထို့နောက် အသံတိတ်ကိရိယာတပ်ဆင်ထားသည့်သေနတ်နှင့် အလောင်းတွေ့ရသည့်နေရာကို ပစ်လိုက်သည်။ ချက်ချင်းဆိုသလိုပင် ယခုကြားလိုက်ရသည့်အသံမှာ ဟိုနေ့က သူမ ကြားလိုက်မိသည့် အသံမျိုးဖြစ်ကြောင်း သူမ အတည်ပြုချက်ပေးနိုင်ခဲ့သည်။

အတော်ထူးဆန်းသည့် သီအိုရီတစ်ခု ကျွန်ုပ်၏ခေါင်းထဲဝင်လာသည်။ ကိုခင်ဝင်းအသတ်ခံရသည်ဆိုသည့်ကိစ္စအပေါ် သံသယဝင်နေကြသည်။ သေနတ်ပစ်သံ ထွက်လာပြီးနောက် ဒေါ်ထွေးနီက စကားပြောသံတွေကြားရသည်ဆိုသည့်အတွက် သူနှင့်အတူ လူနှစ်ယောက်ရှိနေခဲ့သည်။ လူနှစ်ယောက်က သူနှင့်အတူ အချိန်ဖြုန်းနေခဲ့ကြသည်။ သူသေပြီးမှ သူတို့ နှစ်ဦး ပြန်သွားခဲ့ကြတာဖြစ်မည်ဟု ယူဆရသည်။

ဤသို့ အတွေးပေါက်မိသည်နှင့် အညီ ပုလိပ်မင်းကြီးရုံးသို့ သူတို့လုပ်ငန်းနှင့် သူ့အပေါင်းအဖော်များအား စုံစမ်းထားရန် ဖုန်းဆက်လိုက်သည်။ ထို့နောက် ''ရွှေမြားတည်းခိုခန်း''မန်နေဂျာနှင့်သွားတွေ့သည်။ သူကလည်း အတော်ကူညီသည်။ အကျိုးအကြောင်း မေးကြည့်သည်။

''ဟုတ်ကဲ့ခင်ဗျာ . . . ဦးခင်ဝင်းကို ကျွန်တော် . . . ရင်းရင်းနှီးနှီး သိပါတယ်၊ သူ . . . ဒီမှာ . . မကြာခဏတည်းလေ့ရှိပါတယ်၊ စနေနေ့ဆိုရောက်လာပြီး ကျွန်တော်တို့ဆီမှာ သီတင်းတစ်ပတ်လောက်နေတတ်ပါတယ်၊ အဲဒီနေ့က . . . သူနဲ့အတူ သူ့မိတ်ဆွေ ဦးဟန်သာနဲ့ ဦးစန်းဆိုတဲ့ လူနှစ်ယောက်ပါလာတယ်''

''ဟုတ်လား . . . သူတို့ . . ဒီမှာပဲ အတူအိပ်သွားကြသလား'

''သူတို့ . . . စနေနေ့ညက ဒီမှာ အိပ်ကြပါတယ်၊ အရင်က . . သူတို့ကို မတွေ့ဖူးဘူး''



www.burmeseclassic.com

''ခင်ဗျားတို့ဆီမှာရှိနေတုန်း ‥ သူတို့ လှုပ်ရှားမှုအကြောင်း ဘာများ ပြောလို့ရမလဲ''

မန်နေဂျာက ခဏစဉ်းစားသည်။ ပြီးမှ –

''ဦးဟန်သာနဲ့ ဦးစန်းဝင်းတို့ ‥ စနေနေ့ညနေ ရောက်လာကြပါတယ်၊ သင်္ဘောနဲ့လာပြီး သင်္ဘောနဲ့ ပြန်ကြတာပါ၊ ဒီမှာ … သူတို့ ညစာစားကြတယ်၊ တနင်္ဂနွေနေ့ မိုးလင်းစာစားပြီး သူတို့ သုံးယောက် ထွက်သွားကြတာပဲ၊ နေ့လည်စာအတွက်ပါ ယူသွားကြတယ်၊ ဦးခင်ဝင်းက … ဒကာခံတယ်နဲ့ တူပါတယ်''

''သူတို့ … ဘယ်တော့ ပြန်ရောက်လာကြလဲ''

''၅ နာရီမထိုးခင်လေးတင်ပဲ''

''နောက်တစ်ခေါက် ဘယ်တော့ ပြန်ထွက်သွားကြလဲ''

''လက်ဖက်ရည်သောက်ပြီးပြီးချင်းပဲ … ဦးဟန်သာက သင်္ဘောထွက်မဲ့ ၆ နာရီ ၄၅ မိနစ်မတိုင်ခင် မြို့ထဲမှာ တစ်ခုခုကြည့်ချင်တယ်ပြောတယ်''

''သူတို့ … ဝန်စည်စလည်တွေကရော''

''ဦးဟန်သာနဲ့ ဦးစန်းဝင်းတို့က လက်ဆွဲလောက်ပဲပါတာ … ဒီမနက် သူတို့နဲ့အတူ ယူသွားတယ်၊ သူတို့ … အပြန်နောက်ကျရင် အဆင်သင့်ဖြစ်အောင် သင်္ဘောရုံးမှာ ဝင်ထားခဲ့မယ် ပြောတယ်၊ ဦးခင်ဝင်းမှာတော့ ပစ္စည်းပစ္စယမပါတော့ … သူ ညနေပြန်လာမယ်ထင်တာပဲ''

မန်နေဂျာဖြစ်သူက ဤမျှအသေးစိတ်သိနေခြင်းမှာ အင်စပက်တော်ဦးပီတာအတွက် လုပ်ပေးနေခြင်းဖြစ်သည်ဆိုသည့်အချက် မသိရမီအထိ ကျွန်ုပ်အံ့အားသင့်နေမိသည်။ တကယ်တော့ သူပြောခဲ့သမျှ ဘာအထောက်အထားမျှမရှိ။ သို့သော် အဖော်ဖြစ်သူတွေမှာ အပြစ်ရှိသည်ဟူသော ကျွန်ုပ်၏အစမ်းသဘောချထားသည့် သီအိုရီနှင့်ကိုက်ညီခြင်းမရှိချေ။ သူတို့နှင့် တွေ့ဆုံမေးမြန်းရမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် ပုလိပ်အင်စပက်တော်ကိုပီတာနှင့် ပြောဆိုစရာကိစ္စက ရှိနေသေးသည်။ ကိုပီတာနှင့်တွေ့ပြီး ကျွန်ုပ်၏ သတင်းစကားများကို ကြားရသည့်အခါ သူက ခေါင်းညိတ်သည်။

''အင်း ‥ ကျုပ်သိထားတာတွေလည်း ဒါပါပဲ ‥ ဟန်သာနဲ့စန်းဝင်းနဲ့ လာကြတယ်၊ စနေနေ့ညနေ ၆ နာရီခွဲရောက်ကြတယ်၊ ဒါကို ‥ တည်းခိုခန်းကကောင်ကလေး မြင်တယ်၊ လူသုံးယောက်တည်းခိုခန်းဆီ လျှောက်လာကြတယ်''

''တနင်္ဂနွေနေ့ … နေ့လယ်စာရော စားကြသေးလား''

''ဟုတ်တယ် … ၁၀ နာရီခွဲလောက် မြစ်ဖျားဆန်တက်သွားကြတယ်၊ ၄ နာရီခွဲလောက် ပြန်ရောက်ကြတယ်၊ ပြီးတော့ … တည်းခိုခန်းမှာ လက်ဖက်ရည်သောက်ပြီး ၅ နာရီကျော်လောက်မှာ ပြန်ထွက်သွားကြတယ်၊ မန်နေဂျာ ခင်ဗျားကိုပြောတဲ့အတိုင်းပါပဲ''

''အဲဒီနေ့ညနေ ၆ နာရီ ၄၅




www.burmeseclassic.com

www.burmeseclassic.com



မှာ သူတို့ ပြန်မပြန် ခင်ဗျား ‥ နောက်ယောင်ခံမလိုက်တော့ဘူးထင်တယ်''

သူက ကျွန်ုပ်အား သရော်ကြည့်ကြည့်လိုက်သည်။

''ကျုပ် ‥‥ ဒီလောက်မအပါဘူး ကိုယ့်လူရယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းထောက်လှမ်းတာ ရှိတာပေါ့''

အင်စပက်တော်ကိုပီတာက တကယ်တော့ လူတော်တစ်ယောက်ဖြစ်သည်။ သူလုပ်သင့်တာအားလုံး အ ခတော်ကောင်းကောင်းလုပ်ထားနှင့်ပြီး ဖြစ်သည်။ ကျွန်ုပ်တို့ထဲက မည်သူမျှ အဓိကျသည့်အချိန်ကိုစွဲဖော်ထုတ်နိုင်ခြင်း ခရှိသည်နှင့်အမျှ သက်သေအထောက်အထားမရနိုင် ဖြစ်နေသည်။ ကိုခင်ဝင်း အပေါင်းအသင်းတွေဆီက အသံကို ားထောင်ရမည်ဖြစ်သဖြင့် သူတို့ရှိရာ ဒြို့သို့ ကျွန်ုပ်လိုက်သွားခဲ့သည်။ နောက် ာစ်နေ့ သူတို့နှင့်သွားတွေ့သည်။

ဦးစွာပထမ ဦးဟန်သာနှင့်တွေ့ ပည်။ လူပုံက ထွားထွား၊ မျက်နှာက စုတ်စုတ် အတော်ကြည့်ရဆိုးသည့်ပုံ ဖြစ်သည်။ ကျွန်ုပ်က ကျွန်ုပ်၏တာဝန် ငှ့် အလုပ်အကြောင်း ရှင်းပြသည်။

''သြော် ‥‥ ဟုတ်ပါပြီ၊ သနားရာကိုခင်ဝင်းအကြောင်းကြားရတာ ိတ်လန့်စရာပဲ၊ ကျွန်တော်တို့ဆီကို ံသယနဲ့လိုက်လာကြတယ်ဆိုပါတော့၊ င်ဗျားဆွဲတဲ့ကောက်ချက်က အတော် ိုးတာပဲ၊ ဒါပေမဲ့ ‥‥ မှန်တယ်လို့ပဲ ားရှားပါးပါး တွေးလိုက်ပါ့မယ် အိုင်အို ိုးရယ်၊ တကယ်တော့ ကိုခင်ဝင်းဆို ာ တာဝန်မရှိတဲ့လူပါ''

''ကျွန်တော်တို့အလုပ်က ‥ ဖြစ် ်ချေတွေကို တွေးတောရတဲ့အလုပ်ဆို တာ လူကြီးမင်းသိမှာပါ''

''အိုး ‥ ဒါကို ကျွန်တော်နားလည်နိုင်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒါက ခင်ဗျားအလုပ်ပါ၊ ကျွန်တော့်အလုပ်မဟုတ်ပါဘူး။ ခင်ဗျား ‥ မေးခွန်းတချို့ မေးချင်တယ်မဟုတ်လား ‥‥ မေးပါ''

''ခင်ဗျား ‥ ကျေနပ်ရင်ပေါ့၊ ခင်ဗျားရဲ့ မြစ်ဝကျွန်းပေါ်အလည်အပတ်အခြေအနေ ‥‥ ကျွန်တော့်ကို ‥‥ ပြောပြနိုင်မလား''

စကားပြောဖို့ စိတ်ပါလာသည့်ဟန်ဖြင့် သူက ကုလားထိုင်ကို ကျောမှီထိုင်ချလိုက်သည်။ ''အင်း ‥‥''ဟု အစချီကာ သူက ဆက်ရှင်းပြသည်။

''ကျုပ်က ‥ ဓာတ်ပုံရိုက်ရတာ ဝါသနာပါတယ်၊ စေတီအို၊ ဇရပ်ပျက်တွေကို ဓာတ်ပုံလိုက်ရိုက်တဲ့အကျင့်ရှိတယ်၊ အိမ်မှာ ‥‥ ဒီလိုဓာတ်ပုံ ၂၀၀ ကျော်လောက်ရှိတယ်၊ ဒါပေမဲ့ တကယ်တန်းပြောရရင် ခင်ဗျားက ဒါကို ကြားချင်မှာမဟုတ်ဘူး''

''ခင်ဗျား ‥‥ ဘာပဲပြောပြော ကျုပ်က နားထောင်မှာပါ''

''ခင်ဗျား သိချင်သိမယ်၊ အဲဒီမြို့မှာ ‥‥ ယိုယွင်းပျက်စီးနေတဲ့ စေတီတစ်ဆူရှိတယ်၊ မြစ်ဝကနေသွားရင် ၁၀ မိုင်လောက်ရှိမယ်၊ ကျုပ် ‥‥ စုဆောင်းရသမျှထဲမှာ အဲဒီပုံလေးကိုထပ်ဖြည့်ချင်နေတာ၊ ကိုခင်ဝင်းက ‥‥ ဒါကို သိတယ်၊ သူ ‥‥ အဲဒီမှာရှိနေတုန်း ကျုပ်နဲ့ စန်းဝင်းကို လာဖို့ခေါ်တယ်၊ ကျုပ်က ‥‥ ဓာတ်ပုံရိုက်၊ ကိုစန်းဝင်းက ‥‥ ပတ်ဝန်းကျင်လေ့လာဆိုတဲ့ သဘောပေါ့'

''ဒီကနေ စနေနေ့မှာ သင်္ဘောစီးလိုက်သွားကြတယ်၊ 'ရွှေမြားတည်းခိုခန်း'မှာ တည်းကြတယ်၊ တနင်္ဂနွေနေ့ဓာတ်ပုံရိုက်တယ်၊ ပြန်လာတယ်၊ လက်ဖက်ရည်သောက်တယ်၊ ညနေသင်္ဘောနဲ့ ပြန်လာခဲ့ကြတယ်''

''ဟုတ်ပါပြီ ‥‥ ဒါဆိုရင် စနေနေ့ညနေ သင်္ဘော ဘယ်အချိန်ဆိုက်ပါသလဲ''

''ခြောက်နာရီခွဲ''

''ညနေပိုင်းမှာ ‥ ခင်ဗျား ဘာတွေလုပ်ခဲ့သေးလဲ''

''မြစ်ထိပ်က စေတီပျက်ရှိရာကို သွားခဲ့ကြတယ်၊ သနားစရာ ကိုခင်ဝင်း အလောင်းတွေ့တဲ့နေရာပေါ့၊ ဓာတ်ပုံရိုက်လို့ရနိုင်တဲ့ အလင်းရောင်လေး ရှိနေသေးတယ်''

''နောက် တနင်္ဂနွေနေ့မှာရော''

''၁၀ နာရီခွဲလောက် ရွှေမြားတည်းခိုခန်းကနေ ထွက်လာခဲ့တယ်၊ ကျွန်းပေါ်တက်တယ်၊ အဲဒီမှာ ‥ နေ့လယ်စာစားတယ်''

''အဲဒီကို ‥‥ ဘယ်အချိန်ရောက်လဲ''

'' ၁၂ နာရီခွဲလောက်ဆိုပါတော့''

''နှစ်နာရီကြာသလား ‥ ဒါ ‥ အံ့ဩစရာပဲ''

ကျွန်ုပ်က မေးခွန်းထုတ်လိုက်သည်။

''၁၀ မိုင်သွားတာ ၂ နာရီကြာတဲ့ သင်္ဘောပေါ့၊ ကျွန်တော်များများသလား မသိဘူး၊ ဟိုမှာ ‥‥ စုံစမ်းလို့သိခဲ့ရတာက ဒါလောက်မကြာဘူးထင်တယ်''

''ကျွန်တော်တို့ ရောက်သွားတာတော့ ဒီအချိန်ပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်တော့ပြန်ရောက်ကြသလဲ''

''၄ နာရီခွဲလောက်ရှိမယ်''

''ခင်ဗျားတို့ ‥ လက်ဖက်ရည်သောက်ကြတယ်ပြောတယ်''

''ဟုတ်တာပေါ့''

''ပြီးတော့ …အဲဒီမြို့က ၆ နာရီ ၄၅ မှာ ထွက်ကြတယ်''

''ဟုတ်ပါတယ်''

''လက်ဖက်ရည်သောက်ချိန်နဲ့ သင်္ဘောမထွက်ခင်ကြားအချိန်မှာ ဘာလုပ်ကြသေးလဲ''

ဤမေးခွန်းမေးပြီးနောက် သူ၏အမူအရာပြောင်းမပြောင်း ကျွန်ုပ်က စောင့်ကြည့်နေလိုက်သည်။ သို့သော် ဘာတစ်ခုမျှ အကဲဖမ်း၍မရ။ သူက မင်သေသေဖြင့် ပြန်ဖြေလိုက်သည်။

''မြို့ထဲနဲ့ …မြစ်ကမ်းအနည်းအပါး လျှောက်တာလောက်ပဲ ရှိပါတယ်၊ အရှေ့ဘက်တောင်ကုန်းပေါ်က စေတီပျက်ကို တစ်ချက် ဓာတ်ပုံရိုက်ဖို့ စဉ်းစားသေးတယ်၊ ဒါပေမဲ့ အချိန်က မရှိတော့ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ဝင်စားစရာနေရာတစ်ခုပဲ''

''ဒါဆို အားလုံးရှင်းသွားပါပြီ''

ကျွန်ုပ်က စိတ်ပျက်လက်ပျက်ပြောလိုက်သည်။

''ကျွန်တော့်မေးခွန်းတွေက …မေးရိုးမေးစဉ်တွေပါ၊ သံသယစိတ်နဲ့ မေးနေတာမဟုတ်ပါဘူး၊ ခင်ဗျား …ပြောပြနေတာတွေအပေါ် သက်သေအထောက်အထားတစ်ခုခုများ …ပြနိုင်မလား''

ကျွန်ုပ်က ဆက်မေးလိုက်သည်။

ခေတ္တခဏတွေဝေသွားပြီး–

''အသုံးတည့်မတည့်တော့ မသိဘူး၊ ပြစရာတစ်ခုတော့ရှိတယ်၊ ကျုပ်တို့ သင်္ဘောမထွက်ခင်ထိ ‥ ကိုခင်ဝင်း အသက်ရှင်လျက်ရှိနေတယ်ဆိုတဲ့ အထောက်အထားတော့ရှိတယ်''

ကျွန်ုပ်က ပြုံးရယ်လိုက်ပြီး–

''ဒါက …သေချာပေါက် အသုံးကျနိုင်ပါတယ်''

''ဒါက ‥ ကျွန်တော်တို့ သင်္ဘောပေါ်မတက်ခင် သင်္ဘောရုံးရှေ့မှာ ကိုခင်ဝင်း၊ ကိုစန်းဝင်းတို့ကို ရိုက်ထားတဲ့ဓာတ်ပုံ၊ ပြောချင်တာကတော့ ကံကောင်းထောက်မစွာပဲ …နောက်ခံသင်္ဘောရုံးက နာရီက ၇ နာရီထိုးဖို့ ၂၅ မိနစ်အလိုကို ပြနေတယ်''

''ကျွန်တော် ကြည့်လို့ရမလား''

''ကြည့်နိုင်တာပေါ့ဗျာ‥ ရော့ ဒီမှာ''



အတော်ကောင်းသည့်ဓာတ်ပုံဖြစ်သည်။ ကိုခင်ဝင်း ကိုစန်းဝင်းတို့ ပြုံးပြီးရပ်နေကြသည်။ နောက်က သင်္ဘောရုံးအဆောက်အဦဖြစ်သည်။ နာရီက ၆ နာရီ ၃၅ ပြနေသည်။ သူတို့ သင်္ဘောမထွက်ခင် ၁၀ မိနစ်အလိုအထိ ကိုခင်ဝင်းအသက်ရှင်နေသည့်အထောက်အထားဖြစ်သည်။ ဦးဟန်သာနှင့် ကိုစန်းဝင်းတို့ ထိုသင်္ဘောနှင့်ပင် ပြန်သွားခဲ့ကြသည်။

သို့သော် ဓာတ်ပုံကိုကြည့်ရင်း ဆိုလိုရင်းနှင့်မတူ ခြားနားသည့်အချက်တစ်ခုကို ကျွန်ုပ်တွေ့လိုက်ရသည်။ ဦးဟန်သာနှင့် ကိုစန်းဝင်းတို့ စနေနေ့ညနေ ၆ နာရီခွဲရောက်လာပြီး 'ရွှေမြားတည်းခိုခန်း' မှာတည်းကြသည်။ ဤအချိန်နောက်ပိုင်း ဓာတ်ပုံရိုက်ခဲ့ကြလေသလား။ ဤသို့ဆိုလျှင် ဤအပေါင်းအသင်းနှစ်ယောက်တွင် အပြစ်မကင်း။ ''အလီဘိုင်''ပြဖို့ ကြိုးပမ်းကြံစည်ခဲ့ကြလေသလား။

ကျွန်ုပ်သည် စုံထောက်ဌာနသို့ ပြန်လာခဲ့သည်။ ဓာတ်ပုံကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ် အထပ်ထပ်အခါခါ စဉ်းစားနေမိသည်။ စုံထောက်ဌာနသို့ ပြန်ရောက်သည့်အခါ ကိုခင်ဝင်းရှေ့နေအ



www.burmeseclassic.com

www.burmeseclassic.com



ဦးဟန်သာနှင့် ဦးစန်းဝင်းတို့ "အလီဘိုင်"အတု ဘာကြောင့်များလုပ်ခဲ့ကြတာပါလဲ။ ဤသို့ ရှင်းပြရန် ပျက်ကွက်ခဲ့မှုကို တရားရုံးတရားသူကြီး၏ ရှေ့မှောက်တွင် ရှင်းခိုင်းရပေတော့မည် ...

ဖြစ် ဆောင်ရွက်နေသည့် ကုမ္ပဏီက ဌာနတွင် စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း ကျွန်ုပ် သိရတော့သည်။ ပြည့်စုံလုံလောက်သည့် သက်သေအထောက်အထားရှာမရမီ ကိုခင်ဝင်းတာဝန်ခံစစ်ဆေးပြီး အာမခံအဖြစ်တင်ထားသည့် အာမခံစာချုပ်စာတမ်းများ ပျောက်ဆုံးနေကြောင်း အကြောက်လွန်နေသည့် စာရေးကြီးက ဝန်ခံခဲ့သည်ဟု သိရသည်။

ဤနေရာတွင် ပေါ်လာသည့် အကြောင်းရင်းတစ်ချက်ကို ကျွန်ုပ် အထင်အရှား တွေ့လာရသည်။ ဤကိစ္စတွင် ဦးဟန်သာနှင့် ကိုစန်းဝင်းတို့ တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နိုင်သည်။ ကိုခင်ဝင်းအတွက် ကံမကောင်းသည့်အချက်ဖြစ်သည်။ ဤအတိုင်းဆိုလျှင် ကိုခင်ဝင်းအပေါ် အမှုပတ်နိုင်သည်။ ဤကိစ္စကြောင့်ပင် ကိုခင်ဝင်း မိမိကိုယ်မိမိ အဆုံးစီရင်သွားသည်ဟု ယူဆစရာဖြစ်လာနိုင်သည်။

ထိုကိစ္စက ကျွန်ုပ်အတွက် ပြဿနာဖြစ်လာသည်။ ဓာတ်ပုံကို စနေနေ့ကရိုက်ယူခဲ့ခြင်းလား သို့မဟုတ် တနင်္ဂနွေနေ့က ရိုက်ယူခဲ့ခြင်းလား။ ထို အချက်ကို သက်သေမပြနိုင်ခဲ့လျှင် အပေါင်း အသင်းများ၏ထွက်ချက်ကို တရားရုံးက လက်ခံသွားလိမ့်မည်။ အမှန်တရားကိုရှာတွေ့နိုင်မည့်အချက်အလက်များ ရှာတွေ့နိုင်ပါမည်လား။

ပြဿနာကို မဖြေရှင်းနိုင်ဘဲ နာရီအတော်ကြာကြာ သောကရောက်နေခဲ့ရသည်ကို ကျွန်ုပ်ဝန်ခံပါသည်။ နောက်အမှုကိစ္စတွင် အားလုံးကို ဆက်စပ်ကြည့်လိုက်သည့်အခါ ကျွန်ုပ်လိုချင်သည့်အရာအားလုံး ကျွန်ုပ်တွင်ရှိနေပြီဟု ကျွန်ုပ်မြင်လာတော့သည်။ သက်သေခံချက်က ဓာတ်ပုံထဲမှာရှိနေသည်။ ဓာတ်ပုံက ကျွန်ုပ်ကို တစ်ခုခုပြောနေသည်။

စနေနေ့ ရေကျက တစ်နာရီမထိုးခင်လေးမှာတင်ရယ်လို့ ဦးဟန်သာက ပြောခဲ့သည်။ ထို့ကြောင့် တနင်္ဂနွေနေ့ ရေတက်မည့်အချိန် ညနေ ၇ နာရီလောက်ဖြစ်မည်။

ဤသို့ဆိုပါလျှင် စနေနေ့ညနေရေတက်ချိန်သည် ညနေဘက် ၆ နာရီလောက်ဖြစ်ရမည်။ ယခု ဤအချက်ကိုပဲ တေးမှတ်ထားလိုက်သည်။ စနေနေ့ရေတက်ချိန်က ၆ နာရီခန့်နဲ့ တနင်္ဂနွေနေ့ရေတက်ချိန်က ၇ နာရီခန့်ဖြစ်သည်။

စနေနေ့ ၆ နာရီခွဲက ရေတက်ချိန်လွန်သွားပြီ။ ဒီရေက ကျနေပြီ။ တနင်္ဂနွေနေ့ ၆ နာရီခွဲက ရေတက်ချိန်မတိုင်သေး။ ဒီရေက တက်လာနေပြီဒါကို ပြောရသည်က အကယ်၍ဓာတ်ပုံကို စနေနေ့မှာ ရိုက်ခဲ့သည်ဆိုလျှင် ရေဆန်ပြန်တက်နေချိန်ဖြစ်သည်။

ဓာတ်ပုံက ကျွန်ုပ်ကို တစ်ခုခုများ ပြောဖို့ရှိပါသလား။ ဟုတ်ပါပြီ။ ဆိုက်ကပ်ထားတဲ့လှေတွေကိစ္စ လှေအစီးတိုင်းက ရေအဆန်ကိုပြနေကြသည် မဟုတ်ပါလား။ ထို့ကြောင့် ရေစီးက အောက်ကိုဆင်းနေပြီး ဓာတ်ပုံကို စနေနေ့တွင် ရိုက်ယူခဲ့သည်ဟု ညွှန်ပြနေပါသည်။

တကယ်တမ်းပြောရလျှင် ဓာတ်ပုံထဲမှာပါသော လှေများက သက်သေခံနေခြင်းဖြစ်၏။ တနင်္ဂနွေက ရိုက်ခဲ့ပါသည်ဟု သက်သေပြလျှင် အပေါင်းအဖော်များ၏လိမ်ညာမှုက ဖြစ်နိုင်သည်။

ဦးဟန်သာနှင့်ဦးစန်းဝင်းတို့ 'အလီဘိုင်'အတု ဘာကြောင့်များလုပ်ခဲ့ကြတာပါလဲ။ ဤသို့ ရှင်းပြရန်ပျက်ကွက်ခဲ့မှုကို တရားရုံးတရားသူကြီး၏ ရှေ့မှောက်တွင် ရှင်းခိုင်းရပေတော့မည်။

ကျော်မြင့်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ့ဝိညာဉ်

# တန်ပြန်ထောင်ချောက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းထွက်တဲ့အခါများ ဆရာကတော်နဲ့၊ မမနဲ့၊ မရွှေစင်နဲ့ ဝိုင်းဝိုင်းလည် နှုတ်ဆက်လို့ကို မဆုံးကြတော့ဘူး။

ဒီအခါတိုင်းမှာလည်း သူက ဖော်ရွေဟန်လေးနဲ့ ပြုံးပြတတ်တယ်။ ဒါမှမဟုတ် လေချိုလေးနဲ့ ပြန်နှုတ်ဆက်မယ်။ ယုတ်စွအဆုံး ခေါင်းလေးတော့ ညိတ်ပြခဲ့တာပါပဲ။

ဒါကြောင့်လည်း သူ့ကို ချစ်ဖို့ကောင်းသလောက် ခင်တတ်မင်တတ်၊ ဖော်ရွေတတ်ရှာသူလေးရယ်လို့ တစ်မြို့လုံးက ဖူးဖူးမှုတ်ပြီး အထင်တကြီး ပင့်ထားကြတာပေါ့။

''သိပ်ချစ်ကြတဲ့ လင်မယား'' အများကထောမနာကြတယ်လေ။

''လွန်ပါတယ်ဘော် ... တကယ် ဘယ်နေရာသွားသွား နှစ်ယောက်တွဲလေးချည်းပဲ၊ ဘယ်တော့မှ ခွဲသွားကြတယ်လို့မရှိဘူး၊ သေတပန်သက်တဆုံး မခွဲနိုင်မခွာရက် နေသွားကြတော့မယ့်အတိုင်း သိပ်ချစ်ကြတဲ့လင်မယား''

ကျုပ်အဖို့တော့ ဒီလို ချီးကျူးသြဘာသံတွေက ရိုးနေရုံမက နားတောင် ခါးလာရပါပြီ။

တစ်ဆက်တည်းမှာလည်း ရယ်ချင်သည်။ ''ဟား ... ဟား ... ဟား .. ဟား''သိပ်ရယ်ချင်တယ်။ တော်တော့်ကို ရယ်စရာကောင်းတဲ့ ပတ်ဝန်းကျင်ပါလား။ ပြောလိုက်သေးတယ်။ သူတို့က ... သူတို့က–

''လင်ကလည်း ... ဆရာဝန်၊ မယားကလည်း အလှပဂေး သူဌေးသမီး၊ နေနဲ့လ ရွှေနဲ့မြဆိုတာ သူတို့မှ အစစ်၊ ချစ်လိုက်ကြတာတုန်လို့''

''ဟုတ်ပါရဲ့ .. သူ့လင်ကလည်း သူ့မယားကို မျက်စိအောက်က အပျောက်မခံနိုင်သလို .. မယားဆိုလည်း လင့်နောက်တကောက်ကောက်နဲ့၊ တန်တော့ .. သျှောင်နောက်ဆံထုံးပါ၊ ရှန်းမဖယ်သာလို့ မောင် .. ဘယ်ကိုသွားသွား အနားက မခွာချင်ပေဆိုတဲ့သီချင်းဟာ သူတို့ကို ကျီစယ်ထားတာပဲ ဖြစ်ရမယ်'' တဲ့။

ကျုပ်နဲ့ ကျုပ်အမျိုးသမီးက ဒီမြို့က လူတွေအကြား စူပါစတားပါပဲ။ ကျုပ်ထက် ကျုပ်အမျိုးသမီးက ပိုပြီး ပေါ်ပြူလာဖြစ်သေးတယ်။ သူ့ဆို မသိသူခပ်ရှားရှား။ လူတင်မက ခွေးကအစ၊ ကြောင်ကအစ သိပါပြီလား။

တကယ်တော့ ဒီပတ်ဝန်းကျင်က လူတွေက သူ့အကြောင်း ကျုပ်လောက် သိပါဘူးလေ။

ဟင်း ဘာမှ နားမလည်ကြဘူး။

သူ့အပြုံးက ဟန်ဆောင်ပြုံး။ သူ့စကားက အပေါ်ယံ လျှာဖျားလေးနဲ့ ပြောတဲ့စကား။ ဖော်ရွေတယ်လို့လည်း မထင်လိုက်ကြနဲ့။ အတွင်းသဘော မဟုတ် ရွေမှုန်ကြထားတာ။

အလှမာန်ဝင့်ပြလိုက်တာ သက်သက်ဆိုရင် ပိုမှန်မယ်။ ကျုပ်က သူနဲ့ ပေါင်းလာတာ ခုနစ်နှစ်ကျော် ရှစ်နှစ်ထဲ ရောက်နေပြီ။ သိပ်သိ။

သူတို့ တစ်မျိုးလုံး တစ်ဆွေလုံး

**လှတာမက်လို့ ညစာခက်တာလို ခွားထက်မက အောက်ကျခဲ့ရတဲ့ အချစ်ရဲ့ သားကောင် အလှရဲ့ အကျဉ်းသမားဘဝက ရုန်းထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျုပ်ကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် နှိပ်စက်ခဲ့တဲ့မချောကို တန်ပြန်ကလဲ့စားချေမယ်လို့ ရည်ရွယ်ခဲ့တယ် ...**



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပကာသနမြေပေါ်မှာ ငွေဂုဏ်မောက်လို့ အိမ်ဆောက်ပြီး တာဝတိံသာအရောက် မာနတံခွန်ထူထားကြတဲ့ ဥစ္စာ။

အသွေးအရောင်၊ အဆင့်အတန်း မခွဲဘူးဆိုတာ အလကား။ ခင်မင်ဖော်ရွေလို့ ညှာတာသနားတတ်တယ်ဆိုတာ ပါးပါးလွှာလွှာလေးပဲ။ မယားကောင်းပီပီ. လင်ကို ရိုသေလေးမြတ် ယုယုယယ ချစ်ပါလားဆိုတာလည်း နည်းနည်းမှမဟုတ်။

ကျုပ်ဟာ သူနဲ့ရပြီးတဲ့နောက်ပိုင်း နဖားကြိုးအထိုးခံရတာ ကြာပါပကော။ မောင်ရယ်၊ မောင်ရယ်နဲ့ ညှုခွဲပြီး သူ့လိုတာချည်း အဖြည့်ခိုင်းခဲ့တာကလား။

သူ့ကို လက်ထပ်လိုက်တယ်ဆိုကတည်းက သူ့မိဘတွေ၊ ဆွေမျိုးအုပ်ကြီးဟာ ရေကာတာကျိုးသလို ကျုပ်အပေါ် လွှမ်းမိုးပစ်လိုက်ရာက ကျုပ်လည်း သူတို့ရဲ့စေတော်ကျွန်လုံးလုံး ဖြစ်ခဲ့ရတယ်။

တစ်ကောင်ကြွက်၊ တစ်မျက်နှာဘဝက ကျုပ်အဖို့ သူတို့ဩဇာကိုသာ ဦးထိပ်ရွက်ပန်ခဲ့ရတာပေါ့။ အထူးသဖြင့် မိရွှေစင်ရဲ့အလိုကျ ကျုပ် ကခဲ့ရတယ်ဆိုပါတော့။

ကျုပ်ကိုတော့ သူက ဘာလေးညာလေး အမိန့်ပေးပြီး သူ့ကျတော့ ကျုပ်အပြောကို နည်းနည်းလေးမှ ခံတာမဟုတ်ဘူးလေ။ သူနေချင်သလိုနေမယ်။ သွားချင်သလိုသွားမယ်။ လုပ်ချင်တာလုပ်မယ်။ ကျုပ်အနေနဲ့ အသာလေး လက်ပိုက်ကြည့်နေရုံပဲတဲ့။

အပျော်အပါးကလည်း ကြိုက်လိုက်တာလွန်ရော။ ထီခနဲဆို ရှေ့ဆုံးက၊ ဖိတ်လာသမျှ ဧည့်ခံပွဲပါတီပွဲတိုင်း သူ မငြင်းတမ်း။ သူက တစ်ပြန်လုပ်လိုက်ရတဲ့ 'ပွဲ'တွေကလည်း မနည်းဘူး။ သူမပါဘဲ ပွဲမစည်တဲ့ ပွဲတိုင်းကျော်မ။

ဒီကြားထဲ ခေတ်ဆန်ချင်လို့ဆိုပြီး ပိုကာဝိုင်း၊ တစ်ချပ်မှောက်ဝိုင်း၊ ရှိုးဝိုင်းတွေ သွားထိုင်လိုက်သေးရဲ့။ ဂျင်ဝိုင်းတောင် မရှောင်ပါဘူးလေ။

လူ့ရှေ့သူ့ရှေ့ကျတော့ မောင်ရေ မောင်ရေ။ ကွယ်ရာမှာ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတဲ့ မိန်းမစား။

ကျုပ်တစ်သက် ဆေးကုပြီး ရှာထားခဲ့သမျှတွေလည်း သူ့စိတ်တိုင်းကျ သုံးဖြုန်းပစ်တာနဲ့ ကုန်သလောက်ရှိနေပြီ။

ဒီ့အပြင် ကိုကို့ထက်ချမ်းသာပါတယ်ဆိုတဲ့ သူ့ဆွေမျိုးအသိုင်းအဝိုင်းက ပဒေသာပင်ကြီးလိုလို ချူချင်တိုင်းချူတာ ခံလိုက်ရသေးရဲ့။ ကြာရင်တော့ ဒီပဒေသာပင်ကြီး အရိုးပြိုင်းပြိုင်းကျပြီး ဖုန်းဖုန်းလဲတော့မှာပဲ။

နောက်ပြီး သူမရှိတော့ရင် ကျုပ်မှာ လက်ချည်းသက်သက် ကျန်ခဲ့မှာဖြစ်ပေမဲ့ ကျုပ် သေပြီဆိုရင်တော့ သူတို့ အပွကြီးပွဦးမယ်လေ။ ကျုပ်ရဲ့အသက်အာမခံတွေ၊ ဘဏ်စုငွေတွေ၊ ခြံမြေတိုက်တာ စသဖြင့် ကျုပ်ပိုင်ပစ္စည်းအားလုံး သူ့နာမည်နဲ့ချည်း ထားရတာကလား။

အို ∙∙ ဒါတွေ ပြန်တွေးလိုက်တိုင်း ကျုပ် အသည်းနာလှချည်ရဲ့ဗျာ။

သူနဲ့ ပတ်သက်သမျှ ဘာတစ်ကွက် သက်သာစရာ ရှိတော့လို့တုန်း။

တော်ပြီ။ ကျုပ်တော့ ဒင်းရဲ့ဆိုးဒဏ်ကို သည်းမခံနိုင်တော့ဘူး။ ရှေ့ဆက်ပေါင်းဖို့လည်း ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်တော့ဘူး။

ဒီတော့ လှတာမက်လို့ ညစာခက်တာလို နွားထက်မက အောက်ကျခဲ့ရတဲ့ အချစ်ရဲ့သားကောင် အလှရဲ့အကျဉ်းသမားဘဝက ရုန်းထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။

တစ်ဆက်တည်းမှာ ကျုပ်ကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် နှိပ်စက်ခဲ့တဲ့မချောကို တန်ပြန်ကလဲ့စားချေမယ်လို့ ရည်ရွယ်ခဲ့တယ်။ သူ့ပစ္စည်းတွေ ပြန်အပိုင်စီးမယ် ကြံမိတယ်။

ဒါကြောင့်လည်း သူ့ကို ∙∙∙ ကျုပ် ∙∙∙ ကျုပ် သတ်ပစ်လိုက်တာပေါ့။

\+ + +

ဒါပေမဲ့ မပူကြပါနဲ့လေ။

ဘာမှ ကြောက်စရာမရှိပါဘူး။ ကျုပ်ကဆရာဝန်ပါဆို။ လူတစ်ယောက်အသက်ကိုကယ်ရတာ ခက်သလောက်၊ ဖျက်ဆီးပစ်ရတာ သိပ်လွယ်တယ်ဆိုတာ နားလည်ပြီးသား။

သွေးအေးအေးနဲ့ ပိပိရိရိလေးလည်း ဖြစ်စေရမယ်။

စိတ်သာချ။ တရားဥပဒေဆိုတာလည်း တစ်ရက်တည်းနဲ့ အရေကျိုသောက်နိုင်တဲ့ ကျုပ်ဟာ လက်တစ်လုံးခြား၊ နှာတစ်ဖျားလေး လှည့်စားဖို့ ဘာခက်တာမှတ်လို့။

ဩော် ∙∙ သတ်ပုံသတ်နည်းလေးကော ပြောရဦးမလား။ ဒီလိုလေ။

သူ့ကိုမသတ်ခင်တစ်ရက်နှစ်ရက်အတွင်း မြို့ထဲမှာမျက်စိနောက်လောက်အောင်တွဲပြလိုက်တယ်။ အသိမိတ်ဆွေတွေ အိမ်တို့၊ ဈေးတို့၊ ရုပ်ရှင်ရုံတို့ စုံလို့။ ကြံရည်ဆိုင်တောင် မကျန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျုပ် မြို့ပေါ်တက် ခရီးထွက်စရာရှိတယ်လို့ သတင်းလွှင့်ထားလိုက်တယ်။

သတ်မည့်ညကျတော့–

သူသောက်မယ့် ကော်ဖီထဲ အိပ်ဆေးခတ်လိုက်တာပဲ။ နောက် ကျုပ်တို့နဲ့ ခြံချင်းကပ်လျက် ဘွိုင်လာအိုးကြီးထဲ သွားထည့်ထားလိုက်တာပေါ့။

တကယ်ပါ။ ဘယ်သူဆိုဘယ်သူမှ မသိပါဘူး။

ကျုပ်အိမ်ဆိုတာက လင်မယားနှစ်ယောက်တည်းနေတာ။ အစေအပါးမထားတာကြာပြီ။ ကျုပ် သူ့အလောင်းကို အေးအေးဆေးဆေး အမဲဖျက်လို့ရပါပြီလား။

နောက်ပြီး လူခြေတိတ်ချိန် အစောင့်အိပ်ချိန်ဆိုတော့ ဆန်စက်ထဲခိုးဝင်ပြီး အသားထုပ်ကြီးကို ဘွိုင်လာအိုးထဲတက် ထည့်ဖို့ မခဲယဉ်းပါဘူး။ နည်းနည်းတော့ စွန့်စားရတယ်လို့ ဆိုနိုင်တယ်လေ။

သည့်အပြင် ကျုပ်သတ်စဉ်တုန်းက ခြေစလက်စတွေ မကျန်အောင်လည်း ဆေးကြောသုတ်သင်ထားပြီးပြီ။

နောက် ကျုပ်လုပ်ဖို့က သူ့အဝတ်အစားတချို့ကို မြေမြှုပ်ဖို့နဲ့ ယာယီခရီးသွားတဲ့ပုံမျိုးနဲ့ ကျုပ် အိမ်က အထွက်ပြဖို့ပဲ။

ခြံနဲ့အိမ်ကို သူ အိမ်စောင့်ကျန်ရစ်ခဲ့တယ်ဆိုတဲ့ သဘောနဲ့ ပစ်စလက်ခတ်ထားခဲ့တယ်။

အမိပ္ပာယ်က သူဟာ ကျုပ်မရှိတုန်း တစ်နေရာကို ထွက်သွားရာက (လင်နောက်လိုက်သွားပြီး) ပြန်မလာဘဲ အစပျောက်သွားတဲ့ပုံပေါ့။

ကဲ ‥ ဘယ့်နှယ့်လဲ။ မရှင်းပေဘူးလား။

ကျုပ်ကို မိရွှေစင်ပျောက်မှုနဲ့ ဘယ်သူကမှ သင်္ကာမကင်းဖြစ်စရာ မရှိတော့ဘူး။ သတ်ပစ်ပါတယ်လို့ စွပ်စွဲစရာ သက်သေခံ အထောက်အထား။



ဘာတစ်ခုမှလည်း မကျန်ဘူး။ သူပျောက်သွားတဲ့အချိန်မှာ ကျုပ်ကလည်း တခြားတစ်နေရာ ရောက်နေတာကိုး။

နေ့စဉ် သူ့ကိုမြင်တွေ့နေကျ ပတ်ဝန်းကျင်က လူတွေကလည်း ကျုပ်မြို့ကြီးသွားနေတုန်း ခဏတစ်ဖြုတ် သူ ပျောက်နေခဲ့တာကို သတိပြုမိမှာမဟုတ်ပါဘူး။

ကျုပ် တစ်ရက်နှစ်ရက်နေလို့ ပြန်လာတာနဲ့ သူမရှိတော့ဘူးဆိုပြီး အလွမ်း သယ်ပြလိုက်ရုံပဲ။ ကျုပ်ကို လူအေးလူကောင်းတစ်ယောက်လို့ အသိအမှတ်ပြုထားတဲ့ ပတ်ဝန်းကျင်ကလည်း ကျုပ်ပြောသမျှ ယုံလိုက်ကြမှာပါ။ ဖြစ်မှဖြစ်ရလေ ဒေါက်တာရဲဝေရယ်လို့တောင် စုတ်တသပ်သပ်နဲ့ ဗိုင်းသနားကြဦးမယ်။

ပိုင်လိုက်တာနော်။ ရဲဝေဆိုတဲ့ နာမည်ကနေ ကိုကိုပိုင်လို့တောင် ပြောင်းပစ်လိုက်ဖို့ ကောင်းနေပြီ။

ဒါပေမဲ့ ...

အဲဒီလောက် စေ့စပ်သေချာ ပိုင်နိုင်ပိရိပါတယ်ဆိုတဲ့ကြားက ပြဿနာတက်ခဲ့ရသေးတယ်။

ရွှေစင့်ကို လက်စဖျောက်ပြီးတဲ့ မနက် ခရီးထွက်ဖို့ မြို့ထဲကို အလာမှာပဲ ဒီပြဿနာက မမျှော်လင့်ဘဲ ဗွေဖောက်လာတာပေါ့။

ပြဿနာကတော့–

မကြုံစဖူး။ မယုံချင်စရာ။ အံ့သြစရာ။ သွေးပျက်ချောက်ချားစရာ။

တကယ်တော့ ငါးသုံးလုံး စီးကရက်ကစတဲ့ ပြဿနာ။

ကျုပ်ဟာ ဖိုက်ဖိုက်ဖိုက်ကို လက်က မချစတမ်း သောက်တတ်တဲ့လူ။ ဒီလိုနဲ့ ခရီးသွားရင်း သောက်ဖို့ဆိုပြီး မြို့လယ်စတိုးဆိုင်မှာ ဖိုက်ဖိုက်ဖိုက် နှစ်ဘူးဝင်ဝယ်တယ်။ ကျုပ်တို့ မြို့ကလည်း တောမြို့ဆိုတော့ ဖိုက်ဖိုက်ဖိုက် ရှားပါးဘိသနဲ့။

ဒီစတိုးဆိုင်တစ်ဆိုင်တည်းကသာ လိုသလောက်ရောင်းနိုင်တယ်။ စတိုးဆိုင်က ဆေးနီလုံး၊ ဆေးနီမှုန့်ကအစ မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီအလယ်၊ ဘီယာမျိုးစုံအဆုံး ရောင်းတဲ့ဆိုင်ကြီးပဲ။

ဆိုင်ရှင် ဒေါ်သဲဖြူနဲ့ သူ့သား မောင်မောင်ဆိုရင်လည်း ကျုပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းသိပေသပေါ့။

အဲဒါနဲ့ပဲ ကျုပ်လည်း ခရီးဆောင်သားရေသေတ္တာတစ်ဖက်နဲ့ ဘူတာရုံအဝမှာ စတိုးဆိုင်ထဲဝင်ခဲ့ရာက ဒေါ်သဲဖြူရှိတဲ့ ရှိုးကေ့စ်မှန်ဗီရိုကြီးရှေ့ရောက်ပြီး စီးကရက်ဝယ်လို့ ပြန်အမ်းငွေကို ယူနေတုန်း။

ကျုပ်နောက်ဘက် မျက်နှာချင်းဆိုင် တုံးလုံးဗီရိုကြီးနောက်က မောင်မောင့်ရဲ့အသံကို ကြားလိုက်ရတာပါပဲ။

"သြော် . . . မမရွှေစင်ကလည်း ဆရာနဲ့ပါလာတာကိုး၊ အထုပ်အပိုးတွေနဲ့ ဘယ်သွားကြမလို့ပါလိမ့်"

ရွှေစင်ဆိုတာနဲ့ ကျုပ်လည်း ဖြုန်းခနဲ အလန့်တကြား နောက်လှည့်ကြည့်လိုက်မိတယ်။ ဒေါ်သဲဖြူရဲ့သားဟာ မှန်ဗီရိုပေါ် လက်ထောက်လျက် အပြုံးသားနဲ့တစ်ယောက်တည်း စကားပြောနေတာပဲ တွေ့လိုက်ရတယ်။

ဟုတ်တယ်။ သူတစ်ယောက်တည်း။ သူ့ရှေ့မှာ ဘယ်သူမှမရှိပါဘူး။ တစ်ဆိုင်လုံးမှာလည်း ဒေါ်သဲဖြူနဲ့ သူ့သားရယ်၊ ကျုပ်ရယ်ပဲရှိနေတာ။ ဒီကောင် ဘာတွေများ ကြောင်နေပါလိမ့်၊ ကျုပ်စိတ်ထဲ ဇဝေဇဝါဖြစ်သွားရင်းက–

"ဒေါ်သဲဖြူ . . . ခင်ဗျားသား ဘာကြောင်နေတာလဲဗျ ဟင်"

ကျုပ်မေးလိုက်တဲ့စကားကို ဒေါ်သဲဖြူခမျာလည်း မျက်လုံးလေးအပြုံးသားနဲ့ ပြန်ဖြေခဲ့တယ်။ နောက် သူ့အကြည့်က ကျုပ်နောက်ဘက်ကို ကျော်ရောက်သွားသလို–

"ဟင် . . ဆရာကတော်လေးပါလား၊ အသံမပေး ဘာမပေးနဲ့၊ ဘယ်တုန်းက ရောက်နေမှန်းတောင် မသိဘူး။ ဟောဒီမှာ . . . ဆရာဈေးဝယ်နေတာနဲ့ ဆရာကတော်လေးကို သတိမထားမိတာ စိတ်မရှိနဲ့နော်၊ ကဲ . . . ဆရာကတော်လေးကရော ဘာများယူဦးမှာလဲ"

ဒေါ်သဲဖြူကပါ အခြောက်တိုက်ရယ်ရင်းမောရင်း လှမ်းပြောလိုက်ပြန်ပါပြီ။

ဒုက္ခပါပဲ။ သူတို့သားအမိ ရူးများရူးသွားကြပလား။

လူမရှိတဲ့နေရာများ ခပ်တည်တည်နဲ့ စကားပြောနေကြရတယ်လို့ အဆန်းကြီးပဲ။

ကျုပ်လည်း အံ့ဩသွားရတာနဲ့ တစ်ပြိုင်တည်း စိတ်တိုသွားတယ်။

"ဒီမှာ . . . ဒေါ်သဲဖြူ . . ခင်ဗျားတို့သားအမိက ဘယ်သူ့ကို စကားပြောနေကြတာလဲဗျ ဟင်"

အဲဒီမှာတင် ဒေါ်သဲဖြူက ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီး ကြောင်အမ်းအမ်းကြီးလုပ်လို့။

"ဟောတော့ . . ဆရာကပဲ တစ်ပြန် ကျွန်မတို့ ဘာမှမဖြစ်ပါဘူးဆရာရဲ့၊ ဆရာသာ ပြုံးတုံးပြုံတဲနဲ့ အူတူတူကြီးဖြစ်နေတာ၊ ဆရာကတော်လေး တစ်ယောက်လုံး နောက်ထားပြီး လူပျောက်ရှာနေရတဲ့အတိုင်း . . . ကဲ . . ဆရာကတော်လေးရေ . . . တစ်ဆိတ်လောက် ဒီက . . . မောင်တော်ကို လာရှင်းပြလိုက်ပါဦး"

"ဟုတ်တယ် မရွှေစင်၊ မေမေနဲ့ ဆရာ့ပြဿနာ သွားရှင်းပြလိုက်ပါဦး"

ဒေါ်သဲဖြူရဲ့စကားအဆုံးမှာ သူ့သား မောင်မောင်ကပါ ထပ်တိုက်တွန်းလိုက်သေးရဲ့။

ကျုပ်မိန်းမကို
သူတို့ မြင်နေရတယ်တဲ့။
တကယ့်တကယ်
ကျုပ်မိန်းမဟာ
ဘိုင်လာအိုးကြီးထဲရောက်နေမှ
သူတို့ ဘယ်လို မြင်နိုင်ပါဦးမလဲ။
ကောင်းပြီ။ သူတို့ မြင်တယ်ပဲထား။
ကျုပ်ကိုယ်တိုင်ကျတော့
အရိပ်အယောင်လေးတောင်
မမြင်ရပါလား . . .

သူတို့ဟာ သူတို့ ပြောမယ့်သာ ပြောနေတာ ကျုပ်မျက်စိအောက်မှာတော့ ဘယ်သူမှ မတွေ့ရပါလား။

ဒီကြားထဲ ဒေါ်သဲဖြူရဲ့မျက်နှာက ပြုံးပြုံးရွှင်ရွှင်လေးဖြစ်နေရာက ကွက်ခနဲ ပျက်သွားတယ်လေ။ ပြီးတော့ တစ်ယောက်တည်း ညည်းသလို တီးတိုးရေရွတ်လိုက်သေးတယ် ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဆရာကတော်လေးကလည်း မလှုပ်တလှုပ်နဲ့၊ ဘာတစ်ခွန်းမှ မပြောဘူးတော့ ... မျက်စိမျက်နှာတွေလည်း သိပ်မကောင်းလှဘူး၊ ဒီတစ်ခါ ... တယ်ထူးပါလား၊ ခါတိုင်းဆိုဆိုင်ထဲဝင်မယ်မကြံခင် အပြင်ထဲကဟောင်ဖွာ ဟောင်ဖွာ လုပ်လာလိုက်တာ ... ဆူညံနေပြီ၊ ကေန္တတော့ ဒီလင်မယား စိတ်ကောက်လာကြပြီထင်တယ်"

ကျုပ် ကျုပ် သူ့စကားကို ရှေ့ဆက် နားထောင်မနေနိုင်တော့ဘူး။ ဆက်ငြင်းဖြေရှင်းဖို့လည်း မကြိုးစားတော့ဘူး။ ကောက်ကာငင်ကာ ချာခနဲလှည့်ထွက်ခဲ့တော့တာပဲ။

ဘယ်နှယ့်ဗျာ။ မဖြစ်နိုင်တာကြီး။ ကျုပ်မိန်းမကို သူတို့မြင်နေရတယ်တဲ့။ တကယ့်တကယ် ကျုပ်မိန်းမဟာ ဘို့ဂ်လာအိုးကြီးထဲရောက်နေမှ သူတို့ ဘယ်လို မြင်နိုင်ပါဦးမလဲ။

ကောင်းပြီ။ သူတို့ မြင်တယ်ပဲထား။ ကျုပ်ကိုယ်တိုင်ကျတော့ အရိပ်အယောင်လေးတောင် မမြင်ရပါလား။ အို ကျုပ်နဲ့အတူ တခြားလူတွေလည်း မြင်ရမှာ မဟုတ်ပါဘူး။

အမှန်တော့ ဒီမိန်းမကြီး သားအမိ နှစ်ယောက်စလုံး ပေါက်နေကြပြီ။ ရူးနေကြတာ။ ဒါမှမဟုတ်လည်း ကျုပ်ကို အတည်ပေါက်နဲ့ နောက်နေကြတာပဲဖြစ်မယ်။

ကျုပ်လည်း စိတ်ရှုပ်ရှုပ်နဲ့ သုတ်ခြေတင်ထွက်လာလိုက်တာ ဆိုင်ရှေ့လမ်းပေါ်မှာ လူချင်းဝင်တိုက်မိတော့မှ အတွေးရပ်သွားရတော့တယ်။

တိုက်မိတဲ့လူက တခြားလူ ဟုတ်ပါရိုးလား။ ကျုပ်တို့နဲ့ ရင်းနှီးတဲ့ မြို့ပိုင်ကတော် ဒေါ်ငြိမ်းငြိမ်း။

လူချင်းဝင်တိုက်မိလို့ သူ့လက်ထဲက လွတ်ကျသွားတဲ့စာအုပ်ကို ကပျာကယာ ပြန်ကောက်ပေးရင်း မော့ကြည့်လိုက်တော့မှ ဒေါ်ငြိမ်းငြိမ်းမှန်း သိတာပါ။

"ဟာ .. ဆောရီးပဲ .. ဒေါ်ငြိမ်းငြိမ်း၊ ကျွန်တော်လည်း ကိစ္စအရေးကြီးတာနဲ့ ရှေ့ကလူတောင် မမြင်တော့ဘူး၊ မတော်တဆ .. ဝင်တိုက်မိတာပါနော်၊ တောင်း ... တောင်းပန်ပါတယ် .. စိတ်မဆိုးပါနဲ့"

"အို ... ကိစ္စမရှိပါဘူး ဆရာရယ်၊ ကိုယ့်အချင်းချင်းတွေပဲ၊ ဝင်တိုက်မိတိုင်းသာ စိတ်ဆိုးရမယ်ဆိုရင် ခက်ရောပေါ့"

ကျုပ်ကို အပြုံးလေးနဲ့ အေးအေးသက်သာပြောနေဆဲ ဒေါ်ငြိမ်းငြိမ်းအသံ ရုတ်တရက် ပျောက်သွားတယ်။ သူ့မျက်လုံးအစုံက ကျုပ်ဆီကနေ နောက်ဘက်က စတိုးဆိုင်ဝကို ရောက်သွားသလို လိုက်လံအားရစွာနဲ့။

"မြန်မြန်လာ .. မရွှေစင်ရေ .. ဒီမှာ .. ဆရာက ... မစောင့်နိုင်တော့ဘူးတဲ့၊ ဟောကြည့် ... ပြောရင်းဆိုရင်းက နှုတ်မဆက်၊ ဘာမဆက်နဲ့ ပြေးပြီ ... မီအောင်သာလိုက်ပေတော့၊ တော်ကြာ .. နောက်ကျနေလို့ သူများလက်ထဲ ပါသွားဦးမယ်နော့"

ဒေါ်ငြိမ်းငြိမ်းကတော့ ခပ်ရွှန်းရွှန်းလေးပြောပြီး ကျန်ရစ်ခဲ့တာပါပဲ။

ဒါပေမဲ့ တကယ်တမ်း ကျုပ်နောက်က ဘယ်သူမှ လိုက်လာတာ မတွေ့ဘူး။ ဒီလမ်းမကြီးတဝိုက်မှာလည်း လောလောဆယ်ရှိနေတာ ကျုပ်ရယ် ဒေါ်ငြိမ်းငြိမ်းရယ် နှစ်ယောက်တည်း။

ရော ... ခက်ပြီ။

ဒေါ်သဲဖြူတို့သားအမိ ကျုပ်အပေါ် အရူးလုပ်လိုက်တယ် ထင်ထားသမျှ ဒေါ်ငြိမ်းငြိမ်းနဲ့တွေ့မှ မှားမှန်းသိလိုက်ရသလို သူတို့စကားတွေကို တကယ်ပဲ ယုံရတော့မယ် ထင်ပါရဲ့။





www.burmeseclassic.com

အစက ဒေါ်သဲဖြူတို့ သားအမိနှစ်ယောက်တည်းဆိုလည်း ထားတော့။ ခုတော့ ဘာမဆိုင်ညာမဆိုင် ဒေါ်ငြိမ်းငြိမ်းကပါ ထပ်တွေ့လိုက်ရတဲ့ပုံပဲ။ အဲသူတို့သုံးယောက်စလုံး မျက်စိမှောက်တာ ဖြစ်နိုင်ပါတော့မလား။

ကျုပ် ရွှေစင်ကို ပိပိရိရိသတ်ခဲ့တာလည်း သေချာတယ်။

ပြီး အခု ဒေါ်သဲဖြူတို့ ဒေါ်ငြိမ်းငြိမ်းတို့ ရွှေစင့်ကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ကြတာတွေလည်း သေချာပါပြီတဲ့။

ဒါဖြင့် ဒါဖြင့်–

အို ကျုပ် ဘယ်လိုမှ နားမလည်နိုင်တော့ပါဘူး။

အစကတည်းက ကျုပ်ပြောခဲ့သားပဲ။ ကျုပ်ဟာ ဆရာဝန်ပါလို့။ ဒီတော့ ဘာညာကွိကွဆိုတာတွေလည်း အယုံအကြည်ရှိတဲ့သူမဟုတ်တော့ အခက်သား။

နောက်ပြီး ကျုပ်က အထွေထွေခွဲစိတ်ကုဆရာဝန်။ စိတ္တဗေဒဆိုင်ရာဆရာဝန်မဟုတ်ဘူး။ စိတ်ပညာနဲ့ စပ်လျဉ်းလာရင် သာမန်ထက်ပိုမသိပါဘူး။ ဒီတော့ ကျုပ်အဖြစ်က ဘယ်လို ဘာကြောင့်ဆိုတာမခွဲခြားတတ်တော့ပါဘူး။

ခုလို ကျုပ်ပြောပြနေတာက မှတ်မိသလောက်တွေပါ။ ကျုပ်ပြောတဲ့အပေါ် မူတည်ပြီး ခင်ဗျားတို့ စိတ်ပညာရှင်ကြီးတွေသာ တော်သလို အဆုံးအဖြတ်ပေးကြပါတော့။

ရွှေစင်ကို မြင်ခဲ့တဲ့သူတွေက သူတို့မြင်နေကျဆိုတဲ့ အစွဲနဲ့ အမြင်လွဲကြတာပဲလား။ ဒီ့အပြင် ကျုပ်နားမလည်နိုင်အောင် ထူးခြားဆန်းပြားတဲ့ အကြောင်း တစ်ခုခုကြောင့်လား စသဖြင့် အဖြေရှာ လေ့လာကြည့်ကြပေါ့လေ။

ကျုပ်တော့ အဲဒီနေ့မနက် မိနစ်ပိုင်းလေးအတွင်းမှာပဲ ဦးနှောက်တွေခြောက် ခေါင်းတွေနောက်လို့ တုန်လှုပ်ချောက်ချားနေခဲ့ရပါပြီ။

ဒါနဲ့–

စိတ်ပြေလက်ပျောက် အဆာလည်း ပြေအောင်ဆိုပြီး ဘူတာရုံနားက လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်မိခဲ့ပြန်တယ်။ ရထားချိန်ကလည်း နည်းနည်းလိုသေးတာကိုး။

ကျုပ် စားပွဲဝိုင်းတစ်ခုမှာ ထိုင်မိလိုက်တယ်ဆိုရင်ပဲ မျက်နှာသိဖြစ်တဲ့ စားပွဲထိုးကောင်လေးရောက်လာရာက–

"ဆရာ ‥ ဘယ်သွားမလို့လဲ"

"အေးကွ … ငါ မြို့လှကြီး ခဏတက်မလို့"

"ဩော် … ဟို ‥ ကော်ဖီကျကျလေးပဲ မဟုတ်လားဆရာ"

ကျုပ် ခေါင်းညိတ်ပြလိုက်တယ်။

ဒီနောက် ကျုပ်မျက်လုံးပြူးသွားရ ပြန်ပါပြီ။

ကောင်လေးက ကျုပ်နဲ့ ဘေးချင်းတိုက်ကပ်လျက် စားပွဲလွတ်ကို ကူးသွားပြီး–

"ဆရာကတော်ကတော့ ထုံးစံအတိုင်း … နွားနို့ပဲပေါ့နော်"

ဆရာကတော်တဲ့။ လုပ်ချလိုက်ပြန်ပါလေရော။

ပြီးတော့ လက်ဖက်ရည်ဖျော်ခုံဆီ ပျာပျာပျာပျာနဲ့ ရောက်သွားတယ်။ ကျုပ်ရဲ့ကော်ဖီကို အရင်လာပို့တယ်။ ကျုပ်လည်း မနည်းကြီးအားတင်းပြီး ကော်ဖီကို ဖွတ်မိုတ်မျိုချဖို့ ကြိုးစားရတယ်။

ဒါပေမဲ့ ရင်ထဲမှာ တဒိန်းဒိန်းနဲ့။ လက်တွေက ကတုန်ကယင်ကြီးဖြစ်လို့ ကော်ဖီပန်းကန် ကျုပ်လက်ထဲက လွတ်ကျသွားတော့တာပါပဲ။ ကံကောင်းလို့ အောက်ကျမကွဲတာ။

ကျုပ်လည်း အိတ်ထဲက ငါးဆယ်တန်တစ်ရွက် နှိုက်ထုတ်ချထားခဲ့ပြီး တချိုးတည်း ထလစ်ခဲ့ရတာပေါ့။

စားပွဲထိုးကောင်လေး နို့ဖန်ခွက်ကိုင်လျက်ကြီး ပါးစပ်အဟောင်းသားကျန်ခဲ့မှာမလွဲဘူး။

ဘုရား ဘုရား ဒီအတိုင်းဆို မလွယ်တော့ပါလား။

အို ဘာပဲဖြစ်ဖြစ် လုပ်စရာရှိတဲ့အတိုင်းတော့ လုပ်မှဆိုပြီး ဘူတာရုံ လက်မှတ်ပေါက်ရှိရာရောက်ခဲ့ပြန်တယ်။

အဲဒီမှာ ကိုယ်တိုင်လက်မှတ်ရောင်းနေတဲ့ ရုံပိုင်ကလည်းအသိ။

"ဟာ … ဆရာ မြို့တက်မလို့နဲ့တူတယ်"

"ဟုတ်ကဲ့ဗျာ ‥ ကိစ္စလေးရှိလို့"

ကျုပ်က သူ့အမေးကို မဖြေ။ ရာတန်တစ်ရွက် လက်မှတ်ပေါက်ထဲ ထိုးပေးလိုက်တာပါပဲ။

အဲ ကျုပ်တို့နဲ့ မြို့လှကြီးဆိုတာ မိုင်တစ်ရာလောက်ဝေးတော့ ရထားခလေးဆယ့်ငါးကျပ်ကျတယ်။

ဒါပေမဲ့–

ကိုရွှေရုံပိုင်ပြန်အမ်းတာက ဆယ်တန်တစ်ရွက်နဲ့ လက်မှတ်နှစ်စောင်။

ပြီးတော့–

ဘယ်သူမှမရှိတဲ့ ကျုပ်ကျောနောက်ကို လှမ်းငုံ့ကြည့်ရင်းက–

"နေကောင်းတယ်နော် ‥ ဆရာကတော်၊ ဆရာကတော်တို့များ ကြည့်


www.burmeseclassic.com

www.burmeseclassic.com





လိုက်တိုင်း .. လုလို့ဝလို့ပါပဲ၊ ဆရာက တော်လည်း ... အလုပ်ပင်ပန်းနေပုံရ တယ်၊ အေးဗျာ .. ခုလို ခရီးလေး ဘာလေးထွက်လိုက်တော့ အပန်းပြေ ပြီး ပျော်စရာကောင်းသွားမှာပေါ့လေ'' တဲ့။

အင်း သူလည်း ရွှေစင်ကို တွေ့ လိုက်ပြန်ပြီပေါ့။

ကျုပ် ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထရင်း လက်မှတ်ပေါက်ကို ကျောခိုင်း၊ ရထားလာမယ့်လမ်း ပ လက်ဖောင်းရှိရာ အရောက်ပြေးခဲ့တော့ တာပါပဲ။ ဩော် ဒီမြို့မှာရှိနေတဲ့ တစ် ချိန်လုံးတော့ အနှောင့်အယှက်တွေ လွတ်တော့မယ် မထင်တော့ဘူး။

ပြီးတော့ မှန်တာပြောရင် တစ်စ ထက်တစ်စ ကျုပ်ကြောက်လာပြီ။

ကြောက်လာပြီ။

ကြောက်လာပြီ။

ကြောက် ကြောက် ကြောက်။

+ + +

ဒီနောက်ပိုင်း အဖြစ်အပျက်တွေ ကို ကျုပ် အသေးစိတ်ပြောမနေနိုင် တော့ဘူး။ ဒါတွေကို အသေးစိတ်ပြော ပြရရင် ကျုပ်ရူးရလိမ့်မယ်။ ဒီတော့ အတိုချုံးပဲ ပြောရစေတော့ဗျာ။

ရထားပေါ်တက်စီးခဲ့တဲ့နောက် ကျုပ်ဘေးက တစ်ယောက်စာနေရာ လွတ်ကို လူတွေဝိုင်းကြည့်ပြီး ငေးကြည့် ပုံတွေ။

မြို့လုကြီးရောက်လို့ ဘူတာရုံက အထွက် လက်မှတ်သိမ်းက ကျုပ် နောက်မှာ ဘယ်သူမှမပါဘဲနဲ့ ကိုယ်ကို ယို့ပြီး ဦးညွတ်နှုတ်ဆက်လိုက်တာတွေ။

မြို့လုကြီး ရွှေစည်းစိမ်တည်းခို ခန်းမှာ ဝင်တည်းခဲ့တဲ့နောက် ဒီအရိပ် ဆိုးကြီးပျောက်သွားမယ်ထင်ပေမဲ့ ထင် သလို မဖြစ်ခဲ့တာတွေ။

သိပြီးသား လူရင်းတွေတင် မက တော့ဘဲ သူ့ကို တစ်ခါမှမမြင်ဖူးတဲ့သူ စိမ်းတွေကပါ မြင်ခဲ့တဲ့အဖြစ်တွေ။

တည်းခိုခန်းမှာကျုပ်တစ်ယောက် တည်းနဲ့ နှစ်ယောက်စာ ပေးခဲ့ရပုံတွေ။ စားပြန်ရင်လည်း နှစ်ပွဲစာ ရှင်းရတာ တွေ။ လမ်းထွက်တဲ့အခါတိုင်း ကျုပ် ဘေးမှာ မိရွှေစင် အမြဲကပ်ပါလာပုံနဲ့ လူတွေက ရှောင်ကွင်းသွားကြပုံတွေ .. အမယ်လေး ပြောရင်ဆုံးတော့မှာကို မဟုတ်တော့ဘူး။

အရိုးတွန့်တယ်ဆိုတာ ဒီလိုများ လား။

ဒါပေမဲ့ ဝိညာဉ်တစ္ဆေအဖြစ်နဲ့ ခြောက်တယ်ဆိုရင်လည်း ကျုပ်ကျ တော့ ဘာလို့မခြောက်တာလဲ။ ကျုပ် တစ်ယောက်တည်းရှိနေတဲ့အချိန်မျိုးမှာ ဘာကြောင့် ကိုယ်ထင်မပြတာလဲ။ လူ တောထဲကျခါမှ ဘာဖြစ်လို့ ကျုပ်ကလွဲ ပြီး တခြားလူတိုင်းကို မြင်စေရတာလဲ။

ဒီမေးခွန်းတွေကို ဖြေဖို့ကြိုးစား ရင်း ဓာချွေးတွေပြန်၊ ရင်မောကျော စိမ့်၊ ကြက်သီးမွေးညင်းတွေထပြီး သွေး ပျက်မတတ် ခံစားရတဲ့အဆုံးတော့ မြို့ လုကြီးရဲစခန်းထဲ ဝင်ပြေးမိခဲ့တော့တာ ပါပဲလေ။

''ကျွန်တော် ... ကျွန်တော့်ကို ကူ .. ကူညီကြစမ်းပါဦးဗျာ .. ကူညီ ကြပါဦး၊ ကြာရင် ... ကျွန်တော် သေ လိမ့်မယ်၊ သေရတော့မယ်''

ကယောင်ကတမ်းနဲ့ ပြောလိုက် တဲ့ ကျုပ်ကို တာဝန်ကျရဲအုပ်လေးက ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး–

''ကိုယ့်ဆရာ ... ဘာဖြစ်လို့ပါ လိမ့်၊ ဘယ်သူက လိုက်ရိုက်နေလို့လဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ကဲ ... အေးအေးဆေးဆေး ထိုင်ပြောစမ်းပါဦး''

''ကျွန်တော် ... ကျွန်တော် လူသတ်မှုတစ်ခု တိုင်ချက်ဖွင့်ချင်လို့ပါ''

''ဗျာ ... လူသတ်မှုဟုတ်လား၊ သေတဲ့လူက ဘယ်မှာလဲ ... ဘယ်သူလဲ ... သတ်တဲ့လူကကော''

''သတ်တဲ့လူက ... ကျွန်တော် ကျွန်တော်သတ်တာပါ၊ အသတ်ခံရတာက .. ကျွန်တော့်မယား၊ ကျွန်တော့် မယားကို ကျွန်တော်သတ်ခဲ့တယ်၊ ကျွန်တော် .. လူသတ်သမားပါ၊ ကျွန်တော့်ကိုဖမ်း ... အခုချက်ချင်းဖမ်း၊ ခင်ဗျားတို့မဖမ်းရင် ... ကျွန်တော် သေလိမ့်မယ်၊ ကျွန်တော့်ကို သူ ... ကလဲ့စားလိုက်ချေနေတာ'

ပြောပြသွားပါလားဗျာ၊ ခင်ဗျား ... ဘယ်သူဘယ်ဝါ၊ ခင်ဗျားမိန်းမက .. ဘာ .. ဘယ်လိုဖြစ်လို့ ... ဘယ်မှာသတ်ပြီး ... ဘာတွေ .. ဘယ်လို''

ပြောရင်းတန်းလန်းက ရဲအုပ်လေး စကားပြတ်သွားတယ်။



**သူ နေရာတကာ လိုက်ပြီး လူတွေနဲ့ အတွေ့ခံနေတာ ဘာကြောင့်လဲ ကျုပ်မသိဘူး၊ ကျုပ်ကိုဖမ်းပါ၊ ကျုပ် တောင်းပန်ပါတယ်။ ရှိကြိုးခိုးပါရဲ့၊ ကျုပ်ကို ဖမ်းထားလိုက်ကြပါ**

မျက်ခုံးပင့်ပြီး မျက်မှောင်ကြုတ်သွားတဲ့ရဲအုပ်ကို ကျုပ် တောက်လျှောက်ကြီး ပြောချလိုက်မိတယ်။

ရဲအုပ်လေးခမျာလည်း အံ့အားကြီးသင့်လို့ ပါးစပ်အဟောင်းသား။ ဘေးစားပွဲက ရဲတပ်ဖွဲ့ဝင်လည်း ကျုပ်နားကို ဝိုင်းအုံလာကြရာက–

''ကဲ ... ကိုယ့်ဆရာ ကျွန်တော်တို့ နားရှင်းအောင် ... တစ်ခုချင်း

တံခါးဝကိုကြည့်ပြီးအာစေးထည့်သလို ဖြစ်သွားတာပဲ။

ကျန်တဲ့လူတွေကလည်း သူ့နောက်လိုက်ကြည့်ပြီး မျက်လုံးတေ့ကျွတ်ကျမတတ်။

''ဩော် ... လာပါ အစ်မကြီး လာပါ၊ အစ်မကြီး ... ဒီက ... နောင်ကြီးနောက်ကို လိုက်လာတာထင်ပါရဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဟော ကိုရွှေရဲအုပ်လည်းကြောင်သွားပြန်ပါရောလား။

ဘယ်သူမှမရှိတဲ့ လေထဲကိုကြည့်ပြီး စကားတွေပြောနေပြီ။ အံမယ် ဒါနဲ့တောင် အားမရလို့ စားပွဲပေါ်လက်ထောက် ရှေ့ကိုင်းရင်း တစ်ဖက် အသံကို နားစွင့်လိုက်ပုံမျိုးနဲ့–

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါ ... အစ်မကြီးရဲ့ ... ခင်ပွန်းပေါ့နော်"

ရဲအုပ်လေးခေါင်းတညိတ်ညိတ်နဲ့ ခပ်ပြုံးပြုံးလေးပြောပြီး မေးခဲ့တဲ့နောက် ကျုပ်ဘက်ကို လှည့်လိုက်သလို–

"ကဲ ... ဘယ်လိုလဲ .. ကိုယ့်ဆရာ၊ ဒီအစ်မကြီးက .. ခင်ဗျားဇနီးပါတဲ့၊ ဒါနဲ့ ... ခင်ဗျားပြောတော့ သေပြီဆို ... ခင်ဗျားသတ်ပစ်လိုက်တယ်ဆို ... ခင်ဗျား ဦးနှောက်မှ ကောင်းသေးရဲ့လား"

"ဗျာ ... ကျုပ် ရူးတယ် ဟုတ်သား၊ ကျုပ်မရူးဘူးဗျ ... ရူးတာက ခင်ဗျားတို့ ... အို .. တစ်လောကလုံး ရူးနေကြပြီ၊ ကျုပ်ဘေးမှာ ... ကျုပ် မိန်းမရှိနေတယ်ဆိုတာ ... မဖြစ်နိုင်ဘူး၊ နည်းနည်းလေးမှ မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ လုံးဝ ... လုံးဝ မဟုတ်ဘူး၊ ကျုပ်မိန်းမကိုလည်း ... ဘယ်သူ မြင်နိုင်တော့မှာ မဟုတ်ဘူး၊ သေပြီ၊ ကျုပ်မိန်းမ သေပြီဗျ၊ လွန်ခဲ့တဲ့ စနေနေ့ ညကတည်းက ကျုပ် .. သတ်ပစ်ခဲ့လို့ သေပြီ၊ သေရုံမကဘဲ အစပျောက်သွားလို့ ပြာ ... ပြာတွေတောင် ဖြစ်သွားပြီ၊ သိကြရဲ့လား"

ကျုပ် စူးစူးဝါးဝါး အော်ဟစ်ရင်း က အသံတောင်ပျောက်သွားရတယ်။

ကျုပ် နည်းနည်းငြိမ်သွားတော့မှ ရဲအုပ်ကလေးက–

"ဒါဖြင့်လည်း ... ဒီလိုလုပ်ဗျာ၊ နောင်ကြီး ... ဒီမှာ .. ခဏထိုင်စောင့်နေလိုက်၊ ကျွန်တော် ... စခန်းမှူးကို သွားခေါ်လိုက်မယ်၊ နောင်ကြီးရဲ့ပြဿနာကို စခန်းမှူးမှ အမှန်အကန် ဆုံးဖြတ်နိုင်မှာပဲ၊ ကဲ ... ဟေ့ ... စခန်းမှူးကို တစ်ယောက်သွားခေါ်စမ်းကွာ"

ရဲသားလေးတစ်ယောက် ချက်ချင်းထပြီး ရဲစခန်းဝင်းထဲကအိမ်မှာ အနားယူနေတဲ့စခန်းမှူးကို သွားခေါ်လာတယ်။ အရပ်ဝတ်အရပ်စားနဲ့ စခန်းမှူးဆိုတဲ့ လူဝကြီးရောက်လာတယ်။ ရဲအုပ်လေးကို အကျိုးအကြောင်းမေးပြီး ကျုပ် ဘေးကိုကြည့်ပြီး ပြုံးပြုံးလေးနဲ့ နှုတ်ဆက်စကားပြောတယ်။

ပြီးတော့ ကျုပ်တို့–

"ဒီမှာ ... မိတ်ဆွေ .. ခင်ဗျားကသာ ခင်ဗျားမိန်းမ မရှိတော့ဘူးလို့ ဖွတ်ခံငြင်းနေတာ ... ဟောဒီမှာ ... ခင်ဗျားမိန်းမက သူမသေပါဘူး ဆိုနေပါလား"

"မဖြစ်နိုင်ဘူး ... သူဒီကို ဘယ်နည်းနဲ့မှ လာနိုင်မှာမဟုတ်ဘူး၊ ကျုပ် သူ့ကို ... ခုတ်သတ်ပြီး ဘွိုင်လာအိုးကြီးထဲမှာ ပြာချပစ်လိုက်ပြီ၊ ဒါပေမဲ့ ခု ... သူ နေရာတကာလိုက်ပြီး လူတွေနဲ့ အတွေ့ခံနေတာ .. ဘာကြောင့်လဲ ကျုပ်မသိဘူး၊ ကျုပ်ကိုဖမ်းပါ၊ ကျုပ် တောင်းပန်ပါတယ်။ ရှိကြိုးခိုးပါရဲ့၊ ကျုပ်ကို ... ဖမ်းထားလိုက်ကြပါ"

ကျုပ် ခုန်ရင်းပေါက်ရင်း အော်ဟစ်ရင်းက သတိလစ်သွားတယ်။ တစ်ညနဲ့တစ်ရက်တော့ ရဲစခန်းမှာ နေလိုက်ရသား။ ကျုပ်ကို သီးသန့်အချုပ်ထဲ လက်ခံထားလိုက်ကြတယ် ဆိုပါတော့။ ဒါပေမဲ့ နောက်တစ်နေ့ စခန်းမှူးကြီးကိုယ်တိုင် လာတွေ့ပြီး–

"ဝမ်းနည်းပါတယ် ... ဒေါက်တာရဲဝေ၊ ခင်ဗျားပြောတဲ့အတိုင်း ခင်ဗျားတို့မြို့ကို ... သွားစုံစမ်းကြည့်ပါတယ်၊ ခင်ဗျားဇနီး ဒေါ်ရွှေစင်ဟာ .. ခင်ဗျား ခရီးထွက်သွားတာပါတဲ့၊ သူတို့သိသလောက် ... မသေသေးပါဘူးတဲ့၊ နောက်ပြီး ... ခင်ဗျားတို့ ဓာတ်ပုံတွေလည်း ကျွန်တော်တို့ ယူခဲ့ကြပါတယ်၊ ကျွန်တော်တို့တွေ့ခဲ့တဲ့အမျိုးသမီးရုပ်ဟာ ဓာတ်ပုံထဲကနဲ့ တစ်ပုံတည်းတူနေပါတယ်၊ ဒီမြို့က .. လူတွေ အတော်များများကလည်း ဓာတ်ပုံရှင်အမျိုးသမီးကို ခင်ဗျားနဲ့အတူ တွေ့ဖူးခဲ့ကြပါတယ်၊ ခုလည်း ခင်ဗျားအမျိုးသမီးဟာ ခရီးဆက်စရာရှိလို့ ထွက်သွားရာက အိမ်မှာပြန်ဆုံမယ်လို့ မှာသွားတာပဲ၊ ဒီတော့ ကျွန်တော်တို့အနေနဲ့ လူတစ်ယောက်ကို သက်သေအထောက်အထား ခိုင်လုံမှုမရှိဘဲ အကြောင်းမဲ့ ဖမ်းထားလို့မရပါဘူး ဒေါက်တာရဲဝေ၊ ခင်ဗျားကို ... ပြန်လွှတ်လိုက်ပါတယ်။ ခင်ဗျား သွားချင်ရာသွားနိုင်ပါပြီ"

"ဗျာ ... ကျွန်တော် ... ဘယ်သွားရမလဲ၊ ဒီပြဿနာကြီးတန်းလန်းနဲ့ ကျွန်တော် ဘယ်သွားရမှာလဲ၊ မသွားတတ်တော့ဘူး၊ ကျွန်တော် .. ကြောက်တယ်၊ ကျွန်တော့်ကို ... ကျွန်တော့်ကို စိတ်ရောဂါကုဆေးရုံကြီးသာ ပို့ပေးကြတော့ဗျာ"

ညီညီနိုင်



www.burmeseclassic.com

www.burmeseclassic.com





## မောင်မြင့်မား (ဘိုကလေး)

# ကံထလာသောမုဆိုးများ



www.burmeseclassic.com

လေအဝှေ့တွင် သစ်ရွက်ခြောက်များက တစ်ဖြောက်ဖြောက် မြည်ကာလွင့်မျောသွားကြသည်။ တိတ်ဆိတ်နေသော တောကြီးအတွင်း တစ်ချက်တစ်ချက်တွင် ခပ်ဝေးဝေးမှ ချိုးကူသံကိုကြားနေရသည်။ အပင်ကြီးများပေါ်မှ သစ်ရွက်ခြောက်များလေမှာဝေ့ကာ အောက်တွင်ရှိသော ချုံများပေါ်သို့ တစ်ဖွဲဖွဲကျရောက်နေသည်။ ချုံများပေါ်တွင် ရောင်စုံဖြာသွားသည်။

စောဂျိမ်းက ခေါင်းပေါ်လာတင်သော သစ်ရွက်ခြောက်များကို ပုတ်ထုတ်လိုက်ပြီး တောကင်ပွန်းချုံများထဲသို့ တိုးဝင်လိုက်သည်။ တိုးလိုက်ခါမှ လူကို တန့်ခနဲဖြစ်သွားအောင် နောက်ကဆွဲလိုက်သည်။ စောဂျိမ်းက နောက်ကိုလှည့်ကြည့်လိုက်သည်။ တွေ့ပါပြီ။ ကင်ပွန်းချုံများမှ ချိတ်များက စောဂျိမ်း၏လွယ်အိတ်ကြီးနှင့် တူမီးသေနတ်ကြီးကို ချိတ်ဆွဲထားသည်။

"ကျော်စိုး ... တော်သေးတယ်ဟ၊ မောင်းသာတင်ထားရင်တော့ ဒိန်းခနဲပဲ၊ ကင်ပွန်းချိတ်က တူမီးခလုတ်ကို လာချိတ်နေတာဟေ့"

ကျော်စိုးကလည်း သူ့ကိုချိတ်နေသော ကင်ပွန်းချိတ်များကိုဖယ်ရင်း လေသံတိုးတိုးဖြင့်–

"စောဂျိမ်း တရှဲရှဲနဲ့ ဘာသံလဲ"

"ဟေ"

စောဂျိမ်းက နားစွင့်လိုက်သည်။ ပြီးမှ ကင်ပွန်းချုံများကိုဖြကာ ရှေ့ကနေ တိုးဝှေ့သွားလိုက်သည်။ တစ်လှမ်းချင်းလှမ်းနေရင်း(၄၊ ၅)လှမ်းအရောက်တွင် နောက်ဘက်ကိုလှည့်၍ ကျော်စိုးကို လက်ပြလိုက်သည်။ ပြီးမှ လေသံတိုးတိုးဖြင့်–

"ဒေါင်းနှစ်ကောင်ကွ"

ကိုက်နှစ်ဆယ်အကွာလောက်ရှိ တောင်ခါးပန်းကလေးပေါ်တွင် ဒေါင်းအဖိုအမတစ်စုံ အတောင်ဖြန့်ကာ အေးအေးဆေးဆေး အစာစားလျက်ရှိသည်။ ဒေါင်းဆိုသောသတ္တဝါမျိုးက အင်မတန် နိုးကြားသွက်လက်သော သတ္တဝါမျိုးဖြစ်သည်။ အခုတော့ အပူအပင်ကင်းကာ အစာစားနေသောကြောင့် စောဂျိမ်းအတွက် အံ့သြစရာဖြစ်နေသည်။ စောဂျိမ်းက ကင်ပွန်းချုံများကို အသံမကြားအောင် တိုးလိုက်ရင်း–

"ကျော်စိုး ... မင်းလက်ယားနေပြီထင်တယ်"

"တွေ့ခဲတယ် စောဂျိမ်းရ ... ဆော်ထည့်လိုက်ရင် ကောင်းမလားလို့"

"မင်း ... ပွိုင့်တူးတူးအသံနဲ့ဆိုရင် တခြားအကောင်တွေ လန့်ပြေးကုန်လိမ့်မယ်ကွ၊ ဒီကောင်တွေက တစ်ဟင်းစားလောက်ပဲရမှာ"

"ကျွန်တော်တော့ လက်ယားနေပြီဗျာ"

"ချကွာ ... နောက်ပိုင်းကိစ္စနောက်မှ ရှင်းတာပေါ့၊ လက်ရှိက အသေချာဆုံးပဲ"

စောဂျိမ်းဆီမှ ခွင့်ပြုချက်ရသည်နှင့် ကျော်စိုးက ကင်ပွန်းချုံအကြားမှနေကာ ပွိုင့်တူးတူးကို ထိုးချိန်လိုက်သည်။ အင်မတန် နိုးကြားဖျတ်လတ်သော ဒေါင်းအဖိုအမစုံတွဲကတော့ အန္တရာယ်ကို မသိသေး။ အေးအေးဆေးဆေးပင်။ ကျော်စိုးက ချိန်သီးကို စိတ်တိုင်းကျအောင်ချိန်ပြီး ခလုတ်ကို ညှစ်မည်အပြုတွင်–

"ဒေါင် ... ဝုစ်"

"အွတ်"

"ဟာ"

စောဂျိမ်းရော ကျော်စိုးပါ "ဟာ"ခနဲဖြစ်သွားသည်။ မထင်မှတ်ဘဲ ဒူးလေးသံနှင့်အတူ မြားတံတစ်ချောင်းက ဒေါင်းတစ်ကောင်ကိုသွားစိုက်ကာ ဖလပ် ဖလပ်နှင့် မြေကြီးပေါ်တွင် ပတ်ချာလည်နေသည်။ တစ်ကောင်က တောထဲသို့ ဖျတ်ခနဲပြေးဝင်သွားတော့သည်။ စက္ကန့်ပိုင်းအတွင်း လူတစ်ယောက် တောထဲကနေ အပြေးအလွှားထွက်လာသည်ကို တွေ့လိုက်ကြရသည်။

စောဂျိမ်းက–

"နင့်မေကလွှား .. ဘယ်သူများလဲလို့ တင်ဝင်းဟ"

စောဂျိမ်းရော ကျော်စိုးပါ ကင်ပွန်းချုံထဲက ထွက်လာကြပြီး–



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ကောင် တင်ဝင်း''

''ဟာ စောဂျိမ်း''

''ကျော်စိုးက . . . ပစ်တော့မလို့ မင်းက လက်ဦးသွားလို့၊ မင်းက . . . ဘယ်လိုရောက်လာတာလဲ''

''စောဂျိမ်းတို့နဲ့ လူကွဲသွားပြီး ဒီလက်ပံမြောင်ကိုတော့ . . . မိုးမချုပ်မီရောက်လာမယ်ထင်ပြီး လက်ပံမြောင်ကို အရောက်လာတာ၊ ဒီနှစ်ကောင်ကို ကျွန်တော် ချောင်းနေတာကြာပြီ၊ အခုမှပဲ ပစ်ချိန်ရလိုက်လို့''

ထိုအချိန်တွင် မြားတန်းလန်းနှင့် ဒေါင်းက ''ဖလပ် ဖလပ်''မြည်ကာ တောထဲသို့ ဝင်ပြေးသွားသည်ကို တွေ့လိုက်ကြရသည်။ စောဂျိမ်းတို့ သုံးယောက်စကားဆက်မပြောနိုင်ကြတော့ဘဲ ဒေါင်းဝင်ပြေးရာတောထဲသို့ အပြေးလိုက်ကြတော့သည်။

ရှေ့ဆုံးမှဝင်ပြေးသွားသော တင်ဝင်းက ဒေါင်းပြေးရာဆီသို့ အရင်ရောက်သွားကာ တဖုန်းဖုန်းနှင့် ရိုက်နေသောအသံနှင့်အတူ သိပ်မကြာလိုက်။ ဒေါင်းကြီးကိုဆွဲကာ တောထဲက ထွက်လာသည်။

''တော်တော် အသက်ပြင်းတဲ့ အကောင်ကွာ . . မြားတန်းလန်းနဲ့တောင် ထွက်ပြေးနိုင်သေးတယ်''

''မင်းမြားက . . . အဆိပ်မပါလို့ပါကွာ၊ အဆိပ်ပါရင် . . . ပြေးဖို့တော့ ဝေးရော''

''စောဂျိမ်းရယ် . . . ခင်ဗျားတို့နဲ့ တောပစ်ထွက်ချင်လို့ လိုက်သာလာရတာ၊ ကျွန်တော်ကိုင်နေကျ နှစ်လုံးပြူးက ပစ်မရတာ ကြာပြီဗျ၊ အဲဒါနဲ့ . . . ရွာထဲက ဒူးလေးကိုင်တဲ့ဖိုးပြောင်တို့ဆီက ခဏငှားလာတာ၊ မြားတံရော သူတို့ဆီကပဲ၊ သူတို့လည်း အဆိပ်သုံးတဲ့ပုံ . . . မပေါ်ဘူးဗျ''

''ဒူးလေးနဲ့ . . . အမဲပစ်မယ်ဆိုရင် အဆိပ်သုံးရတယ်၊ နို့မဟုတ်ရင် ခရီးကြာတာပေါ့ကွာ၊ အခုလိုပစ်ပြီး မသေတော့ လိုက်ဖမ်းနေရတာ အချိန်ကြာတာရယ် . . . တချို့သားကောင်ကြီးတွေဆိုရင် ပစ်ပြီး မသေရင် . . လူကို ပြန်ပြီး ရန်ရှာတတ်တယ်ကွ''

ကျော်စိုးက–

''စောဂျိမ်း . . . မြားဆိပ်မှာ တဆွေ့ခုန်တို့ နှစ်ဆွေ့ခုန်တို့ ရှိတယ်ဆို''

''ဟုတ်တယ် . . . အဲဒီလိုမျိုး အဆိပ်ပါရင် ထိလိုက်တဲ့အကောင်ဟာ တစ်ချက်ပဲခုန်နိုင်မယ်၊ အဆိပ်တက်ပြီး သေတာပေါ့၊ နှစ်ဆွေ့ခုန်ဆိုတာကတော့ နှစ်ခါပဲခုန်နိုင်မယ်ပြောတာ . . ငါကတော့ မုဆိုးဖြစ်ကတည်းက တူမီးကိုပဲ စကိုင်လာရတော့ ဒူးလေးအကြောင်း သိပ်မသိပါဘူးကွာ။ ဒါပေမဲ့ မုဆိုးတွေသုံးတတ်တဲ့ သဘာဝအဆိပ်အကြောင်းတော့ ငါ ငယ်ငယ်က အဆိပ်ပင်ကို တွေ့ဖူးတယ်''

''ဘယ်လိုမျိုးလဲ စောဂျိမ်း''

''ငါ . . အသက်နှစ်ဆယ်အရွယ်လောက်က . . ရပ်စောက်နယ်အလွန် အင်တောကြိုးဝိုင်းထဲမှာ နယ်ခံမုဆိုးတစ်ယောက်ရယ် . . . မျက်နှာဖြူကြီးတစ်ယောက်ရယ် . . ငါရယ် . . . အမဲလိုက်ခဲ့ဖူးတယ်၊ မျက်နှာဖြူကြီးက ရာထူးကြီးကြီးပဲ၊ ဘာရာထူးလည်းတော့ ငါ မသိဘူး၊ ငါ့ကိုချစ်လို့ သူနယ်ပြောင်းရင် တကောက်ကောက်လိုက်ဖို့ ငါ့ကို ခေါ်တယ်၊ ငါကလည်း . . . လူပျိုလူလွတ်ဆိုတော့ လိုက်တာပေါ့ကွာ၊ အဲဒီနယ်ထဲမှာ တောဝက်တွေသောင်းကျန်းလွန်းလို့ နယ်ခံမုဆိုးတစ်ယောက်က မျက်နှာဖြူကြီးကို အကူအညီလာတောင်းတယ်''

''မျက်နှာဖြူကြီးက အမဲလိုက်ဝါသနာပါတာရယ် . . သူ့မှာ သေနတ်

**အဲဒီလိုအပင်မျိုးရှိရင် ...**

**အပင်ရဲ့ပတ်ပတ်လည်မှာ ဘာအပင်မှ ..မပေါက်တော့ဘူးတဲ့၊**

**ဒါကြောင့်မို့ ..မျက်နှာဖြူကြီးက တဲထိုးပို့ နေရာလိုက်ရှာတာ၊**

**မြေပြောင်ပြောင်ဆိုလို့ အဲဒီအပင်နားမှာ တွေ့ရမှာပဲ၊**

**အဲဒီအပင်မျိုး နောက်လည်း တစ်ခါမှ ..မတွေ့တော့ပါဘူး။**

**မုဆိုးတွေတောင် အဲဒီအပင်မျိုး မကြားဖူးကြဘူး . . .**



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတာရယ်ကြောင့် တို့ တောဝက်ပစ်ထွက်လာကြတာ မွန်းမတည့်မီမှာ ဝက်သုံးကောင်ရလိုက်တယ်၊ မျက်နှာဖြူကြီးက ... တော်လောက်ပြီ နားကြဦးမယ်ဆိုပြီး တဲထိုးဖို့ နေရာလိုက်ရှာကြတာ .. တစ်နေရာမှာ မြေပြောင်ပြောင်တစ်ခု သွားတွေ့တယ်''

''တဲထိုးနေကြရင်း .. မျက်နှာဖြူကြီးက စိတ်ဝင်တစားနဲ့ သစ်ပင်ကြီးတစ်ပင်ကို ကြည့်နေတယ်၊ အဲဒီသစ်ပင်ကြီးက မြေပြောင်ပြောင် ကွက်လပ်အလယ်မှာ ပေါက်နေတဲ့ အပင်ကြီးပဲ၊ သူက .... အပင်ကို သေသေချာချာကိုင်တွယ်လေ့လာပြီးမှတို့ကိုမေးတယ်''

''အဲဒါ ဘာပင်လဲ''

''တို့က ... သိမှမသိဘဲ၊ မသိဘူးပေါ့ကွာ၊ သူက ... ပြောပြတယ်၊ အဲဒီအပင်ဟာ .. အင်မတန်ရှားပါးတဲ့ မြားဆိပ်ပင်လို့ခေါ်တယ်လို့ ပြောတယ်၊ အဲဒီအပင်မျိုးကို ထမံသီဘက်က မောင်းခမ်းနယ်မှာ တစ်ခါတွေ့ဖူးတယ်တဲ့၊ မြားတို့ ... ဒူးလေးတို့ ကိုင်တဲ့လူတွေဟာ ... အဲဒီအပင်က အစေးကို မြားတံထိပ်မှာ သုတ်လိမ်းပြီး .. တောကောင်တွေကိုပစ်ရင် ... မှန်လိုက်တဲ့ တောကောင်ဟာ မိနစ် ၂၀ လောက်အတွင်း သေစေနိုင်တယ်တဲ့''

''အဲဒီအပင်ရဲ့ ... အခေါက်ကို ဓားနဲ့ခုတ်လိုက်ရင် ... အစေးတွေထွက်လာပြီး အစေးတွေက တစ်ခဏအတွင်း ညိုမည်းတဲ့အရောင် ပြောင်းသွားတယ်၊ မျက်နှာဖြူကြီးပြတဲ့ အပင်ကြီးက အခေါက်ကထူထူ၊ အခွံအပွေးအရောင်ကဖြူဖြူ ... အကိုင်းအခက်တွေက ရှည်ပြီး အရွက်ပုံက ညောင်ရွက်ပုံ ... ဒါပေမဲ့ ... အရွက်သေးတယ်၊ အသီးလည်းသီးတယ်၊ အသီးသီးပုံက ပင်စည်ကနေ အညှာထွက်ပြီး သီးတာမျိုးပဲ၊ အစေးက မြားဆိပ်အတွက်သုံးရုံတင်မကဘဲ ဆေးဖက်လည်းဝင်တယ်လို့ပြောတယ်''

''နောက်တစ်ခု ထူးခြားတာက အဲဒီလိုအပင်မျိုးရှိရင် ... အပင်ရဲ့ပတ်ပတ်လည်မှာ ဘာအပင်မှ .. မပေါက်တော့ဘူးတဲ့၊ ဒါကြောင့်မို့ .. မျက်နှာဖြူကြီးက တဲထိုးဖို့ နေရာလိုက်ရှာတာ၊ မြေပြောင်ပြောင်ဆိုလို့ အဲဒီအပင်နားမှာ တွေ့ရမှာပဲ၊ အဲဒီအပင်မျိုး နောက်လည်း တစ်ခါမှ .. မတွေ့တော့ပါဘူး၊ မုဆိုးတွေတောင် အဲဒီအပင်မျိုး မကြားဖူးကြဘူး''

''ကျွန်တော်လည်း ... စောဂျိမ်းတို့နဲ့လူကွဲသွားပြီး လမ်းမှာ တောဝက်တစ်အုပ်နဲ့တွေ့တယ်၊ တစ်ကောင်ကို ထိသွားပြီး ... မြားတန်းလန်းနဲ့ ထွက်ပြေးတာ လိုက်လို့မမီတော့ပါဘူး၊ စောဂျိမ်းပြောသလို .. မြားတံမှာ အဆိပ်သာပါရင် တောဝက်က ပြေးမလွတ်နိုင်တော့ဘူး''

''ကဲ ... နေလည်းမြင့်ပြီ၊ ခုချိန်ထိ ဘာကောင်မှလဲ မရသေးဘူး၊ ခဏနားကြရအောင်ကွာ''

''စောဂျိမ်း ... ထမင်းစားတော့မှာလား''

''အေး .. ဆာပြီကွာ''

''ဒါဆိုရင် ... ကျွန်တော့်အိတ်ထဲမှာ .. သွားရင်း လာရင်းပစ်လာတဲ့ ရစ်နှစ်ကောင် ပါသေးတယ်၊ မီးကင်ပြီး ပါလာတာလေးနဲ့ မြည်းကြရင် ... မကောင်းဘူးလား''

''အေး ... ကောင်းတယ်၊ လုပ်ကွာ .. မင်းဆီမှာ နန္ဒင်းတို့ ဆားတို့ ပါလာတယ်မဟုတ်လား''

''ပါတယ်''

''မင်းကမှ ... ဒူးလေးကိုင်ပြီး ဟင်းစားရသေးတယ်၊ တို့မှာ သေနတ်တွေ ကိုင်ပြီး ... ဘာကောင်မှတောင် မရသေးဘူး၊ ကဲ ... ကျော်စိုး မင်းပါလာတဲ့ ရမ်ပုလင်းလေးထုတ်ကွာ''

ကျော်စိုးက သူ့ကျောပိုးအိတ်ကိုချကာ ရမ်ပုလင်းနှင့် ခွက်များထုတ်နေချိန်တွင် တင်ဝင်းက မီးမွှေးကာ သူ့အလုပ်ကို စနေသည်။ စောဂျိမ်းက သူ့မိန်းမထည့်ပေးလိုက်သော ဆတ်သားခြောက်ဖုတ်များကို ထုတ်ယူလိုက်သည်။ ပြီးမှ ခွက်တစ်လုံးတွင် အရက်နည်းနည်းထည့်ကာ ဆတ်သားခြောက်ဖုတ်နှင့် အရက်ခွက်ကိုယူ၍ သစ်ပင်တစ်ပင်အောက်တွင်ချကာ ပါးစပ်က တတွတ်တွတ် ရွတ်နေပြန်သည်။

ဒါက တောထဲတွင် တောပစ်ထွက်တိုင်း စောဂျိမ်း လုပ်လေ့လုပ်ထရှိသော အလုပ်တစ်ခုဖြစ်သည်။ စောဂျိမ်းက ဘာသာခြားဖြစ်၍ ယခင်က ထိုကိစ္စများကိုစိတ်မဝင်စားသော်လည်း မုဆိုးသက်ရင့်လာသောအခါ အတွေ့အကြုံက စကားပြောလာသည်။

နန္ဒင်းတို့ ဆားတို့နှင့်နယ်ကာ မီးကင်ထားသော ရစ်ကင်ရဲရဲနှစ်ကောင်က မွှေးကြိုင်လှသည်။ ရစ်ကင်၊ ဆတ်သားခြောက်မီးဖုတ်နှင့် ရမ်အရက်တို့က လိုက်ဖက်ညီစွာ စောဂျိမ်းတို့သုံးယောက် တစ်ယောက်တစ်ခွက်နှင့် ပုလင်းတစ်လုံး ကုန်ခါနီးလောက်တွင်–

''ဝေါ ... ဝရော''



www.burmeseclassic.com

"ဖုတ် ‥ ဖုတ် ‥ ဖုတ် ‥ ဖုတ်"

တောထဲမှ လူသုံးယောက် ဒရောသောပါး ပြေးထွက်လာကြသည်။ စောဂျိမ်းတို့က ထိုင်နေကြရင်း "ဝေါ ‥ ဝရော"ဟူသော အသံများကြောင့် ခေါင်းထောင် ကြည့်လိုက်ကြသည်။ တောထဲမှ ပြေးထွက်လာသောလူသုံးယောက်က စောဂျိမ်းတို့ကိုမမြင်–

"ဟေ့လူတွေ ‥‥ ဘာဖြစ်လာတာလဲ"

"ကျား ‥‥ ကျား"

ကျားဆိုသောကြောင့် စောဂျိမ်းက အနားတွင်ချထားသော တူမီးသေနတ်ကြီးကို ကောက်ကိုင်လိုက်သလို ကျော်စိုးကလည်း ဗွိုင့်တူးတူးကို ကောက်ကိုင်လိုက်သည်။ သူတို့ပြေးထွက်လာရာနောက်ကိုကြည့်လိုက်သောအခါတွင်လည်း ဘာကောင်မျှလိုက်လာတာမတွေ့။ ထွက်ပြေးလာသော သုံးယောက်ထဲမှ တစ်ယောက်က စောဂျိမ်းတို့ရှိရာသို့ ပြေးလာရင်း–

"ကျားနဲ့တွေ့လို့"

စောဂျိမ်းက ပြေးလာသောလူကို ဖမ်းကိုင်လိုက်ကာ–

"နေပါဦး ‥‥ ကျားကို ဘယ်မှာတွေ့လိုက်တာလဲ"

"လမ်းဖောက်တဲ့ဆီမှာ"

"လမ်းက ‥‥ ဘယ်နားမှာဖောက်နေတာလဲ"

"ထရော်ဘက်မှာ"

"ထရော်ဘက်မှာဆိုတော့ ‥‥ သိပ်မဝေးဘူးဘဲ၊ ခင်ဗျားတို့က ဘယ်ကလဲ"


"ဆောက်လုပ်ရေးက ဝန်ထမ်းတွေပါ"

စောဂျိမ်းတို့ စကားပြောနေချိန်တွင် ကျန်လူနှစ်ယောက်က လာရာလမ်းကိုကြည့်၍ ပြူးတူးပြဲတဲဖြစ်နေကြကာ စောဂျိမ်းတို့ရှိရာသို့ ရောက်လာကြသည်။ တစ်ယောက်က–

"ခင်ဗျားတို့က ‥‥"

"ကျွန်တော်တို့က ‥‥ မုဆိုးတွေပါ ‥‥ လက်ပန်မြောင်က"

"ဒါဆိုရင် ‥‥ အတော်ပဲ၊ ကျွန်တော်တို့ ထရော်ဘက်မှာ လမ်းဖောက်နေကြရင်း ‥‥ ကျားတစ်ကောင် ‥‥ တောထဲကထွက်လာလို့ လန့်ပြီးပြေးလာတာ"



"နောက်က လိုက်လာလို့လား"

"လိုက်မလိုက်တော့ မသိဘူး၊ ကြောက်ပြီး ပြေးလာတာ"

"ခင်ဗျားတို့ ‥‥ စိတ်အေးအေးထားပါ၊ ကျွန်တော်တို့က မုဆိုးတွေပါ၊ ကျားက ‥‥ ခင်ဗျားတို့နောက်ကို လိုက်လာတာ မတွေ့ပါဘူး၊ ကဲ ‥‥ ခင်ဗျားတို့က ကျားတွေ့တဲ့နေရာကို လိုက်ပြ၊ ကျော်စိုးနဲ့တင်ဝင်း ‥‥ သိမ်းလိုက်တော့ဟေ့၊ ကံကောင်းရင် ဟင်းမျိုး(ကျား)နဲ့ဆုံကြတာပေါ့"

ထရော်ဘက်တွင်ကားလမ်းဖောက်နေသည့် သတင်းကို စောဂျိမ်းတို့ကြားနေတာတော့ကြာပြီ။ အကြောင်းကိစ္စမရှိသောကြောင့် မရောက်ဖြစ်။ တောထဲက ဖြတ်ဖောက်သောကြောင့် တောကောင်များနှင့် ဝန်ထမ်းများ ရင်ဆိုင်တွေ့ကြသည်က ထူးဆန်းလှသော အကြောင်းမဟုတ်ပေ။ သို့သော် ဟင်းမျိုး(ကျား)လိုအကောင်မျိုးတွေ့တာက ထူးဆန်းနေခြင်းဖြစ်သည်။

ဆောက်လုပ်ရေးဝန်ထမ်းသုံးယောက်ကို လမ်းပြခိုင်းကာ တောတိုးရင်း ခပ်သွက်သွက်ချီတက်လာကြသည်။ ပါလာသော လက်နက်များကိုတော့ အသင့်အနေအထားကိုင်ထားကြသည်။ ဟင်းမျိုး(ကျား)ဆိုသောကြောင့် ပေါ့ပေါ့သဘောထား၍မဖြစ်။

ဟင်းမျိုး(ကျား)လို တောမုဆိုးကို လျှော့တွက်၍မရ။ ဟင်းမျိုးက ပါးနပ်သည်။ ပရိယာယ်များသည်။ လူကို အန္တရာယ်ပေးနိုင်သည်။ မုဆိုးချင်းတောင် ဟင်းမျိုးက အနိုင်ယူတတ်သောကြောင့် အသက်ဆုံးပါးပေါင်းများလှပြီ။

"ကျော်စိုး ... ထရော်ဘက်မှာ ဟင်းမျိုးရှိတယ်လို့ မကြားမိပါဘူးနော်"

"ဟုတ်တယ် ... စောဂျိမ်း၊ ဒီနယ်တစ်ဝိုက်မှာ ကျွန်တော်တို့ အမဲလိုက်လာတာကြာပြီ၊ ဟင်းမျိုးဆိုတာလည်း မကြားဖူးတာကြာပြီ၊ ဒါပေမဲ့ ပြောလို့တော့မရဘူးပေါ့၊ တောပြောင်းတာတို့ ... မျက်စိလည်လာတာတို့ ဖြစ်ပြီး ရောက်ချင်ရောက်လာမှာပေါ့၊ တောတွေကဆက်နေတာမဟုတ်လား"

"အေး ... ဖြစ်နိုင်တာပဲ"

ကြိမ်တော၊ ဝါးတော၊ မြရာတောများကို ဖြတ်ပြီး သတိအနေအထားဖြင့် ချီတက်လာကြရာ နာရီဝက်ခန့်အကြာ တစ်နေရာအရောက်တွင် 'ဟဲ'ခနဲအသံကြီးကို ခပ်လှမ်းလှမ်းမှ ကြားလိုက်ရသည်။ အသံကြားသည်နှင့် ဆောက်လုပ်ရေးဝန်ထမ်းသုံးယောက်သည် ချုံတောများအတွင်းသို့ အလျှိုလျှိုဝင်ပြေးကုန်ကြတော့သည်။ စောဂျိမ်းက ပြုံးလိုက်ကာ လေသံတိုးတိုးဖြင့်–

"ဟော့လူတွေ ... ဘာဖြစ်နေကြတာလဲ၊ ကျုပ်တို့မှာ သေနတ်တွေပါပါတယ်၊ ကြောက်ရင်လည်း ... ခင်ဗျားတို့ချုံတောထဲဝင်လို့ လွတ်မှာမဟုတ်ဘူး၊ သစ်ပင်တွေပေါ်တက်နေကြ၊ ကျုပ်တို့နောက်မလိုက်ခဲ့ကြနဲ့"

စောဂျိမ်းက လေတိုက်ရာ အနေအထားကို သတိပြုလိုက်ပြီး ကျော်စိုးနှင့်တင်ဝင်းကို လက်ပြ၍ အသံလာရာဆီသို့ တရွေ့ရွေ့ တက်လာခဲ့ကြသည်။ 'ဟဲ'ခနဲအသံကြီးက တဖြည်းဖြည်း နီးကပ်လာသည်။ ဖောက်လုပ်ဆဲလမ်းကြီးကို ဘွားခနဲတွေ့လိုက်ရပြီးနောက် ခပ်လှမ်းလှမ်းတွင် မြင်လိုက်ရသော မြင်ကွင်းကား လမ်းဖောက်လုပ်ရာတွင် မြေကြီးကော်သော မြေကော်စက်ကြီးနှင့် ၎င်းစက်၏မြေကော်သောကဏန်းလက်မလိုလက်တံကြီးက တယမ်းယမ်းလုပ်နေသည့်အပြင် ထိုလက်တံကြီးကို ချောင်းကာ တဟဲဟဲနှင့် အသံပေးနေသော ဟင်းမျိုးကြီးတစ်ကောင်။

မြေကော်လက်တံကြီး ယမ်းနေသလို ဟင်းမျိုးကြီးက ရှေ့တိုးနောက်ဆုတ်လုပ်ကာ လက်တံကြီးကိုချောင်းနေသော မြင်ကွင်းဖြစ်သည်။ ပတ်ဝန်းကျင်တွင်လည်းဝန်ထမ်းများတစ်ယောက်မှ မတွေ့။

စောဂျိမ်းက မြင်ကွင်းကိုကြည့်ကာ ရယ်ချင်နေသည်။ သုံးယောက်သား လမ်းဘေးရှိ ကျောက်ပုံတစ်ခုနောက်တွင် အကာအကွယ်ယူကာ ဝပ်လိုက်ရင်း–

"ကျော်စိုး ... မင်း .. ပွိုင့်တူးတူးက ကျည်အမာထည့်ထားတော့ ဟင်းမျိုးလောက် ဖြစ်ပါတယ်။ ငါ့တူမီးကလည်း ယမ်းအပြင်းစပ်ထားတယ်၊ အေးအေးဆေးဆေးပါပဲ"

ကျောက်ပုံဘေးတွင် ဝပ်လိုက်ကတည်းက ချိန်ဝပ်လုပ်ထားသောကြောင့် စောဂျိမ်းစကားဆုံးသည်နှင့် လျင်မြန်လှသော မုဆိုးများပီပီ။

"ဒိန်း"

"ဖောင်း"

သေနတ်သံကြောင့် တောဟိန်းသံနှင့်အတူ သေနတ်သံနှစ်ချက်က စက္ကန့်ပိုင်းလောက်သာခြားကာ နီးကပ်လာသော ပစ်မှတ်ဆီသို့ တည့်တည့်မတ်မတ် ဝင်သွားသည်။

"ဂရား"ခနဲအသံနှင့်အတူ ဟင်းမျိုးကြီးက ငါးပေခန့်မြောက်တက်သွားကာ မြေပေါ်သို့ "ဗုန်း"ခနဲ ပြန်ကျလာသည်။ လမ်းဖောက်ဆဲ မြေသားများပေါ်တွင် ဟင်းမျိုးကြီးက ငါးမိနစ်ခန့်ကုတ်ခြစ်လူးလိမ့်နေပြီးမှ ငြိမ်သက်သွားတော့သည်။

စောဂျိမ်းတို့သုံးယောက် ကျောက်ပုံအကွယ်မှထွက်လာကြကာ ပေ ၂၀ ခန့် အကွာလောက်တွင်ရပ်၍ ကျောက်ခဲ(၃၊ ၄)လုံးဖြင့် ဟင်းမျိုးကြီးရှိရာသို့ ပစ်ပေါက်ကြည့်လိုက်သည်။ ဟင်းမျိုးကြီးက မလှုပ်တော့။

"ဗျို့ .. မြေတူးစက်ပေါ်ကဆရာ ဆင်းခဲ့ပါတော့ ... ကျားလည်း ကိစ္စချောနေပါပြီ"

ထိုအခါကျမှ မြေတူးစက်မောင်းသောလူက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်းလာသည်။ မျက်နှာက ဖြူဖပ်ဖြူရော်နှင့် အတော်ကြောက်နေပုံရသည်။ စောဂျိမ်းက–

"ကျားက ... သေသွားပါပြီဗျ၊ ခင်ဗျား တော်တော်ကြောက်သွားလား"

"ဟာ ... ဘယ့်နှယ်ပြောပါလိမ့်၊ မောင်းတဲ့နေရာကို တက်လာမှာစိုးလို့ ကယောင်ကတမ်းနဲ့ မြေတူးတဲ့လက်တံကို လှော်ရမ်းနေတာ"

"အဲဒီလက်တံကိုပဲ .. ကျားက သူ့ရဲ့ရန်သူသတ္တဝါကောင်ထင်ပြီး ..



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနေတာ၊ အဲဒါကြောင့် ခင်ဗျား ကံကောင်းသွားတာ၊ ဖြစ်ပုံကိုပြောပါဦး''


''ကျွန်တော်တို့ ထမင်းစားချိန်နားတော့ ... တချို့ကလည်း .. ချတဲ့တဲတွေဆီ ပြန်စားကြတယ်၊ ကျွန်တော်နဲ့ (၃၊ ၄)ယောက်က ထမင်းချိုင့်ပါလာတော့ .. အရိပ်ကောင်းတဲ့နေရာမှာထိုင်ပြီး ထမင်းစားဖို့လုပ်မလို့ .. ကျွန်တော်က စက်ခန်းထဲမှာ ထမင်းချိုင့်သွားအယူ ''ဝေါ ... ဝရော''ဆိုတဲ့အသံနဲ့အတူ ဟောဟိုတောင်ခါးပြတ်ပေါ်ကနေ ကျားကြီးက တလိမ့်ခေါက်ကွေး လိမ့်ကျလာတာပဲ၊ ကျွန်တော်က စက်ခန်းထဲကနေ ကြောင်ပြီးကြည့်နေတုန်း ... အောက်က (၃၊ ၄) ယောက်ကတော့ လန့်ပြီး တောထဲကို ဝင်ပြေးသွားကြတယ် ထင်တာပဲ''

''ဟုတ်တယ် ... ပြေးလာတဲ့ ၃ ယောက်နဲ့ ကျွန်တော်တို့အဖွဲ့နဲ့ တွေ့တယ်၊ သူတို့ပြောလို့ ... ကျွန်တော်တို့ လိုက်လာတာ ဆက်ပြောပါဦး''

''ကျားကြီးက ... ခြေထောက်နာသွားတယ်ထင်တယ်၊ တော်တော်နဲ့ မထဘူး၊ နောက် ... ထလာပြီး ထော့နဲ့ ထော့နဲ့နဲ့ ကျွန်တော့် မြေတူးစက်နားမှာ ပတ်ချာလှည့်ကြည့်နေတယ်၊ တော်တော်နဲ့မသွားဘူး၊ ကျွန်တော်ကလည်း ကြောက်လို့ .. အောက်ကိုမဆင်းရဲဘူး၊ တက်လာမှာစိုးလို့ အသံလည်း မပေးရဲဘူး၊ နောက်တော့ ... ကြံရာမရတာနဲ့ စက်ကိုဖွင့်ပြီး ... မြေတူးတဲ့လက်တံနဲ့ ယမ်းလိုက်တော့မှ ပိုဆိုးသွားတယ်''

''အဲဒီ .. လက်တံကြီးကို ရန်သူအောက်မေ့လို့ လှည့်ချောင်းနေတာ''

ပုန်းပြီးကျန်နေခဲ့သော အလုပ်သမားသုံးယောက်လည်းသေနတ်သံကြောင့် တောထဲက ထွက်လာကြသည်။ သိပ်မကြာလိုက်။ ဆောက်လုပ်ရေးအလုပ်သမားများလည်း သေနတ်သံကြောင့် အပြေးအလွှား ရောက်လာကြသည်။



ကျားသေကြီးနှင့် စောဂျိမ်းတို့အဖွဲ့ကိုကြည့်ကာ စောဂျိမ်းတို့အား လူစွမ်းကောင်းကြီးများပမာ ချီးကျူးကြသည်။ အပြန်ခရီးအတွက် ကျားသေကြီးကို တပျော်တပါးထမ်းကာ လက်ပံမြောင်အထိ လိုက်ပို့ကြသည်။ အပြန်တွင် စောဂျိမ်းက–

''ကျော်စိုးနဲ့ တင်ဝင်း ... ဒီတစ်ခါ ဟင်းမျိုးကိုပစ်ရတာ .. အချောင်ဆုံးပဲဟေ့ .. ဒုက္ခခံပြီး လိုက်စရာလည်း မလို၊ ချောင်းစရာလည်းမလို၊ ကျည်လည်းမကုန်ဘဲ ရွာအရောက်တောင် ထမ်းပိုးပေးတဲ့လူတွေလည်း ရှိသေး၊ ဟေး .. ဟေး .. အဆင်ပြေလိုက်တာကွာ''

တင်ဝင်းက–

''အဲဒါပေါ့ စောဂျိမ်းရဲ့ .. တောကျားနဲ့ မုဆိုးကံကောင်းဆိုတာ''

''ဘယ်လိုကွ၊ တောကျားနဲ့မုဆိုး ကံကောင်း ... ဟုတ်လား''

''ဟုတ်တယ်ဟေ့ .. မင်းနာမည်ပေးတာ သဘာဝကျတယ်၊ မြေတူးစက်ကို မမြင်ဖူးတဲ့ တောကျတဲ့ကျားနဲ့ တို့က တကူးတကန့် လိုက်စရာမလို .. ချောင်းစရာမလိုဘဲ ကံကောင်းလို့ ကျားပစ်ရတာဆိုတော့ မုဆိုးကံကောင်းဆိုတာလည်း ... ဟုတ်တယ်ဟေ့''

အဖြစ်အပျက်က နှစ်ပေါင်းကြာခဲ့ပြီဖြစ်သော်လည်း စောဂျိမ်း၏အိမ် အိမ်ရှေ့ခန်းတွင်ချိတ်ထားသော ကျားခေါင်းကြီးကိုမြင်တိုင်း မေးလာတဲ့လူတိုင်းကို ဂုဏ်မယူ၊ ဝင့်မကြွား၊ ကံကောင်းလို့ရတာပါလို့ မုဆိုးကြီးစောဂျိမ်းက အမြဲပြောလျက်ရှိနေပါတော့သည်။

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# နေစိုးသော်

## ကစ်စ်မီကွစ်ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနောက်ဆုံး မြို့ပတ်ရထား ဖြစ်၍လားမသိ။ ဘူတာရုံကလေးမှာ လူရှင်းနေသလို ရထားပေါ်မှဆင်းသည့် ခရီးသည်ကလည်း လူကြီးနှစ်ယောက်ရယ်၊ ရဲထွဋ်ရယ်။ လူကြီးနှစ်ယောက်မှာ ရဲထွဋ်နှင့်မရင်းနှီးသော်လည်း မျက်မှန်းတော့ တန်းမိသည်။ ဤရထားနှင့် ပြန်လာနေကျဖြစ်၏။ ဆိုင်တစ်ဆိုင်မှ ဝန်ထမ်းများဖြစ်ပုံရသည်။

ဘူတာဝန်ထမ်းများကိုလည်း အပြင်မှာမမြင်ရ။ လက်မှတ်ရုံကလေးက မီးတော့လင်းနေသည်။ လက်မှတ်ထွက်သိမ်းသည့် ဝန်ထမ်းလည်းအိပ်ပျော်နေပြီထင်၏။

လူကြီးနှစ်ယောက်က စကားတပြောပြောနှင့် ဘူတာရုံအဆောက်အအုံကလေးကိုဖြတ်ကာ ထွက်သွားသည်။ သူတို့နှင့်ရဲထွဋ်က တစ်လမ်းစီဖြစ်၏။ ဆန့်ကျင်ဘက်ဖြစ်၏။ ရဲထွဋ်က ဘူတာရုံအဆောက်အအုံကို ကျောခိုင်းပြီး ရထားလမ်းအတိုင်း ပြန်လျှောက်သွားသည်။ ရထားကလည်းဝေး၍ ပျောက်ကွယ်သွားပြီဖြစ်သည်။

ညက လဆုတ်ညဖြစ်၏။ ကောင်းကင်မှာ တိမ်သားတိမ်ရိပ်တွေကြောင့် ကြယ်တွေကိုမမြင်ရ။ ရထားလမ်းပေါ်မှာက လမ်းမီးရောင်နှင့်ဝေးသဖြင့် လမ်းလျှောက်၍ရရုံ မြင်ရရုံကလေးဖြစ်နေ၏။ ရထားလမ်းဘေးဆိုသည်ကလည်း ချုံပုတ်တွေ၊ မြောင်းတွေနှင့်။ အိမ်ကလေးတွေကလည်း အလှမ်းဝေးလွန်းစွ။ တစ်ယောက်တည်း လျှောက်လာရသည်ကပင် ကြက်သီးထချင်စရာ။

သို့သော် ...

ဤသို့ မှောင်မိုက်မှု၊ လူရှင်းမှု၊ လူနေအိမ်ခြေဝေးမှုကိုပင် ရဲထွဋ်က သဘောကျနေသည်။ အထူးသဖြင့် ယခုည။

ယခုညမှာ ရဲထွဋ်အဖို့ အထူးအစီအစဉ်တစ်ခုရှိနေသည်။ ခါတိုင်းညတွေလို ရိုးရိုးတန်းတန်း အလုပ်မှပြန်လာခြင်းမျိုးမဟုတ်။

ရင်ကတော့ ခုန်နေသည်။ ခုန်နေသည်မှ သိသိသာသာ။

မျက်လုံးထဲမှာ ဇနီးသည် မမမြ၏ မျက်နှာကို ဖျတ်ခနဲမြင်လိုက်သည်။ ပြီးတော့ အခြားမျက်နှာတစ်ခု။ သွင်သွင့်မျက်နှာဖြစ်သည်။

ယခုညမှာမျက်နှာတစ်ခုကိုကျောခိုင်းရမည်။ မျက်နှာတစ်ခုကို ရှေးရှုရမည်။ အပြောင်းအလဲတစ်ခုကို ပြတ်သားစွာ ဖော်ဆောင်ရမည်။ အနာဂတ်ကို ပြောင်းလဲပစ်ရမည်။

စိတ်ကူးကြံဆချက်များသည် ကွက်တိကျပါ့မလား။ အဆင်ပြေချောမွေ့ပါ့မလား။ ဘဝတွင် ပထမဆုံးသော မလုပ်ဖူးသော အလုပ်ကို လုပ်ကိုင်ရမည်မို့ စိတ်သည် ချောက်ချောက်ချားချားရှိလှ၏။

မည်သို့ပင်ဆိုစေ ...

သူ့မှာတွန်းအားရှိနေ၏။ ထိုတွန်းအားကြောင့် ခွန်အားလည်း ရှိနေ၏။ သတ္တိလည်းရှိနေ၏။ ဖြစ်အောင်လုပ်ရမည်ဟူသော ဆုံးဖြတ်ချက်လည်း ရှိနေ၏။

ထိုခွန်အားသည်ကား ..

အချစ်ဖြစ်သည်။

သူသည် အချစ်ဟု အမည်တပ်သော်လည်း စင်စစ်မှာမူ တဏှာရမ္မက်သာလျှင်ဖြစ်၏။ ပြီးတော့ လောဘ၊ နောက်ပြီးတော့ မောဟဆိုသည်ကို သူကိုယ်တိုင်ပင်မသိ။

"သွင်သွင်ရယ် .. မင်းနဲ့ငါတို့ရဲ့ ဆန္ဒတွေ ပြည့်ဝတော့မှာပါ"

+++

သွင်သွင်နှင့် ပြန်တွေ့ခဲ့ရခြင်းသည် သူ့ဘဝ တစ်ဆစ်ချိုးပြောင်းလဲမို့ ဖန်လာခြင်းဖြစ်၏။

စင်စစ် သွင်သွင်သည် သူ၏ အချစ်ဦး။ အချစ်ဦးလည်း အချစ်ဦးဖြစ်၍ ငယ်ချစ်လည်း ငယ်ချစ်ဖြစ်သည်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဆိုသည့်အတိုင်း သွင်သွင့်ကို သူမမေ့ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရဲထွဋ်နှင့်သွင်သွင်မှာ ချစ်သူဘဝမှ လက်တွဲဖော်အိမ်ထောင်ဖက်ဘဝသို့ မကူးပြောင်းနိုင်ခဲ့။ ဘဝအဆင့်အတန်းခြားနားခြင်းကြောင့် ဖြစ်သည်။

သွင်သွင်တို့က ချမ်းသာသည်။ ရဲထွဋ်က မုဆိုးမသား။

ရဲထွဋ်နှင့် လက်ထပ်ခွင့်ကို သွင်သွင်က မိဘများထံ ခွင့်ပန်တော့ မိဘများက ခါးခါးသီးသီးငြင်းသည်။ ငြင်းရုံမက သားသမီးကို ဆင်စီး၍ မြင်းရံစေချင်တတ်သော မိဘမေတ္တာအတိုင်း သွင်သွင်နှင့်ရဲထွဋ် ဝေးကွာရေးကို အမြန်ဆုံးအရေးယူဆောင်ရွက်ခဲ့ကြသည်။

သူတို့သဘောတူသူတစ်ဦးနှင့် သွင်သွင့်အား ချက်ချင်းကောက်ကာငင်ကာ စီစဉ်လက်ထပ်ပေးလိုက်ခြင်းဖြစ်၏။

ရဲထွဋ် အစီအစဉ်ချပြီး ငွေစုနေခြင်းမှာ နောက်ကျချက်တစ်ရပ်ဖြစ်သွားခဲ့ရသည်။ အငိုက်မိခံလိုက်ရသည်။ ဒါကလည်း သွင်သွင်က မိဘများကို ကြောက်ခြင်း၊ မလွန်ဆန်နိုင်ခြင်းနှင့် သတ္တိမရှိခြင်းတို့ကြောင့်လည်းပါသည်။

> မည်သို့ဆိုစေ
> မကောင်းမှု
> ပြုတော့မည်ဖြစ်သော
> လူသည် အဘယ်မှာ
> စိတ်မလှုပ်ရှားဘဲ
> နေပါမည်နည်း။
> သူသည် ယခင်က
> ရာဇဝတ်မှု တစ်ကြိမ်မျှ
> မကျူးလွန်ခဲ့ဖူးသူ။
> အတွေ့အကြုံမရှိသူ။
> ပြီးတော့
> ယခုကိစ္စက
> ရာဇဝတ်မှုမှာ
> အမြင့်ဆုံး
> လူသတ်မှု...

သွင်သွင်နှင့်ရဲထွဋ် ဝေးခဲ့ရ၏။

သွင်သွင့်မှာလည်း ချစ်သူနှင့်ဝေးကွာရခြင်း၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်း၊ ဒုက္ခဆင်းရဲနှစ်ခုကို တစ်ပြိုင်တည်း ရင်ဆိုင်ခံစားခဲ့ရသည်။ ရဲထွဋ်မှာမူ စိတ်လေကာ အတန်ကြာ တစ်ကိုယ်တော် လေလွင့်နေခဲ့ရလေသည်။

သွင်သွင်နှင့် ဝေးရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး နှစ်အနည်းငယ်အကြာတွင် . မိခင်ကြီးဆုံးပါးသွားသည်။ ထိုအချိန်မှာပင် မမမြနှင့်ဆုံခဲ့ဖို့ ဖန်လာ၏။

မမမြက ရဲထွဋ်ထက် အသက်လည်းကြီး၍ ရုပ်ကလည်းဆိုးသည်။ မိခင်ကြီးရှိစဉ်က အကူအညီပေးခဲ့သော မမမြသည် တစ်ခုလပ်ဘဝနှင့် ရဲထွဋ်အပေါ် ညွတ်ကိုင်းနေသူလည်းဖြစ်၏။ ရဲထွဋ်က စိတ်မဝင်စား။

သို့သော် မိခင်ကြီးဆုံးပါးပြီး အထီးကျန်ဘဝဖြင့် ခြောက်သွေ့ကာ တွယ်ရာမဲ့နေသော ရဲထွဋ်အား မမမြက သူ့ရင်ခွင်တွင်းသို့ အပိုင်သိမ်းသွင်းယူခဲ့သည်။ အချစ်မပါသော်လည်း မမမြ၏ အညို့အငင်မှာ ရဲထွဋ်တစ်ယောက် ကျဆုံးသွား၏။ မမမြက တော်လွန်း၍ပဲလား။ ရဲထွဋ်ကပဲ ညံ့လွန်း၍ပဲလား။

ရလဒ်ကတော့ မမမြနှင့်သူလက်ထပ်လိုက်ရခြင်းဖြစ်သည်။

သို့ဖြင့် ...

နှစ်ကာလအချို့ကို ဖြတ်သန်းကျော်လွန်လာခဲ့၏။

မမမြက သူ့အပေါ်ကောင်းသည်ဟု ဆိုရပါမည်။ သူ့ကို မမမြက ချစ်သည်လေ။ သို့သော် သူက မမမြကို မချစ်။ မမမြနှင့်နေရသော်လည်း မပျော်။ သူပြန်လည်တမ်းတမိသည်မှာ သွင်သွင်ဖြစ်သည်။ ဖြစ်ချင်တော့ ...

မမမြနှင့်သူ ဤရပ်ကွက် ဤတိုက်အိမ်ရာသို့ ပြောင်းရွှေ့လာခဲ့သောအခါ တိုက်တိုက်ဆိုင်ဆိုင် ကံကြမ္မာက မျက်လှည့်ပြလာခဲ့လေသည်။

မထင်မှတ်မိဘဲနှင့် သွင်သွင့်ကို ပြန်တွေ့ရသည်။

တွေ့ရသည်မှာလည်း အလုမ်း

www.burmeseclassic.com

ကွာကွာမဟုတ်။ အခန်းချင်းကပ်လျက်ဖြစ်၏။

ဤနေရာ၌ ကွန္ဒိုတံအိမ်ရာ၏ အနေအထားပုံသဏ္ဍာန်ကို ထည့်သွင်းပြောပြဖို့ လိုမည်ထင်မိ၏။ အိမ်ရာမှာ အဆင့်မြင့်မဟုတ်။ ပေါချောင်ကောင်း အိမ်ရာတစ်ခုဟုပဲ သတ်မှတ်ရမည်။ ဤကဲ့သို့ အစွန်အဖျားကျသော နေရာမျိုးကို ကွန္ဒိုတံကုမ္ပဏီက ဝယ်ယူ၍ အထပ်(၄)ထပ်ပါ၊ တစ်ထပ်လျှင် (၆)ခန်းတွဲ၊ တစ်တိုက်လျှင် (၂၄)ခန်းပါဝင်သည့် တိုက်(၈)လုံးကို ဆောက်လုပ်ထားပြီး အလယ်အလတ်တန်းစား၊ လူတန်းစားများ ဝယ်ယူနေနိုင်အောင် ဖန်တီးထားခြင်းဖြစ်သည်။ တိုက်ခန်းများမှာ ဆင်တူဖြစ်ပြီး အရောင်အသွေးတူလည်းဖြစ်၏။ အမှတ်တမဲ့လူမျိုးဆိုလျှင် တိုက်ခန်းတစ်ခုနှင့်တစ်ခု မှားယွင်းသွားနိုင်သည်။

ရဲထွဋ်တို့က တိုက်နံပါတ်(၆)၊ အခန်းနံပါတ်(၄)ဖြစ်၏။ (၄)ထပ်ရှိသော တိုက်တွင် အောက်ဆုံးမြေညီထပ်ဖြစ်၏။ အလယ်ခန်းလည်းဖြစ်၏။ ရဲထွဋ်ကတော့ ညဘက် အလုပ်မှပြန်ရတတ်သည်ဖြစ်၍ မှတ်မှတ်သားသားဖြစ်စေရန် သူ၏ တိုက်ခန်းဝတွင် ကစ်စ်မီကွစ်ပန်းအိုးတစ်အိုးကို ချထားသည်။ ထို့ကြောင့် အခြားအခန်းများရှေ့တွင် ရှင်းနေလျက် ပန်းအိုးရှိသော အခန်းမှာ ရဲထွဋ်၏ အခန်းဖြစ်ကြောင်း ထင်ရှားသည်။ မျက်စိမှိတ်ပြန်လာလျှင်တောင်မှ မှားစရာအကြောင်းမရှိ။



တိုက်ခန်းများအကြောင်း ရှင်းပြပြီးလျှင် သွင်သွင့်အကြောင်းကို ထပ်မံရှင်းပြရဦးမည်။ ကံဇာတ်ဆရာအလိုကျ ချစ်ဦးသူနှင့် ပြန်ဆုံရသည့်အခန်းမှာ ကဗျာမဆန်သော်လည်း လှပနေခဲ့သည်။

မမမြနှင့် ရဲထွဋ် ကွန္ဒိုတံအိမ်ရာကို ပြောင်းလာသောနေ့ကဖြစ်၏။

ပစ္စည်းများ ကားပေါ်မှချနေစဉ် ဘေးခန်းမှ အခန်း(၃)အမျိုးသမီးသည် ထွက်လာပြီး မမမြကို မိတ်ဆက်သည်။ သူမသည်ကား ရဲထွဋ်၏အချစ်ဦး သွင်သွင်ပင်တည်း။

မမမြရှေ့တွင် ရဲထွဋ်ရော သွင်သွင်ပါ အခြေအနေကိုထိန်းကာ ယခုမှ တွေ့ကြသိကြလေဟန် ဆောင်လိုက်ကြ၏။ ရဲထွဋ်ပျော်သွားသည်မှာ ဆိုဖွယ်ရာမရှိ။

"သွင် ‥ ပျော်လိုက်တာ အစ်ကိုရယ်" ဟု နောင်တွင် သွင်သွင်ကလည်း ပြောပြ၏။

တိုတို ဆိုကြပါစို့။

ခင်ပွန်းဆုံးသည်မှာ နှစ်နှစ်ရှိပြီဖြစ်သော သွင်သွင်နှင့်ရဲထွဋ်တို့ အချစ်ဇာတ်လမ်းပြန်စပြီကြ၏။ ယခုအချစ်က ငယ်ငယ်ကလို စိတ်ကူးယဉ်အချစ်မဟုတ်တော့။ လက်တွေ့ကျသောအချစ်ဖြစ်သည်။

နံနက်ပိုင်း ဈေးရောင်းထွက်သော မမမြကား မရိပ်မိ။ ဒါကလည်း မမမြက နုံသည် ‥ အသည်လည်းဖြစ်နိုင်၏။

ရဲထွဋ်က နေ့လယ်ပိုင်းမှ အလုပ်သွားရသူ။ သွင်သွင်က ရုံဖန်ရံခါမှ အပြင်ထွက်သည်။ ပွဲစားမို့ သူမအလုပ်



www.burmeseclassic.com

www.burmeseclassic.com



က ပုံမှန်မရှိ။ သည်တော့ နံနက်ပိုင်းမှာ ရဲထွဋ်နှင့် သွင်သွင်တို့ နှစ်ခန်းတစ်ခန်း ကူးကြသည်။

“ကြာရင် မမမြသိသွားလိမ့်မယ်”

သွင်သွင်၏ စိုးရိမ်ပူပန်မှု။

ထိုကာလမှာ မမမြကို မချစ်ခဲ့သော ရဲထွဋ်သည် အချစ်မဲ့သည်မှ မလိုမုန်းထားသည့်ဘက်ကို ပြောင်းလာခဲ့၏။

ရမ္မက်နွံ၊ အချစ်နွံထဲမှ ရုန်းမထွက်နိုင်တော့သော ရဲထွဋ်သည် နောက်ဆုံးတွင် မိုက်မိုက်ကန်းကန်းဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

တစ်ခုလိုချင်လျှင် တစ်ခုစွန့်လွှတ်ရမည်ဟူသော ဥပဒေအတိုင်း။

+++

လူပြတ်သော ရထားလမ်းမှ အိမ်ရာရှိရာတောင်ကုန်းကလေး၏အထက် တစ်နေရာမှာ ရဲထွဋ်ရပ်လိုက်သည်။ ပြီးလျှင် ကြိုတင်ပြင်ဆင်ထားခဲ့သည့်အတိုင်း ချုံအတွင်း ဝှက်ထားသော အိတ်ထဲမှ အင်္ကျီနက်၊ ဘောင်းဘီနက်ကို ထုတ်ယူကာ သူဝတ်လာသော လုံချည်၊ အင်္ကျီကို ပြန်ဝှက်ထားလိုက်သည်။

ထို့နောက် ဦးထုပ်အနက်ရောင်ကိုဆောင်းသည်။

သော့ကိုယူသည်။ ဓားမြောင်ကို ဘောင်းဘီကြားတွင် ထိုးသည်။ ဓားအိမ်နှင့်မို့ ထိရှမှာမပူရ။

အားလုံးအိုကေပြီဆိုမှ အိမ်ရာဝင်းဆီသို့ လျှောက်လာသည်။ အိမ်ရာက စည်းရိုးခတ်ထားသည်။ အဝင်ဝဂိတ်ရှိသည်။ ဂိတ်မှာ အစောင့်ကြီး ဦးဘသာရှိသည်။

ရဲထွဋ်က ဂိတ်ဝသို့မသွား။

သစ်ပင်တစ်ပင်မှတစ်ဆင့် စည်းရိုးကို ကျော်တက်ကာ အတွင်းကို ခုန်ချသည်။ နောက်တော့ အိမ်ရာအတွင်း ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။

ဤအချိန်၌ အိပ်မပျော်သေးသော အခန်းတစ်ခန်းမှ သူ့ကို တွေ့သွားနိုင်၏။ တွေ့ပါစေဟုလည်း ဆုတောင်း၏။ သို့သော် သူ့မျက်နှာကို မမြင်သာအောင် သူက ဦးထုပ်ကိုဆွဲချထား၏။ အင်္ကျီကော်လံကို ထောင်ထား၏။ ယခုလို အနေအထားကို မြင်မိသူသည် မနက်ဖြန်၌ ရဲများအား ညက လူဆိုးသူခိုးတစ်ယောက်ဖြစ်မည်ဟု ယူဆရသော လူတစ်ယောက်ကို တွေ့လိုက်မိကြောင်း၊ အင်္ကျီဘောင်းဘီနက်ကို ဝတ်ဆင်၍ ဦးထုပ်နက်ကိုဆောင်းထားကြောင်း ထုတ်ဖော်ပြောဆိုပေလိမ့်မည်။

ရဲထွဋ်ကား အကွက်စေ့စေ့တွက်ချက်ထားသူပင်။

မည်သို့ဆိုစေ မကောင်းမှုပြုတော့မည်ဖြစ်သောလူသည် အဘယ်မှာ စိတ်မလှုပ်ရှားဘဲ နေပါမည်နည်း။

သူသည် ယခင်က ရာဇဝတ်မှုတစ်ကြိမ်မျှ မကျူးလွန်ခဲ့ဖူးသူ။ အတွေ့အကြုံမရှိသူ။ ပြီးတော့ ယခုကိစ္စက ရာဇဝတ်မှုမှာ အမြင့်ဆုံး လူသတ်မှု။

ထို့ကြောင့် ရဲထွဋ် ခြေတွေလက်တွေတုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်နေသည်။ ဝတ်ဆင်ထားသော လက်အိတ်ထဲမှာပင် လက်များက ရေခဲတုံးပမာ။ ရင်တွေက တဒုန်းဒုန်းခုန်လျက်။

အားကိုတင်းလိုက်သည်။

ပိပိရိရိသေသေချာချာ စီစဉ်ထားတာပဲ။ ပြဿနာမရှိနိုင်ပါ။ သူ့တွက်ရေးက ရာဇဝတ်မှုကို ကျူးလွန်ပြီးနောက် ရဲများကို လှည့်ဖြားနိုင်သည်ထိ အသေးစိတ်ကွက်တိ။

တိုက်အမှတ်(၄)နှင့်(၅)ကို ကျော်ဖြတ်လိုက်သည်။

တိုက်(၆)ကိုရောက်ပြီ။

လမ်းမှာ ဘာအနှောင့်အယှက်မှ မတွေ့။ ထင်မှတ်မထားသော အတားအဆီးလည်း တစ်ခုမျှ ပေါ်မလာ။

တိုက်(၆)ကို ဣန္ဒြေရရချဉ်းကပ်လာသော်လည်း ရင်ထဲက အခုန်ကြမ်းလာသည်။ အခန်းအမှတ်တွေက မှောင်နေ၍ မမြင်ရ။ ကိစ္စမရှိ။ သူတို့အခန်းရှေ့မှာ ကစ်စ်မီကွစ်ပန်းအိုးရှိသည်။

တံခါးဝမှာ သူရပ်လိုက်သည်။ သည်အချိန်ဆို တစ်နေ့လုံးပင်ပန်းထားသော မမမြ အိပ်ပျော်နေလောက်ပြီ။ ခါတိုင်းညတွေလည်း သည်လိုပင်။

သော့ကိုထုတ်လိုက်၏။ တံခါးတွင်တပ်ထားသောသော့က အပြင်သော့ဖြင့် ဖွင့်ဝင်၍ရသည်။ အတွင်းက ပိတ်ချင်လျှင် ခလုတ်ကလေးနှိပ်ပြီး ဆွဲပိတ်လိုက်ရုံသာ။ တံခါးအပြင်မှာ သံပန်းတပ်ဖို့ စဉ်းစားထားသော်လည်း မတပ်ရသေးသည်မှာ အံကိုက်ဖြစ်နေ၏။


တံခါးကိုဖွင့်ပြီး အတွင်းကို ဖြည်းညင်းစွာ ဝင်လိုက်သည်။ အတွင်းမှာ မီးဖွင့်မထားသဖြင့် မှောင်နေသည်။ မမမြက မီးရောင်ဖြင့် မအိပ်တတ်။ မှောင်နေလည်း ပြဿနာမရှိ။ ဝင်ထွက်

www.burmeseclassic.com

နေကျ ကိုယ့်အခန်းကို မီးထိုးကြည့်စရာ၊ မီးဖွင့်စရာမလို၊ ကျွမ်းပြီးသား။ ပြီးတော့ ယခုအချိန်၌ မီးမဖွင့်ရသေး။ မီးမဖွင့်မှ သဘာဝကျသည်။

အိပ်ခန်းဆီသို့ တစ်လှမ်းချင်း လှမ်းလာခဲ့၏။

အိပ်ခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်ချိန်မှာတော့ ရင်က ဒိုင်းခနဲ ဆောင့်ခုန်သည်။ ဓားကိုထုတ်လိုက်သော လက်တွေက ငြိမ်အောင်ထိန်းမရချင်။



ခုတင်ပေါ်မှ မမမြ၏ အသက်ရှူသံပြင်းပြင်းက မှန်မှန်ပေါ်ထွက်လျက်ရှိ၏။

ရဲထွဋ်သည် အသက်ကို တဝ ရှူသွင်းကာ အံကိုကြိတ်လျက် နောက်ဆုံးအားတင်းမှုကို ပြုလိုက်သည်။

ထို့နောက်မှာတော့ ...

ဓားကို ဓားအိမ်ထဲကို အသာအယာပြန်ထည့်သည်။ ခါးကြားထိုး၊ အိပ်ခန်းတံခါးကို မပိတ်ဘဲ ဖွင့်ထားခဲ့ပြီးလျှင် ပြန်ထွက်လာ။ အခန်းတံခါးမကြီးကို ပြန်ပိတ် သော့ပြန်ခတ်။

ထို့နောက် နောက်ဆုံးလုပ်စရာရှိသော အလုပ်တစ်ခုသာ ကျန်သည်။ တိုက်ခန်းများနောက်ဘက်သို့လှည့်ကာ မိမိတို့အခန်း၏ မှန်ပြတင်းပေါက်ကို အပြင်မှနေ၍ လက်ဖနောင့်ဖြင့် ခပ်ဆဆရိုက်ခွဲလိုက်မည်။ မှန်ကွဲသွားသံနှင့် မှန်ကွဲများ အတွင်းသို့ကျသွားသံ မတိုးမကျယ် ပေါ်ထွက်လာ၏။ လက်အိတ်စွပ်ထားသောလက်နှင့် အတွင်းကိုလျှိုကာ တံခါးချက်ကို ဖြုတ်လိုက်သည်။ ပြတင်းပေါက်ပွင့်သွားသည်။

ပြီးပြီ ..

အရာအားလုံး အထစ်အငေါ့မရှိ အောင်မြင်စွာ ပြီးဆုံးသွားပြီ။

ဖြစ်ရပ်မှာ ..

သူခိုးသည် မှန်ပြတင်းကိုခွဲ၍ အခန်းတွင်းဝင်သည်။ မမမြနိုးနေသည်နှင့် ပက်ပင်းတိုးသည်။ အိမ်ရှင်နိုးလာသောကြောင့် သူခိုးက အိမ်ရှင်ကို ဓားနှင့်ထိုးသည်။ မမမြသေသည်။ သူခိုးက ပစ္စည်းများကို ကြံ့ရာ၊ တွေ့ရာယူကာ ထွက်ပြေးသွားသည်။ ဇာတ်လမ်းက ဒါပဲဖြစ်သည်။

ရဲထွဋ် သက်ပြင်းချလိုက်၏။

''ခွင့်လွှတ်ပါ မမမြ''

တိုက်အမှတ်(၆)နောက်မှ ရဲထွဋ် လူရိပ်လူခြေကြည့်ကာ ပြန်ထွက်လာခဲ့၏။ စည်းရိုးကို ဝင်ခဲ့သော နေရာမှပြန်၍ ကျော်ထွက်သည်။ ရထားလမ်းဘက်ဆီကို ပြန်လာသည်။ ဝှက်ထားသော အိတ်ကိုထုတ်ကာ အဝတ်များပြန်လဲသည်။

ယခုအခါ အလုပ်မှပြန်လာသည့် ပုံစံပြန်ဖြစ်သွားခဲ့ပြီ။

အင်္ကျီနက်၊ ဘောင်းဘီနက်၊ ဦးထုပ်နက်၊ လက်အိတ်ပါသောအိတ်ကို ရေမြောင်းတစ်ခု၏ အောက်သို့ ပစ်ချနှစ်မြှုပ်လိုက်သည်။ သူ၏ အင်္ကျီအိတ်ထဲတွင် ရှိနေသည့် သွင်သွင်၏ အခန်းသော့ကိုပါ ရဲများမေးစမ်းလာသည့်အခါ ရှင်းနေရမှာစိုး၍ လွှင့်ပစ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်၌ ဘူတာရုံသို့ နောက်ဆုံးရထားဝင်လာသည်။

အချိန်ကလည်း လုံးဝအံကိုက်။

က္ကစ္ဆိတံအိမ်ရာ၏ ဂိတ်ဝရောက်သောအခါ အစောင့်ကြီးဦးဘသာက–

''ကောင်ကလေး ပြန်လာပြီလား'' ဟု နှုတ်ဆက်ရင်း ဝင်းတံခါးဖွင့်ပေးသည်။

''ဟုတ်ကဲ့ ‥ ဦးဘသာ အိပ်ချင်ပြေစားဖို့ ကျွန်တော် လက်ဖက်သုတ်တစ်ပွဲဆွဲလာခဲ့တယ်။ ရော့ ‥''

ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ရဲထွဋ်က လက်ဖက်သုပ်ထုတ်ကို ကမ်းပေးလိုက်သည်။

''မင်း ငါ့ကိုငှားမယ်ဆိုတဲ့ စာအုပ်တွေ့ပြီလား''

ဦးဘသာက မေး၏။

''တွေ့ပြီ။ မနက်က ကျွန်တော် ဦးလေးကိုပေးဖို့ မေ့သွားလို့။ ကဲ ‥ အခုတစ်ခါတည်း ယူလိုက်ဗျာ''

''ကောင်းသားပဲ။ စာဖတ်နေတော့ အိပ်ချင်ပြေတာပေါ့''

ဦးဘသာလိုချင်သည့် တရားစာအုပ်ကို ရဲထွဋ်က ရှာဝယ်ထားပြီး အိမ်မှာအဆင်သင့်ထားခဲ့သည်လေ။

ဦးဘသာနှင့်အတူ စကားတပြောပြောလျှောက်လာပြီး အခန်းရှေ့သို့ရောက်လာခဲ့သည်။

''ကောင်ကလေး မိန်းမတော့ အိပ်နေပြီထင်တယ်''

ဦးဘသာက သူ၏ လက်နှိပ်မီးဖြင့် အခန်းနံပါတ်ကို ထိုးပြ၏။ နံပါတ် (၄)သော့အိမ်ကိုပါ မီးထိုးပြထား၏။ ရဲထွဋ်က သူ၏အင်္ကျီအိတ်အတွင်းမှ အခန်းသော့ကို ထုတ်ယူကာ သော့ကိုဖွင့်သည်။ မရ ‥။ သော့က သွင်း၍ပင်မရ။ ဘာဖြစ်တာလဲ။

''သော့ဖွင့်မရဘူးလား''

ဦးဘသာက လှမ်းမေး၏။

ရဲထွဋ်က ဘာမျှပြန်မဖြေဘဲ ထပ်မံ၍ ဖွင့်ဖို့ ကြိုးစားသည်။ မရ။

''သော့မှားနေပြီထင်တယ်''

ဦးဘသာ၏ ထင်မြင်ချက်ကြောင့် ရဲထွဋ်၏ နားထင်နားရင်းတွေ ပူသွားသည်။ သော့မှားနေပြီ။ သူလွှင့်ပစ်ခဲ့စဉ်က သွင်သွင်၏သော့မဟုတ်ဘဲ သူ့အခန်းသော့ ဖြစ်နေသလား။ သို့ဆိုလျှင် စောစောက သူ အခန်းဖွင့်ဝင်စဉ်က ဘာကြောင့်ရသနည်း။

ဒိတ်ခနဲ ရင်ကခုန်သွား၏။

အာရုံနှင့် မျက်လုံးက အခြားတစ်နေရာရောက်သွားသည်။ ပန်းအိုး ကစ်စ်မီကွစ်ပန်းအိုး ‥။ ပန်းအိုးက အဘယ်ကြောင့် သွင်သွင့်အခန်းရှေ့မှာ ရောက်နေသနည်း။

''ဟာ ‥''

ငယ်ထိပ် ပူခနဲဖြစ်သွားသည်။

အပူလုံးတစ်ခုက ရင်ဝသို့ ဒုန်းခနဲ လာဆောင့်၏။

''ချောက်''

''ကျွီ''

ရုတ်တရက် အခန်းတံခါးက ပွင့်လာသည်။ မီးလည်းဖွင့်ပြီးဖြစ်နေ၏။ အခန်းဝမှာပေါ်လာသည်က သူ့မဟေသီ မမမြ။

''အမယ်လေး မောင်ပြန်ရောက်လာလို့ တော်သေးတယ်။ စောစောက မမမြတို့အခန်းနောက်က ပြတင်းတံခါးကို သူခိုးက ရိုက်ခွဲတယ်ထင်တယ်။ မှန်တွေကျကွဲလို့ မမမြနိုးလာတာ။ သူခိုးဝင်လာမလားလို့ မမမြက ကြောက်နေတာမောင်ရဲ့။ ဒါပေမဲ့ သူခိုးဝင်မလာဘူး။ မောင် ဘာကြောင်နေတာလဲ။ သြော် ‥ ဦးလေးဦးဘသာလည်း ပါလာကိုး။ သူခိုးမြင်လိုက်လို့လား။ ခုတလော သူခိုးတွေ ပူနေတာ ဦးလေးရဲ့။ သူခိုးဆိုတာက အိမ်ရှင်နိုးရင် အိမ်ရှင်ကို အသက်အန္တရာယ်ပြုတတ်တာ။ နေပါဦး ‥ မောင် ဘာငေးနေတာလဲ။ သြော် ကစ်မီကွစ်ပန်းအိုးလား။ အဲဒါတော့ ‥ မောင်ရေ သွင်သွင်က အပွင့်လေးတွေ သဘောကျတယ်ဆိုတာနဲ့ ညနေက မမမြ သူ့ကို ပေးလိုက်တာ။ နောက်မှ မမမြတို့ တစ်အိုးပြန်ဝယ်တာပေါ့။ နှမြောမနေပါနဲ့။ ကောင်မလေးက တစ်ယောက်တည်း အထီးကျန်နေတာမို့ မမမြက သနားပြီး သူစိတ်ကျေနပ်အောင် ပေးလိုက်တာပါကွယ်''

မမမြ၏ အဆက်မပြတ် စကားသံများကို ရဲထွဋ်သဲသဲကွဲကွဲမကြားရ။

နေစိုးသော်



www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁)
### မောင်

မောင်ရှိနေတယ်ဆိုတဲ့ အသိနဲ့ နွေ ဒီလေ့ကားထစ်တွေကို ဖြတ်ကျော်လာခဲ့တာပါ။ နွေ့ကိုရင်ဖွင့်ပြီး နွေးထွေးစွာ ကြိုဆိုနေပါနော်။

သူမ၏ခြေလှမ်းများသည် ရှစ်လွှာသို့တိုင်အောင် အားတင်း၍ တက်လှမ်းနေရသည်။

''မောင်နော် . . . မညစ်နဲ့ ကျော်တက်ရင် အရှုံးပဲ''

နွေသည် ရှစ်လွှာသို့ မောအောင် မောင်နှင့်ပြိုင်တက်နေရင်း ကျော်တက်ဖို့ ကြိုးစားနေသည့်မောင့်အား ရန်တွေ့လိုက်သည်။ မောင်သည် ချွေးတွေနှင့် ဟောဟဲလိုက်နေသည့်နွေကို စနောက်သည့်ဟန်နှင့် ရယ်မောလေသည်။ သဇင်၏ ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာဆိုသော သီချင်းကဲ့သို့ပင် မောင်နှင့်နွေနေထိုင်သော တိုက်ခန်းသည် ရှစ်လွှာသာရှိသော တိုက်ရဲ့ရှစ်လွှာ(အပေါ်ဆုံး)ထပ်တွင် ဖြစ်သည်။

ညဆိုလျှင် အပေါ်ဆုံးထပ်မှစီးမိုး၍ ရန်ကုန်မြို့၏အလှကို ကြည့်ရှု၍ကောင်းသမျှ ညနေ အလုပ်မှပြန်လာသောအချိန်များတွင်တော့ ဤရှစ်လွှာပေါ်သို့ တက်ရသည်မှာ ချွေးများရွှဲနစ်နေတတ်သည်။

မနက်အလုပ်သွားချိန်မတူသော်လည်း နေမြင့်မှ အလုပ်ဝင်ရသည့်မောင်က ၇ နာရီ အိမ်မှထွက်ရသော နွေနှင့်အတူ လိုက်ပေးသည်။ ထိုနေ့မနက်ခင်းတိုင်းသည် နွေနှင့်မောင့်အတွက် ပျော်ရွှင်စရာကောင်းသောအချိန်များဖြစ်သည်။

နွေအလုပ်လုပ်သော စတိုးဆိုင်သို့ရောက်သောအခါ မောင်က တစ်ဖန်မြို့ထဲသို့ ဘတ်စ်ကားစီးသွားသည်။ မောင်က 'မိုးပွင့်ဂျာနယ်'မှ အယ်ဒီတာတစ်ယောက်ဖြစ်သည်။ အလုပ်ဘယ်လောက်ရှုပ်ရှုပ် ညနေအပြန် နွေနှင့်အတူ ပြန်နိုင်ရန် ကြိုးစားသည်။

လစာထုတ်သည့်နေ့ရက်များတွင် မောင်နောက်ကျသကဲ့သို့ နွေလည်း နောက်ကျသည်။ ထိုနေ့မျိုးတွင် မောင့်လက်မောင်းကိုချိတ်ဆွဲကာ မားကတ်များ၊ Shopping Centre များသို့သွားလည်ကာ မဝယ်ဘဲ ငေး၍ ပြန်လာရတတ်သည်။

''နွေလိုချင်တယ်မဟုတ်လား . . ဒီဖိနပ်တစ်ရံတော့ . . . မျက်စိစုံမှိတ်ဝယ်လိုက်ကွာနော် . . . ဈေးမေးကြည့်ရအောင်''

မှန်ကောင်တာထဲ၌ ဝံ့ကြွားစွာရှိနေသော ၆ လက်မဒေါက်ဖိနပ်ကို နွေသဘောကျမှန်းသိသဖြင့် မောင်က ဝယ်ဖို့တိုက်တွန်းသည်။

''အဲဒီ ဖိနပ်လေးဘယ်လောက်လဲ ညီမ''

''တစ်သိန်းခုနစ်သောင်းပါ . . အစ်ကိုတို့ဝယ်ရင် လျှော့ပေးပါ့မယ်''

မောင့်လက်မောင်းကို ဆုပ်ကိုင်ထားသည့် နွေ့ရဲ့ လက်ချောင်းများ တင်းခနဲဖြစ်သွားကာ မောင့်ကိုအတင်းဆွဲခေါ်ခဲ့သည်။

''အဲဒီဖိနပ်လေး နွေ့ခြေထောက်နဲ့ဆို . . . သိပ်လှမှာပဲ၊ မောင်ဝယ်ပေးချင်လိုက်တာ''

''မောင် . . . ရူးနေသလား၊ တစ်သိန်းကျော်ဖိနပ်စီးရအောင် နွေတို့က သူဌေးတွေမို့လား၊ ဖိနပ်ဆိုတာ . . ခြေမှာချုနင်းရတဲ့အရာပါ၊ မောင်ရယ် . . တန်ဖိုးကြီးလွန်းဖို့ မလိုအပ်ပါဘူး''

✿ ✿ ✿

## အခန်း(၂)
### မောင်

နွေတို့နေထိုင်တဲ့ တိုက်ခန်းရှေ့ရောက်ပြီ။ မောင်ဖွင့်နေကျ တံခါးလေးကပဲ နွေဝင်နေကျပါ။ အခန်းထဲမှာ မောင်ရှိနေတယ်ဆိုတဲ့အသိနဲ့ ဒီတံခါးလေးကို ဖွင့်လိုက်ပြီ။

တံခါးလေးကို အဆုံးထိသို့ရောက်အောင် တွန်းဖွင့်လိုက်သည်။ အိမ်လေးထဲသို့မဝင်သေးဘဲ အခန်းငယ်လေးထဲငေးကြည့်မိသည်။ ပထမဦးဆုံး ထင်းခနဲဖြစ်သွားသည့်အရာတစ်ခုက ဒရင်းဘတ်ပင်ဖြစ်သည်။

အဲဒီ ဒရင်းဘတ်၌ မောင်ထိုင်နေကျဖြစ်သည်။ အလုပ်ပိတ်သည့်ရက်များတွင် နွေတို့သည် အပြင်ဘယ်တော့မှ မထွက်တတ်ကြချေ။ ချက်ပြုတ်ရာ


www.burmeseclassic.com

www.burmeseclassic.com



> “လူဆိုတာ ဘာနဲ့သေမလဲဆိုတာ အထုံပါပြီးသား ရှောင်လွှဲလို့မရဘူး၊ မှားပြီးတော့လည်း မသေဘူးတဲ့။ ဒါဆိုလျှင် အထုံပါခဲ့သည့် သေခြင်းတရားကို မောင်က ...”

များ ဝယ်ထားပြီး အိမ်လေးထဲတွင်သာ နေတတ်ကြသည်။

မောင်နှစ်သက်သည့် ‘ချာလီချက်ပလင်’ရဲ့ ဟာသဇာတ်လမ်းများကို တစ်နေကုန်အောင် ထိုင်ကြည့်ရင်း အချိန်တွေကို ကုန်ဆုံးစေခဲ့သည်။ မျက်လုံးအားနည်းသဖြင့် တီဗွီကြာရှည်စွာ မကြည့်နိုင်သောနွေက မောင့်ဒရင်းဘတ်အနီး၌ အိပ်ပျော်သွားတတ်သည်။

အယ်ဒီတာ ဖြစ်သည့်အပြင် ကဗျာ၊ ဝတ္ထုများရေးသော စာရေးဆရာမောင့်အတွက် အားလပ်ချိန်ကနည်းလွန်းသည်။ စာမရေးလျှင်တောင် တစ်ခါတစ်ရံ တိုက်မှ အလုပ်တစ်ပုံတစ်ပင်ကြီးပါလာတတ်သောမောင်က တစ်ညလုံး အလုပ်ရှုပ်ရသည်။ တစ်ခါတလေ တိုက်ကအလုပ် ပြီးသွားသော်လည်း ဝတ္ထုရေးဖို့ အာရုံလာသည်ဟုဆိုကာ တစ်ညလုံး ဝတ္ထုရေးနေသည်မှာ မနက် ၄ နာရီအထိပင် ဖြစ်သည်။

မောင်တို့ဂျာနယ်တိုက်သည် ပေါ်ပြူလာဖြစ်နေသည့် ဖက်ရှင်ဂျာနယ်မျိုး မဟုတ်ချေ။ မှုခင်းသတင်းဂျာနယ်မို့ တိုက်က တာဝန်ပေးလျှင် နယ်က မှုခင်းသတင်းများကို ရယူရသည်။ ကိုယ်တိုင်တိကျစေရန် သတင်းလိုက်ရသည့် အခါမျိုးလည်းရှိသည်။

“မောင်ရယ် ... မှုခင်းသတင်းယူရတာ အန္တရာယ်များပါတယ်၊ တစ်ခုခုများဖြစ်ရင် ... ဘယ်အမှုမှာ ဘယ်သူက မကျေနပ်လို့ သတင်းရေးသူကို ဘယ်လိုလုပ်လိုက်တယ်ဆိုတဲ့သတင်း နွေမကြားရဲပါဘူး။ တခြားတိုက်ပြောင်းရင် ပြောင်းပါလား’

ထိုအခါ မောင်က သဘောကျစွာ ရယ်ပြီး–

“နွေရယ် ... စိုးရိမ်စိတ်များနေရင် လုပ်စရာအလုပ် မရှိတော့ဘူးဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား၊ ဘာမှစိတ်မပူနဲ့ ... လူဆိုတာ ဘာနဲ့သေမလဲဆိုတာ အထုံပါပြီးသား ... ရှောင်လွှဲလို့လည်းမရဘူး၊ မှားပြီးတော့လည်း မသေဘူး”

ဒ ဒ ဒ

**အခန်း(၃)**

**မောင်။**

ထမင်းစားကြမယ်လေ။ ဒီအချိန်ဆို မောင်ထမင်းစားနေကျမဟုတ်လား။ နွေတစ်ယောက်ထဲ ထမင်းစားနေကျမှ မဟုတ်ဘဲ မောင်ရယ်။

သူမ ခေါင်းငုံ့လိုက်စဉ် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ မစားဖြစ်တော့သည့်ထမင်းဝိုင်းလေးကို အုပ်ဆောင်းဖြင့် ပြန်အုပ်လိုက်သည်။

အိပ်ခန်းဆီသို့လျှောက်လာသော ခြေလှမ်းများသည် မဝံ့မရဲနိုင်လှသည်။ မောင်မရှိပါဘူးဆိုသောအသိ သူမဦးနှောက်ထဲ၌ ဝင်မလာချင်ပေ။ အိပ်ခန်းအတွင်းသို့ဝင်လိုက်သောအခါ မောင်သုံးနေကျ ပရင့်စ်လိုးရှင်းရနံ့သင်းသင်းလေးကို ရှူရှိုက်မိသလို ခံစားရလေသည်။

“မောင် ... နွေ့ကို မပုန်းပါနဲ့ မောင် ... ထွက်လာခဲ့ပါ”

မောင်ထွက်မလာမှန်းသိသိနှင့် သူမနှုတ်မှ တိုးတိတ်စွာခေါ်ငင်မိသည်။ သူမအကြည့်တို့ သည်တစ်နေရာ၌ ရပ်တန့်သွားသည်။ နံရံတွင် နိုင်ငံခြားအိမ်လေးများ ပိုစတာပင် ဖြစ်သည်။

နွေသည် ကျိုက်လတ်မှရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com





သို့အလုပ်လုပ်ရန်ရောက်ရှိခဲ့သည်။ လှည်းတန်း၌သူငယ်ချင်းအချို့နှင့်စု၍အဆောင်ငှားနေထိုင်သည်။ မောင်က အင်းစိန်၌ တိုက်ခန်းငှားနေပြီး တစ်ခါတစ်ရံ သူ့သူငယ်ချင်းရှိသော လှည်းတန်းသို့ အလည်လာတတ်သည်။ သူ့သူငယ်ချင်းနေသော အဆောင်မှာ နွေတို့နေသောအဆောင်နှင့် လမ်းသာခြားသည်။

အားငယ်တတ်သောနွေ့အတွက် မောင်ဟာ အားကိုးရာ ဖြစ်ခဲ့သည်။ မောင်နှင့်နွေတို့ လက်ထပ်သောအခါ မောင်နေထိုင်သောတိုက်ခန်းသို့ ရောက်လာခဲ့သည်။

"အိမ်လေးတစ်လုံးနဲ့ ‥ နေချင်တယ်"

"အခုလည်း ‥‥ အိမ်နဲ့နေတာပဲလေ"

နွေ့စကားကို မောင်က ခေါင်းယမ်းကာ အိပ်ခန်းနံရံတွင်ကပ်ထားသော ပိုစတာများကိုကြည့်ပြီး–

"အဲဒီလို ‥‥ အိမ်ငှားနေရတဲ့ အိမ်မဟုတ်ဘူးလေ၊ ဟို ပုံထဲကလို မြက်ခင်စိမ်းစိမ်းနဲ့ အိမ်လှလှလေးလေ၊ မောင်တို့အိမ်လေးတစ်လုံးသာ ပိုင်ခွင့်ရမယ်ဆိုရင် တစ်အိမ်လုံးကို အစိမ်းရောင်သုတ်မယ်၊ ခန်းစီးစတွေကို အဖြူရောင်ပေါ်မှာ အစိမ်းရောင်အခက်အလက်တွေပါတဲ့ ခန်းစီးတတ်မယ်"

မောင့်ရဲ့မျက်ဝန်းများသည် မျှော်လင့်ချက်များ၊ စိတ်အားထက်သန်မှုများဖြင့် ဝင်းလက်တောက်ပနေသည်။ သူမကိုယ်တိုင် မောင့်ရဲ့ စိတ်ကူးအိမ်လေးကို သဘောကျမိသည်။ လက်ရှိဘဝတွင် နွေတို့သည် အိမ်တစ်လုံးပိုင်ဖို့နေနေသာသာ တစ်လ၊ တစ်လ ကြွေးမတင်အောင် လောက်ငအောင် သုံးစွဲနေရသည်။

§ § §

အခန်း(၄)

အိပ်မပျော်နိုင်သော အတွေးများရှိနေသဖြင့် ညခန်းအတွင်း၌ရှိသော ဘုရားစင်ရှေ့သို့ လျှောက်လာခဲ့သည်။ ဘုရားပန်းများကို မောင်နှစ်သက်သော ဂန္ဓမာပန်းအဖြူရောင်ကို ကပ်လှူထားသည်။

"အဖြူကို ‥‥ အစိမ်းလောက်နှစ်နှစ်သက်သက်မဟုတ်ပေမယ့် အဖြူရောင်ဆိုတာ သစ္စာရှိတဲ့သဘော၊ ရိုးသားတဲ့သဘောရှိတယ် နွေရဲ့"

မောင်။

မောင်မပါတဲ့ အတွေး ဘာအတွေးမှ နွေတွေးလို့မရဘူး မောင်။ နွေ့အဖြစ်ကို မောင်မြင်ရင် စိတ်မကောင်းဖြစ်နေမလား။ ဒါမှမဟုတ် အားမငယ်ပါနဲ့ နွေရယ်။ လူဆိုတာ တစ်ယောက်တည်းရပ်တည်ဖို့ အမြဲခွန်အားမွေးထားရမယ်။ သူမရှိလို့ ငါ့အသက်မရှင်ချင်ဘူး ဆိုတဲ့ ပျော့ညံ့ညံ့အတွေးတွေ မတွေးပါနဲ့ဟု အားပေးမလား။

သူမစိတ်ကို တည်ငြိမ်စွာ ခတ္တထားပြီး ဘုရားရှိခိုး အမျှဝေသည်။ ဘုရားရှိခိုးပြီး ထိုင်ရာမှအထ ဘုရားစင်အောက်ဘက်၌ စက္ကူဖြူတစ်ရွက်ကျနေသဖြင့် ကောက်ယူလိုက်သည်။

"မောင်အောင်ရဲထက် အသက် ၃၀ နှစ်"

၁၉–၁၀–၂၀၁၂ တွင် ကွယ်လွန်အနိစ္စရောက်သည်။

ဘုရားရေ။

မောင် သူမဘဝထဲက ထွက်သွားတာ ၆ လပြည့်ပြီပေါ့။ မဟုတ်ဘူး။ မောင်မသေဘူး။ နွေ့ကို မကျီစားပါနဲ့ မောင်ရယ်။

သူမသည် ထိုစာရွက်ကလေးကို တဆတ်ဆတ်တုန်နေသောလက်ဖြင့် ကိုင်ကာ ရှိုက်ငိုလိုက်မိသည်။ မောင်မရှိတော့ဘူးဆိုသောအသိသည် သူမဦး

www.burmeseclassic.com


နောက်၌ ဘယ်လိုမှ လက်မခံနိုင်ချေ။ ဒါပေမဲ့ မောင်သည် သူ့ဘဝထဲက ထွက်သွားခဲ့သည်။

တကယ်တော့ အသက် ၃၀ ဆိုသည်မှာ လူ့ဘဝတွင် တက်ကြွနေသည့်အရွယ် သေဆုံးခြင်းကို ဘယ် မျှော်လင့်ဖို့မပြောနှင့်။ စိတ်ကူးမယဉ်ခဲ့ချေ။ မောင် ဘာကြောင့် သေဆုံးသလဲ မစဉ်းစားရဲပါ။ မစဉ်းစားရက်ပါ။ ဒါပေမဲ့ မျက်ရည်ဝေခဲ့ရသော ကာလဆီသို့။

၆ ၆ ၆

အခန်း(၅)

"ဒီနေ့ ဘာနေ့လဲ နွေ သိလား"

ပဟေဠိလုပ်နေသောမောင့်ကြောင့် နွေ မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်သည်။ ဒီနေ့ စနေ ဟုတ်မယ်ထင်တယ်၊ နွေ အလုပ်ပိတ်ပေမယ့် မောင်က မပိတ်ချေ။

"စနေနေ့လေ"

"နွေ သေချာစဉ်းစားစမ်းပါ"

"ဟာ ... မစဉ်းစားတတ်တော့ဘူး ... ဘာနေ့လဲ"

မောင်က ပြုံးစိစိနှင့်–

"အလကားတော့ ... မရဘူး၊ ညနေ အလုပ်ကပြန်လာရင်ပြောမယ်၊ နွေစဉ်းစားတာ အဖြေမှန်ရင် .. မောင် လက်ဆောင်ပေးမယ်၊ အဖြေမှားရင် နွေ့ကို ဒဏ်ခတ်မယ်"

နွေ မောင့်ကို မျက်စောင်းထိုးလိုက်သည်။ မောင်က ဖောင်ပိတ်သတင်းများနှင့်အလုပ်ရှုပ်သဖြင့် ဒီနေ့နား၍မရချေ။ မောင်အလုပ်သွားသောအခါ နွေ တစ်အိမ်လုံးကို တိုက်ချွတ်ဆေးကြောရင်း ဒီနေ့ ဘာနေ့လဲ စဉ်းစား၍မရချေ။

ရုံးပိတ်ရက်သည် နားနားနေနေ နေရတယ်မရှိချေ။ တစ်ပတ်လုံးမရှင်းလင်းနိုင်သည်များကို ရှင်းလင်းရသည်။ လျှော်ဖွတ်ရသည်။ အဝတ်လှမ်းနေစဉ် အောက်ဖက်ဖုန်းဆိုင်မှ ကြိုးလှုပ်သဖြင့် နွေ ငုံ့ကြည့်လိုက်သည်။ ဖုန်းလာသဖြင့် နွေ နာရီမော့ကြည့်လိုက်သည်။

မနက် ၁၀ နာရီထိုးပြီ။ မောင့်ဆီကလား။ ဘာများအရေးကြီးလို့လဲဟူသောအတွေးဖြင့် ပိုက်ဆံအိတ်ယူကာ အောက်ဆုံးမြေညီထပ်သို့ ဆင်းလာခဲ့သည်။

"ဘယ်သူ့ဆီကလဲ အစ်မ"

"မသိဘူး နွေရဲ့ .. ကိုအောင်ရဲ့ ထက်ရဲ့အသံတော့ မဟုတ်ဘူး"

နွေ ဖုန်းကိုင်လိုက်သည်။ တစ်ဖက်က စကားသံများကြောင့် နွေ မင်သက်အံ့ဩသွားရသည်။ နောက် အရုပ်ကြိုးပျက် လဲကျသွားသည်။ မိနစ်အနည်းငယ်ကြာသည်။ နွေမျက်လုံးများ ပွင့်လာကာ–

"မဟုတ်ဘူး မဟုတ်ဘူး"

"ဟဲ့ ... နွေ .. သတိထားလေ"

မောင် ဓားထိုးခံရ၍ ပွဲချင်းပြီးဆုံးသွားသည်တဲ့။ မဟုတ်ဘူး။ မဖြစ်ရဘူး။

"ခါးပိုက်နှိုက်ကို ဖမ်းလိုက်တာ ခါးပိုက်နှိုက်က အတင်းရုန်းကန်ပြီး .. ဓားနဲ့ထိုးပြီး ထွက်ပြေးသွားတာ .. ဒါပေမဲ့ ခါးပိုက်နှိုက်ကိုတော့မိပါတယ်၊ ကိုအောင်ရဲ့ထက်အတွက်တော့ ကျွန်တော်တို့ စိတ်မကောင်းပါဘူး"

ဟု တိုက်က ဖုန်းဆက်လာခြင်းဖြစ်သည်။

လူ့လောကမှာ အားမာန်အပြည့်နှင့် ချီတက်နေသော လူတစ်ယောက်ဆီကို ဘာကြောင့် သေခြင်းတရားက စောစောစီးစီး ရောက်လာခဲ့ရတာလဲ။ သေတဲ့သူက သေသွားခဲ့ပြီး ထောင်ကျတဲ့သူက ထောင်ကျသွားသည်။ ဘယ်သူ့အတွက်မှ အကျိုးမရှိ။ နှစ်ဦးနှစ်ဖက်စလုံး ဆုံးရှုံးခြင်းကို ခံစားရသည်။

"ကိုယ့်ဘဝကိုယ် ချီတက်ရမှာမှန်ပေမဲ့ မောင့်အသက်အရွယ်ဟာ လူ့လောကထဲက ထွက်ခွာဖို့ဆိုတာ စောလွန်းပါသေးတယ်"


နောက် မောင်ပြောခဲ့ဖူးသော စကားများကို ပြန်ကြားယောင်မိသည်။

"လူဆိုတာ ... ဘာနဲ့သေမလဲဆိုတာ အထုံပါပြီးသား .. ရှောင်လွှဲလို့မရဘူး။ မှားပြီးတော့လည်း မသေဘူး" တဲ့ ..။ ဒါဆိုလျှင် အထုံပါခဲ့သည့် သေခြင်း တရားကို မောင်က ရှောင်လွှဲ၍မရခဲ့ခြင်းပေလား။

ရှင်လွန်းမယ်


www.burmeseclassic.com

www.burmeseclassic.com



မောင်ယဉ်ကျော်

# စုံထောက်ဒိုင်ယာရီ

## ဇူလိုင်လအတွင်းရေးနဲ့ စုံထောက်ဒိုင်ယာရီထဲရောက်လာတဲ့ ဇူလိုင် ဖြစ်ရပ်ဆန်းများ


www.burmeseclassic.com

www.burmeseclassic.com


ဇူလိုင်လက .. သမိုင်းရှိတယ် အချစ်ရယ်။

ကလီယိုပက်ထရာရယ်၊ ဂျူးလိယက်ဆီဇာနဲ့ မက်ခ်အန်တိုနီတို့ရဲ့ အချစ်ကိစ္စတွေ ကြားဖူးမှာပေါ့။

JULY လဆိုတာ ဂျူးလိယက်ဆီဇာအသတ်ခံရတာကို အမှတ်တရအဖြစ် မက်ခ်အန်တိုနီက အဲဒီလကို JULY လလို့ ပေးခဲ့တာပဲ။ BC-47 ထဲက စခဲ့တာ။ ခု ၂၀၁၃ ခုနှစ်အထိ ဆိုပါတော့။

သူတို့မှာ ဇူလိုင်သမိုင်းရှိသလို မောင်တို့မှာလည်း တစ်သက်မေ့မရတဲ့ ဇူလိုင်သမိုင်းရှိတယ်လေ။ ၁၉ ဇူလိုင်ဆိုတဲ့ တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့နေ့။ ဒါကြောင့် မောင်တို့ဆီမှာ အာဇာနည်နေ့လို့ ပေးထားတာ။ နိုင်ငံ့အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးသွားတဲ့လ။

(၂)

ဇူလိုင်လ အမှတ်တရတွေက များတယ်။

ဇူလိုင်လ ၁ ရက်နေ့က ကမ္ဘာ့ရယ်စရာနေ့၊

ဇူလိုင်လ ၂ ရက်နေ့က WORLD UFO DAY၊

ဇူလိုင်လ ၃ ရက်နေ့က မြန်မာအမျိုးသမီးများနေ့၊

ဇူလိုင်လ ၅ ရက်နေ့က ကမ္ဘာ့ယောကျ်ားများနေ့ (MEN'S NATIONAL DAY)၊

ဇူလိုင် ၇ ရက်နေ့က ကမ္ဘာ့ ချောကလက်နေ့။

ဒါက အမှတ်တရနေ့တွေ။

ပြီးတော့ ရှိသေးတယ်။

ဇူလိုင် ၇ ရက်နေ့က ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံ ... ဗုံးခွဲဖြိုဖျက်ခံရတဲ့နေ့ တဲ့။

အဲဒါက ဇူလိုင်ရဲ့ ဂမ္ဘီရစွမ်းအားပဲ။

(၃)

ဇူလိုင်လထဲဝယ်တဲ့ အဝတ်အစားတွေဟာ ထူးခြားတဲ့ အာနိသင်ရှိပြီး အဲဒီအဝတ်အစားက ဆွဲငင်အားများပြီး မျက်နှာပွင့်လန်းသတဲ့။

ဇူလိုင်လ ၁၂ ရက်နေ့မှာ မြင်းတွေပြေးနေတဲ့ ပန်းချီကား သို့မဟုတ် ပန်းပုရုံအနားမှာထား ဆောင်ရွက်ပါက အရာအရာ အလျှင်အမြန် ခြေတစ်လှမ်းစောပြီး အောင်မြင်ပါသတဲ့။ အဲဒီနေ့မှာ တော်ဝင်မိသားစုက ဦးစီးပြီး ROYAL INTERNATONAL HORSE SHOW ကို ပြုလုပ်လေ့ရှိသတဲ့။

ဇူလိုင်လ ၁၅ ရက်မှာရွာတဲ့ မိုးရေတွေဟာ ထူးခြားတဲ့စွမ်းအင်ရှိပြီး တချို့က ဒီမိုးရေခံထားပြီး ဇီဝဓာတ်ကောင်းဖို့နဲ့ ပီယဓာတ်ပွင့်ဖို့ ပုလင်းထဲမှာဆောင်ထားပြီး သောက်လေ့ရှိသတဲ့။

ဇူလိုင်လ ၁၈ ရက်နေ့မှာ မမျှော်လင့်ဘဲ ငန်းဖြူ(ဘဲငန်း)တစ်ကောင်ရဲ့ ကျွတ်ကျတဲ့ အတောင်အမွေးရလျှင် အရမ်းကံကောင်းတာလို့ ယူဆကြသတဲ့။

ဇူလိုင်လ ၂၂ ရက်နေ့မှာ ပန်းတစ်ပင်စိုက်လိုက်ပါက အဲဒီပန်းပင်ဟာ မိမိဘဝအတွက် မပင်မပန်းနဲ့နေရအောင် ဓာတ်ပွင့်ပေးပါသတဲ့။ နိုင်ငံခြားသားတွေက ထိုနေ့တွေမှာ KISS ME QUICK နှင်းဆီ၊ စံပယ် စတဲ့ အပင်တို့ကို စိုက်လေ့ရှိကြသတဲ့။ ဒီပန်းတွေက အညံ့တွေပယ် ကံကောင်းစေတယ်။ မျက်နှာပွင့်စေပါသတဲ့။

ဇူလိုင် ၂၃ ရက်နေ့၊ ထိုနေ့မှာ FRUIT JUICE လို့ခေါ်တဲ့ သစ်သီးနဲ့လုပ်တဲ့ ဖျော်ရည်ကို သောက်ခြင်းဖြင့် ရုပ်ပိုင်းကိုယ်နှုန်းစေပြီး ရောဂါပျောက်ကင်းစေပါသတဲ့။

ဂမ္ဘီရသမားတွေက သူတို့ရောဂါကုရင် အဲဒီနေ့မှာ လာစေပြီး သစ်သီးဖျော်ရည်အရင်တိုက်ပြီး ကုလေ့ရှိသတဲ့။

ဇူလိုင် ၂၅ ရက်နေ့မှာ ပို့စကတ်လက်ဆောင်ရရင် အရမ်းကံကောင်းစေပါသတဲ့။ Post Card ဆိုတာ ထူးခြားအမှတ်တရ မင်္ဂလာပစ္စည်းတဲ့။

ဇူလိုင်လ ၂၇ ရက်နေ့မှာထွက်တဲ့ နေရဲ့ အလင်းရောင်ဟာ စွမ်းအင်ပိုထူးခြားစေလို့ ထိုနေ့မှာ နေပူစာလှုံပြီး ခွန်အားယူကြသတဲ့။

အဲဒီနေ့မှာ မျက်နှာသုတ်ပုဝါတွေ လျှော်လှမ်းပြီး ခြောက်လာတဲ့ မျက်နှာသုတ်ပုဝါတွေမှာ နေရဲ့စွမ်းအင်တွေရှိလို့ မျက်နှာသုတ်ကြည့်တဲ့အခါ စွမ်းအင်ပိုထူးခြား ခွန်အားဖြစ်သတဲ့။


www.burmeseclassic.com



ဇူလိုင် ၂၉ ရက်နေ့ဟာ ပြန်လည်ဆုံစည်းရာနေ့ဖြစ်ပြီး ကွဲကွာနေသူတွေအတွက် ဆုတောင်းပြည့်သတဲ့။ သမီးရည်းစားကွဲနေ ဝေးနေလျှင်၊ လင်မယားကွဲနေ ဝေးနေလျှင် ထိုနေ့မှာ စားပွဲတစ်လုံးမှာ ကော်ဖီနှစ်ခွက်ဖျော်ပြီး တစ်ခွက်က မိမိကသောက်ပါ။ ကျန်တစ်ခွက်ကို ဝေးနေသူသောက်ဖို့အတွက် ပေးတာပါလို့ပြောပြီး စားပွဲတစ်လုံးမှာ နှစ်ယောက်အတူသောက်သလို ခံစားရပါသတဲ့။

ဇူလိုင်လ ၃၀ ရက်နေ့ဟာ အမျိုးသမီးများအတွက် ထိုနေ့တွင် မိမိတို့ရှိးရာ COUNTRY STYLE အဝတ်အစားဝတ်ပြီးသွားပါက အမျိုးသားများက မိမိအပေါ် မထင်မှတ်နိုင်သည့် အထင်ကြီးမှုများ ခံရပြီး လူချစ်လူခင်ပေါ်ပြီး အများစိတ်ဝင်စားခြင်း ခံရစေပါသတဲ့။

**ဇူလိုင်ဖွား (JULY BORN)**

ဒီလထဲမှာ မွေးတဲ့လူတွေဟာ ပေါင်းသင်းဆက်ဆံရေးကောင်းတယ်။ သံယောဇဉ်ကြီးတယ်။ ခွင့်လွှတ်အားများတယ်။ ရှေးအယူအဆကို လက်ခံတတ်တယ်။ ဒါပေမဲ့ မဟုတ်မခံစိတ်ရှိပြီး စိတ်ဓာတ်ကျလေ့မရှိ အရာရာကို လေးလေးနက်နက် ဆောင်ရွက်တတ်တယ်။ အနုပညာလမ်းသစ်ဖောက်တတ် တီထွင်တတ်တဲ့သူ ဖြစ်စေသတဲ့။

ဖြစ်နိုင်ပါတယ်။

မောင့်သူငယ်ချင်း ထူးအိမ်သင်ဆိုရင် ၁-၇-၁၉၆၃ မှာမွေးတာ။ သူ့တေးတွေက ဘယ်လောက်ထူးခြားသလဲ။ ဟုတ်တယ်နော် ...။

(၄)

ကဲ .. ဒီဇူလိုင်လထဲမှာပဲ ၅ ရက်နေ့က ကမ္ဘာက စိတ်ဝင်စားနေတဲ့ ဟောင်ကောင်ဘီလျံနာသူဌေးကြီးတစ်ဦးရဲ့ ချစ်သူပါလို့ ဗေဒင်ဆရာမဟောင်းတစ်ဦးက သေတမ်းစာ လိမ်ရေးပေးခဲ့မှုကို ရဲစုံထောက်တွေက နှစ်ရှည်လများ စုံစမ်းခဲ့ပြီး အဲဒီ ၅-၇-၂၀၁၃ ရက်နေ့မှာ အဲဒီ ဗေဒင်ဆရာမဟောင်းကို တရားရုံးက ထောင်ဒဏ် ၁၂ နှစ် ချလိုက်ပြီတဲ့။ ဒီအဖြစ်က ဒီလိုအချစ်ရဲ့ .. ဟောင်ကောင်သူဌေးတစ်ဦးဖြစ်တဲ့ ဝမ်ရဲ့အမျိုးသားပြန်ပေးဆွဲခံရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဗေဒင်ဆရာတစ်ယောက်နဲ့ သူ့ယောကျာ်းပြန်ပေးဆွဲတာ ပြန်လွတ်ဖို့ လုပ်ပေးရင်း ယကြာအကြောင်းပြုလို့ ခင်ခဲ့ကြသတဲ့။ ဝမ်ရဲ့အမျိုးသားသေဆုံးသွားတဲ့အခါ ဗေဒင်ဆရာကိုအားကိုးခဲ့ပြီး သူ့ရဲ့ကင်ဆာရောဂါကို ကုစေခဲ့တဲ့အကြောင်း သေတမ်းစာရေးပေးပြီး အမွေတွေယူတဲ့ကိစ္စကို ရဲစုံထောက်တွေက လိုက်စုံစမ်းကြရာက ဝမ်သေဆုံးပြီး သုံးနှစ်ခန့်အကြာမှာ သေတမ်းစာအတုဖြစ်ပြီး ဒီ သေတမ်းစာကို ဗေဒင်ဆရာဟောင်းက သေတမ်းစာအတုပြုလုပ်ခဲ့ကြောင်း ပေါ်လာတော့တာပဲ။

ဝမ်က အာရှတိုက်တွင် အချမ်းသာဆုံးအမျိုးသမီးတစ်ယောက်ဖြစ်တော့ ဗေဒင်ဆရာချန်းက အမျိုးမျိုးယုံအောင် လုပ်ပြခဲ့တယ်ပေါ့။

ချန်က တရုတ်နိုင်ငံသားတွေ ယုံကြည်တဲ့ ဖုန်းရွှေကိုလည်း ပြုလုပ်ပေးသေးတယ်။ ထိုသို့ အများက ယုံကြည်နေကြတာကို အားကိုးပြီး ဗေဒင်ဆရာချန်က ဝမ်နဲ့သူ ချစ်သူတွေဖြစ်ခဲ့ကြောင်း၊ သူမပိုင်ဆိုင်သမျှကို သူ့အတွက်ထားရှိခဲ့ကြောင်း သေတမ်းစာအတုလုပ်တာပေါ်ပြီး ဇူလိုင် ၅ ရက်နေ့က ထောင် ၁၂ နှစ်ကျသွားတာဖြစ်တယ်။

သူ့ကိုယ်သူ ဗေဒင်ကြိုမတွက်နိုင်လို့ ခုလိုဖြစ်တာပါလို့ တွေးရင်း သေတမ်းစာကိုလည်း မယုံရပါလားဆိုတာ တွေးမိလိုက်ပါရဲ့။

(၅)

နောက် ဒီအဖြစ်လေးကလည်း အချစ်ရေးနဲ့ပတ်သက်လာရင် အပြစ်ပေးလို့ရပေမယ့် သူက မသိလို့ လုပ်ဖြစ်တာဆိုတော့ ဘာလုပ်လို့ရတော့မလဲ။ အရာရာကို ပေါ့ပေါ့တန်တန်မလုပ်ဖို့ သတိပေးရမယ့် အဖြစ်မျိုးပါ။

ဒီလိုအချစ်ရဲ့ သီလား ..

အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်က သိပ်ချစ်ကြတဲ့ လင်မယားနှစ်ယောက်၊ လင်ဖြစ်သူ


www.burmeseclassic.com

www.burmeseclassic.com


ရဲ့ မှားယွင်းမှုတစ်ခု။ သူတို့နှစ်ယောက်ရဲ့ အချစ်သက်သေခံပစ္စည်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၂၃၀၀၀၀ တန်တဲ့ လက်ထပ်လက်စွပ်ကို ခင်ပွန်းဖြစ်သူက ၁၀ ဒေါ်လာနဲ့ အမှတ်တမဲ့ ရောင်းလိုက်တဲ့ ဖြစ်ရပ်ပဲ။ ခင်ပွန်းဖြစ်တဲ့ အဲရစ်က သူ့ရဲ့ချစ်ဇနီး ရက်ကွယ်လ်လော့ဘီယာဆေးရုံမှာ ကလေးမီးဖွားနေတုန်း သူက အိမ်မှာသန့်ရှင်းရေးလုပ်သတဲ့။

ဒီလိုသန့်ရှင်းရေးလုပ်တော့ သူ့မိန်းမက ကလေးသွားမွေးမှာဖြစ်လို့ သူ့ရဲ့လက်ထပ်လက်စွပ်ကို နာရီသေတ္တာဘူးလေးထဲမှာ ထားခဲ့တယ်။ ဒါကို သူကမသိဘဲ အိမ်မှာရှိနေတဲ့ ဘူးဟောင်းပုလင်းဟောင်းအတိုအစတွေကို ရှုပ်တယ်ဆိုပြီး ပစ္စည်းဟောင်းအသုံးမလိုတော့တဲ့ စွန့်ပစ်ပစ္စည်းတွေ လိုက်ကောက်တဲ့ လူတစ်ယောက်ကို ၁၀ ဒေါ်လာနဲ့ ရောင်းလိုက်ပါလေရော။

သူမသိဘူးလေ။ ဝယ်သွားတဲ့လူကလည်း သိချင်မှသိမှာ။ သူ့ဇနီးဆေးရုံက ဆင်းလာတော့ သူ့လက်စွပ်ထည့်ထားတဲ့ နာရီဘူးလေး မတွေ့လို့ သူ့ယောက်ျားကို မေးတော့ ငါ အိမ်ရှင်းတုန်းက ရှုပ်လို့ ဘူးဟောင်းဆိုပြီး ၁၀ ဒေါ်လာနဲ့ ရောင်းလိုက်ပြီဆိုတော့မှ သူ့မိန်းမက ငိုပြီးပြောပြတော့မှ သိသွားသတဲ့။

သိတော့ ဘာလုပ်လို့ ရတော့မှာလဲ။ အဲဒီလူ ဘယ်မှာနေမှန်းလည်း မသိ။ ဟိုလူကလည်း သိချင်မှသိမှာ။ သိလို့ ပြန်လာပေးရင်တော့လို့ တွေးနေမိသလို၊ သွေးနုသားနုနဲ့ သူ့မိန်းမကိုလည်း ချော့လိုက်ရတာ အလုပ်တွေတောင်မသွားနိုင်တော့ဘူးတဲ့။ သတိထားစရာလေးတွေပေါ့နော်။

(၆)

နောက်ဇူလိုင်လထဲက ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုက မိုက်ကယ်ဂျက်ဆင်သေရတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူ့မိသားစုတွေက ဆရာဝန်ကို ဇူလိုင်လဆန်းမှုစပြီး ပြဿနာရှာကြတော့တာ။ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့မှာ မိုက်ကယ်ဂျက်ဆင်သေဆုံးကြောင်း အတည်ပြုပြီး ဆေးစစ်ချက်တွေအားလုံးစုပြီး မိုက်ကယ်ဂျက်ဆင်ရဲ့ဆရာဝန်ဖြစ်တဲ့ Dr. Conard Murray ကို ဆရာဝန်ကြောင့် သေတာဆိုပြီး စွဲချက်တင်တော့တာပဲ။



သူ့အနုပညာက ကမ္ဘာကျော်ခဲ့သလို သူသေတော့လည်း ရဲစုံထောက်တွေ အတော်အလုပ်ရှုပ်ပြီး ကမ္ဘာကျော်ဈာပနဖြစ်ခဲ့ရတယ်။ အခုသူနဲ့ပတ်သက်ပြီး CNN သတင်းတစ်ပုဒ်ကို ကိုးကားပြီး MIZZIMA ထဲမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ဖတ်ရတာ ပိုပြီးအံ့သြစရာပါပဲ။ ဒါကလည်း သူ့ဆရာဝန်နဲ့ပတ်သက်ပြီး ကမ္ဘာမှာ ရက်ပေါင်း ၆၀ ကျော်ကြာ မအိပ်ဘဲနေခဲ့တဲ့ လူထူးလူဆန်းကမ္ဘာ့အံ့ဖွယ်တန်းဝင်သွားတဲ့ မိုက်ကယ်ဂျက်ဆင်ပါပဲတဲ့။

အဲဒီမှာ ဆရာအောင်မင်းက ဘယ်လိုဘာသာပြန်ထားသလဲဆိုတော့–

မိုက်ကယ်ဂျက်ဆင် နှစ်လတိုင်တိုင် မအိပ်ခဲ့သည့် ဖြစ်ရပ် တရားရုံးတွင် စစ်ဆေးနေတဲ့အကြောင်းတဲ့။

မိုက်ကယ်ဂျက်ဆင်၏ လူသိများထင်ရှားခြင်းမရှိသေးသည့် ဖြစ်ရပ်တစ်ခု ပေါ်ထွက်လာသည်။ ယင်းမှာ ကမ္ဘာပေါ်တွင် ရက်ပေါင်းခြောက်ဆယ်ကြာ မအိပ်ဘဲနေခဲ့သည့် လူသားတစ်ဦးဆိုသည့် ကမ္ဘာ့မှတ်တမ်းဝင်သွားခြင်းဖြစ်သည်။

မိုက်ကယ်ဂျက်ဆင်၏ ဆရာဝန်ဖြစ်သူ Dr.Conard Murray အနေဖြင့် အိပ်မပျော်သည့် မိုက်ကယ်ဂျက်ဆင်အတွက် propofol များ ရက်ပေါင်း ၆၀ ခန့် တိုက်ကျွေးခဲ့သည်ဟု တရားရုံးသို့ တင်ပြသည့် ၎င်း၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမှုတဆင့် သိရှိခဲ့ရခြင်းဖြစ်သည်။

propofol သောက်သုံးခြင်းအားဖြင့် အိပ်မပျော်သူများမှာ ကောင်းမွန်စွာအိပ်စက်အနားယူသူများကဲ့သို့ ပြန်လည်လန်းဆန်းစေသော်လည်း တကယ်တမ်းတွင် ကောင်းမွန်စွာအိပ်စက်အနားယူခြင်းကဲ့သို့ ဦးနှောက်ဆဲလ်


www.burmeseclassic.com

www.burmeseclassic.com





များနှင့် ခန္ဓာကိုယ်အား ပုံမှန်အတိုင်း မဖြစ်စေနိုင်ဟု CIA, NASA နှင့် Rolling Stones တို့၏ အိပ်စက်အနားယူမှုဆိုင်ရာအကြံပေး Cseizier က ဆိုသည်။

မိုက်ကယ်ဂျက်ဆင်၏ ဖျော်ဖြေပွဲကို စီစဉ်သည့် AEG ကုမ္ပဏီက Dr. Conard Murray ကို ငှားရမ်းကာ ပေါ့ပ်ဘုရင်၏ ကျန်းမာရေးကို စောင့်ရှောက်စေခဲ့သည်။

Dr. Murray က မိုက်ကယ်ဂျက်ဆင်ကို propofol များတိုက်ခြင်းသည် ကျန်းမာရေးပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် အဆိုပါဆရာဝန်သည် ပွဲစီစဉ်သည့်ကုမ္ပဏီက မိုက်ကယ်ဂျက်ဆင်အစမ်းလေ့ကျင့်မှု မလုပ်နိုင်မည်ကို စိုးရိမ်ပြီး ဖိအားပေးသဖြင့် ထိုးဆေးများပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုကာ AGE ကို မိုက်ကယ်ဂျက်ဆင်မိသားစုက တရားစွဲထားသည်။

အကျိုးဆက်အနေဖြင့် မိုက်ကယ်ဂျက်ဆင်သည် ဖျော်ဖြေပွဲစီစဉ်သူများ၊ ဆံပင်ဒီဇိုင်းပညာရှင်နှင့် နည်းစနစ်ပိုင်းဆိုင်ရာ အကပညာရှင်များ၏ အီးမေးလ်ဖော်ပြချက်များတွင် ပါရှိသည့်အတိုင်း ပုံမှန်ကနေကျအကများ မကနိုင်ခြင်း၊ ဆယ်စုနှစ်ပေါင်းများစွာကြာအောင်ဆိုနေခဲ့သည့် သီချင်းစာသားများအား မမှတ်မိခြင်း၊ ကိုယ့်ကိုယ်ကိုယ် စကားပြန်ပြောခြင်းနှင့် ကိုယ်အလေးချိန်ကျဆင်းခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု Cseizier က ဆိုသည်။

သို့သော် Dr.Conard Murray မှာ မိုက်ကယ်ဂျက်ဆင်ကိုယ်တိုင် ရွေးချယ်ငှားရမ်းထားသူတစ်ဦးဖြစ်ပြီး AGE ၏ အမှုဆောင်များအနေဖြင့် မိုက်ကယ်ဂျက်ဆင်၏ သီးသန့်နေအိမ်အတွင်း ယခုကဲ့သို့ အသက်အန္တရာယ်ရှိသည့် ဆေးဝါးကုသမှုများ ခံယူနေသည်ကို မသိရှိခဲ့ဟု AGE ၏ ရှေ့နေများက ခုခံကာကွယ်ပြောဆိုထားသည်။

မိုက်ကယ်ဂျက်ဆင်မှာ ၂၀၀၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် သေဆုံးခဲ့ပြီး၊ ၎င်းမသေဆုံးခင် သုံးရက်အလိုအထိ propofol များ သောက်သုံးခဲ့သည်။

မိုက်ကယ်ဂျက်ဆင်အနေဖြင့် ယခုကဲ့သို့ propofol များအလွန်အကျွံသောက်သုံးခြင်းကြောင့် မသေဆုံးခဲ့လျှင်လည်း Rapid Eye Movement (REM) ဟု ခေါ်သည့် မျက်စိလှုပ်ရှားမှုမြန်သော အိပ်စက်မှုနည်းပါးသည့် ရောဂါရနေသဖြင့် အနှေးနှင့်အမြန်ဆိုသလို သေဆုံးသွားမည်ဖြစ်သည်ဟု Czeisier က ဆိုသည်။

Dr.Murrary အနေဖြင့် ဧပြီလနှင့် မေလအတွင်းတွင် propofol လေးဂါလံကျော်အား မိုက်ကယ်ဂျက်ဆင်အတွက် မှာယူခဲ့ပြီး ယင်းမှာ မူးယစ်ဆေး ၁၅၅၀၀၀ မီလီမီတာနှင့်ညီမျှသည်ဟု သိရသည်တဲ့။

ကဲ …ဒီလတော့ဒီမျှနဲ့ နားဦးမယ်။
စုံထောက်ဖတ်သူများ ဗဟုသုတ
အစုံရကြပါစေ။
မောင်ယဉ်ကျော်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

ဘောဂလီကြီးကျေးရွာ•••။

ကရင်ပြည်နယ်၊ သံတောင်မြို့နယ်အတွင်းရှိ ကျေးရွာ။

ထိုကျေးရွာ၌နေသူများသည် ကွမ်းသီးပင်များစိုက်ပျိုးခြင်း၊ ဒူးရင်း၊ နာနတ်၊ ငှက်ပျောစသော သီးပင်များ စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြ၏။

တောင်ငူမြို့၏အရှေ့ဘက် မိုင်သုံးဆယ်ကျော်ရှိသော ထိုရွာကြီးတွင် ရဲစခန်း၊ ဆေးရုံ၊ အစိုးရအထက်တန်း ကျောင်းရှိ၏။

တောင်ပေါ်ဒေသရွာကြီးတစ်ရွာဖြစ်သော ဘောဂလီကြီးသို့ ပတ်ဝန်းကျင်ရှိ ရွာငယ်များမှ ရွာသူရွာသားများ ဈေးလာဝယ်ကြ၏။ သူတို့အများဆုံးဝယ်သည်မှာ ဆားဖြစ်သည်။

ယခုရေးသားဖော်ပြမည့်ဖြစ်ရပ်သည် ဘောဂလီကျေးရွာတွင် ရဲစခန်းမှူး တာဝန်ထမ်းဆောင်ခဲ့သော ရဲစခန်းမှူးအောင်မြင့်၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ဘောဂလီကြီးကျေးရွာ၏ တောင်ဘက်နှစ်မိုင်ခန့်အကွာ၌ ရေသိုးကြီး ကျေးရွာရှိ၏။ (ထိုရွာသည် ရှေးတစ်ချိန်က တပ်မတော်အရာရှိကြီးအချို့ကို သောင်းကျန်းသူများက ဖမ်းဆီးချုပ်နှောင်ထားရာ ရွာကြီးဖြစ်၏။ တပ်မတော်မှ ကွန်မင်ဒို တပ်ဖွဲ့က သွားရောက်ကယ်ဆယ်၍ အဆိုပါအရာရှိကြီးများသည် လွတ်မြောက်ခဲ့၏။)

ရေသိုးကြီးကျေးရွာမှ အမျိုးသမီးငယ်တစ်ယောက် ပျောက်ဆုံးနေသည်ဟု ထိုရွာသူကြီးက ရဲစခန်းသို့လာ၍ တိုက်ချက်ဖွင့်ရာ ရဲစခန်းမှူးအောင်မြင့်သည် တပ်စိပ်တစ်စိပ်ဖြင့် ရေသိုးကြီးရွာသို့သွား၍ စုံစမ်းစစ်ဆေးမှုပြုရလေတော့၏။

ထူးမေအမည်ရှိ အသက်တစ်ဆယ့်ရှစ်နှစ်အရွယ်အမျိုးသမီးသည် မျှစ်သွားရှာရင်း ပြန်ချိန်တန်သော်လည်း ပြန်မရောက်လာ၍ သူ့အဘ(သူ့ဖခင်)သည် လိုက်ရှာသော်လည်းမတွေ့၊ ညမိုးချုပ်သည်အထိ ပြန်မရောက်၍ နောက်တစ်နေ့တွင် ရွာသူကြီးကိုပြောရာ ရွာသူကြီးက ရဲစခန်းသို့လာရောက်အကြောင်းကြားခြင်းဖြစ်သည်။

"မျှစ်သွားရှာတာ ••• သူတစ်ယောက်ထဲသွားတာလား"

ဦးအောင်မြင့်က မေးရာ–

"သူ့အဖော် မိန်းကလေးတွေနဲ့ သွားတာပါ၊ သူ့အဖော်တွေပြောတာကတော့ နေ့လယ်ပိုင်းပြန်ချိန်ရောက်တော့ ထူးမေကို စောင့်နေကြသေးတယ်တဲ့၊ မလာနိုင်တာနဲ့ သူတို့ ရွာကိုပြန်လာတယ်လို့ ပြောပြတယ်"

ကလေးမ၏ဖခင် ဦးဂွယ်မူက ပြောသည်။

"ချစ်သူနောက်လိုက်သွားတာရော မဖြစ်နိုင်ဘူးလား"

ဦးအောင်မြင့်က ဆက်မေးသည်။

"ဒီမှာက ••• ချစ်သူနောက်လိုက်တဲ့ဓလေ့မရှိဘူး"

ရွာသူကြီးက ဝင်ပြောသည်။

ဦးအောင်မြင့်သည် ရွာသူကြီးအကူအညီဖြင့် မျှစ်ရှာထွက်စဉ်က အတူတူသွားသော မိန်းကလေးများထဲမှ ခပ်သွက်သွက်မိန်းကလေးနှစ်ယောက်ကို ခေါ်၍ မျှစ်ရှာသွားသောနေရာသို့ သွား၍ ရှာဖွေမှုပြုသည်။ သို့သော် ထူးခြားမှုမရှိ။ လျှိုမြောင်များကလည်း ထူ၏။

"သူ့မှာ •• ရန်သူရှိသလား၊ သူ့နဲ့ မတည့်တဲ့လူ၊ သူ့ကို တစ်ဖက်သတ်


www.burmeseclassic.com

ကြိုက်တဲ့သူရောရှိသလား''

ဦးအောင်မြင့်က ပျောက်ဆုံးနေသော ကလေးမ၏ဖခင်နှင့် ရွာသူကြီးကိုမေးရာ သူတို့က–

''မရှိဘူး ... ရှိရင် ကျုပ်တို့ သိမှာပါ'' ဟု ဖြေကြသည်။

ဦးအောင်မြင့်သည် ရေသိုးကြီးကျေးရွာနှင့် အလှမ်းဝေးသောနေရာများသို့ သွားလိုသော်လည်း ဘောဂလိမြို့ရှိ စစ်ကြောင်းမှူးက–

''ဆရာအောင်မြင့် ... ဒီနယ်မြေအကြောင်း .. ခင်ဗျားသိတယ်နော်၊ သောင်းကျန်းသူစောဗီးအဖွဲ့ဟာ အင်အားနှစ်ဆယ်လောက်နဲ့ လှုပ်ရှားနေတယ်ဆိုတာ''

ဟု သူ့ကို သတိပေးထားသောကြောင့် စစ်ကြောင်းမှူးဗိုလ်ကြီးစိုးဝင်း၏ အကူအညီရမှသာ သူသည် ရေသိုးကြီးနှင့်ဝေးရာသို့ ရှာဖွေမှုပြုနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ၃ ရက်မြောက်နေ့ နံနက်စောစောတွင် ဦးအောင်မြင့်သည် သူ၏ရဲတပ်စိပ်တစ်စိပ် စစ်ကြောင်းမှူး ဗိုလ်ကြီးစိုးဝင်းထည့်ပေးလိုက်သော တပ်ကြပ်ကြီးမောင်ပွ ဦးဆောင်သည့် တပ်စိပ်နှစ်စိပ်နှင့် လူပျောက်ရှာထွက်ရန် ရေသိုးကြီးရှိ ဦးဂွယ်မူအိမ်သို့ နံနက်အစောကြီး ရောက်သွားသည်။

ဦးအောင်မြင့်တို့ ဦးဂွယ်မူအိမ်အရောက်တွင် အညိုရောင်ခွေးတစ်ကောင်က ဦးအောင်မြင့်တို့အဖွဲ့ကို သဲသဲမဲမဲဟောင်ရာ ဦးဂွယ်မူက ထိုခွေးကို ဟန့်လိုက်ရသည်။

''ဒီခွေးက ဘယ်ကခွေးလဲ၊ အရင် ကျုပ်တို့လာတုန်းကမတွေ့ပါဘူး''

ဦးအောင်မြင့်ကပြောရာ–

ဦးဂွယ်မူက–

''ဒီခွေးဟာ .. ထူးမေရဲ့ခွေး၊ ခွေးက ထူးမေကို သိပ်ချစ်တာ၊ မိထူးမေ မျှစ်ရှာသွားရင် အမြဲလိုက်သွားတယ်၊ မိထူးမေပျောက်တဲ့နေ့က စပြီး ဒင်းလည်း ပျောက်နေတယ်၊ အဲ ... တစ်နေ့လုံးပဲ၊ ညဘက်မှပြန်ရောက်လာတယ်၊ ဒင်းသာ လူစကားတတ်ရင် မိထူးမေအကြောင်း မေးလို့ရမယ်ထင်တာပဲ''

ဦးဂွယ်မူက ပြောသည်။

ဦးဂွယ်မူ၏ပြောစကားကြောင့် ဦးအောင်မြင့်သည် အကြံတစ်ခုရလိုက်သည်။ ထို့ကြောင့် တပ်ကြပ်ကြီးဆရာပွနှင့်နှစ်ယောက်သားတွေ့၍ အစီအစဉ်ကို ပြောပြရာ ဆရာပွက–



''ဆရာ့ကို ကျွန်တော်ကူညီမယ်၊ ဆရာ ... ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါ''ဟု ပြောသည်။

ဤတွင် ဦးအောင်မြင့်က ဦးဂွယ်မူအား–

''ခွေးကို ကြိုးချည်ထားလိုက် .. လည်ပင်းမှာချည်ပါ၊ ပြီးရင် ... အစာကျွေးပါ''ဟု ပြောလိုက်သည်။

ထို့နောက် ဦးအောင်မြင့်သည် ရွာသူကြီးအား တောကျွမ်းသောလမ်းပြတစ်ယောက်ကို ရှာခိုင်းလိုက်သည်။

ခွေးသည် ဦးဂွယ်မူကျွေးသော အစာကို အငမ်းမရ စားလျက်ရှိသည်။

''ဒီကောင် တော်တော်ဆာနေတာပဲ''

ဦးအောင်မြင့်က ပြောသည်။

''ဒီကောင် စားပြီးတာနဲ့ အိမ်က ထွက်သွားတယ်''

ဦးဂွယ်မူက ပြောသည်။

''ဦးဂွယ်မူ .. ခွေးသွားရာနောက်ကို ကျုပ်တို့လိုက်မယ်၊ ခွေးကိုချည်ထားတဲ့ကြိုးကို မြဲမြဲကိုင်ထား၊ လမ်းပြ



www.burmeseclassic.com

ရွာသားလာတာနဲ့ ကျုပ်တို့သွားမယ်''

ဦးအောင်မြင့်က ပြောပြီး ခဏအကြာတွင် သူကြီးနှင့် ရွာသားလမ်းပြ ရောက်လာရာ ဦးအောင်မြင့်တို့သည် ခွေးကိုရှေ့ကသွားစေပြီး ဦးဂွယ်မူက ခွေး၏လည်ပင်းတွင်ချည်ထားသောကြိုးကိုကိုင်၍ ခွေးနောက်မှလိုက်သည်။

တပ်ကြပ်ကြီး ဆရာပွက သူ့တပ်စိပ်တစ်စိပ်အား ဦးဂွယ်မူနောက်မှလိုက်စေသည်။ သောင်းကျန်းသူများနှင့်တွေ့က ချက်ချင်းပြန်လည်ခုခံနိုင်ရန် လက်နက်ကိုင်ထားသူများကို အသင့်အနေအထားဖြင့် လိုက်ပါစေသည်။

ခွေးသည် ရွာမှထွက်၍ တောင်ဘက် တောထဲဝင်သွားသည်။ နာရီဝက်ကျော်ကျော်အကြာတွင် တောင်ကြောတစ်ကြောပေါ်သို့တက်သည်။ တောင်ကြော၏အမြင့်ဆုံးနေရာမှ အနောက်ဘက်သို့ ဆင်းလိုက်သည်။ ခွေးကိုမှန်မှန်သွားစေရန် ဦးဂွယ်မူကို ဆရာပွက ပြောသည်။

နောက် တစ်နာရီခန့်အကြာ၌ ခွေးသည်လျှိုထဲဆင်းသွားပြီး ကျောက်ဂူတစ်ခုထဲဝင်သွားသည်။ ဂူပေါက်ဝမှာ လူတစ်ကိုယ်စာသာဝင်၍ရသည်။

''ဒီနေရာက ... ရေသိုးကလေးရွာအရှေ့ဘက် နှစ်မိုင်လောက်မှာရှိတဲ့ နေရာပဲ''

လမ်းပြရွာသားက ပြောသည်။

ဂူဝရောက်သည်နှင့် အပုပ်နံ့ကိုရတော့သည်။ ကျောက်ဂူမှာ သိပ်မကျယ်ပါ။ အထဲတွင် ရေစပ်စပ်ရှိသည်။ ကျောက်တုံးကြီးငယ်များရှိသည်။ ဂူထဲတွင် လူလေးငါးယောက်သာနေ၍ ရသည်။ အလင်းရောင်မှာ ခပ်ဖျော့ဖျော့။

ခွေးသည် ကျောက်ပုံတစ်ပုံကို သွားဟောင်၏။ ကျောက်ပုံကိုရှင်းလိုက်သောအခါ ပုပ်ပွနေသော အလောင်းတစ်လောင်း၊ မိထူးမေ၏ အလောင်း။

ဦးဂွယ်မူသည် သည်းထန်စွာ ငိုကြွေးပါတော့သည်။

ထူးမေ၏ အလောင်းသယ်ရန် ဆရာပွသည် သူ၏တပ်စိပ်တစ်စိပ်အား လမ်းပြနှင့်အတူ ရေသိုးကလေးရွာသို့ စေလွှတ်၍ စောင်ကြမ်းနှစ်ထည်၊ ရွာသားငါးယောက်ကို ရွာသူကြီးအား အကျိုးအကြောင်းပြောပြ၍ အကူအညီတောင်းခံခိုင်းလိုက်သည်။

နောက်တစ်နာရီသာသာခန့်တွင် ရေသိုးကလေးရွာသားငါးယောက်သည် စောင်ကြမ်းများ၊ ကြိုးများနှင့်အတူ တပ်စိပ်နှင့်အတူ ပြန်ရောက်လာကြရာ ဦးအောင်မြင့်သည် အလောင်းကို ဘောဂလိဆေးရုံသို့ သယ်ယူလာ၏။

တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာမောင်မြင့်အား ထူးမေ၏အလောင်းကို စစ်ဆေးပေးပါရန်အပ်နှံပြီးနောက် ဦးအောင်မြင့်သည် စစ်ကြောင်းမှူးဗိုလ်ကြီးစိုးဝင်းထံသွား၍ သတင်းပို့သည်။

''ဗိုလ်ကြီးကူညီတဲ့အတွက် ... ကျေးဇူးတင်ပါတယ်''

ဦးအောင်မြင့်က ပြောသည်။

''ကူညီရမှာပေါ့ဗျာ ... ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံ့ဝန်ထမ်းတွေပဲ၊ တစ်ဦးနဲ့တစ်ဦး ကူညီကြရမှာပဲ''

ဗိုလ်ကြီးစိုးဝင်းက ပြောသည်။

ဒေါက်တာမောင်မြင့်သည် ထူးမေ၏အလောင်းကို အချိန်မဆိုင်းဘဲ သူ၏တပည့်များနှင့်အတူစစ်ဆေးသည်။

စစ်ဆေးအပြီးတွင်–

''မုဒိမ်းမှု၊ မုဒိမ်းကျင့်ပြီး ... အသက်ရှူလမ်းကြောင်းပိတ်အောင်လုပ်ပြီး သတ်ပစ်လိုက်တာပါ''

ဟု အဖြေထုတ်ပေးသည်။

အလောင်းကို နောက်တစ်နေ့နံနက်တွင် ဘောဂလိကြီးသုသာန်၌ပင် မြေမြှုပ်သင်္ဂြိုဟ်ရန် ရွာလူကြီးများက အစီအစဉ်လုပ်ကြသည်။

နောက်တစ်နေ့စောစောတွင် ရဲစခန်းမှူးအောင်မြင့်သည် တပည့်သုံးလေးယောက်နှင့်အတူဆေးရုံသို့သွားသည်။

ထူးမေအလောင်းရှိရာအနီးတွင် ထူးမေ၏ခွေးကိုတွေ့ရ၍ ဦးအောင်မြင့် အံ့ဩသွားသည်။

''သခင်ကို .. တော်တော်ချစ်တဲ့ခွေးပဲ''

ဦးအောင်မြင့်သည် စိတ်ထဲမှ ပြောလိုက်သည်။

ဆေးရုံမှာ သိပ်မကျယ်ဝန်းပါ။ ရင်ခွဲရုံ၊ ပြင်ပလူနာဌာန၊ ဆေးရုံတက်လူနာများအခန်းမှာ နီးကပ်စွာရှိကြ၏။ ဦးအောင်မြင့်သည် အလောင်းရှိရာ ရင်ခွဲရုံရှေ့၌ ရပ်နေစဉ် ထူးမေ၏ခွေးသည် ပြင်ပလူနာဌာနသို့ ရုတ်တရက်ပြေးသွားပြီး လူတစ်ယောက်ကို သဲသဲမဲမဲဟောင်ရင်း ကိုက်မည်ပြုလုပ်နေသောကြောင့် ဦးဂွယ်မူက ခွေးကိုသွားဟန့်နေရသည်။

ခွေး၏ ရန်မူခြင်းခံရသူမှာ အသက်ငါးဆယ်ကျော်အရွယ် အမျိုးသားကြီးတစ်ယောက်ဖြစ်သည်။

ဦးအောင်မြင့်သည် ထိုသူ့အနီးသို့ သွား၍–


www.burmeseclassic.com

www.burmeseclassic.com





"ခင်ဗျား ‥ ဘယ်ရွာကလဲ၊ ဘာဖြစ်တာလဲ"

ဟု မေးသည်။

"ကျုပ် ရေသိုးကလေးရွာကပါ၊ ခြေသလုံးကအနာတွေကိုလာပြတာပါ"

ထိုသူက ဖြေသည်။

ဆရာဝန်ဦးမောင်မြင့် ရောက်လာသောအခါ ထိုသူ၏ ခြေသလုံးအနာများကို စစ်ဆေးသည်။ ခြေသလုံးနှစ်ဖက်စလုံးမှာ ဒဏ်ရာများကြောင့် ယောင်ကိုင်းနေသည်။

"ဘယ်လိုဖြစ်တာလဲ"

ဒေါက်တာမောင်မြင့်က အနာများကို ကြည့်ပြီး မေးသည်။

"တောထဲသွားရင်း ‥‥ သားကောင်တွေကို ထောင်ထားတဲ့ညှောင့်စူးတာပါ"

ထိုသူက ဖြေသည်။

ထိုအခိုက် ခွေးသည် ဦးဂွယ်မူလက်ထဲမှ ရုန်းထွက်လွတ်မြောက်လာကာ ထိုလူကိုဟောင်၍ ခြေထောက်ကိုကိုက်မည်ပြုရာ ဦးဂွယ်မူအချိန်မီရောက်သွားကာ ခွေးကို ဝေးရာသို့ဆွဲခေါ်သွားသည်။

ဦးဂွယ်မူသည် ထိုလူနှင့် သူတို့တိုင်းရင်းသားစကားများဖြင့် အပြန်အလှန်ပြောကြသည်။ သူတို့ ပြောစကားများကို ဦးအောင်မြင့်က နားမလည်ပါ။

ဆရာဝန်သည် လူနာ၏ ခြေထောက်မှ အနာများကို သူ့တပည့်အကူအညီဖြင့် အသေအချာစစ်ဆေးပြီးနောက်–

"ညှောင့်တွေစူးတာ ‥‥ လုံးဝမဖြစ်နိုင်ဘူး၊ ခွေးကိုက်ခံရတာ"

ဟု ပြောလိုက်သည်။

ထိုလူသည် ရေသိုးကလေးရွာ၌နေသော မုဆိုးဖိုအရက်သမား စောကျော်ဆိုသူဖြစ်ကြောင်း ဦးအောင်မြင့်သိရသည်။

ဦးဂွယ်မူကလည်း–

"ဒီလူဟာ ‥‥ ကျွန်တော်တို့နဲ့သိတယ်"

ဟု ပြောပါသည်။

ဆရာဝန်သည် စောကျော်၏ခွေးကိုက်ခံရသော ဒဏ်ရာများကို ဆေးကုသမှုပြုအပြီးတွင်–

"သူ့ကို ဆေးရုံတင်ထားရမယ်"

ဟု ပြောသည်။

ဤတွင် ဦးအောင်မြင့်က–

"ဒေါက်တာ ‥ သူ့ကို ကျွန်တော်မေးစရာရှိတယ်၊ သူ့ကို ရဲစခန်းခဏခေါ်သွားပါရစေ" ဟု ပြောရာ ဆရာဝန်က သဘောတူသောကြောင့် သူ့ကို ထမ်းခေါ်လာသော ရွာသားများအား သူ့ကိုထမ်း၍ ရဲစခန်းသို့ ခေါ်ယူလာသည်။

ရဲစခန်းသို့ရောက်သောအခါ သူ့ကို စစ်ဆေးရာ ပထမတွင် သူက ငြင်းသော်လည်း နောက်ဆုံး၌ သူသည် သူ၏လုပ်ရပ်ကို ဝန်ခံလိုက်သည်။

သူသည် ထူးမေကို တောထဲတွင် တွေ့စဉ် (သူလည်း မျှစ်ချိုးသွားရင်း) သွေးသား၏ အလိုကိုလိုက်၍ ထူးမေကို မုဒိမ်းကျင့်သည်။ သူ့ကို ထူးမေသိနေသောကြောင့် ထူးမေ၏နှာခေါင်းနှင့် ပါးစပ်များကို အသက်မရှူနိုင်အောင် သူ၏လက်များဖြင့် ဖိသတ်ခဲ့ကြောင်း။ သူ မုဒိမ်းကျင့်စဉ် ခွေးက သူ့ခြေထောက်ကိုကိုက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံသည်။

ဦးအောင်မြင့်သည် ဆရာဝန်နှင့် သွားတွေ့ပြီး ဆရာဝန်၏သဘောတူညီမှုဖြင့် ရဲစခန်း၌ပင် သူ့ကို ချုပ်ထားလိုက်သည်။

တရားခံစောကျော်၏ ခွေးကိုက်ခံရသော ဒဏ်ရာများမှာ မသက်သာပါ။ ထို့ကြောင့် သူ့ကို တောင်ငူဆေးရုံသို့ ပို့ရန် စီစဉ်နေစဉ်မှာပင် စောကျော်သည် အကြီးအကျယ်ကိုယ်ပူပြီး အချုပ်ခန်းထဲ၌ပင် သေဆုံးသွားလေတော့၏။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com




# စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ်(၁၆၇/၂၀၁၃)သင်တန်းဆင်းပွဲ




၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ မနက် ၈ နာရီအချိန်က မှူးခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)၊ အမှတ်(၂)မှူးခင်းတပ်ဖွဲ့ခွဲ၊ ရန်ကုန်ရှိ လေ့ကျင့်ရေးဌာနခွဲ၊ စုံထောက်သင်တန်းကျောင်းခန်းမတွင် စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ်(၁၆၇/၂၀၁၃) သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မှူးခင်း





www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်ဝင်းဦး၊ မှုခင်းသိပ္ပံနည်းပညာဌာနခွဲ၊ ဌာနခွဲမှူး ဒုတိယရဲမှူးကြီးတင်အောင်ဝင်း၊ မှုခင်းသုတေသနဌာနခွဲ ဌာနခွဲမှူး ဒုတိယရဲမှူးကြီးအေးအေးကျော်(ဒေါ်)၊ လေ့ကျင့်ရေးဌာနခွဲ ဌာနခွဲမှူး ဒုတိယရဲမှူးကြီးမာမာ(ဒေါ်)၊ အမှတ်(၇)တပ်ဖွဲ့စုမှူး ရဲမှူးသာထွန်းနှင့် သင်တန်းနည်းပြအရာရှိများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦးမှ သင်တန်းဆင်းမိန့်ခွန်းမြွက်ကြားပြီး ဆုရရှိကြသော သင်တန်းသားအရာရှိများကို ဆုများချီးမြှင့်၍ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဆုရရှိကြသူများမှာ ။

- ကျောင်းသားအမှတ်(၁၇) လ ၂၁၄၇၉၈ ဒုရဲအုပ် ထွန်းမင်းအောင် မှုခင်းရဲတပ်ဖွဲ့မှ(ပထမ)ဆု
- ကျောင်းသားအမှတ်(၉၉) လ ၂၁၆၂၉၃ ဒုရဲအုပ် နိုင်လင်းအောင် မှုခင်းရဲတပ်ဖွဲ့မှ(ဒုတိယ)ဆု
- ကျောင်းသားအမှတ်(၇၈) လ ၂၂၁၅၀၃ ဒုရဲအုပ် နန်းဝင်းအောင် မှုခင်းရဲတပ်ဖွဲ့မှ (တတိယ) နှင့် (ရဲကျင့်ဝတ်)ဆု

တို့ကို အသီးသီးရရှိခဲ့ကြသည်။

သင်တန်းကာလမှာ (၁၂)ပတ်ဖြစ်၍ အဆိုပါသင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသား(၁၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

စုံထောက်မောင်ရေခဲ



www.burmeseclassic.com

www.burmeseclassic.com




# PGO
# သက်ရှည်ကျန်းမာရယ်စရာ

**ကဲ. . .ရှင်းပြီလား**

အိမ်ထောင်သည်ယောကျ်ားသည် မိန်းမဖြစ်သူကို သေချာစွာကြည့်၍ ဝမ်းနည်းကြေကွဲစွာပြောနေ၏။

ယောကျ်ား – မိန်းမရယ် ..ကိုယ်တို့နှစ်ယောက်စလုံး အာဒမ်နဲ့ဧဝသာဖြစ်ရင် သိပ်ကောင်းမှာပဲနော်။

မိန်းမ – ဘာလဲ ..''ကို''က ကမ္ဘာဦးရဲ့ အစောဆုံးချစ်သူစုံတွဲဖြစ်ချင်လို့လား။

ယောကျ်ား – မဟုတ်ပါဘူး ..မင်းသာ ဧဝဖြစ်ခဲ့ရင် အခုလို မင်းဘက်က အမျိုးတွေကို ထောက်ပံ့နေစရာ မလိုတော့ဘူးပေါ့ကွာ။



www.burmeseclassic.com

## လွန်လွန်းတယ်

အလွန်မူးနေသောလူတစ်ယောက်သည် အရက်ဆိုင်အတွင်းသို့ ဝင်ရောက်လာပြီးနောက် အရက်သောက်ရန်အတွက်မှာရာ ဆိုင်ရှင်က –

"ခင်ဗျား တော်တော်မူးနေပြီ။ မရောင်းနိုင်ဘူး" ဟု ပြောလိုက်ရာ ဒယိမ်းဒယိုင်ဖြင့် ပြန်ထွက်သွားပြီး နောက်ထပ်အရက်ဆိုင်လိုက်ရှာရင်း တစ်ပတ်လည်ကာ ထိုဆိုင်သို့ပင် ပြန်ရောက်သွားသောအခါ အမူးသမားက ဆိုင်ရှင်ဖြစ်သူ၏ မျက်နှာကိုမြင်ပြီး စိတ်ပျက်လက်ပျက်ဖြင့် အောက်ပါအတိုင်းပြောလိုက်သည်။

"ဒီရပ်ကွက်မှာရှိတဲ့ အရက်ဆိုင်တွေမှန်သမျှ ခင်ဗျားဆိုင်တွေချည်းပဲလားဗျာ" တဲ့။

## မှန်လိုက်တဲ့ ဗေဒင်

ဆင်းရဲသားရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် ယောကျ်ားက မိန်းမဖြစ်သူကို မကျေမနပ်ပြောနေ၏။

"ဘယ်လိုဖြစ်တာလဲ ..မင်းပြောတော့ ဗေဒင်ကဟောလိုက်တာ အိုးသစ်အိမ်သစ်နဲ့ နေရမယ်ဆိုလို့ ပိုက်ဆံတွေ ဘယ်ကများဝင်လာမလဲလို မျှော်လိုက်ရတာ။ တကယ်တမ်းရောက်လာတော့ ကျူးကျော်ရပ်ကွက်ဖယ်ပေးရမယ့် အမိန့်စာပဲ ရောက်လာတယ် ..တောက်"

## မဟုတ်ရပါဘူးဗျာ

စူပါမားကတ်တစ်ခုတွင် အရောင်းဝန်ထမ်းနှင့် ဈေးဝယ်သူတို့ စကားအချေအတင်ဖြစ်နေတာကို စူပါမားကတ်ပိုင်ရှင် သူဌေးကြီးမြင်သွားသောအခါ–

သူဌေးကြီး – မင်းကို ငါပြောထားတယ်လေ။ ဝယ်သူဘက်က အမြဲမှန်တယ်။ စကားမများရဘူးဆိုတာ မင်းမေ့သွားပြီလား။

အရောင်းဝန်ထမ်း – ဟုတ်ကဲ့ ..မမေ့ပါဘူး ခင်ဗျာ။ အခု ဝယ်သူဘက်ကမှားပါတယ်ဆိုပြီး ခံငြင်းနေလို့ပါ။

## အပိုတွေ

အလုပ်လာလျှောက်သော လူငယ်တစ်ယောက်သည် ကုမ္ပဏီပိုင်ရှင်သူဌေးက အလုပ်နှင့်မသက်ဆိုင်သော မေးခွန်းများမေးနေသဖြင့် စိတ်ညစ်နေ၏။ ထို့နောက် သူဌေးက နောက်ဆုံးမေးခွန်းဟုဆိုကာ မေးလိုက်စဉ်–

သူဌေး – မောင်ရင်က မျှော်မှန်းလစာ ဘယ်လောက်လိုချင်သလဲ။

လူငယ် – လူကြီးမင်းက ကျွန်တော်မျှော်မှန်းသလောက် ပေးမှာမို့ မေးနေတာလား။

## ကဲ...သိပြီလား

အရက်အလွန်အကျွံသောက်လေ့ရှိသော ယောကျ်ားသည် မိန်းမဖြစ်သူကို အားတက်သရောပြောနေ၏။

ယောကျ်ား – ငါတို့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရိုက်မယ့်ရုပ်ရှင်ကားကြီးကို ကမ္ဘာ့အဆင့်မီအောင် ပြင်ဆင်ပြီး ရိုက်မှာဆိုတော့ ဇာတ်ကားကြီးပြီးသွားမှ အားရပါးရကြည့်ပစ်လိုက်ဦးမယ်ကွာ။

မိန်းမ – ရှင် ...ဒီလို အရက်သောက်ပုံမျိုးနဲ့ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ကားကိုကြည့်ဖို့ မပြောနဲ့ မြန်မာနိုင်ငံမှာလုပ်မယ့် Sea Game မီရင် ကံကောင်းတယ်လို့မှတ်ပါ။

P60



www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေဗဟုသုတပျိုးခင်း

ထွန်းအောင်လှိုင်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်ရန်အတွက်
တရားခံသည် တရားလို၏ ကာမကို လိမ်လည်ရယူခဲ့ကြောင်း
တရားလိုဘက်မှ တင်ပြရန် ရှိလေသည်။ သက်သေခံအက် ဥပဒေပုဒ်မ ၁၀၁ အရ
တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေပြသရန် ...



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအရာမြောက်ရန် အတွက် မည်သည့်အခမ်းအနားမျှမလိုပါ။ ရှေ့(၇)အိမ်၊ နောက်(၇)အိမ်က လင်မယားဟု သတ်မှတ်ပါက အကြင်လင်မယားအရာမြောက်ပါသည်။

ဆိုလိုသည်မှာ ပတ်ဝန်းကျင်မှ ယောက်ျားနှင့်မိန်းမကို လင်မယားဟု သတ်မှတ်ပါက တရားဥပဒေအရ လင်မယားမြောက်ပါသည်။ အခြားဘာသာများကဲ့သို့ ဘာသာရေးအခမ်းအနား မလိုအပ်ပါ။ ဝန်ထမ်းများ၏ အမွေဆက်ခံခွင့်တွင် ဗုဒ္ဓဘာသာဝင်များမှာ အကြင်လင်မယားမြောက် လင်မယားအဖြစ် စာချုပ်ချုပ်ဆိုရပါသည်။

အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များတွင် ဝန်ထမ်းများ၏ ဇနီးများနှင့် အကြင်လင်မယားအဖြစ် တရားရုံးများတွင် လက်မှတ်ရေးထိုးကြရပါသည်။ စာရေးသူ မိုင်းပန်မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်စဉ် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၁၇)မှ တပ်ဖွဲ့ဝင်များ၏ မင်္ဂလာဆောင်များကို အများဆုံးလက်မှတ်ရေးထိုးပေးခဲ့ရပါသည်။

အကြင်လင်မယားအဖြစ် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးကျမ်းကျိန်သစ္စာဆိုရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။ အချို့က အကြင်လင်မယားအဖြစ် အထောက်အထားအမှတ်တရအဖြစ် သိမ်းဆည်းလို၍ ဖြစ်သည်။ အချို့မှာမူ အထက်တွင်ဆိုသကဲ့သို့ ဝန်ထမ်းများ၏ ပင်စင်၊ မိသားစုပင်စင်နှင့် ဝန်ထမ်းကိုယ်ရေးမှတ်တမ်းတို့အတွက် မရှိမဖြစ် လက်မှတ်ရေးထိုးကြရခြင်းဖြစ်ပါသည်။

ထို့အပြင် အချို့က ကာယကံရှင်များ၏ မိဘများက သဘောမတူသဖြင့် လင်မယားဖြစ်ပြီးကြောင်း သက်သေအထောက်အထားရစေရန် လက်မှတ်ရေးထိုးကြရခြင်းဖြစ်သည်။ ဤကဲ့သို့ လက်မှတ်ရေးထိုးခဲ့လျှင် ကာယကံရှင်မိန်းကလေးအပေါ် သူ့မိဘများက ယောက်ျားလေးဖြစ်သူကို တရားစွဲဆိုခဲ့လျှင် ခုခံရန်အထောက်အထားအဖြစ် ရယူကြခြင်းဖြစ်ပါသည်။

အကြင်လင်မယားအဖြစ် တရားရုံးတွင် လက်မှတ်ရေးထိုးလိုက်တိုင်း လင်မယားအရာမြောက်ပြီဟု ထင်စရာရှိပါသည်။ ဥပဒေ၏ သဘောမှာ သိမ်မွေ့နက်နဲလှပါသည်။ အကြင်လင်မယားအဖြစ် နှစ်ဦးသဘောတူ ပေါင်းသင်းပါသည်။ လင်မယားအဖြစ် ပေါင်းသင်းကြောင်း ကတိစာချုပ်မရှိကြ။ နောက်ပိုင်း နှစ်ဖက်မိဘပြဿနာကြောင့် အိမ်ထောင်ရေးပြိုကွဲခဲ့သည်။ ဤတွင် မိန်းကလေးဖြစ်သူက သူမ၏ ကာမကို ရယူပြီး လိမ်လည်လက်ထပ်ပါသည်ဟု တိုင်ကြားသည်။ လက်ထပ်စာချုပ်မရှိသဖြင့် တိုင်ကြားခံရသူ တရားခံသည် ကာမကိုလိမ်လည်၍ ရယူပြီး လက်ထပ်ရန် ငြင်းဆိုခြင်း ရှိ/မရှိ ဥပဒေပြဿနာ ပေါ်ပေါက်လာသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်ရန်အတွက် တရားခံသည် တရားလို၏ ကာမကို လိမ်လည်ရယူခဲ့ကြောင်း တရားလိုဘက်မှ တင်ပြရန် ရှိလေသည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ အရ တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေပြသရန်တာဝန်မှာ တရားလိုဘက်တွင် အစဉ်ကျရောက်ပါသည်။ ယခုအမှုကဲ့သို့ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုမပြုခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှုမမြောက်ကြောင်း **''မောင်အောင်နိုင်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ – ၂၊ ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ – ၁၂၈''** တွင် လမ်းညွှန်ထုံးဖွဲ့ထားပါသည်။ ဆိုလိုသည်မှာ လက်ထပ်စာချုပ်မရှိရုံမျှဖြင့် အကြင်လင်မယားအရာမြောက်ပြီး အကြောင်းအဆင်မသင့်၍ အိမ်ထောင်ရေး ပြိုကွဲခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုမမြောက်ပါ။ အထက်ပါစီရင်ထုံးအရ လက်ထပ်စာချုပ်သည် အမှန်တကယ်လက်ထပ်ရန်နှင့် အကြင်လင်မယားအရာမြောက်ရန်အပေါ် သုံးသပ်၍မရပါ။

သို့ဆိုပါက လက်ထပ်စာချုပ် ချုပ်ဆိုပြီးရုံမျှဖြင့် တရားခံသည် တရားလို၏ ကာမကို ရယူခဲ့ခြင်း မဟုတ်ပါဟု ခုခံခြင်းမပြုနိုင်သည့် စီရင်ထုံးတစ်ခုကို တင်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျုံပျော်မြို့နယ်၊ ဂယက်ရှည်ရွာ မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်သူ ပညာရေးဝန်ထမ်း(၂)ဦး၊ သမီးရည်းစားဖြစ်ခဲ့သည်။ သမီးရည်းစားဖြစ်ပြီး (၂)နှစ်အကြာတွင် အမျိုးသားဖြစ်သူ ကိုမြသန်းက မိန်းကလေး မနန်းဒရိုင်ရှာအပေါ် လက်ထပ်ယူမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ကာမကို ရယူခဲ့ပြီး ကိုယ်ဝန်ရှိလာသည့်အခါ ကိုမြသန်းကို လက်ထပ်ယူရန်ပြောသည်။ ကိုမြသန်းက ဘွဲ့ယူပြီး



မှ မိဘများကို ဖွင့်ပြောမည်ဟု ပြောခဲ့ကြောင်း၊ ဘွဲ့ယူပြီး ပြန်လာသည့်အခါ ၎င်းနှင့်ရရှိထားသည့် ကိုယ်ဝန်ကိုဖျက်ချခိုင်းသည်။ နောက်ပိုင်းတွင် ပညာရေးဌာနခေါင်းဆောင် ဦးသန့်အောင်မှတစ်ဆင့် ညှိနှိုင်းရာ ကျုံပျော်မြို့ ရယကဥက္ကဋ္ဌထံ၌ လက်မှတ်ရေးထိုးထားကြောင်း။ သို့သော် အစ္စလာမ်ဘာသာအရ တရားဝင်လက်ထပ်ပြီးမှ အတူနေမည်ဟု ပြောပြီး ၎င်းမိဘအိမ်သို့ ပြန်သွားခဲ့သည်။ ထို့နောက်ပိုင်းတွင် အစ္စလာမ်ဘာသာအရ ရ.ဝ.တ ဥက္ကဋ္ဌရှေ့တွင် လက်မှတ်ရေးထိုးခြင်းသည် တရားမဝင်ကြောင်း သိရှိ၍ တရားစွဲဆိုခဲ့ပါသည်။

တရားရုံးချုပ်က ဆုံးဖြတ်သည်မှာ နှစ်ဦးသဘောတူလက်ထပ်ကြောင်း စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး နောက်ပိုင်းတွင် အစ္စလာမ်ဘာသာ ထုံးတမ်းနှင့်အညီလက်ထပ်၍ မရနိုင်သဖြင့် လင်မယားအဖြစ် အတူပေါင်းသင်းရန်နှင့် နေထိုင်ရန်ငြင်းဆန်ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်ကြောင်း **"ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုမြသန်း၊ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၃၆"** တွင် လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် လမ်းညွှန်စီရင်ထုံးများအရ တရားရုံး(သို့မဟုတ်)ရပ်ကွက်တွင် စာချုပ်ချုပ်ဆိုရုံမျှဖြင့် တရားဝင်အကြင်လင်မယားအရာမြောက်ပြီဟု ဆိုနိုင်မည်မဟုတ်ပါ။ လက်ထပ်စာချုပ်မရှိရုံမျှဖြင့် ထိုကဲ့သို့သော အခြေအနေမျိုးတွင် တရားဝင်အကြင်လင်မယားအရာမြောက်ကြောင်း ဟန်ပြချုပ်ဆိုထားသည့် စာချုပ်မှာ လက်ထပ်စာချုပ်မဟုတ်ဘဲ "စာစုတ်"မျှသာ ဖြစ်ပါတော့မည်။

သို့ဖြစ်၍ ဥပဒေသည် ယခင်နှစ်ပေါင်းများစွာက နာမည်ကြီးသရုပ်ဆောင်ဦးမြတ်လေး၏ "ငို၍ ရယ်၍မရသော မျက်နှာ" ဇာတ်ကားကဲ့သို့ပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် မိမိပြစ်မှုကို လက်ထပ်စာချုပ် ချုပ်ဆိုရုံမျှဖြင့် ဥပဒေအား လက်တစ်လုံးခြားပြုနိုင်မည်မဟုတ်ပါ။ တစ်ဖက်တွင်လည်း နှစ်ဖက်မိဘများကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ၊ အကြင်လင်မယားအရာမြောက်ပြီးမှ ရာသက်ပန်ပေါင်းသင်းခြင်းသည်လည်း ကာမကို လိမ်လည်ရယူသည်ဟု မဆိုနိုင်ပါ။

အကြင်လင်မယားအခန့်သင့်၍ ကွဲကွာသည်ကို ကာမကို လိမ်လည်ရယူပါသည်ဟု ဆိုနိုင်မည်မဟုတ်ပါ။ ကာယကံရှင်နှစ်ဦး ဖြစ်ပျက်ပုံအခြေအနေအသေးစိတ်၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ပြုမူမှုအပေါ် မူတည်၍ တရားရုံးက ဆုံးဖြတ်မည်ဖြစ်ပါသည်။

မိန်းကလေးတစ်ဦးကို အဓမ္မကျင့် ပြီး ဥပဒေစက်ကွင်းမှ လွတ်မြောက်ရန် လက်ထပ်စာချုပ်ချုပ်ဆိုရုံမျှဖြင့် တရားဝင်အကြင်လင်မယားအရာမမြောက်နိုင်ပါ။ ထို့အပြင် မိန်းကလေးတစ်ဦးကို ကျော့ရရုံကြံပြီး တရားဝင်လက်ထပ်ပါဟု တောင်းဆိုလာသည့်အခါ မလွဲမရှောင်သာ အခြေအနေရောက်မှ ဟန်ပြလက်မှတ်ရေးထိုးရုံမျှပြုပြီး မပေါင်းသင်းလျှင်လည်း ထိုလက်ထပ်စာချုပ်သည် တရားဝင်မည်မဟုတ်ပါ။

ဥပဒေကို ခုတုံးလုပ်၍ အပြစ်မဲ့သူကို တရားစွဲနိုင်မည်မဟုတ်ကြောင်း တင်ပြအပ်ပါသည်။

ထွန်းအောင်လှိုင်




www.burmeseclassic.com

www.burmeseclassic.com


မောင်ဉာဏ်စိန်

# မူးယစ်ဆေးဝါးလက်ဝယ်ထားခြင်းနှင့် ကလေးသူငယ်အား အသုံးချခြင်း






www.burmeseclassic.com

www.burmeseclassic.com



□

၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပေသည်။ ယင်းဥပဒေပုဒ်မ ၄၅ အရ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ကျွန်းဒဏ် (သို့မဟုတ်) ကြိမ်ဒဏ်ချမှတ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပေသည်။ ပုဒ်မ ၄၆ တွင်လည်း ကလေးသူငယ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သေဒဏ် (သို့မဟုတ်) တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သောပြစ်မှုကို ကျူးလွန်သည်ဟုလည်းကောင်း၊ အကျင့်စာရိတ္တလွန်ကဲစွာ ပျက်စီးနေသော (သို့မဟုတ်)မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍မရနိုင်သောဆိုးသွမ်းသည့် ကလေးသူငယ်ဖြစ်သည်ဟုလည်းကောင်း၊ ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။ ယင်းသို့ချမှတ်သော ထောင်ဒဏ်သည် ၇ နှစ်ထက်မပိုစေရဟုလည်းကောင်း ပြဋ္ဌာန်းထားပေသည်။

ပုဒ်မ ၄၇ တွင်လည်း ကလေးသူငယ်တရားရုံးသည် ထောင်ဒဏ်ချမှတ်ခြင်းမပြုသင့်သော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။

(က) ကျူးလွန်သောပြစ်မှုသည် ကြီးလေးခြင်းမရှိသည့်အပြင် ကလေးသူငယ်မှာလည်း အကျင့်စာရိတ္တပျက်ပြားခြင်းမရှိသေးလျှင် (၁)ဆိုဆုံးမ၍ လွှတ်နိုင်သည်။ (၂) အသက်(၁၄)နှစ်ပြည့်ပြီး ဝင်ငွေရရှိသည့်ကလေးဖြစ်လျှင် ငွေဒဏ်ထပ်ရိုက်နိုင်သည်။ ဝင်ငွေမရှိသော ကလေးသူငယ်ဖြစ်လျှင် မိဘအုပ်ထိန်းသူကိုငွေဒဏ်ထပ်ရိုက်နိုင်သည်။

(ခ) ကျူးလွန်သောပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိသေးလျှင် နောက်ထပ်ပြစ်မှုကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန် ထိုကလေးသူငယ်ကို (၃)နှစ်ထက်မပိုသော ကာလအတွင်း ခံဝန်ချုပ်ပါစည်းကမ်းအတိုင်း ကောင်းမွန်စွာနေထိုင်ကျင့်ကြံစေရေးအတွက် မိဘအုပ်ထိန်းသူအား ခံဝန်ချုပ် ချုပ်ဆိုစေပြီး ပြန်လည်အပ်နှံနိုင်သည်။

(ဂ) ၃ နှစ်ထက်မပိုသောကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေနိုင်သည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ နုနယ်သောကလေးသူငယ်များကို ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိ၍ ပြစ်ဒဏ်ပေးမည်ဆိုလျှင် အမြင့်ဆုံးထောင်ဒဏ် (၇)နှစ်အထိသာ ချမှတ်ခွင့်ရှိ၍ အနိမ့်ဆုံးအနေဖြင့် ဆိုဆုံးမ၍ လွှတ်ခြင်းအထိပြုနိုင်ကြောင်းကို သိရှိနိုင်ပေသည်။

ဤသည်ကို အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းစသော ပြစ်မှုကြီးများကို ကျူးလွန်လေ့ရှိသူတို့သည် မိမိကျူးလွန်သောပြစ်မှုအတွက် ပြစ်ဒဏ်ကျခံရခြင်းမှ ရှောင်တိမ်းနိုင်ရေးအတွက် ပြစ်မှုကျူးလွန်ရာတွင် ကလေးသူငယ်များကို အသုံးချလေ့ရှိတတ်ပေသည်။ ဥပဒေကို ပြုစုသူများအနေဖြင့် ဤသည်ကို ကြိုတင်၍ တွေးမြင်ကြသည်။ ထို့ကြောင့် ''မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ'' ကို ပြဋ္ဌာန်းရာတွင် ပုဒ်မ ၂၂ ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်။

''ပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် အောက်ပါအကြောင်းခြင်းရာ တစ်ရပ်ရပ်ဖြင့် ကျူးလွန်ခြင်းဖြစ်လျှင် ပြစ်မှုကျူးလွန်သူသည် ထိုကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

(က) ....

(ခ) ....

(ဂ) ကျူးလွန်သည့် ပြစ်မှုတွင် အသက် (၁၆)နှစ်မပြည့်သော ကလေးသူငယ်ကို အသုံးချခြင်း။

(ဃ) ....

မူးယစ်ဆေးဝါးပြစ်မှုကိုကျူးလွန်ရာတွင် ကလေးသူငယ်အား အသုံးချခြင်းနှင့် စပ်လျဉ်းပြီး အရေးယူဆောင်ရွက်ရာတွင် လက်တွေ့အားဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်သည်ကို သိရှိနိုင်ကြစေရန်အတွက် စီရင်ထုံးတစ်ခုကို တင်ပြလိုပေသည်။

ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉/၉၃

www.burmeseclassic.com

www.burmeseclassic.com



တွင် လျှောက်ထားခံရသူ ခင်မာချိုကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်၊ ယင်းဥပဒေပုဒ်မ ၁၉(က)/၂၂(ဂ) အရ အလုပ်နှင့်နှစ်အကန့်အသတ်မရှိထောင်ဒဏ်ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန် ချမှတ်ခဲ့သည်။ ယင်းအမိန့်သည် မှားယွင်းကြောင်းဖြင့် ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။

ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးက ပဲခွယ်ကုန်းရဲစခန်းမှ ဒုရဲအုပ်မြင့်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ၄-၈-၀၈ ရက်နေ့ နံနက်က သက်သေများနှင့်စစ်ဆေးရှာဖွေရာ ခင်မာချို၏ ဆွဲခြင်းထဲမှ ဆေးခြောက်(၂)ထုပ်၊ ၎င်းနှင့်ပါလာသူ မောင်အောင်အောင်(၁၄)နှစ်၏ ဆွဲခြင်းထဲမှ ဆေးခြောက်ထုပ်(၂)ထုပ် စုစုပေါင်း ဆေးခြောက် ၅ ပိဿာ (၈.၁၆၄၆၅) ကီလိုဂရမ်ကို တွေ့ရှိရကြောင်း၊ ဆေးခြောက်များကို ရောင်းချရန်အလို့ငှာ သယ်ဆောင်လာခြင်းဖြစ်ပြီး သယ်ဆောင်ရာတွင် အသက်(၁၆)နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခဲ့ကြောင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုတွေ့ရှိခြင်းကို အတည်ပြုပြီး ပြစ်ဒဏ်သတ်မှတ်ချက်ကို ပယ်ဖျက်ရန်လိုကြောင်း၊ ယင်းဥပဒေပုဒ်မ၁၉(က)/၂၂(ဂ)အရ အများဆုံးပြစ်ဒဏ်ဖြစ်သော နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကိုသာ ချမှတ်သင့်ကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူ ထောင်ကျတရားခံ ခင်မာချိုအပေါ်အကြောင်းကြားစာ အတည်ဖြစ်သော်လည်း ၎င်းအတွက်မည်သူမျှ လာရောက်လျှောက်လဲခြင်းမရှိချေ။

အမှုတွင် ပေါ်ပေါက်ချက်အရ ခင်မာချို၏ လွယ်အိတ်ထဲမှ ဆေးခြောက်နှစ်ထုပ်ကို သိမ်းဆည်းရမိသည်။ အလေးချိန် (၃)ပိဿာကျော်ဖြစ်၍ ရောင်းချရန် လက်ဝယ်ထားခြင်း



ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင်မူ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ တစ်ချိန်တည်းမှာပင် ခင်မာချိုနှင့်အတူပါလာသူ ၎င်း၏တူ အသက်(၁၄)နှစ်အရွယ်ရှိ မောင်အောင်အောင်၏ ဆွဲခြင်းထဲမှ ဆေးခြောက်(၂)ထုပ်ကို တွေ့ရှိရသည်။ အလေးချိန် (၁)ပိဿာကျော်ဖြစ်သည်။ ကလေးသူငယ်ကို ဆေးခြောက်ဝယ်နိုင်းခြင်းဖြစ်သည်။ ဆေးခြောက်ရောင်းရာတွင် အသက်(၁၆)နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချသဖြင့် ပုဒ်မ ၁၉(က)/၂၂(ဂ) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ ပြုလုပ်မှုမှာ တစ်ရပ်တည်းဖြစ်၏။ မူလရုံးက သီးခြားပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည့် ပုဒ်မ ၁၉(က)/၂၂(ဂ) အရ ပြစ်ဒဏ်သာချမှတ်ရမည်ဖြစ်သည်။

တရားရုံးချုပ်ကအထက်ပါအတိုင်းသုံးသပ်ပြီး ပဲခူးတိုင်းတရားရုံး(ပဲခူးခရိုင်)က ခင်မာချိုကို ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုသည်။ ထောင်ဒဏ်(၁၀)နှစ်ချမှတ်ထားခြင်းနှင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းချမှတ်ခြင်း အမိန့်ကို ပယ်ဖျက်လိုက်သည်။ ယင်းဥပဒေပုဒ်မ ၁၉(က)/၂၂(ခ)အရ အလုပ်နှင့်နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ထားသည့် အမိန့်ကိုမူ ဆက်လက်အတည်ပြုခဲ့သည်။

ဤအမှုကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်မခင်မာချို(၂၀၀၀ ပြည့်နှစ်၊ မ.တ.စ၊ စာ ၁၅) အဖြစ် စီရင်ထုံးပြုခဲ့ပေသည်။

မောင်ဉာဏ်စိန်

ရည်ညွှန်းစာအုပ်

၁။ ၂၀၀၀ ပြည့်နှစ်

တရားရုံးချုပ်

တရားစီရင်ထုံးများ



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

စွာ ပိတ်ဆို့ထားသည်ပင် ကြာခဲ့ပြီ။ တစ်နေ့တိုက်နိုးဖြင့် ကျိုးလန့်စာစားရင်း ရန်သူ့အဝန်းအရံခံဘဝဖြင့် ဓားကို သွေးရင်း အားကိုမွေး၍ ခုခံစစ်ကို ဆင်နွှဲရန် မာန်တင်း၍ အံကြိတ်စောင့်ခဲ့ရ၏။ ခုတော့ သင်းတို့ တကယ်ပင် ဟံသာဝတီကို စီးနင်းတိုက်ခိုက်ရန် ချီတက်လာနေကြပြီပဲလေ။

ဗညားကျန်းသည် ရန်သူ့တပ်ကြီးကို မမိုတ်မသုန်ကြည့်၍ လက်သီးကို တင်းတင်းဆုပ်ထားရာမှ ဓားကို ရှမ်းခနဲဆွဲထုတ်လိုက်သည်။ ဟံသာဝတီမြို့ရိုးတစ်လျှောက် မြားပစ်တပ်ဖွဲ့ကို အကြားအလပ်မရှိအောင်ပင် နေရာယူစေလိုက်သည်။ ရန်သူ့စစ်ကြောင်းကလည်း သရဲသဘက်စီးနေသကဲ့သို့ တစ်ဟုန်ထိုးချီတက်လာနေဆဲ။

ထိုအချိန်မှာပင် ဗညားကျန်း မျက်လုံးတွေက ထူးခြားမှုတစ်ခုကို သတိထားမိသွားသည်။ ရန်သူ့စစ်ကြောင်းကြီးရှေ့မှ ခြေကျင်ပြေးလာနေသည့် လူတစ်စု။ အားလုံး ကိုးယောက်တိတိ။ ဓားလွတ်ကိုယ်စီကိုင်ထားကြသည်။ ရှေ့ဆုံးမှလူသည် ဓားနှစ်လက်ကို ဘယ်ညာဝှေ့ရမ်း၍ လေမှာဝင့်လာ၏။ ဟံသာဝတီလေးသည်တော်များသည် လေးမှာမြားတပ်၍ ရန်သူ၏အသက်ဇီဝိန်ကို ခြွေထုတ်ရန် လေးညို့ကိုပင် ဆွဲတင်နေကြပြီ။ မျက်တောင်ခတ်ဖို့ပင် မေ့လျော့နေမိသည်ထိ စေ့စေ့ငေးငေးကြည့်နေသည့် ဗညားကျန်း၏ မျက်လုံးအစုံက ပြေးလာနေသည့် ရှေ့ဆုံးလူကို ချက်ချင်းမှတ်မိသွား၏။ ရှေ့ဆုံးလူကလည်း ခေါင်းမှာပတ်ထား

□

မိုးကောင်းကင်ကြီးတွင် သွေးရောင်လွှမ်းနေ၏။ အရုဏ်ကျင်းခဲ့ပြီ။ မနက်ခင်းလေသည် သဲ့သဲ့ညင်းညင်း တိုက်ခတ်ခြင်းမရှိ။ ရန့်ရင်း၍ကြမ်းလည်း ကြမ်းတမ်း၏။ မုန်တိုင်းရှေ့ပြေးသို့နှယ်ပင်။ ထိုအချိန်တွင် မိုးကုပ်စက်ဝိုင်းတစ်နေရာမှ ထုထည်သိပ်သည်းလှသည့် ဖုန်လုံးကြီး ကောင်းကင်ယံသို့ ဝေ့တက်လာသည်ကို ပျပျရေးရေးမြင်ရသည်။

ဖုန်လုံးကြီးက လျင်မြန်စွာ ရွေ့လျားလာသည်။ နိုးထစ ဟံသာဝတီမြို့ကြီးဆီသို့ဦးတည်နေ၏။ တစ်စစသဲကွဲပီပြင်လာသောအခါ ရှေ့ဆုံးမှ လေအဝှေ့တွင် တဖျပ်ဖျပ်လွင့်လူးနေသည့် ရောင်စုံတံခွန်အောင်လံများ၊ ထွက်ပြူစ နေခြည်စက်၏အထိအတွေ့ကြောင့် ပြိုးခနဲ ပြက်ခနဲ လင်းလက်သွားသည့် ဓားလှံများကိုဝင့်၍ အော်ဟစ်လိုက်သည့် စစ်သည်တော်များ၏ မာန်သွင်းသံများ၊ အောင်စည်အောင်မောင်းတီးခတ်သံများ။ စစ်ဦးဘီလူးကဲ့သို့ အပြင်းချီတက်နေသည့် စစ်ဆင်၊ စစ်မြင်းများ၏ ခွာသံပြင်းပြင်းများကြောင့် မဟာပထဝီမြေကြီးပင်လျှင် သိမ့်သိမ့်တုန်လျက် ဘဝင်ညံနေ၏။

ဟံသာဝတီမြို့ရိုးပေါ်ရှိ သူရဲခိုပေါ်မှ အစောင့်ကင်းရဲမက်သည် မြင်ကွင်းကို တအံ့တသြငေးမောကြည့်နေရာမှ သတိရသွားလျက် အထိတ်တလန့်ပြေးလွှားရင်း ...

"ရန်သူဟေ့ .. ရန်သူ၊ အင်းဝတပ်ကြီးချီလာနေပြီ"

ဟံသာဝတီတစ်မြို့လုံး အထိတ်တလန့်ဖြစ်သွားသည်။ ရဲမက်စစ်သည်တော်များ တာဝန်ကျရာ သူရဲခို၊ သူရဲပြေးပစ္စင်၊ ပြအိုး စသည့် မြို့ရိုးဆီသို့လည်းကောင်း၊ မြို့တံခါးဆီသို့လည်းကောင်း၊ လက်နက်ကိုယ်စီကိုင်၍ ကျူးကျော်စစ်ကို ခုခံတွန်းလှန်ရန် ပြေးကြလွှားကြသည်။ အော်သံဟစ်သံ အမိန့်ပေးသံများဖြင့်လည်း သဲသဲညံညံ။

ဗညားကျန်းသည် သတင်းကြားလျှင်ကြားချင်း စံနန်းဆောင်မှ မြင်းကို အသော့နှင်လျက် စစ်မျက်နှာမှုရာ မြို့တံခါးဆီလာခဲ့၏။ ရောက်လျှင်ရောက်ချင်းပင် မြင်းပေါ်မှခုန်ဆင်းလျက် မြို့ရိုးပေါ်ပြေးတက်ခဲ့၏။ ရန်သူ့အခြေအနေကိုလေ့လာလိုက်သည်။ မှန်သည်။ ရန်သူအင်းဝတပ်မကြီးသည် ဆင်မြင်းလူသူလက်နက် အလုံးအရင်းဖြင့် ဟံသာဝတီကိုလုပ်ကြံရန် မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com



သည့် ခေါင်းပေါင်းပဝါကိုဖြုတ်၍ လှုပ်ယမ်းပြပြီးလျှင် ...

"ငါဟေ့ .. ငါကွ၊ အဲမွန်ဒယာ .. မြို့တံခါးဖွင့်ကြပါ"

"ဟာ .. ဒါ .. ဒါ ငါတို့ဗိုလ်မင်း အဲမွန်ဒယာပဲဟေ့၊ မပစ်ကြနဲ့ .. မြို့တံခါးအမြန်ဖွင့်ပေးကြ"

ဗညားကျန်း၏ အချိန်မီပေးလိုက်သည့် အမိန့်သံကြောင့် တံခါးစောင့်တပ်ဖွဲ့က မြို့တံခါးကို ဖွင့်ပေးလိုက်သည်။ အဲမွန်ဒယာနှင့်အဖွဲ့ မြို့တွင်းသို့ အတင်းဝင်ပြေးလာကြ၏။ မြို့တံခါးကြီး ချက်ချင်းပြန်ပိတ်လိုက်သည်။ နောက်မှလိုက်ပါလာသော အင်းဝတပ်ကြီးမှာ မြားတစ်ကမ်းအကွာမှာ ရပ်တန့်လိုက်ရလေ၏။

ဗညားကျန်းသည် အဲမွန်ဒယာနှင့် နောက်ပါရဲမက်ရှစ်ယောက်အား ချက်ချင်းပင် အတွင်းတော်သို့ ခေါ်သွား၏။ အမောဖြေစေပြီးနောက် သိလိုသည်ကို မေးသည်။

"မောင်မင်း အသက်စွန့်ပြီး ငါ့ထံဝင်လာသည်မှာ အကြောင်းရှိရော့မည်။ လျှောက်တင်ပါဦးလော့"

"မှန်ပါသည် အရှင်၊ ကျွန်တော်မျိုးလျှောက်တင်ပါမည်။ သောတဆင်တော်မူပါလေ"

သန်လျင်မြို့ ..။

ညီလာခံတော် စတင်ပြီဆိုသည်နှင့် ရာဇာဓိရာဇ်က မိန့်တော်မူလေသည်။

"ငါ မုတ္တမမှာ သုံးလနေခဲ့ပြီး ဟံသာဝတီကို ပြန်မယ့်အချိန်မှာ ဟံသာဝတီကို အင်းဝဘုရင်မင်းခေါင်ရဲ့သား မင်းရဲကျော်စွာတပ်များက မြို့ပြင်က ပိတ်ဆို့ဝန်းရံထားသည်ဟူသောကြောင့် ငါ ဟံသာဝတီသို့မပြန်ဘဲ ဒီ သန်လျင်သို့လာခဲ့သည်"

"ယခု ဟံသာဝတီကို ဝန်းရံထားသော မင်းရဲကျော်စွာကို ငါတိုက်တော့မည်။ ဟံသာဝတီတွင် ဝန်းရံခံနေရသော ငါ့သားတော် ဗညားကျန်းအား မည်သို့အသိပေးရပါမည်နည်း"

သူ့ရှင် ရာဇာဓိရာဇ်၏ အမေးအား ညီလာခံတက်ရောက်နေကြသော မှူးမတ်သေနာပတိများထံမှ ဖြေကြားလျှောက်တင်သံထွက်မလာ။ မည်သည့်အကြံကောင်း ဉာဏ်ကောင်းမှလည်း ပေးနိုင်သူမရှိ။ ညီလာခံတော်သည် သုသာန်တစပြင်ကဲ့သို့ ပကတိတိတ်ဆိတ်ငြိမ်သက်နေ၏။ ရာဇာဓိရာဇ်သည် အားမလိုအားမရဖြင့် ဒေါသအမျက်ပြင်းစွာထွက်သွား၏။ ရာဇမာန်ဖြင့် တက်တစ်ချက်ကိုပင် ပြင်းစွာခေါက်မိသွားသည်။ ထို့နောက် ...

လက်ရှိသူ၏ အခြေအနေမှန်ကို သတိရသွားလျက် တင်းကားသည့် မျက်နှာက တစ်မုဟုတ်ချင်း ပြေလျော့ကျသွားသည်။ သူသည် ကစ်ချိန်ကကဲ့သို့ သူ့ရဲကောင်းများ ဝန်းရံခစားနေကြသည့် စစ်ဘုရင်မဟုတ်တော့သည်ကို သတိရသွားလျက် မာန်ကိုချသည်။ ရင်တွင်းမှာ ခံစားရသည့် ကြေကွဲမှုကြောင့် ဝမ်းနည်းစကားကို ရေရွတ်သည်။

"အင်း .. သမိန်ဖြတ်ငနဲ့ ... အိမ်တို့သာ သက်ရှိထင်ရှားရှိနေလျှင် သည် အရေးတော်လောက်ကို ... ပူပင်သောကဖြစ်စရာမလို။ ငါ၏ လက်နှစ်

**သမိန်ဖြတ်ငနဲ့ လဂွန်းအိမ်တို့သာ သက်ရှိထင်ရှားရှိနေလျှင် သည်အရေးတော်လောက်ကို ငါ ပူပင်သောကဖြစ်စရာမလို။ ငါ၏ လက်နှစ်ဖက်စလုံး ပြတ်သွားသည်နှင့် တူသဖြင့် ငါ၏ အကြံအစည် မအောင်မြင်နိုင်တော့ပြီ ...**



www.burmeseclassic.com

ဖက်စလုံး ပြုတ်သွားသည်နှင့်တူသဖြင့် ငါ၏ အကြံအစည် မအောင်မြင်နိုင်တော့ပြီ။

ရာဇာဓိရာဇ်သည် ကွယ်လွန်သွားကြပြီဖြစ်သော တိုက်ဖော်တိုက်ဖက် ရဲဘော်ရဲဘက်သူရဲကောင်းကြီးများဖြစ်ကြသော မင်းကြီးသမိန်ဗြတ်ဇနှင့် တပ်မှူးလဂွန်းအိမ်တို့အားတမ်းတ၍ ဝမ်းနည်းစကားဆိုလေသည်။ ထိုအချိန် နောက်ဆုံးမှာ ခစားနေသော အဲမွန်ဒယာသည် ခေါင်းကိုမော့၍ ရာဇာဓိရာဇ်အား ဖူးမြော်ရင်း ...

''အရှင်မင်းကြီး .. သမိန်ဗြတ်ဇနှင့် တပ်မှူးလဂွန်းအိမ်(မွန်သူရဲကောင်းမသံလုံ)တို့ မရှိတော့သော်လည်း ... အကျွန်ုပ်ရှိပါသေးသည်။ အရှင့်အမှုတော်ကို အသက်စွန့်၍ ထမ်းပါမည်''

ရာဇာဓိရာဇ်သည် နောက်ဆုံးတွင်ခစားနေသော အဲမွန်ဒယာကို ကဲကြည့်ရင်း ...

''မြို့ပတ်လည်မှာ ရန်သူကအခိုင်အခန့် ရံထားသည်။ သင် ပသို့ဝင်မည်နည်း''

''စိုးရိမ်တော်မမူပါနဲ့အရှင် ..၊ အကျွန်ုပ် ဥပါယ်ဖြင့် အရှင့်သားတော်ထံ အရောက်ဝင်ပြီး အရှင့်အမှာစကားကို လျှောက်ထားပါမည်''

ရာဇဓိရာဇ်သည် အဲမွန်ဒယာ၏ ဝံ့စားသော လျှောက်တင်မှုကြောင့် နှစ်ထောင်းအားရတော်မူလျက် ...

''ကောင်းပေစွ''

ꩤ ꩤ ꩤ

''ဟော့ .. ဘယ်သူတွေလဲ ရပ်ကြစမ်း''

မြစ်ကမ်းနဖူးရှိ အင်းဝကင်းတပ်သားက အော်ဟစ်မေးလိုက်ခြင်းဖြစ်၏။ ဓားလွတ်ကိုင်၍ရပ်နေသူလူကိုးယောက်အနက် ရှေ့ဆုံးလူက ...

''ငါတို့ ရာဇဓိရာဇ်တပ်က ထွက်ပြေးလာခဲ့တာကွ။ ရွှေနန်းသခင်သားတော် မင်းရဲကျော်စွာ ရှေ့တော်ကို ပို့ပေးကြပါ။ လျှောက်တင်စရာရှိတာ လျှောက်တင်ပါရစေ''

''ကောင်းပြီ၊ လက်နက်တွေချထားခဲ့ပြီး လာခဲ့ကြ''

တပ်ပြေးကိုးယောက်ကို အင်းဝတပ်သားများက ရံ၍ မင်းရဲကျော်စွာရှေ့တော်သို့ ဝင်ရောက်ခစားစေ၏။ အရှင့်သား မင်းရဲကျော်စွာက ရှေ့တော်တွင် ဒူးတုပ်ခစားနေသည့် ရန်သူရာဇာဓိရာဇ်၏ တပ်ပြေးဆိုသူများကို စေ့စေ့ကြည့်လျက် ...

''မင်းတို့ ရာဇာဓိရာဇ်တပ်ကပြေးလာတာလား။ ဘာကြောင့် ပြေးလာတာလဲ။ အမှန်အတိုင်းသံတော်ဦးတင်''

ရှေ့ဆုံးမှ ဒူးတုပ်ထားသူက –

''အကျွန်ုပ်ဟာ ရာဇာဓိရာဇ်တပ်က ဗိုလ်မင်း အဲမွန်ဒယာဖြစ်ပါတယ်''

အဲမွန်ဒယာသည် ပြောပြောဆိုဆို မတ်တပ်ထရပ်ပြီးနောက် အင်္ကျီကိုချွတ်၍ ကျောလှည့်ပြလိုက်၏။

''ရှုစားတော်မူပါ အရှင့်သား ..၊ အကျွန်ုပ် .. ရာဇာဓိရာဇ်အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သော်လည်း အခြားဗိုလ်မင်းများအား ချီးမြှင့်မြှောက်စားသကဲ့သို့ ဆုတော်လာဘ်တော်များ တစ်ကြိမ်တစ်ခါမျှပင် ပေးတော်မမူသည့်ပြင် အမတ်ဒိန်(မွန်သေနာပတိ)၏ ကုန်းချောမှုကြောင့် အပြစ်တော်မြင်၍ ကျောကွဲအောင် ကြိမ်ဒဏ်ပေးတော်မူပါသည်''

မင်းရဲကျော်စွာသည် အဲမွန်ဒယာ၏ ကျောပြင်ကြီးမှ သွေးခြင်းခြင်းနီ





www.burmeseclassic.com

www.burmeseclassic.com


လျက်ရှိသည့် အရှိုးရာ ၁၀ ချက်ကို မျက်မှောင်ကြုတ်၍ ရှုစားတော်မူပါသည်။

အဲမွန်ဒယာက ... ဆက်လက်လျှောက်တင်၏။

"အကျွန်ုပ်သည် မည်မျှပင် သက်စွန့်ဆံဖျား အမှုတော်ထမ်းသော်လည်း အကျိုးမခံစားရသည့်ပြင် အပြစ်ပေးခြင်းကို အကြိမ်ကြိမ်ခံစားရသဖြင့် လွန်စွာဝမ်းနည်းမိပါသည်။ ထိုအကြောင်းကြောင့်ပင် စိတ်ဝမ်းတူညီသည့် အမှုတော်ထမ်းဘက် ငယ်သားရှစ်ယောက်ကိုခေါ်၍ ရွှေနန်းရှင်သားတော်၏ ခြေဖဝါးအောက်သို့လာရောက်ခစားခြင်းဖြစ်ပါသည်။ အရှင့်သား ကယ်တော်မူပါ။ အကျွန်ုပ်တို့သည် အရှင့်သား၏ ကျေးဇူးတော်ကို အသက်ထက်ဆုံး ပေးဆပ်သွားပါမည်။ အရှင့်သား ရာဇာဓိရာဇ်နှင့် စစ်ခင်းသည့်အခါ ရှေ့ဆုံးမှ တိုက်ပွဲဝင်ရင်း အမတ်ဒိန်ကို ကလဲ့စားချေခွင့်ပြုတော်မူလျှင် ကျေနပ်ပါပြီ"

မင်းရဲကျော်စွာသည် ရဲဝံ့စွာ လျှောက်တင်နေသည့် အဲမွန်ဒယာကို ကြည့်ရင်း သံသယဝင်သည်။ အမတ်ဒိန်သည် အသက်အရွယ်ကြီးရင့်သော သေနာပတိဖြစ်သည်။ ပညာဉာဏ်အမြော်အမြင်လည်းကြီးမြတ်သူဖြစ်သည်။ တပ်သားစစ်ဗိုလ်ငယ်ကလေးအပေါ် သဝန်တို၍ ကုန်းချောသည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်မရှိဟူ၍ အတွေးဝင်သဖြင့် ထိုင်ရာမှဆတ်ခနဲထရပ်လျက် ...

"ဟယ် .. အဲမွန်ဒယာ နင်ပြောသည့်စကား ယုတ္တိမတန်။ ငါ့တပ်တွင်းဝင်၍ အခြေအနေထောက်လှမ်းဖို့ လာခြင်းမဟုတ်သလော။ နင်ဟာ ငါတို့ရဲ့ ဆူးငြောင့်ခလုတ်သာ ဖြစ်လိမ့်မည်။ သင်းကို ယခုပင်လျှင် အချုပ်ချလော့၊ စစ်သူလျှိုဖြစ်သည်မှန်လျှင်ကိုးယောက်စလုံးကို ခေါင်းဖြတ်သတ်မည်"

§ § §

အဲမွန်ဒယာနှင့် သူရဲရှစ်ယောက်တို့ကို သံခြေကျင်းခတ်၍ ထွက်မပြေးနိုင်အောင် အစောင့်အနေကြပ်မတ်ထား၏။ အဲမွန်ဒယာကလည်း ထွက်ပြေးရန်အမူအရာမပြ။ ပကတိကျိုးနွံစွာ နေသည်။

တစ်နေ့တွင် တံခါးစောင့်အား အဲမွန်ဒယာက ...

"ဒီမှာ ရောင်းရင်း၊ ငါတို့ကတော့ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုသလိုဖြစ်နေပြီ။ ရာဇာဓိရာဇ်ကို မကျေနပ်လို့ ရွှေနန်းသခင်သားတော်ဆီ အခစားဝင်မိသည်။ အခုမှ ပို၍ ဒုက္ခတွေ့နေရပြီ"

"ငါတို့ကို အရှင့်သား သံသယဖြစ်နေသည်မှာ ငါတို့ရဲ့ လုပ်ဆောင်ချက်ကို အရှင့်သားမမြင်ရသေး၍ဖြစ်မည်။ ငါ့ကို မယုံလျှင်ရှိပါစေ၊ သူရဲရှစ်ယောက်ကိုထုတ်၍ တစ်ခါလောက် ဟံသာဝတီသားတို့နှင့် တိုက်ခိုက်ရန် စေလွှတ်သင့်ပါသည်။ သို့မှသာ အမှန်ကို သိတော်မူ၍ သံသယရှင်းပါမည်။ လျှောက်တင်ပေးပါ ရောင်းရင်း"

တံခါးစောင့်သည် သေနာပတိထံသွား၍ အဲမွန်ဒယာ၏ စကားကို လျှောက်တင်၏။ သေနာပတိကတစ်ဆင့် မင်းရဲကျော်စွာအား လျှောက်တင်သည်။

"ကောင်းပြီ။ သင်းတို့သဘောရှိုးဖြင့် ငါ့ထံ ခစားလာလျှင် ငါထားမည်။ သို့မဟုတ်က အားလုံးကိုသတ်မည်။ သူရဲရှစ်ယောက်ကိုထုတ်၍ လက်နက်အစုံအလင်ပေးပြီး တိုက်ကြပေစေ"

မင်းရဲကျော်စွာ၏ အမိန့်တော်ကို အဲမွန်ဒယာကြားလေသော် ..

"သွေးသောက်တို့ .. မင်းတို့လုပ်ရမည့်အလုပ်ကို မတွေမဝေလုပ်ကြ၊ ဒဏ်ရာဖြင့် သေလုနီးပါးဖြစ်နေသော ဟံသာဝတီသူရဲတို့အား နေ့စဉ်ရအောင် ခုတ်၍ အရှင့်သားထံဆက်သ"

သူရဲရှစ်ယောက်တို့သည် အင်းဝစစ်ဝတ်စုံကို ဝတ်ဆင်၍ စစ်ပွဲအတွင်း သေလုနီးပါးဒဏ်ရာရထားသူများ၏ ခေါင်းကိုဖြတ်၍ ဆက်သကြ၏။ ထိုသို့ နေ့စဉ်ဆက်သနေသည်ကို မင်းရဲကျော်စွာတွေ့မြင်သောအခါ သံသယစိတ်ပျောက်လေ၏။

"အဲမွန်ဒယာသည် ရာဇာဓိရာဇ်အား တကယ်စိတ်နာ၍ ထွက်ပြေးလာခြင်း မှန်ပေသည်။ အကယ်၍ ဥပါယ်ဖြင့်လာချေသော် သူ့ရဲမက်များအား မည်သို့ခုတ်သတ်နိုင်လိမ့်မည်နည်း။ အဲမွန်ဒယာအား အနှောင်အဖွဲ့မှလွှတ်၍ စစ်ဦးမှချီတက်စေပြီးလျှင် နောက်တစ်နေ့အရုဏ်ဦးတွင် ဟံသာဝတီအား စီးနင်းတိုက်ခိုက်ရန် စီမံကြစေ"

§ § §

"အဲဒါပါပဲဘုရား ..၊ ကျွန်တော်မျိုးတို့ သူ့ရှင်ရဲ့ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ပြီး အရှင့်သားထံမှောက် အခုလို ဝင်ရောက်ခစားနိုင်အောင် ခက်


www.burmeseclassic.com



ခက်ခဲခဲ ကြိုးစားခဲ့ကြရတာပါ ဘုရား''

''ဒါဆိုရင် ခမည်းတော်ပါးလိုက်တဲ့ အမှာစကား ငါ့ကိုလျှောက်ထားပါဦး အဲမွန်ဒယာရဲ့''

''အရှင့်ခမည်းတော်က လဆန်း (၃)ရက် သောကြာနေ့တွင် စစ်မကြီးချီ၍ ဟံသာဝတီကို ဝန်းရံထားသည့် မင်းရဲကျော်စွာ၏ အနောက်မှဝင်တိုက်မည်။ အရှင့်သားတော်က မြို့တွင်းမှ အသင့်စီမံထားတော်မူရန် အမိန့်တော်ရှိလိုက်ပေသည်။

''ဟား ‥ ဟား ‥ ဟား ဒီလိုဆိုတော့ တို့က ရှေ့နောက်နှစ်ဖက် ညှပ်တိုက်မယ့်သဘောပေါ့။ ကောင်းလိုက်တဲ့ စစ်ပရိယာယ်ကွာ။ အေး ‥ ခုချိန်လောက်ဆို မင်းရဲကျော်စွာဟာ ဟံသာဝတီသားတွေရဲ့ အရှုးလုပ်ခြင်းကို လုလုကြီးခံရပြီဆိုတာ သိပြီး ဒေါသအိုးကြီးပေါက်ကွဲနေလောက်ပြီဟေ့''

ၵ ၵ ၵ

ဝုန်း ‥

မင်းရဲကျော်စွာသည် ဒေါသဖြစ်လွန်းသဖြင့် စားပွဲပြင်ထားသည့် စားပွဲကို လက်သီးနှင့် ထုချလိုက်သည်။ စားစရာများနှင့် သေအိုးတို့မှာ အမှောက်မှောက်အလန်လန် အလဲလဲ အကွဲကွဲဖြစ်သွားတော့၏။ နှုတ်မှလည်း တက်တစ်ချက် ပြင်းပြင်းခေါက်လျက် …

''သင်းကို အစကတည်းက ငါမယုံ။ ဒါကြောင့် သံခြေကျင်းခတ်၍ အကျဉ်းချထားခြင်းဖြစ်သည်။ သူ့ ပရိယာယ်ကို ငါတို့မသိ၍ သူ့အလှည့်စားကို ခံလိုက်ရသည်။ သင်းကို တစ်နေ့နေ့ ငါတို့ ပြန်မိဦးမည်သာ။ ဟံသာဝတီမြို့တွင်းမှ အဲမွန်ဒယာ မြေလျှိုးထွက်နိုင်မည်လော။ အဲမွန်ဒယာကို ဖမ်းမိလျှင် သူ့ရင်ကိုခွဲ၍ နှလုံးသည်းပွတ်ကို ငါထုတ်ယူမည်။ သည်အကြောင်း အဲမွန်ဒယာနားရောက်အောင် မြို့ရိုးအနီးမှ သွားအော်ပြောချေ''

အင်းဝစစ်သည်များသည် မြို့ရိုးအနီးသို့သွား၍ ‥

''ဟယ် ‥ အဲမွန်ဒယာ၊ လူလိမ်လူကောက်၊ မိန်းမရှင်ကဲ့သို့ မာယာများတဲ့လူ။ မုသားစကားတွေနဲ့ ပလီပလာပြောပြီး မြို့တွင်းသို့ ဝင်ပြေးသွားသည်။ မင်း ထမင်းဝအောင်စားထား၊ မင်းဒီမြို့တွင်းက အသက်နဲ့ခန္ဓာတွဲလျက်ထွက်နိုင်ဖို့ မမျှော်လင့်နဲ့။ မကြာမီ ငါတို့နှင့် တွေ့ကြဦးမည်''

အဲမွန်ဒယာသည် ဆဲသံဆိုသံ အော်ဟစ်မောင်းမဲသံများကို ကြားသဖြင့် မြို့ရိုးပေါ်သို့ တက်လာရင်းမှ-

''ဟေ့ လူမိုက်တွေ၊ မင်းတို့မှာ


www.burmeseclassic.com

www.burmeseclassic.com


အရှက်တရားမရှိကြလို့ နှုတ်သီးကောင်း လျှာပါး မိန်းမပေါ့တွေလို ရန်လာတွေ့ကြတာလား။ ဟံသာဝတီမြို့အတွင်း ငါ ဝင်ခဲ့ပြီးသော်လည်း သည်မှာ ငါနေမည်မဟုတ်။ မနက်မိုးသောက်လျှင် ငါ ပြန်ထွက်ခဲ့မည်။ မင်းတို့ စောင့်နေကြပေတော့''

အဲမွန်ဒယာ၏ တုံ့ပြန်သံကို မင်းရဲကျော်စွာကြားလေလျှင် ဒေါသဖြစ်လွန်းစွာဖြင့် ...

''အဲမွန်ဒယာက ငါ့ကိုလိမ်၍ ထွက်ပြေးပြီး တစ်ဖန် စောင်းပါးရိပ်ခြည်ဖြင့် မခံချင်အောင် ပြောပြန်သည်။ သင်းကို ငါ ဘယ်တော့မှခွင့်မလွှတ်။ ဟံသာဝတီကို ယခင်ကထက် ခိုင်ခံ့မြဲမြံအောင် စောင့်ကြပ်ကြ။ မြေအောက်မှ ပိုးလားတစ်ကောင်မျှ မထွက်စေနှင့်။ အထက်ကောင်းကင်မှလည်း ငှက်တစ်ကောင်ပင် ပျံမထွက်နိုင်အောင် လေးနှင့်မြားကို အသင့်ပြင်၍စောင့်ကြပ်နေ။ သင်း ကိုယ်ပျောက်နိုင်မှ လွတ်ရချိမ့်မည်။ ငါ့ အမိန့်တော်ကို ဦးထိပ်ရွက်ဆင်၍ သေချာဂနစောင့်ကြရမည်။ မည်သူ့တာမှထွက်ထွက် ထွက်သည့်တာရှင် ရာဇဝတ်သင့်မည်။ အပြစ်ယူမည် သတိထားကြလေ''

အရှင့်သား မင်းရဲကျော်စွာ၏ ထိုအမိန့်တော်သည် တစ်ချက်လွှတ်အမိန့်တော်ဖြစ်၏။ အမှုထမ်းပေါ့လျှင် ပေးဆပ်ရမည့်တန်ဖိုးမှာ နည်းမည်မဟုတ်။ အသက်နှင့် ရင်းချင်ရင်းရနိုင်ပေသည်။ ဟံသာဝတီကို ရံထားသော အင်းဝသားတို့ အိပ်ဖို့မဆိုထားဘိ။ တစ်ညဉ့်တာလုံး မျက်တောင်ခတ်ဖို့ပင် မဝံ့ရဲအောင် ဖြစ်ရရှာလေ၏။

§ § §

နောက်တစ်နေ့ မနက်တွင်

ဟံသာဝတီမြို့အနောက်ဘက်၊ အမင်္ဂလာတံခါးကြီးမှာ စောစောစီးစီး ပွင့်လာလေ၏။ မြို့တွင်းမှ ငှက်ပျောဖောင်တစ်ခုကို လူလေးဦး ထမ်းထုပ်လာသည်။ ဖောင်ပေါ်တွင် ပိတ်ဖြူနှင့်ထုပ်၍ ဝါးကပ်ယင်းလိပ်ဖြင့် ပတ်ချည်ထားသော လူသေအလောင်းကြီးတစ်လောင်း ပါလာ၏။ ယခုကဲ့သို့ စောစောစီးစီး မင်္ဂလာယူချိန်တွင် မသတီစရာကျက်သရေကင်းမဲ့လှသော အမင်္ဂလာမြင်ကွင်းကို မြင်လိုက်ရသည့် မြို့ကိုရံထားသည့် အင်းဝတိုက်လှေ့တပ်မှ ရဲမက်များသည် မျက်စိမျက်နှာ ကွက်ခနဲ ပျက်သွားကြလေ၏။

ယင်းလိပ်ဖြင့် ပတ်ချည်ထားသော လူသေအလောင်းကောင်ကြီးတွင် ယင်မမဲရိုင်းကြီးများ အုံခဲနေ၏။ တစ်ချီတစ်ချီ ဝုန်းခနဲ ထပျံ၍ တစီစီ ဝဲနေသေးသည်။ လေအသင့်တွင် နံ့လိုက်သည့် ပုပ်စော်ဟောင်စော်မှာလည်းမည်သူမျှနှာခေါင်းမခံသာလောက်အောင်ပါပင်။

ထိုမသာကြီး၏နောက်တွင် မသာပို့သူအဖြစ် လိုက်ပါလာသည့် တစ်ဦးတည်းသော မိန်းမသူမှာ ခေါင်းတုံးတုံးထား၏။ ထဘီကို စွန်တောင်စဆွဲ၍ ငိုကြီးချက်မနှင့် ရှိုက်ကြီးတငင်ငင်။

ကျက်သရေမရှိလှသည့်မြင်ကွင်းကို အင်းဝရဲမက်များက မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ တချို့က နှာခေါင်းရှုံ့ကြသည်။ တချို့က နှာခေါင်းပိတ်သည်။ တချို့က မကြည့်ရဲသဖြင့် မျက်နှာလွှဲထား၏။ ထိုအချိန်မှာပင် ဝမ်းနည်းကြေကွဲဖွယ် အော်ဟစ်ငိုလိုက်သံက ဝန်းကျင်ကို ပွဲတင်သွားစေ၏။

**အလောင်းကောင်ကြီးအား ပတ်ချည်ထားသည့် ဝါးကပ်ယင်းလိပ်ထဲမှ ဓားတစ်ချောင်းဖောက်ထွက်လာလျက် ယင်းလိပ်ကိုချည်ထားသည့် ကြိုးများအားဖြတ်၍ အလောင်းကောင်ကြီး ငုတ်တုတ်ထထိုင်သည်။ ခန္ဓာကိုယ်တွင် ယင်တလောင်းလောင်းဖြစ်စေရန် လိမ်းကျံထားသည့် ပျားရည်ကို ရေနှင့်ဆေး၏။**

**အပုပ်နံ့တထောင်းထောင်းထွက်နေသည့် ငါးပုပ်အိုးကို ရေထဲကန်ချသည်။ ထို့နောက် ဓားလွတ်ကို မြဲမြဲကိုင်၍ ကမ်းပေါ်သို့ ခုန်တက်ပြီးလျှင် သံကုန်ကြွေးကြော်လိုက်၏ ...**


www.burmeseclassic.com

"အောင်မယ်မင်း ‥ ကျေးဇူးရှင်မောင်ကြီးရယ်။ ဆင်းရဲလည်းအတူ၊ ချမ်းသာလည်းအတူ၊ အေးအတူပူအမျှ မယားနှင့်တကွ သည်စစ်ဘေးမှလွတ်အောင်ပြေးကြမည်ဆိုပြီး ခုတော့ ငါ့ကို တစ်ယောက်တည်း ထားခဲ့ပြီး ကျောက်ရောဂါကပ်ဆိုးကြီးနဲ့ ငါ့လင်သေရလေခြင်း ‥ အီး ‥ ဟီး ‥ ဟီး"

မိန်းမက ယူကျုံးမရစွာဖြင့် လူးကာလိမ့်ကာ ငို၏။ အလောင်းထမ်းသမားများ အနည်းငယ်လှမ်းသွားလျှင် အပြေးလိုက်၍ လူးလိမ့်ငိုပြန်၏။ ပဋာမြေလူးသည့်အတိုင်းပါပင်။

"ငါ့လင်အလောင်းကို အားရအောင်ကြည့်ဖို့ တစ်ရက်က နှစ်ရက်ထားပါရစေဆိုတော့လည်း ထိသူ၊ ကိုင်သူ၊ လေတင်လေအောက်နေသူတွေကို ဒီကျောက်ရောဂါကပ်ဆိုးကြီး ကူးနိုင်စက်နိုင်တယ်ဆိုပြီး အရပ်က အတင်းအဓမ္မသာချခိုင်းကြတယ်။ အောင်မယ်လေး ကံဆိုးလှချည်လား ကျေးဇူးရှင်မောင်ကြီးရယ်"

မသာရှင်မိန်းမမှာ ကြိတ်မနိုင်ခဲမရ ယူကျုံးမရတသသဖြင့် ငိုမဆုံးတော့။

"ငါ့မောင်ကြီး ဘယ်လောက်တောင်ကံဆိုးသလဲဆိုရင် မြေမြှုပ်သဂြိုဟ်ပါရစေဆိုတော့လည်း အရပ်က လက်မခံ။ ရှေးပဝေသဏီကလို အလောင်းကောင်ကို ရေမျှောရမယ်ဆိုလို့ ငါ ယူကျုံးမရဖြစ်မိပါရဲ့။ ရိုးရိုးရောဂါနဲ့သာ သေရင် ငါ့မောင်ကြီးအလောင်းကို ထုံးစံအတိုင်း မီးသဂြိုဟ်ပါရဲ့။ ခုတော့ အလောင်းကောင်ကြီးဘဝနဲ့ ရေမျှောကမ်းတင်ဖြစ်ရပါပြီ မောင်ကြီးရယ်။ ဘယ်သောင်ဘယ်ကမ်းဆိုက်မယ်ဆိုတာ မသိရလို့ ကျွန်မ ဝမ်းနည်းရပါဘိခြင်း။ အောင်မယ်လေး ချစ်လင်ကြီးရယ် အီး ‥ ဟီး ‥ ဟီး"

မသာရှင်မိန်းမသည် ရင်ဘတ်ကို ထု၍ ထု၍ ငို၏။ သည်းထန်စွာရှိုက်၏။ အသွယ်သွယ်ကျသော မျက်ရည်နှင့် နှပ်တွဲလဲကို စွန်တောင်ဆွဲထားသည့် ထဘီဖြင့်သုတ်၏။ သည်မြင်ကွင်းကို မကြည့်ချင်မြင်လျက်သား ဖြစ်နေသော အင်းဝရဲမက်များမှာ ရောဂါကူးစက်ခံရမည်ကို ကြောက်သည့်စိတ်၊ စက်ဆုပ်ရွံရှာသည့် စိတ်များကြောင့်အသက်ကိုပင် ဝအောင်မရှူမိအောင် အောင့်ထားကြလေ၏။

အလောင်းကောင်ကြီးတင်ထားသည့် ငှက်ပျောဖောင်ကို ထမ်းလာသူများသည် ရေစပ်တွင်ချ၍ ရေစီးသို့ တွန်းထုတ်မျှောလိုက်လေ၏။ ရင်ဘတ်စည်တီး ငိုညည်းမဆုံး ဖြစ်နေသေးသည့် မိန်းမသည် ရေစီးဖြင့် မျောပါစပြုသည့် အလောင်းတင်ဖောင်အား အတင်းလိုက်ဆွဲရန် ဟန်ပြင်၏။ မသာဖောင်ထမ်းသူများသည် ထဘီမနိုင်ပဝါမနိုင်ဖြစ်နေသော မိန်းမအား အတင်းချုပ်နှောင်ပွေ့ယူ၍ မြို့တွင်းသို့ ပြန်ဝင်သွားလေ၏။ အမင်္ဂလာတံခါးကြီးမှာလည်း ချက်ချင်းပြန်ပိတ်သွားသည်။ စောစောက အုတ်အော်သောင်းတင်း ဖြစ်နေသော ငိုသံရှိုက်သံနှင့် ညည်းညူအော်ဟစ်သံများ လုံးဝဆိတ်ငြိမ်သွား၏။

မြို့ကို ရံထားသည့် အင်းဝရေတပ်သားများသည် ယင်တလောင်းလောင်း အပုပ်နံ့တထောင်းထောင်းနှင့် ရောဂါဆိုးဖြင့် သေထားသော မသာအလောင်းတင်ဖောင်ကြီးအား မိမိလှေနားကပ်မလာစေရန် ထိုးဝါးရှည်များဖြင့် ထိုး၍ မြစ်လယ်သို့ တွန်းထုတ်ကြ၏။

အလောင်းကောင်ကြီးနှင့် ငှက်ပျောဖောင်သည် ရေစီးတွင် တရွေ့ရွေ့ ရွေ့မျောသွားရာမှ မြစ်ကွေ့လွန်သောအခါ အလောင်းကောင်ကြီးအား ပတ်ချည်ထားသည့် ဝါးကပ်ယင်းလိပ်ထဲမှ ဓားတစ်ချောင်းဖောက်ထွက်လာလျက် ယင်းလိပ်ကိုချည်ထားသည့် ကြိုးများအားဖြတ်၍ အလောင်းကောင်ကြီးငုတ်တုတ်ထထိုင်သည်။ ခန္ဓာကိုယ်တွင် ယင်တလောင်းလောင်းဖြစ်စေရန် လိမ်းကျံထားသည့် ပျားရည်ကို ရေနှင့်ဆေး၏။ အပုပ်နံ့တထောင်းထောင်းထွက်နေသည့် ငါးပုပ်အိုးကို ရေထဲကန်ချသည်။ ထို့နောက် ဓားလွတ်ကို မြဲမြဲကိုင်၍ ကမ်းပေါ်သို့ ခုန်တက်ပြီးလျှင် သံကုန်ကြေးကြော်လိုက်၏။

"သူရဲကောင်း အဲမွန်ဒယာဆိုတာ ငါပဲဟေ့"

— သူ့ခြေလှမ်းတွေက သူ၏ အရှင်သခင် သူ့ရှင်ရာဇာဓိရာဇ်ရှိရာသန်လျင်သို့ ခြေဦးတည်လိုက်သည်။

ထိုအချိန်တွင်

အင်းဝတပ်သည် အဲမွန်ဒယာ ဟံသာဝတီမြို့ပြင်မထွက်နိုင်စေရန် အစောင့်အနေ ခိုင်ခံ့မြဲမြံစွာဖြင့် စောင့်ကြပ်နေလျက်ရှိဆဲပင်။

ဇော်သစ်နွယ်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





## အမည်မဖော်လိုသော တစ်စုံတစ်ရာ

မေးစက်လိုက်တဲ့အခါ
အိပ်ချင်သော်လည်း အိပ်စက်ခွင့်မရတဲ့ မျက်လုံးလေးတွေ
ပြောချင်သော်လည်း
ပြောခွင့်မရတဲ့ မျိုသိပ်ခြင်းနဲ့ ခံစားချက်တွေ
မဝံ့ရဲခဲ့သော ဆုံးဖြတ်ချက်များနဲ့
ရင်ထဲမှာ မုန်းနေချင်လည်း ပြုံးခဲ့ရသောဘဝ
အားပါးတရပြောရင်း ကြည်နူးချင်နေလည်း
ကလေးတွေကို ထိန်းရင်း ပတ်ဝန်းကျင်မျက်လုံးများထဲ
ကိုယ့်အတ္တကို ရှေ့တန်းတင်ရင်း
အောင်မြင်ခြင်းဆိုသော ပန်းတိုင်ကို
လောဘတွေနဲ့ သိမ်းကျုံးယူငင်ရင်း
ပေးဆပ်ခဲ့ရသော မပျော်ရွှင်ခြင်းများ
ဆိတ်သုဉ်းခဲ့ရသော ခံစားချက်တွေနဲ့
ဘဝဆိုတဲ့ လူသားဆန်သောတစ်နေရာ
ကိုယ်ထမ်းဆောင်ဖူးပြီလား
သူ့ဘက်ကိုယ့်ဘက် မျှတစွာတွေးတောတတ်ပြီလား
သူတစ်ပါးစိတ်ချမ်းမြေ့သွားဖို့ ပြုံးတတ်ပြီလား
အပေးအယူမရှိသောဘဝမှာနေတတ်ဖို့
ဖြည့်ဆည်းပေးရသော ခံစားချက်နားလည်ဖို့
အားတင်းကာ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားရင်း
တစ်ကိုယ်ကောင်းဆန်သောစိတ်များ ဆန်းစစ်ရင်းနဲ့
အများအတွက်
ပီတိအပြုံးများ ပြုံးတတ်ခဲ့ပြီ။ ။

ငယ်လေးတော်ဝင်

## သေသူများနှင့် ရှင်သူများ

ငါ့အတွက်သာ ငါကျိုးရှာ၍
ဥစ္စာခနေ ပြည့်စုံလှလည်း
ပရဟိတ လှူဒါနနှင့်
သီလ၊ ဘာဝနာ ဘာမှမသိ
သက်ရှင်မိသော် မသူတော်ထဲ
အဝင်ကဲလို့
ရှင်နေပါလဲ သေသူပဲ။

အများတွက်တာ အကျိုးရှာ၍
ရင်မှာအတ္တ နည်းပါးကြသူ
လှုပမနော လူ့သဘောထင်
ပြောလျှင်သူလုပ် လုပ်မှသူပြော
တည်ကြည်သောသူ မောတယ်ပမ်းတယ်
စိတ်ဝယ်မထား ဒါနများနှင့်
သီလအားနှင့် ပွားဘာဝနာ
အခါခါဝေ
သူသေသော်လည်းရှင်နေဆဲ။

အောင်ခေတ်မင်းခိုင်(မုဒုံ)





www.burmeseclassic.com

## ဆေးခါးကြီး

ခလုတ်ထိတော့ အမိတ
နိုင်ငံခြားမှာ နေမကောင်းတဲ့နေ့က
အဖေ ..အမေ ..လို့ခေါ်တယ်
ဘယ်သူမှမကြား ရေမြေက ခြားနေတာကိုး ..။

ဝေဒနာကို ကျိတ်မှိတ်ခံ
အခန်းနံရံက ပဲ့တင်သံ
ရေမြေခြားတဲ့ တိုင်းတစ်ပါး
ဆွေမျိုးမရှိတဲ့ နိုင်ငံခြား ..။



လာပါသည် သူဌေးရဲ့ အမေးစကား
You ....Ok လား ...တဲ့ ..
ပေးခဲ့တယ် ဒီဆေးကိုစား
ခါးလိုက်တာ မပြောပါနဲ့ ..။

မေတ္တာနဲ့အကြင်နာ
ကရုဏာ ကိုယ်ချင်းစာတရား
နိုင်ငံခြားမှာ ရှားပါးလို့
အမေနဲ့ရွာကိုသာ အောက်မေ့တမ်းတ လွမ်းပါသည်။ ။

အရင်လူ(တွံတေး)

BURMESE CLASSIC .com

## အမှတ်စဉ်(၁၃၂) အောက်တိုဘာလအတွက်

### ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | နန္ဒာမိုးကြယ် | - | မကျေဉဒါန်း |
| ၂။ | ဌေးကြည်(စလင်း) | - | လားရှိုး |
| ၃။ | မျိုးထွဋ်ငြိမ်း | - | မုဒုံ |
| ၄။ | လမင်းသစ္စာ | - | တန်ဖိုးနည်းအကြောင်းအရာများ |
| ၅။ | လင်းဝေမှူး(မြင်းခြံ) | - | မြင်းခြံ |
| ၆။ | အောင်သွေးလက်(မြစ်ခြေ) | - | အိမ်ထောင်ရေး |
| ၇။ | အုံ့မင်းညို(တောင်တွင်း) | - | လွယ်အိတ်ကလေး |
| ၈။ | ထွန်းထွန်း(သာယာဝတီ) | - | အဝေးကြည့်အနီးကြည့် |
| ၉။ | နွေဦးကို | - | ရင်ဝေးကြယ် |
| ၁၀။ | ကြယ်လင်းအိမ် | - | အဝေးကိုပဲ ငေးနေမိတယ် |



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com